www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

မြားတစ်စင်းနဲ့ ဒေါက်ချင်းကြယ်

လက်ျာလင်းပြာ

အတွင်းစာသားခွင့်ပြုချက်အမှတ်
၅၀၁ ၂၅၅၀၆၁၀
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၀၁၃၁၀ ၂၀၇
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၇ ခုနှစ်၊ မတ်လ
အုပ်ရေ
၅၁၀
အဖုံးပန်းချီ
ကိုရိုးအောင်
ဖလင်
ကိုလှဝင်း

စာအုပ်ချုပ်
ပယ်ို
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြ - ၀၃၉၄၅)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းရိပ်သာ၊ သုဝဏ္ဏ
မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)၊
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့
တန်ဖိုး
၉၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

ကညင်မီးတိုင်ငယ်သည်
တောင်တန်းကြီးတစ်ခုလုံး လင်းထိန်သွားအောင်
အလင်းမပေးနိုင်သော်လည်း
တောင်ပေါ်သားများအတွက်တော့ အကောင်းဆုံးအဖော်မွန်ပင်။

www.burmeseclassic.com

www.burmeseclassic.com

## အဖွင့်

တောခွေးအော်သံလိုလို ကြားလိုက်ရသဖြင့် တဲထဲမှ ငေါက်ခနဲ ထကာ ဘေးတံခါးကို လက်နှင့် တွန်းဖွင့်ကြည့်လိုက်၏။ ဝါရော်ရော် သရောင်အောက်ရှိ စပါးခင်းထဲ မြင်လိုက်ရသော မြင်ကွင်းကြောင့် သူ ထိတ်ခနဲ ဖြစ်သွားမိ၏။

ခုနစ်ပေနီးပါးရှိသည့် သတ္တဝါ မည်းမည်းကြီးတစ်ကောင်။

ကုန်းကုန်းကွကွနှင့် တောင်စောင်းအတိုင်း တက်လာသည်ကို တွေ့ လိုက်ရသဖြင့် ဇခူးမား ထအော်မိမတတ် ဖြစ်သွား၏။

သတ္တဝါကြီးက သူတို့ရွာဘက် သွားနေသည့်အသွင်ပင်။

ထို့ကြောင့် တဲထဲမှ အလျင်အမြန် ခုန်ထွက်ကာ အရေးပေါ်တုံးကို အလျင်အမြန် ခေါက်လိုက်လေ၏။

"တုတ်. . . တုတ်. . . တုတ်. . . တုတ်"

ဇခူးမား၏ တုံးခေါက်သံကြောင့် ရွာဘက် တလှုပ်လှုပ် သွားနေသော သတ္တဝါကြီးသည် ဖျတ်ခနဲ လှည့်ကြည့်လာ၏။ သတ္တဝါကြီး၏ အလှည့် အနေကို မြင်လိုက်သည်နှင့် ဇခူးမား တဲမျက်နှာစာတွင် ထောင်ထားသော လုံကြီးကို အပြေးလှမ်းယူလိုက်၏။

ထိုအချိန်တွင် သတ္တဝါကြီးသည် သူ့ဘက်ကို ဆတ်ခနဲ လှည့်လာပြီး လှေကားထစ် စပါးခင်းအတိုင်း တဲဆီသို့ ဒရောသောပါး ပြေးလာ၏။

"ဂွီး . . ဂွီး"

"ဝေး. . . ဝေး"

www.burmeseclassic.com



"တုတ်. . . တုတ်. . . တုတ်"

သတ္တဝါကြီးအော်သံ ကြားလိုက်သည့် ဇခုံးမားသည် လက်တစ်ဖက်မှ လှံကို တမြှောက်မြှောက်လုပ်၍ အော်ဟစ်ရင်း ကျန်လက်တစ်ဖက်က လည်း ဝှဲခေါက်သံ အဆက်မပြတ် ပေးလိုက်၏။

သတ္တဝါကြီးက နောက်မဆုတ်။ တောင်စောင်း လှေကားထစ်တွေ အတိုင်း တစ်ထစ်ပြီးတစ်ထစ် လွှားခနဲ လွှားခနဲ ကျော်တက်လာကာ သူနှင့် ဝါးတစ်ရိုက်အကွာသို့ ရောက်လာ၏။

လရောင်ကြောင့် အမွေးစုတ်ဖွားဖွား၊ သွားစွယ်အဖွေးသား၊ နဖူးပြူးပြူး မျက်နှာကြီးကို ထင်ထင်ရှားရှား မြင်လိုက်ရ၏။

"ဂီး. . . ဂီး"

"ဟေး. . ."

"ဝှစ်"

ကြောက်စရာကောင်းလှသော ဝက်ဝံညိုကြီး။ သူ လက်ထဲက လှံကြီး နှင့် ဝက်ဝံကြီး၏ရင်ဘတ်ကို အားကုန် ပစ်ထည့်လိုက်၏။ ဝက်ဝံကြီးက ဂီးခနဲအော်ကာ ရှေ့သို့ ခြေတစ်လှမ်းနှစ်လှမ်း တိုးရင်း သူ့ဆီသို့ လွှားခနဲ ခုန်ဝင်လာ၏။ သူ ပစ်လွှတ်လိုက်သည့် လှံကိုလည်း ဝက်ဝံကြီးက ဘယ် လက်နှင့် ရိုက်ထုတ်ပစ်လိုက်၏။ ဝါးလုံးထိုး ခုန်ဝင်လာသော ဝက်ဝံကြီး ကြောင့် သူ နောက်သို့ ပက်လက်လန်ကျသွား၏။ သူ အတင်း ကုန်းရုန်းထ စဉ် ဝက်ဝံကြီး၏လက်တစ်ဖက်က သူ့မျက်နှာ ညာဘက်သို့ ဝင်လာ၏။

"ဝေါင်း"

"အား. . . အား"

"ဝေါင်း. . . ဂီး ဂီး"

ရုတ်တရက်မို့ သူ ဘယ်လိုမှ ရှောင်မရ။ တဲဘက်သို့ သုံးလေးပတ် လိမ့်သွား၏။ ဝက်ဝံကြီးက တဂီးဂီး အသံပေးပြီး လွှားခနဲ ခုန်လိုက်လာရာ သူ အတင်းလူးလဲထပြီး တောင်ပေါ် တက်ပြေးခဲ့ရ၏။ မျက်နှာတစ်ခြမ်း လည်း သွေးတွေနှင့် ထူပူနေ၏။

ဝက်ဝံကြီးက သူ့ခန္ဓာကိုယ်ကြီးကို မနည်းထိန်းပြီး နောက်မှ အတင်း လိုက်လာ၏။ စပါးခင်းထဲ ဆင်းရင်း မြောက်ဘက် တောင်စောင်းလှေကား



www.burmeseclassic.com

www.burmeseclassic.com



ထစ်အတိုင်း လွှားခနဲ ခုန်ရင်း ထွက်ပြေးခဲ့၏။

လှေကားထစ်တစ်ခုပေါ် ခုန်အဆင်း ခြေချော်ပြီး တလိမ့်ခေါက်ကွေး ပြုတ်ကျသွားခဲ့၏၊ နာရကျင်ရမှန်းလည်း မသိတော့။ ဖောင်ခြေသို့ ရောက်သည်နှင့် ရွာဘက်သို့ ဒရောသောပါး ထပြေးလာ၏။

ရွာနားရောက်တော့ ရွာတံခါး ပိတ်ထားပြီ ဖြစ်၏။ ပါးစပ်က အော် ဟစ်ရင်း စည်းရိုးတံခါးကြီးပေါ် အတင်း ကုပ်ကပ်တွယ်တက်လိုက်၏။

"ဝေး. . . ဝေး တံခါးဖွင့်၊ အား. . ."

ပါးစပ်က အော်ရင်း စည်းရိုးထိပ်ပေါ် အရောက် တစ်ဖက်သို့ ခြေ လွတ်လက်လွတ် ပြုတ်ကျသွား၏။ မြေပြင်ပေါ်ရောက်တော့ သူ တော် တော်နှင့် မထနိုင်။ ထိုစဉ် ရွာသားတချို့ သူ့အော်သံကြောင့် ပြေးလာ၏။

"ဟာ- ဇခူးမား၊ ဇခူးမား"

သူ့နာမည်ခေါ်သံကို ကြားတစ်ချက် မကြားတစ်ချက်။ နောက်ဆုံး သူ သတိလစ်သွားခဲ့ရ၏။ ထိုစဉ် ရွာသားများသည် သူ့ကို ပွေ့ချီကာ ဆေးဆရာအိမ်သို့ ခေါ်သွားကြ၏။ တစ်ရွာလုံး ပွက်စိပွက်စီ ဖြစ်နေ၏။ အော်သံဟစ်သံ၊ တုံးခေါက်သံတွေကလည်း ပွက်လောထနေ၏။ ရွာထဲရှိ တဲတွေအားလုံး တံခါးများကို အလျင်အမြန် ပိတ်ကုန်ကြ၏။ ရွာလမ်းမ ပေါ်မှာတော့ လှံတွေ၊ မြားတွေ၊ တူးမီးသေနတ်တွေ ကိုင်ထားသည့် ယောကျ်ားကြီး လေးငါးဆယ်ယောက်သာ ရှိ၏။

ထိုအချိန် ဇခူးမားသည် ဆေးဆရာ ကျောင်းပေါင်ရှေ့တွင် စန့်စန့်ကြီး ဖြစ်နေ၏။ သူ့ကိုချီပွေ့လာသော နူလားတို့လူသိုက်မှာ စိုးရိမ်တကြီး ဖြစ် နေ၏။ ဆေးဆရာကျောင်းပေါင်သည် ထရံတွင်ချိတ်ထားသော တို (ပလိုင်း ပြား)ကို ဖြုတ်ကာ ဆေးဘူးများ ထုတ်လိုက်၏။ ဇခူးမား၏ ညာဘက် မျက်နှာတစ်ခြမ်းလုံး သွေးတွေက ရဲရဲနီနေ၏။

ဆရာကြီးကျောင်းပေါင်သည် မျက်နှာပေါ်မှ သွေးများကို ဆေးရွက်အ ရည်နှင့် ဆေးကြောပစ်လိုက်၏။

"ဟာ- ဇခူးမားက မျက်လုံးတစ်ဖက် ထွက်သွားတာကွ"

"ဗျာ"

"ဒဏ်ရာတော်တော်ပြင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကျင်းပေါင်က ဟောက်ပက်ကြီးဖြစ်နေသော ဇခူးမား၏ ညာဘက်မျက်တွင်းပေါက်ထဲသို့ ဆေးရွက်စိမ်းများ ကြိတ်ထည့်လိုက်၏။ ထို့နောက် ဘူးထဲမှဆေးများကိုထုတ်ကာ မျက်နှာတစ်ဝိုက် အုံပေး၏။

ပြီးသည်နှင့် ဒဏ်ရာကို ချက်ချင်း ပတ်တီးစည်းပေးလိုက်သည်။ ဇခူးမား၏ ပါးစပ်ကိုဖွင့်၍ ဆေးရည် သုံးလေးဇွန်း တိုက်လိုက်၏။

"ဘယ်. . . ဘယ်လိုလဲ ဆရာကြီး၊ ဇခူးမား ကောင်းပါဦးမလား"

"ခဏစောင့်ကြည့်ပါဦး၊ ငါ အကောင်းဆုံးဆေးတွေ ထည့်ပေးထားပါတယ်"

ဆရာကြီးကျင်းပေါင်သည် ဇခူးမားဘေးမှ မခွာဘဲ စောင့်ကြည့်နေ၏။ သွေးကြောတွေ စမ်းလိုက်၊ ခြေဖဝါးလက်ဖဝါးတွေကို နှိပ်လိုက် လုပ်နေ၏။

နူလားနှင့် ခေါင်ဂေတို့နှစ်ဦးမှာ ရင်တမမနှင့် စောင့်ကြည့်နေကြ၏။ ထိုအချိန်၌ ဇခူးမား၏အနူး (အမေ) အပြေးရောက်လာ၏။

"ဆ. . . ဆရာကြီး အနူးရဲ့ သား. . . သားလေး"

"မပူနဲ့ အနူးငွန်ဇီ၊ ဆရာကြီး ဆေးတိုက်ထားတယ်။ ကောင်းသွားမှာပါ"

"ဝက်ဝံလိုက်ခံရတယ်ဆို"

"ဟုတ်တယ်၊ ဒီကောင် အပြေးမြန်လို့ဗျ"

ဇခူးမား၏မိခင်ကြီး အနူးငွန်ဇီမှာ မေ့မြောနေသော ဇခူးမားဘေး ဝင်ထိုင်ကာ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေ၏။

ဆရာကြီးကျင်းပေါင်သည် ဇခူးမား၏ လက်ကောက်ဝတ် သွေးကြောကို စမ်းကာ ခေါင်းတညိတ်ညိတ် ပြောလိုက်၏။

"မပူနဲ့တော့ဟေ့၊ ငါ့ဆေးက ဦးသွားပြီကွ"

"ဟင်- ဝမ်းသာလိုက်တာ ဆရာကြီးရယ်။ အနူးရင်တွေ ခုန်လိုက်တာ။ သား. . . သားလေး"

"မစိုးရိမ်ပါနဲ့တော့၊ နင့်သား မသေတော့ပါဘူး။ ဒါပေမယ့် ညာဘက် မျက်လုံး ပျက်စီးသွားပြီ"

"အို- လူကလေးရယ်. . ."



www.burmeseclassic.com

www.burmeseclassic.com


"ဟာ- အနူးငွန်ဖီးကလည်း အသက်မသေတာဘဲ တော်ပါသေးတယ် ဗျာ။ စောစောတုန်းက တစ်ခေါင်းလုံး သွေးတွေနဲ့ဗျ။ ကျွန်တော်က သေပြီတောင်ထင်တာ"

ပါရှန်းက ဝင်ပြောလိုက်၏။ ဇခူးမား၏မိခင်ကြီးခမျာ ပါးစပ်က တတ်သမျှမှတ်သမျှ နတ်စာတွေကို ရေရွတ်နေ၏။ ဆရာကြီးကျင်းပေါင်က သူ့ဆေးကို သူ အတော်ကလေး စိတ်ချယုံကြည်ပုံပေါ်၏။

အချိန်အနည်းငယ်အကြာတွင် ဇခူးမားတစ်ယောက် လူးလွန့်လာ၏။ မိခင်ကြီးခမျာ သားဖြစ်သူ သတိရလာသည်ကို မြင်သည်နှင့် မျက်ရည်အဝဲသားနှင့် ပါးစပ်က တတွတ်တွတ် ခေါ်လိုက်၏။

"သား လူကလေး၊ ဇခူးမား"

"အင်း. . . အား၊ ကျွတ်ကျွတ်"

"မပူပါနဲ့၊ ဒီကောင် မသေတော့ပါဘူး။ ဒဏ်ရာပြင်းတယ်၊ ဒါကြောင့် ငါ အိပ်ဆေးထပ်တိုက်လိုက်ဦးမယ်"

"ဟုတ်ကဲ့၊ ကျေးဇူးကြီးလှပါတယ် ဆရာကြီးရယ်"

မိခင်ကြီးခမျာ သားဖြစ်သူ သတိရလာသည်မို့ ဆေးဆရာကြီး ကျင်းပေါင်ကို ကျေးဇူးတင်စကားဆိုနေ၏။

ဆရာကြီး၏စကားကြောင့် နူလားနှင့် ခေါ်ဂေတို့ သူငယ်ချင်းနှစ်ဦးမှာလည်း သက်ပြင်းချနိုင်ခဲ့ကြ၏။ ဆရာကြီးကျင်းပေါင်သည် ဇခူးမားကို အညိုရောင် ဆေးခဲတစ်ခဲ တိုက်ကျွေးလိုက်ပြီးနောက် အိတ်ထဲမှ ပွတ်ချွန်းဆေးလိပ်တစ်လိပ်ထုတ်ကာ မီးညှိ၍ ဖွာရှိုက်လိုက်၏။

"ဆရာကြီးရယ်၊ အနူးသားလေးဟာ ဆရာကြီးပေးတဲ့အသက်ပဲ ရှိပါတော့တယ်ရှင်။ ဆရာကြီးကို ကျွန်မ အရမ်း ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးဟာ၊ ဇခူးမား ကံကောင်းတယ်ပြောရမှာပဲ။ ဟိုကောင်ကြီးက ဒီကောင့်ကို အသေသတ်ဖို့ ကြိုးစားတာ ဖြစ်မယ်"

"ဟုတ်တယ် ဆရာကြီး၊ ကျွန်တော်တို့လည်း တောင်ပေါ်တဲက တုံးခေါက်သံ ကြားတာနဲ့ ရွာတံခါးကို အမြန်ပိတ်လိုက်ကြတာ"

"ဟင်- ဒါဆို သားလေးက ဘယ်လို ဒီကိုရောက်လာတာလဲ"

"အနူးသားက ရွာစည်းရိုးကို ကျော်ခွပြီး ဝင်လာတာဗျ။ ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com



တို့က ဝက်ဝံကြီးဝင်လာတယ်မှတ်ပြီး ပစ်သတ်တော့မလို့။ သူ့အော်သံကြားမှ ကျွန်တော်တို့ သူ့ဆီ အပြေးရောက်သွားကြတာ။ မသေတာဘဲ တော်သေးတာပေါ့ အန္တီးရယ်"

ခါဂေ၏စကားကြောင့် ဇခူးမား၏မိခင်မှာ ရင်ကလေးဖိပြီး နားထောင်နေရှာ၏။ အမှန်မတော့ သူတို့မိသားစုက ရွာမှာ အဆင်းရဲဆုံးဖြစ်၏။ သူတို့ရွာကလေးသည် မင်းတပ်မြို့ အနောက်ဘက် မိုင်တစ်ရာခန့် အကွာတွင်ရှိသော ချင်းရွာကလေးတစ်ရွာ ဖြစ်၏။

ရွာအမည်မှာ 'နန်ကတစ်' ဟု အမည်ရ၏။ ရွာ၏ မြောက်ဘက်ခြမ်းတွင် မော်ပီတောင်တန်းကြီး တည်ရှိ၏။ မင်းတပ်မြို့ကိုသွားလျှင် ထိုတောင်တန်းကြီး၏ ခြေရင်းမှ ကွေ့ပတ်ကာ နှစ်ညအိပ်ခရီး သွားရ၏။ ရွာကလေးသည် တောတောင်ထူထပ်လှသည့်နေရာတွင် တည်ရှိပြီး အိမ်ခြေ ကိုးဆယ်ခန့်သာ ရှိ၏။ ရွာ၏ အဓိကလုပ်ငန်းမှာ စပါး၊ ဆပ်ဝါ၊ ဆပ်နီ အစရှိသော သီးနှံတို့ကို လှေကားထစ် စိုက်ပျိုးသည့်လုပ်ငန်း ဖြစ်၏။ မြန်မာပြည် လွတ်လပ်ရေးရစ အချိန်အခါဖြစ်ပြီး ဘာသာရေး၊ ယဉ်ကျေးမှု အစစအရာရာ နှေးကွေးနေသည့်အချိန်ဟုလည်း ဆိုရချေမည်။

နန်ကတစ်ရွာကလေးသည် နတ်ဒေဝါများကိုသာ ကိုးကွယ်ကြ၏။ တောစောင့်နတ်၊ တောင်စောင့်နတ်များသည် သူတို့အတွက် အရေးပါလှသော နတ်ဒေဝတာများ ဖြစ်ကြ၏။ ဇခူးမားတို့သားအမိမှာ ရွာအနောက်ဖျားတွင် တဲကလေးထိုး၍ နေထိုင်၏။

မိခင်ကြီး၏အမည်မှာ ငွန်ဇီး ဖြစ်ပြီး သားနှစ်ယောက်ရှိ၏။ ဇခူးမားသည် အငယ်ဖြစ်ပြီး ဇခါးက အကြီးဖြစ်၏။ ဖခင်ကြီးမှာ လွန်ခဲ့သော သုံးနှစ်ခန့်က မင်းတပ်မြို့အသွား လမ်းတွင် တောကောင်နှင့်တိုးပြီး သေဆုံးခဲ့ရ၏။ ဖခင်ကြီး၏အမည်မှာ ဦးကီးအောင်ဟု အမည်ရ၏။

ကပါး(အဖေ) ကီးအောင်သည် မုဆိုးကြီးတစ်ဦးဖြစ်ပြီး မော်ပီတောင်ရိုးပျော်မုဆိုးကြီးဟု ဆိုရချေမည်။ တောထဲတောင်ထဲ ခွေးကြီး မိုင်းသာကိုခေါ်ကာ တစ်ယောက်တည်း သွားလာတတ်၏။ တစ်ချိန်တွင် အမဲလိုက်ရာမှ ရရှိလာသော ပစ္စည်းပစ္စယများကို ရောင်းချရန် မင်းတပ်မြို့သို့ ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com


လမ်းတွင် နှစ်ညအိပ်ခရီးနှင်ခဲ့ရာ မထင်မှတ်သည့် တောကောင် အန္တရာယ်နှင့် ကြုံခဲ့ရ၏။ တောကောင်ကြီးက သူ့ကို ချောင်းမြောင်း တိုက်ခိုက်သဖြင့် နောက်ဆုံး ဦးကီးအောင်သည် မုဆိုးဘဝမှ သားကောင်ဖြစ်ခဲ့ရလေ၏။ မုဆိုးကီးအောင်၏ သတင်းကြောင့် တစ်ရွာလုံး တုန်လှုပ်ခဲ့ရ၏။ တချို့ကလည်း သူတိုက်ခိုက်ဖူးသည့် သားကောင်က အငြိုးအတေးထား၍ ပြန်လည်တိုက်ခိုက်ခြင်း ဖြစ်သည်ဟု ဆိုကြ၏။ တချို့ကလည်း နတ်ဒေဝါများကို မယုံကြည်သဖြင့် ယခုလိုဖြစ်ရသည်ဟု ပြောဆိုခဲ့ကြ၏။

မည်သို့ပင်ဆိုဆို ဦးကီးအောင် ဆုံးပါးသွားပြီးနောက် မိသားစုလေး၏ အခြေအနေမှာ ဖရိုဖရဲ ဖြစ်ခဲ့ကြ၏။ ထိုစဉ်က ဇခူးမားတို့ညီအစ်ကိုမှာ ဥမမည်စာမမြောက်သည့် အရွယ်သာ ရှိသေး၏။ မိခင်ကြီး ငွန်ဇီးခမျာ သားနှစ်ယောက်အတွက် ပင်ပန်းကြီးစွာ အဆင်းရဲခံ၊ အငတ်ခံကာ ရှာဖွေကျွေးမွေးခဲ့ရ၏။

ရွာကလေးက မြို့နှင့် အလှမ်းဝေးလွန်းလှသဖြင့် စားဝတ်နေရေးအတွက် အခက်တွေ့ရ၏။ တစ်ခါတစ်ရံ ဆိုးရွားလှသော ရာသီဥတုနှင့် ကြုံတွေ့ရလျှင် တစ်ရွာလုံး အငတ်ငတ် အပြတ်ပြတ် ဖြစ်ခဲ့ရ၏။ ထို့ပြင် တောရဲတိရစ္ဆာန်တို့၏ အန္တရာယ်ကလည်း အချိန်မရွေး ကျရောက်နိုင်၏။

တစ်ရွာလုံး စားနပ်ရိက္ခာကို ပုတ်ကြီးများနှင့် လှောင်ထားနေ၏။ ငွန်ဇီးမှာ ယောကျ်ားသားမရှိသည့်အချိန်မှစ၍ သူတစ်ပါးအခင်းထဲ ဝင်ရောက်လုပ်ကိုင်ခဲ့ရ၏။ သားနှစ်ယောက် အရွယ်ရလာချိန်၌ ငွန်ဇီးသည် ဝန်နှင့်အား မမျှအောင် လုပ်ခဲ့ရသည်မို့ ကျန်းမာရေးကအစ ချူချာခဲ့၏။

ဇခူးမားက ယာခင်းစောင့်အလုပ်ကို လုပ်ကိုင်ခဲ့သလို ဇခါးမှာလည်း မုဆိုးအလုပ်ကို လုပ်ကိုင်ခဲ့၏။ ယခုတော့ ဇခူးမားကြောင့် ငွန်ဇီး စိတ်ပူနေရပြီ ဖြစ်၏။ ဇခါးကလည်း မြို့တက်သွားသည်မှာ သုံးရက်ခန့်ရှိနေပြီဖြစ်၏။ အိမ်မှာ သူတစ်ယောက်တည်း။

ဇခူးမားသည် ဒဏ်ရာကြောင့် အဖျားဝင်နေ၏။

ဆရာကြီးကျင်းပေါင် ပေးထားသည့် ဆေးရွက်ကို ရေနွေးနှင့်ပြုတ်ပြီး တိုက်လိုက်မှ အနည်းငယ် သက်သာလာ၏။

"အနူး၊ ကျွန်တော် ဘာ. . . ဘာဖြစ်"


www.burmeseclassic.com

www.burmeseclassic.com



"အို- လူကလေးကို ဝက်ဝံလိုက်တာလေ"

"ဟို ကျွန်. . . ကျွန်တော့်မျက်စိ၊ ဟာ- အနူး ကျွန်တော့်မှာ မျက်စိ တစ်လုံး မရှိတော့ဘူး"

"စိတ်မကောင်းမဖြစ်ပါနဲ့ လူလေးရယ်"

ဇခူးမားသည် သူ့မျက်နှာကို ယောင်ယမ်းစမ်းသပ်ရင်း ထိတ်လန့်တကြား ဖြစ်နေ၏။ မိခင်ကြီးက ဇခူးမား စိတ်အားငယ်သွားမည်စိုးသဖြင့် ဘေးက ဖေးဖေးမမ ပြောဆိုခဲ့၏။

အဖြစ်မှန်ကို သိရသောအခါ ဇခူးမားတစ်ယောက် အံတကြိတ်ကြိတ်ဖြစ်နေ၏။ သူနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့သော ဝက်ဝံညိုကြီးကိုလည်း ပြန်၍ အမှတ်ရနေ၏။ အမှန်တော့ ဇခူးမားရင်ထဲ ကြောက်စိတ်ဆို၍ တစ်ရွေးမျှ မရှိ။ သူတို့ညီအစ်ကိုနှစ်ဦးစလုံးက ဖခင်ကြီး၏သွေး အပြည့်ပါခဲ့ကြ၏။

ရွာထဲတွင် သူတို့မိသားစုအပါအဝင် အိမ်ထောင်စု ခုနစ်ဆယ်ခန့်သာရှိ၏။ ထိုအထဲတွင်လည်း ဇခူးမား၏ဖခင်သည် တစ်ရွာလုံးက အသိအမှတ်ပြုထားရသော မုဆိုးကျော်ကြီး။ တစ်ချိန်က သူတို့နေထိုင်ရာ အိမ်ကလေးတွင် ချိတ်ဆွဲထားသည့် တိရစ္ဆာန်အရိုးခေါင်းများ၊ သားရေ ထည်များက သူတို့မိသားစု၏ ရဲရင့်မှုကို ဖော်ပြနေ၏။

သို့သော် ဖခင်ကြီးက လူတစ်မျိုး။ တစ်ရွာလုံး ကိုးကွယ်နေသော နတ်ဒေဝတာကို အယုံအကြည် မရှိခြင်းပင် ဖြစ်လေ၏။ သူ့လက်ထဲတွင် ဒူးလေးကြီး ရှိနေသည်။ တစ်တောလုံး၊ တစ်တောင်လုံးရှိ သားရဲတိရစ္ဆာန်များကို အနိုင်ယူပစ်မည်ဟု ကြွေးကြော်ခဲ့၏။ သူ ကြွေးကြော်သည့်အတိုင်းလည်း သားကောင်ကြီးတွေကိုသာ အမိဖမ်းခဲ့၏။

ဖခင်ကြီး၏ ဒူးလေးက သံမဏိသားနှင့် ထုဆစ်ထားသော ဒူးလေးကြီးဖြစ်ပြီး အဆိပ်ကိုလည်း ကိုယ်တိုင်ဖော်စပ်ထား၏။ သူပစ်လိုက်သည့် သားကောင်က တစ်ခွေနှစ်ခွေ့ထက် ပိုမခုန်နိုင်ဘဲ သူ့ရှေ့ ဗိုင်းဗိုင်းလဲခဲ့ရသည်သာ ဖြစ်၏။

ဖခင်ကြီးက သားကောင်ငယ်သည်ဆိုလျှင် လှည့်တောင်ကြည့်သူမဟုတ်။ သူနှင့် အဖော်လိုက်ဝံ့သူမှာ မွေးပွခွေးကြီး မိုင်းတာပဲ ရှိ၏။ မိုင်းသာက တောခွေးစစ်စစ်။ ဖခင်ကြီးတောထဲမှ ဖမ်းလာစဉ်က လသား



www.burmeseclassic.com

www.burmeseclassic.com



အရွယ်သာ ရှိသေး၏။ အရောင်က ဝါရော်ရော်။ အရွယ်ရလာသည်နှင့် မိုင်းသာက ကျားပေါက်ကြီးတစ်ကောင်လို ပြေးနိုင်လွှားနိုင်စွမ်း ရှိ၏။ မျက်လုံးနှစ်လုံးက အမြဲတမ်း နီရဲနေ၏။ နှုတ်သီးချွန်ချွန်၊ အစွယ်ကြီးတွေက လည်း ချွန်မြည့်နေ၏။ စားတော့လည်း သားစိမ်းငါးစိမ်းမှ စားတတ်၏။ ဖခင်ကြီးကွယ်လွန်သွားပြီးသည့်နောက် မိုင်းသာသည် တခွေခွေဖြစ်နေ၏။ ဖခင်ကြီးပြောခဲ့ဖူးသည်မှာ မိုင်းသာသည် ကျားပေါက်တစ်ကောင်နှင့် အသေအကျေ တိုက်ခိုက်ခဲ့ဖူးသည်ဟု သိရ၏။ ရောက်လာစဉ်က မိုင်းသာသည် ပင်ကိုဗီဇအရ အလွန့်အလွန်မှ ရိုင်းစိုင်းလှ၏။ လူစိမ်းတွေ သူ့အနားကို အကပ်မခံ။

ကြွက်တစ်ကောင်ကို နှစ်ကိုက်သုံးကိုက်သာ ကိုက်ပြီး စားသောက်တတ်၏။ စပါးခင်းထဲရောက်လျှင် လယ်ကြွက်ကြီးတွေခမျာ မိုင်းသာလက်ချက်ကြောင့် တကျွိကျွိ အော်ဟစ်ပြီး ထွက်ပြေးကြရ၏။ မိုင်းသာ၏အစွမ်းက အံ့မခန်းဖွယ်ရာပင်။

ထိုသို့ စွမ်းပကား ကြီးမားလှသော ခွေးကြီးမိုင်းသာနှင့် ဖခင်ကြီးတို့ တောပစ်ထွက်ပြီဆိုလျှင် သူတို့ကို ကြည့်ရသည်မှာ စစ်ထွက်မည့် စစ်သူကြီးတွေအလား ခန့်ညားလှ၏။ ယခုတော့ မိုင်းသာမှာ သခင်ကင်းမဲ့နေသည်မို့ တဲအောက်တွင် တခွေခွေ လုပ်နေလေ၏။

ဇခူးမား၏ရင်ထဲ တတိတိ ခံစားနေရသည်က သူ့ကိုဒုက္ခပေးခဲ့သည့် ဝက်ဝံညိုကြီးပင်။ ဖခင်ပြောခဲ့သလို လက်တစ်ဖက် ပေးလိုက်ရသည့် ရန်သူကို လက်တစ်ဖက် ပြန်တောင်းရမည်ဆိုသော စကားကို ဇခူးမား ဘယ်တော့မှ မမေ့။ ဇခူးမားနှင့် အစ်ကိုဖြစ်သူ ဇခါးက တစ်မျိုးတစ်ဘာသာစီ ကွဲပြား၏။

ဇခါးက ဖခင်ကြီး၏မုဆိုးအလုပ်ကို ဆက်၍ လုပ်ကိုင်ခဲ့သော်လည်း သားကောင်ကြီးကြီးကို မဖမ်းဝံ့။ သိမင်ကလေး၊ ချေကလေးလောက်သာ ဖမ်းဝံ့၏။ ဇခူးမားက အငယ်ဆိုပေမယ့် သူ့လိုမဟုတ်။ ထစ်ခနဲရှိ လက်ရဲ ဇက်ရဲ တုံ့ပြန်ချင်သူ ဖြစ်သည်။ ဇခူးမားက ဖခင်လို မုဆိုးကြီး ဖြစ်ချင်သော်လည်း မိခင်လုပ်သူက ဟန့်တားခဲ့၏။ အစ်ကိုလုပ်သူ ဇခါးကလည်း သူ့ကို ငယ်သေးသည်ဟုဆိုကာ ခေါင်းခါခဲ့၏။ ထိုအခြေအနေတို့ကြောင့်

www.burmeseclassic.com



လည်း ဇနီးမား မကျေမချမ်း ဖြစ်ရ၏။ မိခင်ကြီးနှင့်အတူ အခင်းစောင့်၊ နွားနောက်မောင်းအလုပ်ကို သူ မလုပ်ချင်။ ဒူးလေးဖြစ်ဖြစ်၊ တူမီးဖြစ်ဖြစ် ကိုင်ကာ တောထဲ အမဲပစ်ထွက်ချင်၏။ ယခု သူ့ကို သားရဲတစ်ကောင်က စိန်ခေါ်လိုက်ပြီ ဖြစ်၏။

စိန်ခေါ်လာသည့် သတ္တဝါက နုယ်နုယ်ရရ မဟုတ်။ တောတွင်း ဘုရင်ကြီးများပါဟု ဆိုနိုင်သည့် ဝက်ဝံညိုကြီးများပင် ဖြစ်ပေ၏။ ဝက်ဝံဆိုသည့်သတ္တဝါကို တော်ရုံမုဆိုးတွေ ရင်မဆိုင်ရဲ။ ရင်ဆိုင်ရပြီဆိုလျှင်လည်း တတ်နိုင်သမျှ လက်ရှောင်၍ သွားကြ၏။

ယခုတော့ သူ့ကို ထိပ်တိုက်စိန်ခေါ်လာပြီ ဖြစ်၏။ သူဘာလုပ်မည် မသိ။ အစ်ကိုလုပ်သူနှင့် မိခင်ကြီးတို့ကို ဖွင့်ပြောလျှင်လည်း ကျိန်းသေ ဟန့်တားကြမည်သာ။ သို့သော် မျက်လုံးတစ်ဖက် ကျွတ်ထွက်သွားရအောင် စိန်ခေါ်ခဲ့သည့် ဝက်ဝံကြီးဆီက မျက်လုံးတစ်ဖက်ကိုတော့ သူ ပြန်လိုချင်၏။

အစ်ကိုပြောသလို ငယ်သေးသည်ဟုဆိုသော်လည်း သူ့အသက် ဆယ့်ခြောက်နှစ် တင်းတင်းပြည့်ခဲ့ပြီ ဖြစ်၏။ ဖခင်ကြီးက သူ့ကို မုဆိုးတို့ တတ်အပ်သည့် ပညာများ အမြဲတမ်း ပြောပြခဲ့ဖူး၏။ သားကောင်လိုက်သည့်နေရာတွင်လည်း ခြေရာခံသည်ကအစ၊ အနံ့ ခံသည်ကအစ သိထားဖို့လိုကြောင်း သင်ကြားပေးခဲ့၏။ နောက်ဆုံး ခြေရာထင်နေသည့် မြေသားကိုယူပြီး အနံ့ခံလိုက်သည်နှင့် မည်သည့်သတ္တဝါမှန်း တန်းပြောနိုင်သည့် ဖခင်ကြီး၏ပညာကို ဇနီးမား အားကျနေ၏။

ဖခင်ကြီး ဆုံးပါးသွားရသည်မှာ သူ့အတွက် အဖိုးတန်ရတနာကြီး ကျပျောက်သွားသလို ခံစားနေရ၏။ လောလောဆယ် သူရင်ဆိုင်ခဲ့ရသည့် ဝက်ဝံကြီးကို တစ်နည်းနည်းနှင့် သူ အနိုင်ယူလို၏။ သူ အမြဲတမ်း အမှတ်ရနေမည့် အမှတ်အသားတစ်ခုတော့ ရှိ၏။ ထိုအမှတ်အသားမှာ တခြားမဟုတ်၊ ဝက်ဝံညိုကြီး၏ နဖူးပြင်ဖြူဖြူကြီးပင် ဖြစ်လေ၏။

သူ့ရင်ထဲ ဝက်ဝံညိုကြီးနှင့်ပတ်သက်ပြီး နေ့စဉ်ခံစားနေရ၏။

သူ အိပ်ရာထဲ လဲနေစဉ် အစ်ကိုဖြစ်သူ ဇခါး ပြန်ရောက်လာ၏။ သူ့သတင်းကိုကြားတော့ ဇခါး အတော်လေး တုန်လှုပ်သွားရ၏။ မုဆိုး

www.burmeseclassic.com



တိုင်း လက်ရှောင်ကြသည့် ဝက်ဝံအန္တရာယ်ကို ဇခါးလည်း လက်ရှောင်ချင်ပုံရ၏။

ထိုအချိန်တွင် ဇခူးမားတစ်ယောက် သူ၏ ပိန်လှီလှီခန္ဓာကို ကြည့်ပြီး အားမလိုအားမရ ဖြစ်နေ၏။ အရပ်ကလည်း ငါးပေသာသာ ရှိသည်မို့ ဝက်ဝံကြီးနှင့်သူ ယှဉ်လိုက်လျှင် ဆင်နှင့်ဆိတ်ပမာသာ။ သို့သော် ဖခင်ကြီး အမြဲပြောလေ့ရှိသော ကညင်ဆီမီးတစ်တိုင်နှင့် တစ်တောလုံး မလင်းနိုင်သော်လည်း မုဆိုးတစ်ဦးအတွက်တော့ အဖော်မွန်ဖြစ်သည် ဆိုသော စကားကို သူ မမေ့နိုင်။

ထို့ကြောင့် တစ်ချိန်ချိန် သူ့မျက်လုံးတစ်ဖက်ယူသွားသော ဝက်ဝံကြီးဆီမှ မျက်လုံးတစ်ဖက် ပြန်တောင်းရန် အံတကြိတ်ကြိတ်နှင့် ကြုံးဝါးနေလေတော့၏။

○○○



www.burmeseclassic.com

www.burmeseclassic.com

သားရဲတွင်းထဲ
ရောက်သည့်အခါ သင့်အတွက် အကောင်းဆုံး
လက်နက်သည် မကြောက်တတ်သောစိတ်ပင်
ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အချိန်အခါမှာ မိုးအကုန် ဆောင်းဦးပေါက် အချိန်အခါ ဖြစ်၍ နန်ကတစ်ရွာကလေးမှာ နှင်းငွေ့များနှင့် မှုန်မှုန်မှိုင်းမှိုင်း ရှိနေ၏။ ရွာတလေးပတ်လည်တွင်လည်း ဝက်သစ်ချပင်၊ ထင်းရှူးပင်၊ ယူကလစ်ပင် အစရှိသော သစ်ပင်ကြီးများ ပေါက်ရောက်နေ၏။

သစ်ခက်သစ်ရွက်များပေါ်တွင်လည်း နှင်းမှုန်နှင်းပွင့်များ ကပ်ငြိစိုလက်နေ၏။ ကျေးငှက်သာရကာတို့၏ အော်မြည်သံကိုလည်း ကြားနေရ၏။ တစ်ချက်တစ်ချက် မော်ပီဧတောင်တန်းကြီးဘက်မှ သားရဲတိရစ္ဆာန်တို့၏ အသံဗလံများကို သိုးသိုးသဲ့သဲ့ ကြားနေရ၏။

ဤကာလသည် နတ်ကန်တော့ပွဲများ ကျင်းပသည့် ရာသီကာလဟု ဆိုရချေမည်။ သူတို့ရွာ၏ နတ်ဆရာကြီးအမည်မှာ ဦးကမ်တွဲ ဖြစ်၏။ နတ်ဆရာကြီးသည် သင်တိုင်းအမည်းကြီးကို အမြဲ ဝတ်ဆင်ထားလေ့ရှိပြီး သူ့လည်ပင်းတွင် တိရစ္ဆာန်များ၏ ခြေသည်းလက်သည်းများကို ဆွဲကြိုးလုပ်၍ ဆွဲထား၏။ သူ့လက်ထဲတွင် သွားလေရာပါလေ့ရှိသည့် ဓာတ်တောက်နီနီကြီးတစ်ချောင်း အမြဲ ဆောင်ထားလေ့ရှိ၏။

ဦးကမ်တွဲ၏အိမ်သည် ရွာလယ်တွင်ရှိပြီး အိမ်ရှေ့မြေကွက်တွင် နတ်ကွန်းများ ရှိလေ၏။ နတ်ကွန်းအနောက်ဘက်တွင် ကတွတ်ပင်ကြီးတစ်ပင်လည်း ရှိ၏။ ဦးကမ်တွဲသည် နတ်ကန်တော့ရမည့်ရာသီ ရောက်လာလျှင် နတ်ကွန်းထဲဝင်ကာ နိစ္စဓူဝ နတ်စာတွေ ရွတ်ဖတ်နေ၏။

ထိုအချိန်အခါမျိုး၌ တစ်ရွာလုံး အလုပ်ရှုပ်နေတတ်၏။ ဇခူးမား၏

www.burmeseclassic.com



မိခင်ကြီးငွန်ဇီးပင် ခေါင်ရည်အိုးတွေကို အရိပ်တကြည့်ကြည့် ဖြစ်နေ၏။ ခေါင်ရည်ကို အကောင်းစား ကောက်ညှင်းဆန်ဝယ်ပြီး ဖောက်ထား၏။

ငွန်ဇီး၏လက်ရာကို တစ်ရွာလုံးက နှစ်သက်၏။ နတ်ဘုရားဆက်လျှင် ငွန်ဇီး၏ခေါင်ရည်ကိုသာ အသုံးများ၏။

ငွန်ဇီးသည် ခေါင်ရည်အိုးကြီးငါးလုံးကို တဲအနောက်ဘက်တွင် ထားရှိခဲ့၏။ နတ်ကန်တော့ရာသီ မရောက်မီ နှစ်လသုံးလလောက်ကတည်းက ကြိုတင်၍ နှပ်ထားရလေ၏။

ငွန်ဇီး၏ခေါင်ရည်ကို သောက်သူတိုင်း ခေါင်းတခါခါ ဖြစ်ရ၏။ အရသာက ပြင်းရှရှ။ မူးလည်းမူးလှ၏။ ရွာလူကြီး အတော်များများကလည်း ငွန်ဇီး၏ခေါင်ရည်မှ နှစ်သက်၏။ ငွန်ဇီးဖောက်သည့် ခေါင်ရည်ကို ကြက်၊ ဝက်များနှင့် လဲ၍ ဝယ်ယူလေ့ရှိ၏။

ယခုလည်း ငွန်ဇီးတစ်ယောက် နတ်ကန်တော့ရာသီအတွက် ခေါင်ရည်အိုးကြီးများကို ကြည့်ပြီး ပီတိဖြစ်နေ၏။ ထိုအချိန်တွင် ဇခူးမားမှာလည်း အတော်ကလေး သွားနိုင်လာနိုင်ခဲ့ပြီ ဖြစ်၏။ ကျွတ်ထွက်သွားသော မျက်လုံးနေရာတွင် နွားနောက်သားရေပြားကို တပ်ဆင်ဖုံးကွယ်ထား၏။

ဇခူးမားသည် မိခင်ကြီးကိုယ်တိုင် ဖောက်ထားသည့် ခေါင်ရည်အိုးကြီးများကို ကြည့်ပြီး သွားရည်တမျှားမျှား ဖြစ်နေ၏။ မိခင်ကြီးကတော့ နတ်မကန်တော့ခင် ဘယ်သူ့ကိုမှ သောက်ခွင့်မပြု။ တစ်ချိန်တွင် မိခင်ကြီး နတ်ပွဲကျင်းပရန် သွားရောက်လုပ်ကိုင်နေစဉ် အိမ်သို့ နူလား ရောက်လာ၏။ နူလားက သူ့ထက် လေးနှစ်ကြီးသော်လည်း သူငယ်ချင်းသဖွယ် ပေါင်းသင်းခဲ့၏။

နူလား၏ကပါး (ဖခင်) က မုဆိုးကြီး ပါရန်း ဖြစ်၏။ ပါရန်းသည် တစ်ချိန်က ဇခူးမား၏ဖခင်ကြီးထံတွင် မုဆိုးပညာကို သင်ကြားခဲ့ဖူး၏။ သို့သော် ဖခင်ကြီးက တောကောင်ကြီးတွေကိုသာ ရွေးချယ်ခဲ့သဖြင့် ပါရန်းမှာ ကြောက်ရွံ့ပြီး ဖခင်ကြီးနှင့် လက်တွဲဖြုတ်ခဲ့ခြင်း ဖြစ်၏။

နူလားကလည်း မုဆိုးစိတ်ရှိသူဖြစ်၏။ ကပါး ပါရန်းနှင့်အတူ မော်စီတောင်ပေါ် အထိ ရောက်ဖူး၏။ သူတို့လိုက်သည့် သားကောင်က သမင် ဒရယ်လောက်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နူလားက တောတွင်းအတွေ့အကြုံ ရှိထားသူမို့ ဇခူးမားက နူလားကို ဆရာတင်ခဲ့၏။ ယခုလည်း မိခင်ကြီးမရှိတုန်း တဲထဲရောက်ရှိလာရာ ဇခူးမားသည် နတ်ဘုရားအတွက် ရည်စူးထားသည့် ခေါင်ရည်ကို ထုတ်၍ တိုက်ခဲ့၏။ နူလားမှာ ခေါင်ရည် တစ်ငုံ နှစ်ငုံ စုပ်ကြည့်လိုက်သည်နှင့် ဇခူးမားမိခင်၏လက်ရာမှန်း တန်းသိလိုက်၏။

"ဒါ- မင်းအနူးရဲ့လက်ရာ မဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ အစ်ကိုနူလားရဲ့"

"ဒါဆို နတ်ကန်တော့ပွဲအတွက် ချက်ထားတဲ့အိုးထဲက မင်းခပ်လာတာ ထင်တယ်။ ပြဿနာပဲ ဇခူးမားရာ"

"ဘာဖြစ်လို့လဲဗျ၊ အနူးလက်ရာကို ကျုပ်လည်း အရသာခံချင်လို့ဗျ"

"ဟကောင်- အဲဒါ နတ်ဘုရားအတွက် ရည်စူးတာဆိုရင် ငါတို့ နတ်ကိုင်ခံရလိမ့်မယ်ကွ"

"မကိုင်ပါဘူး အစ်ကိုနူလားရဲ့"

"မသောက်ရဲပါဘူးကွာ၊ ခေါင်ရည်ကို နတ်မဆက်ရသေးဘဲသောက်ရင် တောကိုင်တတ်တယ်ကွ။ တော်ပြီ"

"အစ်ကိုနူလားကလည်း အစွဲအလမ်းကြီးလိုက်တာဗျာ။ ကျုပ်ကတော့ မမြင်ရတဲ့အရာကို မကြောက်ဘူးဗျ။ ကျုပ်အဖေက ပြောဖူးတယ်၊ ကြောက်တဲ့လူဟာ နှစ်ခါသေရတယ်တဲ့ဗျ။ အဲဒီစကားကို ကျုပ် ဘယ်တော့မှ မမေ့ဘူး"

မုဆိုးတစ်ဦးဖြစ်သော်လည်း နူလားက နတ်ဒေဝတာများကို ယုံကြည်၏။ တောမတက်ခင် အတိတ်တဘောင် စမ်းသပ်ပြီးမှ တက်တတ်၏။

တစ်ခါကလည်း တောမတက်မီ ကြက်တစ်ကောင်ကို နန္ဒင်းသုတ်ပြီး စည်းဝိုင်းထဲ လွှတ်ပေးခဲ့ဖူး၏။ ကြက်ဖကြီးက နှစ်ခါလောက် တွန်ပြီး ဝိုင်းထဲက ဖောက်ထွက်သွား၏။ သူ့စိတ်ထဲ ထင့်ခနဲ ဖြစ်သွားခဲ့၏။

တွန်သံက နိမိတ်ကောင်းလှသော်လည်း စည်းဝိုင်းထဲက ထွက်သည်တို့ နူလား စိတ်တိုင်းမကျ ဖြစ်ခဲ့ရ၏။ တွန်သံကို အားကိုးပြီး တောထဲသို့ ခဲ့ရာ တောကောင်ကြီးနှင့်တိုး၍ လျှာထွက်လုမတတ် ပြေးခဲ့ရဖူး၏။

ထိုအခြင်းအရာကြောင့် နတ်ဒေဝတာတို့၏အမိန့်အာဏာကို နူလား



www.burmeseclassic.com

www.burmeseclassic.com



ဝရုထားခဲ့ရလေ၏။ ဇခူးမားတို့အဖေ ဦးကီးအောင်သည် နတ်ဒေဝတာများကို ယော်လော်ကန့်လန့် လုပ်ခဲ့၍ တောကောင်ကြီး အကိုက်ခံရသည်ဟု နူလား ယူဆခဲ့၏။

ယခုလည်း ဇခူးမားစရိုက်က နတ်ဒေဝတာများကို တစ်ချက်ကလေး ဝရုမစိုက်သည့်အသွင်ပင်။ ခေါင်ရည်ကို ကျုံတံတပ်၍ သောက်နေ၏။ နူလား ဘယ်လိုမှ တား၍ ရမည်မဟုတ်။

"သောက်စမ်းပါ အစ်ကိုနူလားရာ၊ အမေ့ခေါင်ရည်က သောက်ရခဲပါဘိဗျာ"

"ဟာကွာ၊ မင်းက ပြဿနာရှာနေပါလား။ ငါက ဒီတစ်ပတ်ထဲ တောတက်ရမှာကွ။ မသောက်တော့ဘူးကွာ"

"တောတက်မယ် ဟုတ်လား၊ ဒါဆို ကျုပ်လည်း လိုက်မယ်ဗျာ။ ကျုပ်တို့ နဖူးဖြူကြီးကို ရှာမယ်။ ကျုပ်ကို ဒုက္ခပေးသွားတဲ့ ကောင်ကြီးကို ကျုပ် ပြန်လက်စားချေမှ ဖြစ်မယ်"

"ဘယ်ကနဖူးဖြူကြီးလဲကွ"

"ကျုပ်မျက်စိ ယူသွားတဲ့ ဝက်ဝံကြီးဗျ"

"မင်းကွာ. . . မင်းပြောပုံဆိုပုံက ဇခါးနဲ့တော့ တခြားစီပဲ။ ကြာလေ မင်းကပါး ဦးကီးအောင်နဲ့ တူလေပဲ"

"အဖေတူသားပဲဗျာ"

ဇခူးမား၏အပြောကြောင့် နူလား လက်လျှော့လိုက်ရ၏။ ဇခူးမားက သူနှင့် တောလိုက်မည် တကဲကဲ လုပ်နေ၏။ နူလားစိတ်ထဲ မတင်မကျ ဖြစ်နေရ၏။

"ဟကောင့်- ဇခူးမား၊ မင်း ငယ်ပါသေးတယ်ကွာ"

"ဟာဗျာ- အစ်ကိုနူလားကလည်း ကျုပ်ဆယ့်ခြောက်နှစ် ပြည့်သွားပါပြီဗျ။ ကျုပ်က ပွတ်ချွန်းတောင် သောက်လို့ရပါပြီ"

"ဘာကွ- မင်းနော်. . . မင်းအနူးနဲ့ တိုင်လိုက်ရမလား"

"ဟဲဟဲ- အစ်ကိုကလည်းဗျာ"

ပွတ်ချွန်းသောက်သည့်အရွယ် ဆိုသည်မှာ တစ်နည်းအားဖြင့်ပြောရလျှင် ရည်းစားထားသည့် အရွယ်ရောက်ပြီဟု ဆိုရချေမည်။ မျိုးလူမျိုး



www.burmeseclassic.com

www.burmeseclassic.com



တို့သည် တစ်ရွာမလေ့တစ်ခု ရှိသည်ဟု ဆိုရချေမည် ဖြစ်၏။ တီးတိန်ချင်း၊ ဟားခါးချင်း၊ မင်းတပ်ချင်း စသည်ဖြင့် အမျိုးကွဲ များစွာရှိသလို ပြောဆိုသည့် နေရာတွင်လည်း မတူညီကြ။ ရွာမှာ ဩဇာအာဏာ အကြီးဆုံးတနတ်ဆရာများပင် ဖြစ်လေ၏။

တစ်ခါတစ်ရံ မင်းတပ်မြို့ဘက်မှ သင်းအုပ်ဆရာများ ရောက်လာတတ်၏။ သင်းအုပ်ဆရာများ ရောက်လာပြီဆိုလျှင် တစ်ရွာလုံး ပျော်မြူးနေကြ၏။ သင်းအုပ်ဆရာများ၌ ရွာအတွက် ဆားကအစ ပါလာတတ်၏။ အမှန်မတော့ တောင်ပေါ်ရွာများတွင် အဓိက မီးဖိုချောင်သုံးပစ္စည်းမှာ ဆားဖြစ်လေ၏။ တောင်ပေါ်သားတို့၏အသက်ဟု ဆိုရချေမည်။ နွားနောက်ကြီးများကိုပင် ဆားကျွေးရ၏။

သင်းအုပ်ဆရာတို့သည် သူတို့နှင့်ပါလာသော လက်ဆောင်ပစ္စည်းများကို ကလေးငယ်ကအစ ပေးကမ်းတတ်၏။ စားနပ်ရိက္ခာအစုံအလင်ကိုလည်း ဝေငှတတ်၏။ ထို့နောက် ရွာလယ်တွင် လူအများအား စုဝေးစေကာ သင်းအုပ်ဆရာ၏ တရားပွဲကို တက်ရ၏။ သင်းအုပ်ဆရာက ဘုရားသခင်၏ကောင်းခြင်းများကို ဥာဏ်နှင့်မာန်နှင့် ပြောဆိုတတ်သဖြင့် တစ်ရွာလုံးက သင်းအုပ်ဆရာတို့ကို မျှော်လေ့ရှိကြ၏။

တစ်ခါတစ်ရံ သင်းအုပ်ဆရာတို့နှင့်အတူ ကမ္ဘာလှည့်ပြီး အမဲလိုက်သည့် မျက်နှာဖြူ တောမုဆိုးကြီးများလည်း ပါလာတတ်၏။ သူတို့လက်ထဲ အမြဲ ကိုင်ဆောင်လေ့ရှိသော ပြောင်းရှည်သေနတ်ကြီးများကို ကြည့်ပြီး တစ်ရွာလုံးက သဘောကျနေကြသည်။

တစ်ချိန်တွင် ဇခူးမား၏အဖေနှင့် မျက်နှာဖြူသုံးယောက် တောလိုက်သွားခဲ့ရာ တောကောင်ကြီးတစ်ကောင်ကို အသေဖမ်းဆီးခဲ့မိ၏။ တောကောင်ကြီးက ဝက်ဝံတစ်ကောင်လောက်ကို အသာကလေး ခုန်အုပ်ဖမ်းစားနိုင်သည့် တောကောင်ကြီး ဖြစ်၏။ အစွယ်ကလည်း ထက်မြည့်နေ၏။ အံသွားကြီးတွေမှာ ပေါက်ခါစရှိသေးသဖြင့် ကျားပျိုတစ်ကောင်ဟု ဆိုရမည်။

ထိုစဉ်က သားကောင်ကြီးကိုဖျက်ပြီး တစ်ရွာလုံး ဝေငှခဲ့၏။ မျက်နှာဖြူတွေကိုယ်တိုင် တောကောင်သားကို ချက်ပြုတ်ပြီး စားသောက်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နူလားကိုယ်တိုင်လည်း ကျားသားကို စားခဲ့ဖူး၏။

ထို့ပြင် မျက်နှာဖြူတစ်ဦး၏ ပြောင်းရှည်သေနတ်ကိုလည်း ကိုင်တွယ်ခဲ့ဖူး၏။ မျက်နှာဖြူတွေက ဇခူးမား၏ကပါး ဦးကီးအောင်၏ အစွမ်းသတ္တိကို ချီးကျူးနေ၏။

ဦးကီးအောင်သည် ကြောက်စိတ်တစ်ရွေးသားမျှ မရှိသည့် မုဆိုးကြီး။ ယခုလည်း ဦးကီးအောင်၏သား ဇခူးမား၏အပြုအမူများက ဖခင်ခြေရာကို တစ်ထပ်တည်းကျအောင် နင်းမည့်အသွင်ပင်။

တောထဲလိုက်မည်ဆိုတော့ ဇခူးမား၏အနူးကို ခွင့်မပန်၍မဖြစ်။ ခွင့်ပြုလိမ့်မည်ဟု သူ မထင်။ ထို့ကြောင့်လည်း ဇခူးမား၏စကားကို ပယ်ချလိုက်ခြင်း ဖြစ်၏။

"ဟာ- အစ်ကိုနူလားကလည်းဗျာ၊ ကျုပ်ဆီမှာ တစ်ချွေ့ခုန်မြားတွေ ရှိပါတယ်။ ကပါးက ကျုပ်ကို မြားလုပ်နည်းကအစ သင်ပေးခဲ့တာဗျ။ ပြီးတော့ ကပါးရဲ့ဒူးလေးကြီးကို ကျုပ် ကောင်းကောင်း နိုင်ပါပြီ။ ကျုပ် လိုက်ပါရစေဗျာ"

"မင်း တော်တော်ခက်တဲ့ကောင်ပဲကွာ။ မင်းအနူးက မင်းကိုထည့်မှာ မဟုတ်ဘူးကွ"

"မထည့်ရင် ခိုးလိုက်မှာပေါ့ဗျ"

"ဟာကောင်၊ မင်းမျက်နှာက ဒဏ်ရာတောင် မပျောက်သေးဘူးနော်"

"အဲဒါကြောင့်ပြောတာပေါ့။ ကျုပ်မျက်လုံးယူသွားတဲ့ နဖူးဖြူကြီးကို ကျုပ် သူ့ဆီက မျက်လုံးပြန်လိုချင်တာဗျ"

"မင်းဥစ္စာမလွယ်ပါလားကွ"

"အိုဗျာ- ခင်ဗျားသွားရင် ကျုပ် ရွာထိပ်က စောင့်နေမယ်။ အနူးကို မပြောနဲ့"

"မင်းက ပြောလေကဲလေပါလား"

"အစ်ကိုနူလားကလည်းဗျာ၊ ကျုပ်တို့က မုဆိုးမျိုးရိုးတွေဗျ။ အခင်းစောင့်ရတာ ကျုပ်ပျင်းတယ်ဗျာ။ ပိုက်ဆံလေး ခြောက်ပြား တစ်ပဲနဲ့ လူမလုပ်ချင်ဘူးဗျ။ ကျုပ်သာ မုဆိုးဖြစ်ရင် သားကောင်ကြီးကြီးရအောင် ပစ်မယ်။ မင်းတပ်မှာ တဏှာရောင်းပြီး ကောင်းကောင်းစား



www.burmeseclassic.com

www.burmeseclassic.com


ကောင်းကောင်းနေမှာဗျ။ လိုက်ခဲ့မယ်ဗျာ"

"တော်ကြာ မင်းအနူးက ငါ့ကို ပြဿနာရှာနေဦးမယ်။ ပြီးတော့ မင်းအစ်ကို ဇခါးကလည်း မင်းကို ခွင့်ပြုမှာ မဟုတ်ဘူး။ မလိုက်စမ်းပါနဲ့ကွာ"

သူတို့နှစ်ဦး အချီအချ ပြောဆိုနေစဉ် တဲရှေ့သို့ အနူးရောက်လာ၏။ ဇခူးမား ခေါင်းရည်စုပ်နေသည်ကိုမြင်တော့ ပွက်လောရိုက်လေတော့၏။ ဇခူးမားကတော့ ပြုံးဖြီးဖြီး။ နူလားတစ်ယောက်လည်း အနူးကို တောင်းပန်ပြီး ဒရောသောပါး ထွက်သွားလေတော့၏။

"မင်း တော်တော်မိုက်မဲတာပဲ။ နတ်ဒေဝတာတွေကို မခန့်လေးစားမလုပ်စမ်းပါနဲ့ကွယ်။ မင်းကပါးလည်း အဲဒီလို မထီမဲ့မြင်လုပ်လို့ ဒုက္ခတွေ့ရတာ သားရဲ့။ အနူးစကားကို နားထောင်စမ်းပါကွယ်"

"အနူးကလည်းဗျာ၊ ခေါင်းရည်သောက်တာပဲ"

"တိတ်စမ်း"

အနူး အတော်ကလေး ဒေါသထွက်နေသဖြင့် ဇခူးမား တဲထဲမှထွက်ခဲ့၏။ ထိုအချိန်တွင် နတ်ဆရာ ဦးကမ်တွဲ၏ တဲရှေ့တွင် နွားနောက်ကြီးတစ်ကောင် ကြိုးနှင့်ချည်ထား၏။ နတ်ဆရာကြီးက နွားနောက်ကြီးကိုယ်ပေါ်သို့ အမွှေးနံ့သာများ ပက်ဖျန်းကာ နတ်စာများ ရွတ်ဖတ်နေ၏။

ဇခူးမား၏အစ်ကို ဇခါးက ဇခူးမားလို မဟုတ်။ မိခင်ကြီးနှယ် နတ်ဒေဝတာများကို ယုံကြည်လှသူ ဖြစ်၏။ နတ်များကိုပူဇော်ပသလျှင် သားကောင်များများရသည်ဟု အယူရှိနေ၏။ ယခုလို နတ်ပွဲများ ကျင်းပတော့မည်ဆိုလျှင် ဇခါးတစ်ယောက် တောမတက်တော့ဘဲ နတ်ဆရာကြီးနားရစ်သီရစ်သီ လုပ်နေတတ်၏။ သူတို့ကိုယ်တိုင် ပစ်ခတ်ဖမ်းဆီးလာသည့် ဆတ်ပေါက်ကလေးတစ်ကောင်ကိုလည်း နတ်ဆရာကြီးဆီ အပ်ထား၏။ နတ်ဆရာကြီး ခိုင်းသမျှ တစ်သွေမတိမ်း လုပ်ကိုင်ပေးနေ၏။

နတ်ပွဲရောက်လာပြီဆိုလျှင် ဇခူးမား၏မိခင် ငွန်ဇီးတစ်ယောက် လင်တော်မောင် ဦးကီးအောင်ကို သတိတရ ဖြစ်နေမိ၏။ နွားနောက် ဖျက်ရာတွင် သူ့ကို ဘယ်သူမှ မမီ။ ဓားမြှောင်နှစ်ချောင်းကို ကိုင်ပြီး နွားနောက်၏နံကြားထဲ ထိုးသွင်းလိုက်သည်မှာ အသည်းပေါ်စေရာပင်၊


www.burmeseclassic.com

www.burmeseclassic.com



နွားနောက်ကြီး ရုန်းကန်နေစဉ် ချိုကြီးကိုကိုင်ကာ ငြိမ်ကျသွားအောင် ဖျက်နိုင်စွမ်းရှိသည်မို့ တစ်ရွာလုံးက ဦးကီးအောင်ကိုပဲ လက်ဆွဲဖြစ်ခဲ့ကြ၏။ နတ်ဒေဝတာတွေကို မယုံသော်လည်း ယဇ်ပူဇော်ပွဲတွင် ဦးကီးအောင်မရှိလို့ မဖြစ်။ ယခုတော့ ဦးကီးအောင်ကိုယ်စား ဇခါး ဝင်ရတော့မည် ဖြစ်၏။

ဇခါးက ချိုကားကားနှင့် နွားနောက်ကြီး ကြည့်ပြီး တွန့်နေ၏။ သားကောင်ကြီးကြီးဖြစ်လျှင် ဇခါး အမြဲ လက်ရှောင်တတ်၏။ ယခုလည်း ယဇ်ပွဲတွင် နွားနောက်ကြီးကို သူကိုယ်တိုင်ဖျက်ရမည်မို့ ဝန်လေးနေ၏။ ရွာထဲမှာလည်း ဖျက်ပေးမည့်သူမရှိ။ ခွန်အားကြီးလှသော နွားနောက်ကြီးကို ကြည့်ပြီး ဇခါး လက်တွန့်နေရလေ၏။

နတ်ဆရာသည် နွားနောက်ကြီးကို ကျောသပ်ရင်း ဇခါးကို အသင့်ပြင်ထားရန်လှမ်းပြောလိုက်၏။ သို့သော် မျက်စိမျက်နှာပျက်နေသည့် ဇခါး၏အသွင်ကိုမြင်တော့ နတ်ဆရာ မှုန်တုန်တုန် ဖြစ်သွား၏။

"ဘာဖြစ်တာလဲ ဇခါးရ"

"ဟို- ကျုပ် အဲဒါ. . . "

"ဘာလဲ၊ မင်းကြောက်နေသလား။ မင်းကပါး ခြေဖျားတောင် မမီပါလားကွယ်။ ဒါဆို နွားနောက်ဖျက်ရဲတဲ့လူ ဘယ်သူရှိသတုံး။ နူလားတို့၊ ခေါ်ဂေတို့ရော ခေါ်မလား"

"ဟာ- ဒီကောင်တွေလည်း မဖျက်ရဲဘူး"

"ဒုက္ခပါပဲ၊ ဒီညပဲ ယဇ်ပွဲစတော့မှာ။ မဖြစ်ဘူး၊ ငါ ရွာထဲသွားဦးမယ်"

နွားနောက်ဖျက်သည့်အလုပ်က လက်ရဲဇက်ရဲရှိမှ ဖြစ်ချေမည်။ ရွာထဲတွင် ဇခါး၏ကပါး ဦးကီးအောင်လောက် သွေးရဲသူ မရှိ။

ဦးကျင်းပေါင်တို့ တဲဘက်ရောက်တော့ အခြေအနေကို ပြောပြလိုက်၏။ ဦးကျင်းပေါင်က ဆေးဆရာကြီးတစ်ဦးဖြစ်သလို ရွာလူကြီးလည်း ဖြစ်၏။ သမီးနှစ်ဦးနှင့် မုဆိုးဖိုကြီးဟု ဆိုရချေမည်။ သမီးနှစ်ယောက်စလုံး အရွယ်ရောက်ကြပြီ ဖြစ်၏။ အကြီးမက ဂျာဆိုင်ဖြစ်ပြီး အငယ်ကအမည်က ဂျာရာ ဖြစ်၏။

ဦးကျင်းပေါင်မှာ သားယောက်ျားလေး မမွေးခဲ့သည့် သူ့ဇနီးသည်ကို



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း မကျေမချမ်း ဖြစ်ခဲ့ရ၏။ သားယောကျ်ားလေးမွေးသည့် ဖခင်က ရွာမှာ မျက်နှာပွင့်၏။ သို့သော် ဦးကျင်းပေါင်က သစ္စာသမာဓိ ကြီးမား လှသူဖြစ်ပြီး အနေအထိုင်ကအစ တည်ကြည်လှ၏။ ဆေးကုသည့်နေရာ တွင်လည်း အစွမ်းထက်လှ၏။

ဦးကျင်းပေါင်သည် တစ်လတစ်ခါ တောထဲတောင်ထဲ ဆေးဥဆေး မြစ် သွားရောက် ရှာဖွေလေ့ရှိ၏။ ဦးကျင်းပေါင် အနိုင်နင်းဆုံး ကုသနိုင် သည်က မြွေကိုက်သည့် ဒဏ်ရာပင် ဖြစ်၏။ ဘယ်မြွေ ဖြစ်ဖြစ် ဦးကျင်း ပေါင်နိုင်၏။ သူ့တို (ပလိုင်း) ကြီးထဲတွင် ဆေးမြစ်ဆေးဥတွေ တစ်ပုံတစ် ခေါင်း။ အိမ်ဦးခန်းမှာလည်း ဆေးဘူးတွေ အောတိုက်။

အနီးအနားရှိရွာများသွားကာ ဆေးကုသတတ်၏။ သူ့ကို တစ်ရွာ လုံး လေးစားကြည်ညိုသဖြင့် ရွာလူကြီး တင်မြှောက်ခဲ့ခြင်း ဖြစ်၏။ နတ် ဆရာရောက်လာသောအခါ သူတို့နှစ်ယောက် ခေါင်းချင်းဆိုင်ပြီး နွား နောက်ဖျက်သည့်ကိစ္စကို တိုင်ပင်ခဲ့ကြ၏။ တစ်ရွာတစ်ကျေးက လူခေါ် ၍ လည်းမဖြစ်။ ရွာဓလေ့နှင့်လည်း ဘယ်လိုမှ မလျော်ညီ။

"ခက်တော့ခက်နေပြီဗျ။ ဒီကိစ္စ ဦးကံးအောင်သာရှိနေရင် ဘာမှ လှည့်ကြည့်စရာ မလိုပါဘူးဗျာ"

"ဟုတ်တယ်ဗျာ၊ ဖခါးပုံစံ ကြည့်ရတာ သိပ်ဟန်ပုံမပေါ်ဘူးဗျ"

"အဲဒါမှ ခွပဲဗျာ။ ပွဲက ဒီညစမှာဆိုတော့ နူလားတို့ကို မေးကြည့်ဦး မှပဲ။ နူလားက အစွမ်းတော့ရှိသဗျ"

"မေးကြည့်ပါဦးဗျာ"

ဦးကျင်းပေါင်တစ်ယောက် ရွာထဲလှည့်ပြီး နွားနောက်ဖျက်မည့်သူ တို့ ရှာခဲ့၏။ နူလားတို့၊ ခေါ်ဂေတို့ လူစုကလည်း အင်တင်တင် ဖြစ်နေ သည်။ ထိုအချိန်တွင် ခေါ်ဂေတို့တဲသို့ ရောက်နေသည့် ဖခူးမား ကြားသွား ၏။ သတင်းကြားလျှင်ကြားချင်း ဦးကျင်းပေါင်တို့ဆီ ရောက်သွား၏။

တဲအရှေ့တွင် စပါးထောင်းနေသော ဂျာရာကို တွေ့လိုက်ရ၏။ ဂျာ ရာနှင့် ဖခူးမားက တဖောင်းစေးနှင့် မျက်ချေး။ သူ့ကိုတွေ့တိုင်း ပြောင် စပ်စပ်၊ နောက်တောက်တောက် လုပ်တတ်သော ဖခူးမားကို ဂျာရာ ကြည့် ၍မရ။ အရွယ်က ရွယ်တူတွေ ဖြစ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဂျာရာ၊ နင့်ကပါးရောဟာ"

"ဘာတုံး၊ ငါ ဘယ်သိမှာလဲဟ"

"ငါ နင့်ကပါးတို တွေ့ချင်လို့ဟ"

"ဘာကိစ္စလဲ"

"နွားနောက်ဖျက်မလို့"

"ဘာ- နင်က နွားနောက်ဖျက်ရဲတယ်။ ဟင်းဟင်းဟင်း နင့်ပုံနဲ့များ နွားနောက်ဖျက်ဦးမတဲ့။ ဟင်းဟင်းဟင်း တော်တော် ရယ်ရတယ်။ နွားနောက်တက်နင်းလို့လည်း ပြားနေဦးမယ်"

"ဂျာရာကလည်းဟာ၊ ငါ ဒီလောက် သွေးမနည်းပါဘူး။ ဘယ်မှာတုံး၊ နင့်ကပါး"

"ရှပ်လိုက်တာ၊ နတ်ဆရာအိမ်မှာ ရှိမှာပေါ့"

"သွားပြီဟေ့၊ နောက်လည်း တွေ့ကြသေးတာပေါ့နော်"

"ဇခူးမားနော်၊ ငါ ဓားနဲ့ ထွက်လိုက်မှာ"

"ဟဲဟဲ- နင်ကလည်း၊ ဒေါသကြီးပဲ။ ခင်လို့နောက်တာပဲဟာ"

ဇခူးမားတစ်ယောက် ဂျာရာ့ကို ပြောင်စပ်စပ် ပြောဆိုပြီး နတ်ဆရာ တဲကလေးဆီသို့ ထွက်သွား၏။ ဂျာရာတစ်ယောက် မကျေမချမ်းနှင့် ကျန်ခဲ့၏။ 'နွားနောက် ဖျက်ရဲတယ်' ဆိုသဖြင့် ဂျာရာတစ်ယောက် စိတ်ထဲက ရယ်ချင်နေ၏။ ဇခူးမားကို သူ ဘယ်လိုမှ အထင်ကြီး၍မရ။

အမှန်မတော့ သူတို့အရွယ်တွေက ပွတ်ချွန်းပေးရမည့် အရွယ်ကလေးတွေ ရောက်နေပြီဟု ဆိုရချေမည်။ ပွတ်ချွန်းပေးသည့်ဓလေ့မှာ အပျိုက ကိုယ့်ချစ်သူကို ပွတ်ချွန်းလိပ်၍ ပေးခြင်း ဖြစ်၏။ ထိုသို့ ပွတ်ချွန်းလိပ်၍ ပေးလိုက်ပြီဆိုလျှင်လည်း ချစ်သူအဖြစ် အသိအမှတ်ပြုပြီးသား ဖြစ်သွားပေ၏။ ဇခူးမားသည် လူကြီးကွယ်ရာတွင် ပွတ်ချွန်းသောက်ချင်သည့် ဟန်ကလေးလုပ်ပြသွားတတ်၏။ ထိုအခါမျိုးဆိုလျှင် ဂျာရာတစ်ယောက် အံကလေး တကြိတ်ကြိတ်၊ လက်သီးလေး တဆုပ်ဆုပ် လုပ်တတ်၏။

ဂျာရာ၏အသွင်မှာ အစ်မဖြစ်သူ ဂျာဆိုင်လိုမဟုတ်၊ ပါးဖောင်းဖောင်းလေးနှစ်ဖက်က ပန်းနုရောင် သန်းနေ၏။ နှုတ်ခမ်းအိတွဲတွဲ၊ နှာတံပေါ်ပေါ်၊ မျက်လုံးတောက်တောက်နှင့် အလွန်မှ ချစ်စဖွယ်ကောင်းလှ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် ဂျာရာ၏အရွယ်က လှသွေးကြွယ်နေချိန်ဟု ဆိုရမည် ဖြစ်၏။ သူ့ကို ချိတ်တိတ်တိတ် လုပ်နေသူမှာ ကီးလိန်း။ ကီးလိန်းတို့ မိဘများက နွားနောက် အကောင်နှစ်ဆယ်ကျော်ခန့် ပိုင်ဆိုင်သလို စပါးခင်းတွေလည်း ရှိ၏။ ကီးလိန်းက မင်းတပ်မြို့သို့ လေးငါးခေါက်ခန့် ရောက်ရှိခဲ့ဖူးသူမို့ အသွင်အပြင်က မြို့သားအသွင် ပေါက်နေ၏။ စကားပြောသည့် နေရာတွင်လည်း စီးစီးပိုးပိုးပြောတတ်၏။

ဖခင်ဖြစ်သူ ဦးဗွေဆန်းမှာလည်း ရွာ၏မျက်နှာဖုံးဟု ဆိုမည် ဖြစ်၏။ နတ်ပွဲလုပ်ပြီဟော့ဆိုလျှင် နွားနောက်ကအစ လျှံဒါန်းတတ်၏။ ကီးလိန်း အသွင်က ထောင်ထောင်မောင်းမောင်း အသွင်ရှိပြီး ဘောင်းဘီ အမြဲဝတ်တတ်၏။ သူ့ကိုလည်း စတတ် နောက်တတ်၏။ ရုပ်ရည်က ဇခူးမားလောက် မခန့်ညားလှ။ ဇခူးမားက အသားညိုညို၊ နှာတံပေါ်ပေါ်။ ကီးလိန်းကျတော့ မျက်ပေါက်ကျဉ်းကျဉ်း၊ နှုတ်ခမ်းထူထူ၊ နှာတံမပေါ်တပေါ်နှင့် အကျည်းတန်လှ၏။ သို့သော် အကျည်းတန်မှုကို မြို့သားစတိုင်ထုတ်ထားသဖြင့် အဟိတ်အဟန့် ကောင်းလှ၏။ ကီးလိန်းသာလျှင် သူ့ရင်တွေခုန်စေ၏။ ကီးလိန်း နောက်ပြောင်ခဲ့လျှင် သူ့ရင်ထဲတွင် ကြည်နူးသလိုလို ခံစားရ၏။

ဇခူးမားကိုတော့ စိတ်ထဲမတွေ့လှ။ ယခုလည်း အံကြိတ်ကြိတ်ကြိတ်နှင့် ဖြစ်နေရ၏။ ထိုအချိန်တွင် ဇခူးမားတစ်ယောက် နတ်ဆရာတဲရှေ့သို့ ရောက်ရှိသွား၏။ ရွာလူကြီး ဦးကျင်းပေါင်တို့လူသိုက် ခေါင်းချင်းရိုက်နေကြစဉ် ဇခူးမားက ပြောလိုက်၏။

သူ့စကားကြားရတော့ အားလုံး ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ယုံလည်းမယုံနိုင် ဖြစ်နေကြ၏။ အစ်ကိုလုပ်သူ ဇခါးမှာ ညီငယ်၏စကားကြောင့် ပြုံးစိစိ ဖြစ်နေ၏။ ထိုစဉ် ဇခူးမားကို ဦးကမ်တွဲက ဇဝေဇဝါနှင့် မေးလိုက်၏။

"ဟုတ်မှဟုတ်ရဲ့လား ဇခူးမားရယ်"

"ဆရာကြီးကလည်း၊ ကျုပ် ဘာလို့မလုပ်ရဲရမှာလဲ။ ကျုပ်အသက်က ဆယ့်ခြောက်နှစ်ကျော်လာပါပြီဗျ"

"ဟားဟားဟား- မင်းကတော့ ကီးအောင်သားလို့ မပြောရဘူး၊ အ

www.burmeseclassic.com

www.burmeseclassic.com



တော့်ကို ရဲတာပဲကွ။ မင်း တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ဗျာ။ ကျုပ်က နောက်ဆို တောတက်ပြီး ကျုပ်အဖေလို သားကောင်ကြီးတွေကို လိုက်မယ့်မုဆိုးဗျ"

"ဟုတ်ပြီ၊ မင်းစကားကို ငါယုံတယ်။ ကဲ- ဦးကျင်းပေါင်၊ ဇခူးမားကိုပဲ ကျုပ်တို့ခွင့်ပြုလိုက်မယ်ဗျာ"

"ဖြစ်ပါ့မလား"

"ဘာလို့မဖြစ်ရမှာလဲ၊ ဇခူးမားဟာ လူလားမြောက်နေပြီဗျ။ ဒီတော့ သူလည်း သူ့အဖေခြေရာ နင်းရဲတဲ့ပုံပဲ"

"ဒါဆိုလည်း ကောင်းတာပေါ့"

သူတို့စကားကို ခါးခါးသီးသီး ငြင်းဆန်လိုက်သူက ဇခူးမား၏အစ်ကို ဇခါး။ သူ့စိတ်ထဲ ညီဖြစ်သူမှာ ငယ်လွန်းလှသည်ဟုပင် ထင်နေ၏။

"မဖြစ်ဘူးထင်တယ်။ ဟော့ကောင်- ဇခူးမား၊ မင်းဘာတွေ လျှောက်ပြောနေတာလဲ။ သွားစမ်း"

"ဟာ- အစ်ကိုကလည်း၊ ကျုပ်လုပ်ရဲလို့ ပြောတာပေါ့ဗျာ"

"ဘာ- မင်းကွာ၊ မဟုတ်တာဘဲ"

"လုပ်ရဲပါတယ်ဗျာ။ ဆရာကြီး၊ ကျုပ်လုပ်ရဲပါတယ်။ ကျုပ်လုပ်မယ်နော်"

ဇမူးမားက အတင်းတောင်းဆိုနေသဖြင့် ဇခါးလည်း ဝင်မပြောတော့။ ဇခူးမားအသွင်က မျက်လုံးတစ်ဖက်ကို နွားနောက်သားရေ ဖုံးထားသော်လည်း ပြောဆိုနေပုံက တကယ့် သတ္တိခဲကြီးအလားပင်၊ ဦးကျင်းပေါင်သည် ဇခူးမား၏ ပြောဟန်ဆိုဟန်ကို ကြည့်ပြီး ခေါင်းညိတ်လိုက်၏။

ထိုသတင်းက မိခင်ကြီးဆီ ရောက်ရှိသွားခဲ့၏။ မိခင်ကြီးဌွန်ဇီးမှာ တုန်တုန်လှုပ်လှုပ်နှင့် နတ်ဆရာတဲဆီသို့ လိုက်လာ၏။ ထိုအချိန် နွားနောက်ဖျက်ရန် ရွာသားအတော်များများလည်း ရောက်လာပြီဖြစ်လေ၏။ အနူးငွန်ဇီးသည် လူအုပ်ကြား အတင်းတိုးဝင်ကာ ဗိုင်းအလယ်သို့ ရောက်ရှိသွားခဲ့၏။

ဇခူးမားသည် ဓားမြှောင်တိုနှစ်ချောင်းကို ကိုင်ကာ နတ်ဆရာရှေ့တွင် ခြေစုံရပ်နေ၏။ ရွာသားအတော်များများမှာလည်း ဇခူးမားကို ရင်တမမနှင့်



www.burmeseclassic.com

www.burmeseclassic.com


ကြည့်နေ၏။

အနူးငွန်ဇီးသည် သားဖြစ်သူကို ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ဓားမြှောင်နှစ်ချောင်းကိုင်ကာ ရဲရင့်လှသော သားဖြစ်သူကို ကြည့်ရင်း ငွန်ဇီးတစ်ယောက် ခင်ပွန်းသည်ကို သတိရလာ၏။

ဇခူးမား၏အသွင်က အရှယ်ရောက်လာလေလေ ဖခင်ဖြစ်သူနှင့်ပို၍ တူလာလေလေပင်။ နွားနောက်ဖျက်ပွဲကို တော်ရုံလူ လာမကြည့်ရဲ။ ထို အချိန်တွင် ဇခူးမားသည် လေးဖက်လေးတန် ကြိုးချည်ထားသော နွား နောက်ကြီးနား ကပ်သွား၏။

နွားနောက်ကြီးသည် နွားနောက်ရိုင်းကြီး ဖြစ်၏။ ခေါင်းကြီးတခါခါ နှာမှုတ်သံ တဖူးဖူး ပေးနေ၏။ ဇခူးမားသည် နွားနောက်ကြီးပေါ် သို့ လွှား ခနဲ ခုန်တက်လိုက်၏။ ကြည့်နေသူအားလုံး ဟာခနဲ ဟင်ခနဲ ဖြစ်သွား ကြ၏။ မိခင်ကြီး ငွန်ဇီးမှာလည်း မျက်စိစုံမှိတ်ကာ ခေါင်းငုံ့ချလိုက်၏။ ရွာသားအချို့လည်း တုန်တုန်လှုပ်လှုပ် ဖြစ်နေ၏။

ထိုအချိန်တွင် ဇခူးမားသည် သူ့ကိုခါချနေသော နွားနောက်ကြီး၏ ဦးချိုကို ဘယ်လက်နှင့် ဖမ်းကိုင်လိုက်၏။ ဓားတစ်လက်ကို ခါးကြားတွင် ထိုးထား၏။ နွားနောက်ကြီးသည် ခေါင်းကို အတင်းခါ ထုတ်၏။ ဇခူးမား သည် ချိုတစ်ဖက်ကို ခပ်တင်းတင်း ကိုင်ထားပြီး ညာလက်ကို ဆတ်ခနဲ မြှောက်၍ လက်ထဲမှဓားနှင့် နွားနောက်ကြီး၏ နံစောင်းကို ထိုးချလိုက်၏။

"ဟာ- ထိုးမိပြီကွ"

"အို"

ကြည့်နေသူအားလုံး ရင်တုန်ပန်းတုန် ဖြစ်သွားကြ၏။ ထိုအချိန် တွင် ဇခူးမားလက်ထဲမှ ဓားမြှောင်ကြီးက နွားနောက်ကြီး၏ နံရိုးကြားသို့ တစ်ဆုံးဝင်သွားပြီ ဖြစ်၏။ နွားနောက်ကြီးမှာ ခြေထောက်တွေ တဆတ် ဆတ်ခါနေ၏။ ထိုစဉ် ဇခူးမားသည် ချိုကို ဘယ်ညာပြောင်းကိုင်လိုက်ပြီး ခါးတွင်ထိုးထားသော ဓားတိုတစ်ချောင်းကို ဆွဲထုတ်လိုက်၏။ နတ်ဆရာ ကြီးတို့လူစုမှာလည်း ဇခူးမား၏ အစွမ်းသတ္တိကို မြင်ရသောအခါ ပါးစပ် အဟောင်းသား ဖြစ်နေကြ၏။ ဇခူးမားက ဖခင်ဦးကီးအောင်ထက် ပို၍ တင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဇခူးမားသည် ဘယ်ဘက်လက်ထဲမှ ဓားမြှောင်နှင့် နွားနောက်ကြီး၏ နံစောင်းသို့တစ်ဆုံး ထိုးချလိုက်ပြီ ဖြစ်လေ၏။ ဓားနှစ်ချောင်းက ဘယ်ညာစိုက်ဝင်သွားပြီမို့ နွားနောက်ကြီးခမျာ ရှေ့ဒူးကြီး ခွေခေါက်ကျသွား၏။

ထိုအခါ ဇခူးမားသည် နွားနောက်ကြီးပေါ်မှ ခုန်ဆင်းလိုက်ပြီး ထိုးထားသည့် ဓားတစ်ချောင်းကို ဆွဲထုတ်ကာ တဆတ်ဆတ် တုန်ခါနေသော နွားနောက်ကြီး၏ ရင်ညွှန့်ကို ဦးချိုကြီး ဆွဲမော့၍ ထိုးချပစ်လိုက်၏။

သွေးတွေက မြင်မကောင်း။ ဇခူးမား၏ တစ်ကိုယ်လုံးလည်း သွေးတွေ ရွှဲနေ၏။ နောက်ဆုံးတွင် နွားနောက်ကြီးသည် မြေပြင်ပေါ် ခွေကျသွားပြီး ဆန့်ငင်ဆန့်ငင်နှင့် အကြောဆွဲကာ သေဆုံးသွားလေတော့၏။

နွားနောက်ကြီး သေဆုံးသွားသည်နှင့် နတ်ဆရာ၏ အောင်ပြီ အောင်ပြီ ဆိုသောအသံ ထွက်လာ၏။ မရှေးမနှောင်း တုံးခေါက်သံပါ ပေါ်ထွက်လာ၏။ နတ်ဆရာကြီး ခေါက်လိုက်သည့် တုံးခေါက်သံကြောင့် တစ်ရွာလုံး တုံးခေါက်သံတွေ ပေါ်လာ၏။ ထိုဓလေ့မှာ သူတို့ရွာ၏ ဓလေ့ဟု ဆိုရချေမည်။

နတ်ဆရာ၏ တုံးခေါက်သံက ရန်အပေါင်းကို ခအောင်နိုင်လိုက်ပြီး အန္တရာယ်ကင်းရှင်းသွားပြီဆိုသော အထိမ်းအမှတ်ပင် ဖြစ်လေ၏။ ထိုအသံကြားလိုက်သည်နှင့် တစ်ရွာလုံး တုံးခေါက်သံတွေ ပေါ်လာ၏။ ရွာထဲတွင် အန္တရာယ်မရှိတော့ပြီ ဆိုသည့် ဓလေ့ အယူအဆပင် ဖြစ်ပေ၏။

နတ်ဆရာကြီးမှာ ဇခူးမားကို ပခုံးပုတ်၍ ဝမ်းသာစကား ဆိုနေ၏။ ရွာလူကြီး ဦးကျင်းပေါင်မှာလည်း ဇခူးမား၏သတ္တိကို အံ့ဩ၍မဆုံး။ ဇခူးမား၏ မိခင်နှင့် အစ်ကိုလုပ်သူတို့မှာလည်း မယုံနိုင်လောက်အောင် ဖြစ်နေကြပေ၏။

နောက်ဆုံး ခေါင်ရည်အိုးများကို နတ်ဆရာတဲသို့ ယူလာကြ၏။ ရွာသူရွာသားတွေလည်း တဖွဲဖွဲရောက်လာ၏။ နွားနောက်ဖျက်သူ ယောကျ်ားသား သုံးဦးလေးဦးက ဓားတိုတစ်ချောင်းစီကိုင်ကာ လှီးဖြတ်နေ၏။ အတွင်းကလီစာများကို မြေအိုးကြီးထဲထည့်လိုက်၏။ လှီးဖြတ်ထားသည့် အသားများကိုလည်း နတ်ပူဇော်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com


ပိတ်စိမ်းပါးအုပ်ထားသည်ကို ဖွင့်၍ နှပ်ထားသော ကောက်ညှင်းပေါ်သို့ ရေစိမ်းတွေလောင်းချလိုက်၏။ လရောင်ရိပ်က ခေါင်ရည်အိုးပေါ် ဖြာကျနေ၏။

နတ်ဆရာကြီးကမ်တွဲသည် နတ်ဒေဝါတို့အား ခေါင်ရည်၊ နွားနောက်သား၊ ကြက်သား စသည်ဖြင့် အမည်စုံ ပူဇော်ပသကာ နတ်ဘုရားစာများကို ရွတ်ဖတ်လိုက်၏။ ရွာသားတွေကလည်း နတ်ဒေဝတာများကို ကန်တော့လိုက်ကြ၏။

ကန်တော့ပွဲ ပြီးဆုံးသွားသောအခါ ခေါင်ရည်သောက်ကြသည်။ နွားနောက်သားကို အိုးကြီးအိုးငယ်နှင့် ချက်ပြုတ်လိုက်ကြ၏။ အိုးသူကြီးက ဇခူးမား၏အနူး ငွန်ဇီးပင် ဖြစ်လေ၏။

အိုးကြီးသုံးလုံးကို တစ်ပြိုင်နက် ချက်ပြုတ်နေခြင်း ဖြစ်၏။ ထင်းမီးတဟုန်းဟုန်း တောက်နေသည့်ကြား နွားနောက်သားနံ့က သင်းပျံ့လာ၏။

ထိုရနံ့ကြောင့် တစ်ရွာလုံး ဆာလောင်နေကြ၏။ ငွန်ဇီးသည် ချွေးတလုံးလုံးနှင့် ချက်ပြုတ်နေ၏။ ကလီစာဟင်းအိုးကြီးကလည်း တပွက်ပွက်။ နူးနေအောင်ပြုတ်ထားကာ အရည်သောက်ပွဲအတွက် ပြင်ထား၏။

ချက်ပြုတ်ပြီးသွားသည်နှင့် နတ်ဆရာ၏ တဲရှေ့တွင် တပျော်တပါး ထိုင်ကာ စားသောက်လိုက်ကြ၏။ ဇခူးမားသည် နူလားတို့လူစုကြား ရင်တကော့ကော့ ဖြစ်နေ၏။ နွားနောက်သားတုံးကြီးတွေကလည်း လက်သီးဆုပ်ခန့် ရှိ၏။

ဇခူးမားသည် ခေါင်ရည် တစ်ကျိုက်နှစ်ကျိုက်စုပ်ရင်း သူနှင့် တစ်ဝိုင်းတည်း စားသောက်နေသော နူလားကို လှမ်းပြောလိုက်၏။

"အစ်ကိုနူလား၊ ကျုပ် တောလိုက်လို့ရပြီမဟုတ်လားဗျ"

"ဟေ"

"ကျုပ် နွားနောက်ကို ဖျက်လိုက်တာ ခင်ဗျားအမြင်ပဲလေ။ ကျုပ်က နဖူးဖြူကြီးကို ယဇ်တင်ချင်တာဗျ။ ပြီးတော့ ကျုပ်ကိုယ်တိုင်သတ်ရမှ ကျေနပ်မှာဗျ"

သူ့စကားကြောင့် နူလားရော ခေါင်ဂေပါ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေ၏။ အစ်ကိုလုပ်သူ ဇခါးမှာလည်း ညီငယ်၏စကားကြောင့် မျက်


www.burmeseclassic.com

www.burmeseclassic.com



စောင်းတခဲခဲ ဖြစ်နေ၏။ သို့နှင့် နန်ကတစ်ရွာကလေး၏ နတ်ကန်တော့ပွဲကြီး ပြီးဆုံးသွားလေ၏။

ဇခူးမား၏သတင်းက တစ်ရွာလုံး ဟိုးလေးတကျော်ကျော် ဖြစ်နေ၏။ ဇခူးမား၏သတင်းကို ဂျာရာမယုံ။ ထိုသတင်းကို သယ်ဆောင်လာသူက အစ်မလုပ်သူ ဂျာဆိုင်။ ဂျာဆိုင်နှင့်သူက တစ်နှစ်ကြီး တစ်နှစ်ငယ်။ ဂျာရာနှင့် နင်လားငါလားပင်။

ဂျာဆိုင်မှာလည်း လှပသူပင် ဖြစ်၏။ ရယ်လိုက်လျှင် မျက်လုံးလေးနှစ်လုံး ပိတ်သွားမတတ်ပင်။ ထို့ပြင် ဂျာဆိုင်တွင် ပါးချိုင့်ကလေးလည်း ပါ၏။ ဇခူးမား၏အကြောင်းကိုလည်း မြိန်ရေရှက်ရေ ပြောဆိုနေ၏။

ဂျာရာသည် အစ်မလုပ်သူ ဂျာဆိုင်၏စကားကို မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်၍ နားစွင့်နေ၏။

"ဟုတ်ရဲ့လား အစ်မရယ်၊ ငါတော့ မယုံချင်သလိုပဲ"

"အို- ဟုတ်ပါတယ်ဆိုမှ ဂျာရာရယ်၊ ဇခူးမားက အတော့်ကို သတ္တိရှိတာဟဲ့။ နွားနောက်ကြီးကျောပေါ် တက်ပြီး ဓားနဲ့ထိုးတာတဲ့။ ပြီးတော့ ဇခူးမားက ချိုကြီးကိုကိုင်ပြီး ဓားနဲ့ အတင်းထိုးတာတဲ့"

"ဟင်- ကြောက်စရာကြီး"

"အဲဒါ ပြောတာပေါ့ဟယ်။ ဇခူးမားဟာ တော်တော်ရဲတဲ့ကောင်စား။ ငါလေ သူ့ကို အရင်က ကြည့်လို့ကို မရဘူး။ အားကြီး အနောက်အပြောင်သန်တာ။ ဒါပေမယ့် ခုလို သတ္တိရှိတာတော့ ငါကြိုက်တယ်ဟာ"

"အို- နင်ကလည်း"

ဂျာရာသည် ဇခူးမား၏သတင်းကြောင့် စိတ်ထဲ တစ်မျိုးတစ်မည် ခံစားလိုက်ရ၏။ ယခင်က သူ အထင် တစ်စက်ကလေးမျှ မကြီးခဲ့။ ယခုတော့ သူ့ရင်ထဲ ဘာလိုလို ဖြစ်ပါ၏။ သူတို့ညီအစ်မနှစ်ယောက် ဇခူးမားအကြောင်း ပြောဆိုနေစဉ် ဇခူးမားတစ်ယောက် မိခင်ကြီးရှေ့တွင် ရဲရဲကြီးရပ်ကာ တောတက်တော့မည်ဟု ပြောနေ၏။ မိခင်နှင့် အစ်ကိုလုပ်သူကလည်း သူ အရွယ်မရောက်သေးဖြင့် ခေါင်းတခါခါ။ သို့သော် ဇခူးမားကို ဘယ်လိုမှ ပြောမရ။



www.burmeseclassic.com

www.burmeseclassic.com


ဇခူးမားက သူတို့နှစ်ယောက်ရှေ့ မားမားကြီးရပ်ကာ တင်းတင်းရင်းရင်း ပြန်ပြောခဲ့၏။

"အန္တးရာ၊ ကျုပ်တစ်ကိုယ်လုံးမှာ ကပါးရဲ့သွေးတွေ လည်ပတ်နေတာဗျ။ ဒီတော့ တောကောင်ကြီးရှေ့ ရောက်ရင်တောင် ကျုပ်က ဘယ်တော့မှ ဒူးတုန်မှာ မဟုတ်ဘူးဗျ"

ဇခူးမား၏စကားကြောင့် သူတို့သားအမိ ဘာပြောရမှန်းမသိအောင် ဖြစ်ခဲ့ရ၏။ ဇခူးမား၏စိတ်က ဖခင်ကြီး ဦးကီးအောင်၏စိတ်။ ပြောစရာရှိလည်း ဟောဟောဒိုင်းဒိုင်း၊ လုပ်စရာရှိလျှင် တရှူးထိုး။ တုံးတိုက်တိုက် ကျားကိုက်ကိုက် ဘယ်လိုမှ တားမရသည်မို့ အန္တးငွန်ဇီးခမျာ လက်လျှော့ခဲ့ရ၏။

ထိုအချိန်မှစပြီး ဇခူးမားသည် ထရံတွင် ချိတ်ဆွဲထားသော ဖခင်ကြီး၏ ဒူးလေးကြီးကို ဖြုတ်ကာ တဲရှေ့တွင် တဆဆ လုပ်နေပေ၏။ ဖခင်ကြီး တောတက်သွားလျှင် အမြဲတမ်း လွယ်လွယ်သွားလေ့ရှိသော တို(ပလိုင်း)ကို ဖြုတ်ကာ မြားတွေထုတ်၍ အသွားကို သွေးနေတတ်၏။

မိခင်ကြီးခမျာ ဇခူးမား၏ ဇွတ်တရွတ် စိတ်ကို စိုးရိမ်နေ၏။ ဘာလုပ်လုပ် တဇောက်ကန်း လုပ်တတ်သည်မို့ တောတက်လျှင် အန္တရာယ်နှင့် ကြုံမှာလည်း စိုးရိမ်နေ၏။

"လူကလေးရယ်၊ အန္တးတော့ မင်းကို စိတ်မချဘူး။ လူကလေးက ငယ်ပါသေးတယ်ကွယ်"

"အို- အန္တးကလည်း၊ ဒါပဲ ပြောနေတာပဲဗျာ။ ကျုပ်ရင်ထဲမှာ ကြောက်စိတ် တစ်စေ့တောင် မရှိဘူးဗျ။ မော်ပီတောင်ကြီးဟာ ကျုပ် ဖဝါးအောက်ကို ရောက်လာရမှာ အသေအချာပဲ"

"လူကလေးက ကိုယ့်ကိုယ်ကိုယ် တယ်လည်း ယုံကြည်စိတ် ကြီးမားနေသကိုး။ တောထဲတောင်ထဲဆိုတာ ကိုယ်အသေအချာ သွားလာဖူးတာလည်း မဟုတ်ဘူးလေ။ ပြီးတော့ သားရဲတိရစ္ဆာန်ဆိုတာ ပုန်းအောင်းနေတတ်တာကွယ့်။ ဒီတော့ အန္တရာယ်က အချိန်မရွေး ရှိနိုင်တယ်လေ။ ဒါကြောင့်လည်း အန္တး တားနေရတာပေါ့ကွယ်"

"မတားပါနဲ့ အန္တးရယ်၊ ယောကျ်ားဆိုတာ အစွမ်းသတ္တိရှိရမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကပါးက အမြဲတမ်း ပြောဖူးခဲ့တာဗျ၊ ကျုပ် ဘာကောင်မှ မကြောက်ပါဘူး အနူးရာ။ ပြီးတော့ သားကောင်ကြီးတွေရရင် ကျုပ်ကိုယ်တိုင်မြို့တက်ရောင်းပြီး အနူးကို ကောင်းကောင်းထားမှာဗျ"

"ခက်လှပါလားကွယ်"

နောက်ဆုံးတော့ မိခင်ကြီးလည်း မပြောသာတော့၊ အစ်ကိုလုပ်သူဇခါးလည်း လက်လျှော့လိုက်ရ၏။ ထိုအချိန်တွင် ဇနူးမားသည် ဒူးလေးကြီးကိုင်ကာ ရွာထဲ သွားလာနေလေတော့၏။

၀၀၀



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်လှမ်းမဆုတ်သည့်
ခြေလှမ်းတိုင်း၏အောက်မှာ
တောဘုရင်တို့ တစ်ကောင်ပြီးတစ်ကောင်
ကျဆုံးသွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

နွားလားတစ်ယောက် သူငယ်ချင်းဖြစ်သူ ခါဂေနှင့်အတူ အမဲလိုက်ထွက်ရန် ရွာကလေးအရှေ့ဘက်မှ ထွက်ခဲ့ကြ၏။ သူတို့ကိုယ်ပေါ်တွင် ဒူးလေးနှင့် ဓားတိုများ ပါလာကြ၏။ တို(ပလိုင်း)ကြီးတွေကိုလည်း စလွယ်သိုင်းထား၏။ ထိုထဲတွင် အဆိပ်လူးမြှားနှင့် စားသောက်ဖွယ်ရာများလည်း ထည့်ထား၏။ သူတို့နှစ်ယောက်က ဆက်တူရွယ်တူ၊ သူတို့၏ အဓိကပစ်မှတ်သားကောင်မှာ သမင်၊ ဒရယ်လောက်သာ ဖြစ်၏။ တစ်ခါတစ်ရံ ယုန်ကလေး၊ ပူးကလေးနှင့်လည်း ရွာသို့ ပြန်လာတတ်ကြ၏။

မော်ပီတောင်ကြီးပေါ် သို့ မသွားရဲကြ။ ထိုတောင်တန်းကြီးဆီမှ သားရဲတိရစ္ဆာန်ကြီးများ၏ အော်သံဟစ်သံကို ကြားနေရသော်လည်း တောင်တန်းကြီးကို ယောင်၍ပင် မကြည့်ရဲ။

သူတို့နှစ်ဦး စကားတပြောပြောနှင့် စပါးခင်းများကို ဖြတ်ခဲ့ကြလေ၏။

ရွာအရှေ့ဘက် ချောင်းကလေးဆီသို့အရောက်တွင် ဇခူးမားကို မြင်လိုက်ရသဖြင့် သူတို့နှစ်ယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ဇခူးမား၏ဘေးတွင် တောခွေးကြီး မိုင်းသာက အမြီးတနှန့်နှန့် လုပ်နေ၏။ ဇခူးမားသည် သူတို့ကို မြင်သည်နှင့် ပြုံးစိစိ လုပ်နေ၏။

"ဇခူးမား၊ မင်း ဒီမှာ ဘာလာလုပ်နေတာလဲကွ"

"အစ်ကိုနွားလားကလည်း၊ ခင်ဗျားတို့နဲ့အတူ အမဲလိုက်ချင်လို့ပေါ့ဗျာ။ ဒါကြောင့် ကျွန်တော် လာစောင့်နေတာပေါ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ- အမဲလိုက်မလို့၊ ဟာ- မဖြစ်ပါဘူးကွာ"

"ဘာလို့မဖြစ်ရမှာလဲဗျာ၊ ကျွန်တော့်အကြောင်းကို အစ်ကိုနူလားတို့ အသိပဲဟာ။ ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့ဗျာ"

"ဟာကွာ- မင်းက ပြောမရပါလား။ တောထဲတောင်ထဲဆိုတာ အန္တရာယ်တအားကြီးတာကွ။ အခန့်မသင့်ရင် သားကောင်ကြီးတွေနဲ့ တိုးနိုင်တယ်ကွ"

နူလားက ခြောက်လှန့်ပြောသော်လည်း ဇခူးမားကို ဘယ်လိုမှ ပြော၍မရ။ သူ့အဖေ၏ ဒူးလေးကြီးကိုလည်း ပခုံးထက်မှာ လွယ်ထား၏။ ခါဂေကတော့ နတ်ပွဲတုန်းက ဇခူးမား၏ ရဲရင့်သောလုပ်ရပ်ကို မျက်လုံးထဲက မထွက်။ အရွယ်ငယ်သော်လည်း အစွမ်းသတ္တိကိုတော့ လက်ခံမိ၏။ ထို့ကြောင့်လည်း ပြုံးစစနှင့် ပြောလိုက်၏။

"ဒါဆိုလည်း လိုက်ခဲ့ပေါ့ကွာ။ တစ်ခုတော့ရှိတယ် ဇခူးမား၊ တောထဲရောက်ရင် မင်းထင်ရာတော့ မလုပ်နဲ့ကွာ။ တောစောင့်နတ်တောင်စောင့်နတ် မကြိုက်တာလုပ်မိရင် တောမှောက်တတ်တယ်ကွ။ လူလည်း ဒုက္ခရောက်တတ်တယ်၊ အဲဒါကိုတော့ မင်းသတိထားရမယ်"

"စိတ်ချပါ အစ်ကိုခါဂေရယ်"

"ဒါဆိုလည်း လိုက်ခဲ့ကွာ"

ဇခူးမား ဘယ်အချိန်က ရောက်နေသည်မသိ။ တိုထဲမှာလည်း အဆိပ်လူးမြားတွေက ထိုးထိုးထောင်ထောင်။ ခါဂေက ခွင့်ပြုလိုက်သည်မို့ ဇခူးမား ဝမ်းသာအားရ ဖြစ်နေ၏။ နူလားခမျာ ခေါင်းတကုတ်ကုတ်၊ ပြောမရသည်မို့ သွားရာကို ခေါ်ခဲ့လေတော့၏။ သူတို့လူစု အမဲလိုက်သည့်နေရာက မော်ပီတောင်ခြေရှိ တောအုပ်ကလေးပင် ဖြစ်လေ၏။

တောအုပ်ကလေးမှာ သစ်ပင်ကြီးငယ်များဖြင့် စုံလင်လှ၏။ ထင်းရှူး၊ ယူကလစ်၊ ဝက်သစ်ချ၊ သစ်စိမ့်၊ သစ်ချ စသည်ဖြင့် အပင်မျိုး စုံလင်လှ၏။ ရွာမှ တစ်နာရီသာသာက ခြေကျင်သွားကြရင်း တောထဲရောက်သည်နှင့် သူတို့လူစု ချောင်းကလေးဘေးတွင် စတည်းချလိုက်၏။

စမ်းချောင်းကလေးသည် ကျောက်တုံးကျောက်ဆောင်များကြား တွေ့ဝတ်စီးဆင်းနေ၏။ ကြည်လင်နေသော ချောင်းရေထဲတွင် ငါးဝိုင်းများ



www.burmeseclassic.com

www.burmeseclassic.com



တူးခတ်နေသည်ကို တွေ့၏။ ခေါ်ဂေသည် ချောင်းထဲဆင်းကာ ငါးဝိုင်းသုံးလေးကောင်ကို စူးထိုး၍ ဖမ်းဆီးလိုက်၏။ ခေါ်ဂေသည် ငါးဝိုင်းကြီးတွေကို တဲနားယူလာကာ မီးဖုတ်လိုက်၏။ ငါးမီးဖုတ်နံ့က တသင်းသင်း။

ကျက်သွားသည်နှင့် သူတို့သုံးဦး ငါးမီးဖုတ်၊ ငရုတ်သီးစိမ်းဆားထောင်းနှင့် စားလိုက်ကြ၏။ ငါးဝိုင်း၏အရသာက စိမ့်လှ၏။ စားသောက်ပြီးကြသည်နှင့် တစ်အောင့်တစ်နား နားလိုက်ကြပြီး တောထဲသို့ ထွက်ခဲ့ကြ၏။

လမ်းတစ်လျှောက်တွင် ရွက်ကြွေတွေက တသောသော။ ကျေးငှက်သာရကာရောင်စုံတို့ကို အကိုင်းအခက်များပေါ်တွင် မြင်နေရ၏။ ရာသီဥတုမှာ ဆောင်းဦးပေါက်ဖြစ်သည်မို့ နှင်းငွေ့က တမှုန်မှုန် တဖွားဖွား။

သူတို့လူစု တောလမ်းအတိုင်း လျှောက်ခဲ့ကြရာ ချောင်းအနောက်ဘက် ကျောက်ဆောင်များနံဘေးတွင် သတ္တဝါတစ်ကောင်ကောင်၏ မစင်ပုံကို တွေ့လိုက်ရ၏။ နူလားသည် စွန့်ပစ်ထားသော မစင်ပုံကို ဒူးထောက်ပြီး ကြည့်လိုက်၏။

"အလတ်ကြီးရှိသေးတယ်ကွ၊ ကေန္တ ချောင်းစပ်က ဆားတွင်းလာစားသွားတာ ဖြစ်မယ်"

"ဘာလဲဗျ"

"အဲဒါ ဆတ်တစ်ကောင်ရဲ့ မစင်ပုံကွ။ သူတို့က ဒီချောင်းစပ်ကိုလာပြီး ဆားတွင်းမှာ စားလေ့ရှိတယ်"

"ဟုတ်လား"

နူလား၏စကားကြောင့် ဇခူးမားသည် မစင်ပုံကို မျက်နှာရှုံ့မဲ့မဲ့နှင့် ကြည့်လိုက်၏။ ထိုအချိန် နူလားသည် ချောင်းစပ်တွင် ပေါက်နေသော မြက်ပင်ကလေးများကိုကြည့်ရင်း ခြေရာကောက်လိုက်၏။ ထို့နောက် ဒူးထောက်နေရာမှ အလျင်အမြန်ထပြီး ကျောက်တန်းအနောက်ဘက်သို့ လက်ညှိုးထိုးလိုက်၏။

"ဟိုဘက်ကို ပြေးသွားတာဖြစ်မယ်၊ ကိုင်း- မင်းတို့နှစ်ယောက် ဒီကျောက်တန်းပေါ်ကတက်၊ ငါ ဘေးက ပတ်လိုက်သွားမယ်"

နူလားပြောသည့် ကျောက်တန်းက ကျောက်တောင်ကြီးကလေးပင်။



www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းဘေး ထိုးထွက်နေ၏။ နွားလေး၏ စကားကြောင့် ခေါင်ဝေနှင့်သူ ကျောက်တန်းကြီးပေါ် သို့ ကုပ်ကပ်တက်သွား၏။

နွားလေးသည် ကျောက်တန်းဘေးမှ ကွေ့လိုက်သွား၏။ လမ်းတစ်လျှောက် တောရိုင်းပင်တွေက လူတစ်ရပ်စာခန့် ရှိ၏။ ပိန်းပင်ဖားဖားကြီးတွေကလည်း အုပ်မိုးနေ၏။ နှင်းမှုန်နှင်းပွင့်များကလည်း ပိန်းရွက်ကြီးများပေါ် တဖွားဖွား ကျနေ၏။

နွားလေး တောရိုင်းပင်များကြား အတင်းတိုးဝှေ့ကာ ဝင်ခဲ့၏။ လျှောက်ရင်းလျှောက်ရင်း တောရိုင်းပင်အရှေ့ဘက် ဆင်ခြေလျှောဆီသို့ ရောက်လာ၏။ သူ့နားထဲ တတစ်တစ်နှင့် ဆတ်ဟောက်သံကို ကြားနေရသလိုပင်။

အသံက နီးလာလိုက် ဝေးသွားလိုက်။ သူ့စိတ်ထဲ အသံကို နားထောင်ရင်း သံသယ ဖြစ်နေ၏။ ခြေသံကို လုံနိုင်သမျှ လုံအောင် လျှောက်ခဲ့၏။ ပိန်းပင်ကြီးတစ်ပင်ကို ကျော်လွန်လိုက်သည်နှင့် မြင်လိုက်ရသော မြင်ကွင်း။ သူ တွန့်ခနဲ ဖြစ်သွား၏။ တောရိုင်းပင်ကြား အလျှင်အမြန် ဝပ်ချရင်း စောစောက မြင်ကွင်းကို ချောင်းကြည့်လိုက်၏။

"ဟာ- မြွေ၊ မြွေဘီလူးကြီး"

ကြည့်ရင်းကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေ၏။ မြင်ကွင်းက တခြားမဟုတ်။ ခေါင်းနှစ်လုံးမြွေ။ အဝါတစ်ကန့် အနက်တစ်ကန့်။ ပါးပျဉ်းက ခေါင်းနှစ်ဘက်စလုံး ထောင်ထား၏။ မြွေဘီလူးကြီးသည် စပါးကြီးမြွေမျိုးဖြစ်ပြီး သားကောင်ကို ညှို့ယူနိုင်စွမ်း ရှိ၏။

လုံးပတ်က လူကြီးပေါင်လုံးခန့်ရှိပြီး သူ့ရှေ့ထွင် တွေတွေကြီးရပ်နေသော ဆတ်ပေါက်ကြီးကို ညှို့နေ၏။ ဆတ်ပေါက်ကြီးမှာ တုန်တုန်ရီရီ ဖြစ်နေ၏။ အသံကလည်း ကျယ်လာလိုက် တိုးသွားလိုက်။ သူ ဘာလုပ်ရမှန်းမသိ။ ဆတ်ကြီးကို ပစ်ချလိုက်သည်နှင့် မြွေဘီလူးအန္တရာယ်က မသေး။ နောက်ဆက်တွဲ ပါနိုင်၏။

မြွေဘီလူးက သူညှို့နေသည့်အချိန် အန္တရာယ်ပေါ်လာလျှင် ထိုအန္တရာယ်ကိုပါ အလွတ်မပေး။ သားကောင်ကြီးများပင် မြွေဘီလူးမြင်လျှင် ရှောင်တိမ်းသွားတတ်၏။ မြွေဘီလူးသည် သားကောင်ကို ညှို့ကာ သား



www.burmeseclassic.com

www.burmeseclassic.com



ကောင်၏ စအိုဝထဲ သူ့အမြီးထိုးသွင်း၍ သတ်ဖြတ်တတ်၏။

နွားလား ကြောင်စီစီ ဖြစ်နေ၏။ ဒူးလေးကြီးကိုင်ပြီး တိုထဲက မြားပင် မထုတ်မိ။ ထိုအချိန် ကျောက်တောင်ထိပ်ပေါ် ရောက်နေကြသော ခေါင်ဇနှင့် ဇခူးမားတို့နှစ်ယောက် ကျောက်တန်းအောက်ရှိ မြင်ကွင်းကို ကြည့်ကာ အံ့သြနေ၏။

"ဟာ- မြွေ. . . မြွေဘီလူးကြီးကွ"

"ဟင်"

"ဇခူးမား၊ မင်း. . . မင်း ဘာလုပ်မလို့လဲ"

"ဖယ်စမ်းပါဗျာ"

ခေါင်ဇသည် ဇခူးမားဘက်လှည့်ပြီး ဟန့်လိုက်၏။ ဇခူးမားက ခေါင်ဇ၏ စကားကို နားမထောင်။ တိုထဲမှ တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်၏။ သံမဏိတုံးနှစ်တုံးကို သံမဏိကြိုးတစ်ဖက်စီတွင် ချည်နှောင်ထားသော လက်ပစ် ခြေမန်းကွင်း။

သစ်ပင်ပေါ်မှ ငှက်တွေကို ဇခူးမားက လက်ပစ်လက်နက်ဖြင့် ပစ်ကာ ဖမ်းဆီးခဲ့ဖူး၏။ ယခုလည်း သံမဏိတုံးတစ်ဖက်ကို ကိုင်၍ တစီစီ လှည့်ကာ ပစ်ထည့်လိုက်၏။ ခေါင်ဇ ဘာပြောလို့ ပြောရမှန်းမသိ။ ထိုစဉ် လက်ပစ်မန်းကွင်းကြီးသည် လည်၍ လက်ထဲမှ လွတ်ထွက်သွားကာ လေးညှို့မှ လွှတ်လိုက်သည့် မြားအလား ပြေးထွက်သွား၏။ အရှိန်က တရိပ်ရိပ်။ ဝှစ်ခနဲ ဝှစ်ခနဲ တလည်လည် ထွက်သွားပြီး ပါးဖျဉ်းထောင်နေသော မြွေဘီလူး၏ လည်တိုင်ကို တိခနဲ ဖြတ်တောက်သွားလေတော့၏။

ထိုမြင်ကွင်းကြောင့် တောင်အောက် ပုန်းအောင်းချောင်းမြောင်းနေသော နွားလားမှာလည်း တအံ့တသြ ဖြစ်နေ၏။ ခေါင်ဇမှာလည်း မျက်လုံးပြူးမျက်ဆန်ပြူး။ ထိုစဉ် ဇခူးမားက ကျောက်တန်းထိပ်မှ ခွေးကြီးမိုင်းသာနှင့်အတူ လွှားခနဲ ခုန်ချကာ လက်ထဲကဓားနှင့် ဆတ်ကြီး၏ နံစောင်းကို ပေါက်ထည့်လိုက်၏။ မိုင်းသာကလည်း ဆတ်ကြီးကို ခုန်၍ ခဲထား၏။

ဓားက တစ်တောင်သာသာရှိသည့် ဓားတို။ ဓားဦးက ချွန်မြည့်နေ၏။ ပစ်လိုက်သည့် အရှိန်ကလည်း အားပါလှ၏။ ဓားက ဆတ်ကြီး၏ နံစောင်းကို ဖောက်ဝင်သွား၏။ ပြေးတော့မည်လုပ်နေသော ဆတ်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဓားချက်ကြောင့် တုံးခနဲ လဲကျသွား၏။

ထိုအချိန် တောရိုင်းပင်များကြား ပုန်းနေသော နူလား အပြေးထွက်လာ၏။ ကျောက်တန်းထိပ်ပေါ် ရပ်နေသော ခေါဂေမှာ ကျောက်တန်းထိပ်ပေါ်မှ ဇခူးမားလို မခုန်ချရဲ။ ကုပ်ကပ်ပြီး အလျင်အမြန် ဆင်းလာ၏။

ဇခူးမားသည် ဆတ်ကြီးအနားသို့ အပြေးရောက်လာပြီး နံစောင်းမှ ဓားကို ဆွဲထုတ်ကာ သုံးလေးချက်ဆင့်ထိုးချလိုက်၏။ နူလားနှင့် ခေါဂေ တို့မှာ သူ့နောက်တွင် ကြောင်စီစီနှင့် ရပ်နေ၏။

ထိုစဉ် ဆတ်ပေါက်ကြီးမှာ ငြိမ်ကျသွား၏။ ဆတ်ကြီးရှေ့ မြေပြင်ပေါ်ရှိ မြွေဘီလူးကြီးမှာလည်း ခေါင်းပြတ်ကြီးနှင့် တွန့်လိမ်တွန့်လိမ် ဖြစ်နေ၏။ နူလားသည် ဇခူးမားကိုကြည့်ပြီး ခေါင်းတခါခါ ဖြစ်နေ၏။ ခေါဂေမှာလည်း မြွေကြီးအနားသို့ မကပ်ရဲ။

"ဇခူးမား၊ မင်း. . . မင်းကတော့ကွာ"

"တွေ့တယ်မဟုတ်လား၊ အဲဒါ ကျွန်တော့်သံမဏိမန်းကွင်းလေဗျာ။ ဒီလက်နက်က ဒူးလေးထက် ကောင်းတယ်ဗျ။ သစ်ပင်ပေါ်က ငှက်ကိုပစ်တာ ခေါင်းတောင် မပါဘဲ ပြုတ်ကျလာတာဗျ"

"ငါတော့ မင်းလုပ်တာကို အံ့သြသကွာ"

"ဟုတ်ပါ့ကွာ၊ ဟို. . . ဟိုမှာ မြွေကြီးလည်း မလှုပ်တော့ဘူး"

"မြွေဘီလူးက ညှို့အားလည်း ပြင်းသလို အဆိပ်လည်း ပြင်းတယ်။ သူ့အစာကိုဝင်ရှုပ်ရင် ရှုပ်တဲ့လူကိုပါ ချမ်းသာမပေးဘူး။ တော် . . တော်ပါသေးရဲ့ ဇခူးမားရာ၊ မင်းလုပ်တာ တစ်ချက်ခုတ် နှစ်ချက် ပြတ်ပဲကွ"

"အေးကွာ၊ ငါတောင် ဘာလုပ်လို့ လုပ်ရမှန်းမသိဘူး ဖြစ်နေတာ"

"ဟားဟားဟား- ဇခူးမားကတော့ စံပဲဟေ့"

ခေါဂေမှာ ဇခူးမား၏ အံ့ဖွယ်ကောင်းသောလက်နက်နှင့် လျင်မြန်မှုကို မယုံကြည်နိုင်လောက်အောင် ခံစားနေရ၏။

သူတို့ တောထဲတောင်ထဲသွားရင် ဆတ်တစ်ကောင်၊ ချေတစ်ကောင် ရဖို့ဆိုသည်မှာ လေးငါးရက်ခန့် ကြာမြင့်တတ်၏။ ယခုတော့ နာရီပိုင်း မိနစ်ပိုင်းအတွင်း ဆတ်ပေါက်တစ်ကောင်နှင့် မြွေဘီလူးတစ်ကောင်တို့

www.burmeseclassic.com

www.burmeseclassic.com



ရလိုက်သဖြင့် နှစ်ယောက်စလုံး အံ့ဩနေ၏။

သူတို့သုံးယောက် ဖစ်ခတ်ရရှိလာသည့် ဆစ်ကြီးနှင့် မြွေကို ယူကာ ထာယိထဲတလေးဆီသို့ ပြန်ခဲ့ကြ၏။ ခေါင်ဂေမှာ ဝမ်းသာအားရ ဖြစ်နေ၏။

"ဇခူးမား၊ မင်းက တကယ် လာဘ်ကောင်းတယ်။ ငါတို့ တောထဲဝင်ရင် လေးငါးရက်လောက်ကြာမှ သားကောင်တွေ့တာကွ"

"ဟုတ်တယ်၊ မင်းကိုတော့ ငါအံ့ဩသကွာ။ ခေါင်ဂေပြောသလို မင်းက ကံကောင်းတယ်ကွ။ ပြီးတော့ မင်းရဲ့ သံမဏိမန်းကွင်းကလည်း ကောင်းလှချည်လား။ မင်းကိုယ်တိုင်လုပ်ထားတာလား"

"ဘယ်ကလာ၊ အဲဒါ ကျုပ်ကပါး လုပ်ပေးခဲ့တာဗျ။ ကပါးက ပစ်နည်းပါ သင်ပေးခဲ့တာ။ ပထမတော့ ကိုယ့်လက်ကိုယ်ပြန်ထိလို့ နာလိုက်တာဗျာ၊ ကပါးက အသေအချာ သင်ပေးမှ ကျုပ်ပစ်တတ်တာဗျ။ ဟိုတစ်လောတုန်းကလည်း မြွေတစ်ကောင်ကို ဒီလိုပစ်ပြီး ဖမ်းခဲ့တာဗျ။ ခေါင်းတောင် ဘယ်ရောက်သွားမှန်း မသိဘူး"

"ဟုတ်လား၊ မင်းလက်နက်ကတော့ အံ့ဩစရာပဲ"

"ကိုင်း- ပြန်ကြမယ်ကွာ။ ဇခူးမား ပါလာတာ တောထဲ တစ်ည တောင် မအိပ်လိုက်ရဘူး"

"ကျုပ်က မော်ပီတောင်ဘက်ကို သွားချင်တာဗျ"

"ဟာ- မလုပ်ပါနဲ့ကွာ၊ အဲဒီဘက်မှာ သားကောင်ကြီးတွေ တအားပေါတာ။ အန္တရာယ်အရမ်း နီးတယ်ကွ"

နူလားက ခေါင်းတခါခါ ဖြစ်နေ၏။ ဇခူးမားကတော့ မကျေနပ်နိုင်။ ခပ်လှမ်းလှမ်းတွင် မြင်နေရသော မှိုင်းညှို့ညှို့ မော်ပီတောင်ကြီးကို ကြည့်ပြီး အားမလိုအားမရ ဖြစ်နေ၏။ နှင်းမှုန်နှင်းရိပ်များ ဝေဆိုင်းနေသော မော်ပီတောင်တန်းကြီး။

ဖခင်ကြီး ခြေချခဲ့သော မော်ပီတောင်တန်းကြီးကို ကြည့်ရင်း အံတကြိတ်ကြိတ် ဖြစ်နေရ၏။ နူလားသည် ဇခူးမားကို မနည်းချော့ပြောခဲ့ရ၏။

"ပြန်ကြမယ်ကွာ၊ မင်းသွားချင်ရင်လည်း တစ်ရက်ရက်တော့ ငါတို့လိုက်ပို့မှာပေါ့။ ပြီးတော့ အဲဒီဘက်က တအား ခေါင်တာ မသွား

www.burmeseclassic.com



တတ်ရင် လမ်းပျောက်သွားနိုင်တယ်ကွ"

"ဟုတ်တယ် ဖခူးမားရဲ့ ခုတော့ လက်လျှော့လိုက်ပါကွာ"

သူတို့နှစ်ယောက် အတင်းဝိုင်းပြောလာသဖြင့် ဖခူးမား လက်လျှော့လိုက်ရ၏။ နောက်ဆုံး သူတို့လူစု တောအုပ်ထဲမှ ထွက်ခဲ့ကြ၏။ ဆတ်သေကြီးကို နူလားနှင့် ခေါ်ဂေတို့နှစ်ဦးက ဝါးလုံးလျှို၍ ရှေ့နောက်ထမ်းခဲ့ကြ၏။ ဖခူးမားသည် မြွေဘီလူးကို ပခုံးပေါ်ထမ်းကာ မနိုင့်တနိုင် ထမ်းခဲ့ရ၏။ ရွာထဲဝင်လာသော ရွာသားတွေအားလုံး အံ့ဩနေကြ၏။

ဖခူးမား ပခုံးပေါ်မှ ခေါင်းမပါသည့် မြွေဘီလူးကြီးကို ကြည့်ရင်း မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေကြ၏။ အစ်ကိုလုပ်သူ ဖခါးမှာလည်း အံ့အားအသင့်ကြီးသင့်နေ၏။ ဖခူးမား ဘယ်အချိန်က လိုက်သွားသည်ပင် မသိလိုက်။

မိခင်ကြီးငွန်ဇီးမှာ ဖခူးမားပျောက်နေသဖြင့် တစ်ရွာလုံးပတ်ပြီး ရှာနေဆဲ။ နောက်ဆုံး ဖခူးမားကို မြင်မှ ငွန်ဇီး ဟင်းချနိုင်၏။

"လူကလေး၊ မင်း မင်းတောထဲက ပြန်လာတာလား။ အို- မင်းပြောလို့မရတော့ပါလား"

"အန္နးကလည်းဗျာ၊ ဒီမှာတွေ့လား။ ကျုပ် မြွေဘီလူးကို ပစ်လာတာဗျ။ ပြီးတော့ ဆတ်ကြီးတစ်ကောင်လည်း ရလာတယ်။ နူလားပြောတာတော့ ကျုပ်က မုဆိုးအလုပ်နဲ့ အကျိုးပေးမယ်တဲ့ဗျ"

"တိတ်စမ်း- မင်း- ဘာတွေလျှောက်လုပ်နေတာလဲ။ ဒီလောက် အန္တရာယ်များတာကို ဘာဖြစ်လို့ လိုက်သွားတာလဲ။ နူလားတို့ ခေါ်သွားတာလား"

"မဟုတ်ပါဘူး အန္နးရာ၊ ကျုပ် သူတို့နောက်ကို အတင်းလိုက်သွားတာပါ"

"မင်းဟာ မင်းအဖေလိုပဲ အရမ်းခေါင်းမာပါလား"

မိခင်ကြီးက သူ့ကို စိုးရိမ်တကြီးနှင့် ကရုဏာဒေါသော ပြောဆိုနေ၏။ ဖခူးမားကတော့ သူ့အလုပ်ကို အတော်ကလေး ကျေနပ်နေရ၏။ နူလားတို့နှစ်ဦး တဲထဲရောက်လာကာ ဖခူးမား၏ မိခင်ကြီးကို တောင်းတောင်းပန်ပန် ပြောလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဇခူးမားသည် မြွေကြီးကို အရေခွံဆုတ်နေ၏။ ဇခါး ရောက်လာသောအခါ မြွေကြီးကိုကြည့်ကာ အံ့သြနေ၏။

"တာ- ဒါ မြွေဘီလူးကြီးကွ၊ ဇခူးမား၊ ဒါ ဒါ မင်းပစ်လာတာလား"

"ထုတ်တယ်လေ၊ ဘာဖြစ်လို့လဲ။ အစ်ကိုဇခါးက မယုံဘူးလား"

"ဒီမြွေကိုတွေ့ရင် မုဆိုးတိုင်း ရှောင်တာကွ။ ပြီးတော့ သူ့သည်းခြေ က တအား ဈေးကြီးတာ၊ မြို့တက်ရောင်းရင် သောင်းချီရတာကွ"

"တုတ်လား၊ ကျုပ် သည်းခြေ မထုတ်တတ်ဘူးဗျ။ အစ်ကိုဇခါးပဲ ထုတ်ပေးဗျာ"

"ဖယ်ဖယ်၊ ငါလုပ်တတ်တယ်"

ဇခါးသည် ဇခူးမားဘေး ထိုင်ချလိုက်ပြီး ဓားတိုတစ်ချောင်းနှင့် မြွေ ဘီလူး၏ ရင်ဘတ်ကို ခွဲချလိုက်၏။

အလယ်ရိုးတွေကို ခေါင်းပိုင်းမှ ကိုင်ကာ တဆတ်ဆတ် ဆွဲထုတ် လိုက်၏။ ထိုအခါ အရိုးဘေးတွင် ကလီစာတွေ ပါလာသည်။ ဇခါးသည် အစိမ်းပုပ်ရောင် သည်းခြေကို အသာ ဆွဲဖြုတ်လိုက်၏။ သည်းခြေက လက်မသာသာပင် ရှိ၏။

ဇခါးသည် သည်းခြေကို အသေအချာ ဆေးကြောကာ နေလှန်း လိုက်၏။ ထို့နောက် မြွေကြီးကို ဓားတိုနှင့် တစ်လွှာပြီးတစ်လွှာ ပိုင်းချ လိုက်၏။ နူလားတို့လူစုသည် ဆတ်ပေါက်ကြီးကို ဝိုင်းဖျက်ပြီး ရရှိလာ သည့် အသားများကို ရွာထဲတွင် ရောင်းလိုက်၏။ တချို့တစ်ဝက်ကိုလည်း နေလှန်းလိုက်၏။

မိခင်ကြီးမှာ ဇခူးမား၏ လုပ်ရပ်ကို အံ့သြနေ၏။ နူလားတို့ပြောပြ ချက်အရ ဇခူးမား၏ အစွမ်းအစကို သိလိုက်ရသဖြင့် အံ့သြနေ၏။ အရွယ် ငယ်သော်လည်း ဖခင်၏ခြေရာကို တစ်ထပ်တည်း နင်းနိုင်သဖြင့် မိခင် ကြီးမှာ ဇခူးမားအတွက် အစိုးရိမ်ကြီးနေ၏။

"လူကလေးရယ်၊ အနူးကတော့ မင်းကို ငယ်သေးတယ်ပဲ ထင်တယ်။ တောထဲတောင်ထဲ သွားလာတာကို အနူးမကြိုက်ဘူး။ အန္တရာယ် များလွန်းလှတယ်ကွယ်"

"မစိုးရိမ်ပါနဲ့ အနူးရာ၊ သား အဲဒီလောက် မညံ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိုကွယ်၊ မင်းက ဘယ်လိုမှပြောမရပါလား"

မိခင်ကြီးက ရင်တဖိုဖို ဖြစ်နေစဉ် ဇခူးမားကတော့ အပြုံးမပျက်၊ သူ့အတွက် ဝေစုရလာသော ဆတ်သားအချို့ကို ရွာလူကြီး ဦးကျင်းပေါင်ထံ လက်ဆောင်ပေးလိုက်၏။

ဂျာရာမှာ ဇခူးမားတစ်ယောက် ဆတ်ပေါက်ကြီးတစ်ကောင်နှင့် မြွေဘီလူးတစ်ကောင်ကို ပစ်ခတ်လာသည်ဆိုသော သတင်းကြောင့် မယုံနိုင်အောင် ဖြစ်နေရလေ၏။ ထိုအချိန် သူတို့ဆီကို ကီးလိန်းရောက်နေ၏။ ဖခင်ကြီးနှင့်လည်း အဖွဲ့ကျနေ၏။ အိမ်ရှေ့ရောက်လာသော ဇခူးမားကို မြင်ရသောအခါ ဂျာရာ အံ့သြနေ၏။ ကီးလိန်းကတော့ ဇခူးမားကို မှုန်ကုပ်ကုပ် လှမ်းကြည့်နေ၏။

ထိုစဉ် ဇခူးမားသည် သူ့ကို တစ်ချက်လှမ်းကြည့်ရင်း အစ်မလုပ်သူ ဂျာဆိုင်ကို လှမ်းပြောလိုက်၏။

"ကျုပ် ဆတ်သားလာပေးတာဗျ။ ရော့- အစ်မဂျာဆိုင်"

"ဟဲ့- ဇခူးမား၊ အဲဒါ နင်တောထဲက ပစ်လာတာလားဟဲ့"

"ဟုတ်တယ်ဗျ"

"ဟယ်- နင်တော်တော် သတ္တိရှိပါလား၊ နင်လည်း နင့်အပါးလိုပဲ ခြေရာနင်းမယ့်သူပါလား"

"ဒါပေါ့ အစ်မဂျာဆိုင်ရာ၊ ကိုင်း- ကျုပ်သွားပြီ"

ဇခူးမားသည် ဂျာရာကို တစ်ချက်လှမ်းကြည့်ရင်း အိမ်ရှေ့မှ ထွက်သွား၏။

ဂျာရာ့ရင်ထဲတော့ ဇခူးမား၏ မကျေမချမ်းအကြည့်ကို နားလည်ခံစားမိသလိုပင်။ ကီးလိန်းသည် ပြုံးစေ့စေ့လုပ်ရင်း ခပ်လှောင်လှောင် ပြောလိုက်၏။

"ဇခူးမားကတော့ သူ့အဖေအတိုင်းပဲ၊ တုံးကိုက်တိုက် ကျားကိုက်ကိုက်လုပ်တဲ့စိတ်ဟာ သားကောင်ပါးစပ်ထဲ ခေါင်းထိုးဝင်မယ့်လူ"

"အို- အဲဒီလို မပြောပါနဲ့၊ သူများကို မပြောကောင်းပါဘူး"

"ဘာဖြစ်လို့လဲ ဂျာရာရဲ့၊ ငါပြောတာ နင်မယုံရင် စောင့်ကြည့်နေ၊ ဒီကောင် ခုချိန်မှာတော့ သွေးတကြွကြွနဲ့ မျက်စိနောက်စရာပဲ၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com


တကယ့်သားကောင်နဲ့ မတွေ့သေးလို့ပါ။ တွေ့လို့ကတော့ ရွာပြန်ရင် အသတ်တောင် ပါလာမှာ မဟုတ်ဘူး"

"အို- မပြောကောင်းပါဘူး ကီးလိန်းရယ်"

"ငါမှန်တာပြောတာပဲ"

ကီးလိန်း၏ ချိုးချိုးဖွဲ့ဖွဲ့ စကားကြောင့် ဂျာရာ ဇခူးမားအတွက် တာတွယ်ပြောမိ၏။ သူ့စကားကို ကီးလိန်းက ကျေနပ်ပုံမပေါ်။ ကီးလိန်း၏ စိတ်ထဲ ဂျာဆိုင်နှင့် ဂျာရာတို့နှစ်ဦးကို အချိန်မရွေး ခူးဆွတ်နိုင်သည့် တောရိုင်းဝန်းပွင့်များဟု ယူဆထား၏။

မြို့ကို လေးငါးခေါက်လောက် ရောက်ဖူးသည်။ မြို့မှာ သုံးလေးလ ခန့် နေဖူးသည်ဆိုသော အရှိန်နှင့် ကီးလိန်း မြောက်ကြွမြောက်ကြွ ဖြစ်နေ၏။

ယခုလို ဇခူးမားဘက်မှ ဂျာရာ ကာကွယ်ပြောလာသောအခါ ထိုင်ရာမှ ရုတ်တရက် ထ၍ထွက်သွားလေ၏။ ဂျာဆိုင်သည် ဇခူးမား လက်ဆောင်ပေးသည့် ဆတ်သားများကို ဖခင်ကြီးအား ပြောပြလိုက်၏။

"ဒီကောင် အရွယ်တောင်မရောက်သေးဘူး တောပစ်ထွက်နေပြီလား။ မျက်စိတစ်ဖက်ကလည်း ကောင်းတာမဟုတ်ဘူး"

"ကပါးကလည်း၊ ဂျာဆိုင်ကြားတာတော့ ဇခူးမားက ဆတ်ကို သူကိုယ်တိုင် ပစ်ခဲ့တာတဲ့။ ပြီးတော့ မြွေဘီလူးကိုတောင် ခေါင်းဖြတ်ပြီး ယူလာခဲ့တာတဲ့"

"ဟုတ်လား၊ တော်တော်သွေးရဲတဲ့ကောင်ပဲ။ အိမ်း- ဒီကောင့်ပုံစံက သူ့အဖေ ဦးကီးအောင့်အတိုင်းပဲ"

"ဟုတ်မယ် ကပါးရေ"

ဖခင်ကြီးနှင့် အစ်မလုပ်သူတို့၏ စကားကြောင့် ဂျာရာသည် ဇခူးမား၏ အစွမ်းသတ္တိကို မလေးစားဘဲ မနေနိုင်တော့။ ဇခူးမား၏ ရဲရင့်သော အသွင်ကိုလည်း မျက်လုံးထဲ မြင်ယောင်မိနေလေ၏။ ထိုအချိန်တွင် ဇခူးမားတို့လူစု မြွေဘီလူးကို အရေခွံခွာ၍ ကာ ညဦးပိုင်းရောက်သည်နှင့် ချက်ပြုတ်စားသောက်ခဲ့ကြ၏။ အစ်ကိုလုပ်သူ ဇခါးသည် မြွေဘီလူး သည်းခြေ ယူကာ မြို့ဘက်ထွက်သွားပြီ ဖြစ်လေ၏။ မိခင်ကြီးငွန်ဇီးသည် ဇခူးမား


www.burmeseclassic.com

www.burmeseclassic.com



လုပ်ပုံကိုင်ပုံကိုကြည့်ပြီး သွားလေသူ ခင်ပွန်းသည်ကို သတိရနေ၏။ ဇခူး မားတို့လူစုသည် မြွေသားကို ချက်ပြုတ်ပြီး ခေါင်ရည်နှင့် မြည်းလိုက်ကြ၏။ နူလားနှင့် ခေါဂေတို့မှာလည်း ဇခူးမားကို အစွမ်းသတ္တိရှိလှသည့် မုဆိုးတစ်ဦးအဖြစ် အသိအမှတ်ပြုခဲ့ရ၏။

နန်ကတစ်ရွာကလေး၏ ဓလေ့ထုံးစံမှာ သူရဲကောင်းကို ချီးမြှောက်သည့် ဓလေ့ထုံးစံရှိ၏။ သားကောင် ကြီးကြီးမားမား သတ်ဖြတ်နိုင်သည့် မုဆိုးဆိုလျှင် တစ်ရွာလုံးက တလေးတစား အသိအမှတ်ပြုကြရ၏။ ယခု လည်း ဇခူးမားကို နူလားတို့လူသိုက် အသိအမှတ်ပြုခဲ့ရပြီ ဖြစ်၏။

ဇခူးမားသည် သူ့ကိုယ်သူ အစွမ်းသတ္တိရှိလှသည့် မုဆိုးဟု မယူဆ သေး။ သူ တကယ်တမ်း ရင်ဆိုင်လိုသည်မှာ သားကောင်ကြီးများပင် ဖြစ် လေ၏။ ထို့အပြင် သူ့မျက်လုံးတစ်ဖက်ကို ယူသွားသည့် နဖူးဖြူ ဝက်ဝံကြီး ကိုလည်း ယခုထိ မမေ့သေး။ တစ်ချိန်ချိန် ပြန်၍ ဆုံနိုင်သေးသည်ဟု ယူဆလက်ခံထားခဲ့လေ၏။

နူလားတို့လူသိုက် တဲကပြန်သွားသည်အထိ ဇခူးမား မအိပ်နိုင်သေး။ ဖခင်ကြီး၏ လက်စွဲတော် ဒူးလေးကြီးကို တသသနှင့် လုပ်နေ၏။ မိခင်ကြီး မှာန်မဲမှ အိပ်ရာဝင်နိုင်ခဲ့၏။ ထိုအခါ သူ့အတွေးထဲ ဂျာရာ ကီးလိန်းနှင့် မျက်နှာချင်းဆိုင် ပြောဆိုနေသည်ကို မြင်ခဲ့ရသဖြင့် စိတ်ထဲ မကျေမချမ်း ခံစားနေရ၏။

ကီးလိန်းက သူ့အပေါ် ဘယ်တော့မှ အကောင်းမမြင်။ သူတို့ဆင်းရဲ နွမ်းပါးမှုကိုလည်း အပြစ်လုပ်ချင်သူ ဖြစ်၏။ အမှန်လည်း သူတို့ မိသားစု က ဆင်းရဲလှ၏။ နွားနောက်တစ်ကောင်ပင် မရှိ။ လယ်တစ်ကွက်၊ ယာ တစ်ကွက် မရှိ။ သူတို့မိသားစုက ရွာမှာ မျက်နှာအငယ်ရဆုံး။ ထို အခြေ အနေကို ကီးလိန်းက ဖိဖိနှင်းနင်း ပြောတတ်သဖြင့် ဇခူးမား ခံစားခဲ့ရ၏။

ထို့ပြင် ကီးလိန်းသည် သူ့ထက် လေးငါးနှစ်ခန့်ကြီးကာ ဖယ်နိုင် သဘောလည်း ရှိ၏။ မိခင်ကြီး ငွန်ဇီးမှာ ကီးလိန်းတို့အခင်းတွင် ဝင် ရောက်လုပ်ကိုင်ပေးခဲ့ရ၏။ သူလည်း ကီးလိန်းတို့အခင်းကို စောင့်ကြပ် ပေးခဲ့ရ၏။ ပြောရလျှင် ကီးလိန်းတို့နှင့် သူတို့မိသားစု မကင်းနိုင်။

ယခုတော့ ဂျာရာတို့ဘေးတွင် ကီးလိန်းရှိနေသည်မို့ ဇခူးမားရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရ၏။ ဂျာရာ၏မျက်နှာလေးကိုမြင်တိုင်း သူ့ရင်ထဲ ပျော်သလိုလို၊ ကြည်နူးသလိုလို၊ ရင်ဖိုသလိုလို ခံစားခဲ့ရ၏။ ဂျာရာ၏အလှက နန်ကတစ်ရွာတွင် အလှဆုံး ကြယ်လေးတစ်ပွင့်ဟု သူ ယူဆမိ၏။

သို့သော် ဂျာရာက သူ့ကို ဘယ်တော့မှ အကောင်းမမြင်။ တွေ့လိုက်တိုင်း သူ့ကို ရွံ့ကာမဲ့ကာ ချိုးချိုးဖွဲ့ဖွဲ့ ပြောတတ်၏။ ထိုအချက်ကြောင့်လည်း အလှဆုံး ကြယ်ပွင့်လေးတစ်ပွင့်လို ငေးကြည့်ရုံကလွဲ၍ သူ မမျှော်လင့်ရဲပါချေ။ ယခုတော့ ကီးလိန်းကို သူတို့အိမ်ပေါ်မှာ မြင်လိုက်ရသည်မို့ ရင်ထဲ အခံစားကြီး ခံစားနေရ၏။

ထို့ကြောင့်လည်း အတွေးထဲက ကြယ်ပွင့်လေးကို မောင်းထုတ်ရင်း မျက်စိမှိတ်ပြီး အိပ်ပစ်လိုက်ရ၏။ ရွာကလေးမှာ ညဥ့်ဦးပိုင်းအချိန်အခါ ရောက်လာပြီဖြစ်၍ အမှောင်ထုက စိုးမိုးလာပြီ ဖြစ်၏။ နှင်းမှုန်တို့ကလည်း တဖွားဖွား ကျဆင်းနေ၏။ လရောင်ဝင်းလဲ့လဲ့ကလည်း နှင်းငွေ့ နှင်းမှုန်ကြား ဝိုးတဝါးသာနေ၏။ ရွာလေးမှာ နှင်းမှုန်များကြား ကုပ်ချောင်းချောင်း အသွင် ရှိနေ၏။ အိမ်တံခါးတွေလည်း ပိတ်ထားကြပြီ ဖြစ်၏။

များသောအားဖြင့် မြေစိုက်တဲကလေးတွေသာ များ၏။ ကီးလိန်းနှင့် ရွာလူကြီး ကျွင်းပေါင်တို့ အိမ်ကြီးတွေသာ ရွာမှာ ထီးထီးမားမား တည်ရှိပေ၏။ ဝါးတဝါး လရောင်အောက်တွင် ရွာကလေးမှာ ငြိမ်သက်နေ၏။ ထိုအချိန်တွင် တောအုပ်ဘက်မှ သားရဲတိရစ္ဆာန်များ၏ အော်သံဟစ်သံကို သိုးသိုးသဲ့သဲ့ ကြားနေရ၏။ တစ်ချက်တစ်ချက် တောခွေးအူသံများကိုလည်း ကြားနေရ၏။ ရွာကလေးမှာလည်း မီးရောင် ငြိမ်းသွားပြီဖြစ်၏။ ရွာထိပ်တံခါးဝတွင် တာဝန်ကျသူမှာ ခေါင်ဂေတို့လူသိုက် ဖြစ်၏။ ရွာတံခါးကို အသေအချာပိတ်ကာ လင့်စင်ပေါ်တွင် စိတ်ချလက်ချ အိပ်နေကြပြီ ဖြစ်လေ၏။

ထိုစဉ် စပါးခင်းဘက်မှ သတ္တဝါကြီးတစ်ကောင်တက်လာနေ၏။ သတ္တဝါကြီး ရွာစပ်သို့ ရောက်လာသည်နှင့် နွားနောက်ကြီးများ၏ တဘူးဘူးအော်သံတွေ ပေါ်လာ၏။ ရွာထဲရှိ ခွေးတွေကလည်း ခေါင်းတထောင်ထောင်နှင့် မည်းမည်းမြင်တိုင်း ထိုးဟောင်နေကြ၏။

သတ္တဝါကြီးသည် စည်းရိုးကို ပတ်လျှောက်ရင်း အနောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



စည်းရိုးအစပ်သို့အရောက်တွင် နွားနောက်ခြံကြီးထဲ အတင်းတိုးဝင်သွား၏။

သတ္တဝါကြီးဝင်သွားသည်နှင့် နွားနောက်တွေ ဝရုန်းသုန်းကား ဖြစ်တုန်၏။ လှုပ်လှုပ်ရှားရှား ဖြစ်နေ၏။ သတ္တဝါကြီးသည် နွားနောက်အုပ်ထဲ တုန်းကုန်းကွကွ ဝင်လာရာ နွားနောက်ကြီးတစ်ကောင်က သတ္တဝါကြီးကို ချိုနှင့် ပြေးဝှေ့လိုက်၏။

"ဂဲဂဲ"

"ဘူးဘူး"

သတ္တဝါကြီးသည် သူ့ထံ အတင်း ခေါင်းစိုက်ဝင်လာသော နွားနောက်ကြီးကို လက်ကြီးနှစ်ဖက်နှင့် ရိုက်ထုတ်လိုက်၏။ သတ္တဝါကြီး၏ ခွန်အားကြောင့် နွားနောက်ကြီးမှာ ဘေးသို့ ထိုင်လျက်သား လဲကျသွား၏။

ထိုအခါ သတ္တဝါကြီးက နွားနောက်ကြီး၏ ဦးချိုနှစ်ဖက်ကို အတင်းဆုပ်ကိုင်ကာ လည်ပင်းကို လိမ်ပစ်လိုက်၏။ နွားနောက်ကြီးခမျာ တဘူးဘူးနှင့် အော်ဟစ်နေ၏။ အော်သံဟစ်သံများကြောင့် လင့်စင်ပေါ် အိပ်နေသော ခေါင်ဧ နိုးလာ၏။

ခွေးတွေကလည်းဟောင်၊ နွားနောက်အော်သံတွေကလည်း ကြားရသဖြင့် စိတ်ထဲ မသင်္ကာ။ ထို့ကြောင့် ကညင်တိုင်ကို မီးထွန်းကာ ဒိပ်ပျော်နေသော နူလားတို့လူစုကို နှိုး၍ လင့်စင်ပေါ်မှ ဆင်းခဲ့ကြ၏။

ရွာလယ်ပိုင်းသို့ရောက်သည်နှင့် ထန်းအောင်တို့ နွားနောက်ခြံဘက်မှ အသံဗလံများ ကြားလိုက်ရသဖြင့် သူတို့လူစု ခြံအနားသို့ ရောက်ရှိသွား၏။ ထိုအခါ သတ္တဝါကြီးတစ်ကောင်ကို နွားနောက်အုပ်များကြားတွေ့လိုက်ရသဖြင့် ခေါင်ဧတို့လူစု ပျာယာခတ်သွား၏။

ချက်ချင်း အန္တရာယ်အချက်ပေး တုံးမောင်းခေါက်လိုက်ရာ တစ်ရွာလုံး လန့်နိုးလာ၏။ အိမ်တိုင်းအိမ်တိုင်း မီးတွေလင်းလာ၏။ ရွာလမ်းမပေါ်သို့ ယောကျ်ားသားများ ပြေးလာကြ၏။ သူတို့လက်ထဲတွင် ဒူးလေးတွေ၊ လှံတွေ ကိုင်ထားကြ၏။

"ဘာလဲ၊ ဘာမြင်လို့လဲ"

"ဟိုခြံထဲမှာ သတ္တဝါကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ- ဘာကြီးလဲ"

"မပြောတတ်ဘူး၊ နွားနောက်တွေကို သတ်နေတယ်"

"တုံးခေါက်၊ တုံးခေါက်ကြ"

"မီးအိုးဖောက်ကြဟေ့"

"ဟေး. . . ဟေး"

"ဖောင်း. . . ဖောင်း၊ ဒိုင်း. . ."

ရွာသားတွေ သတ္တဝါမည်းမည်းကြီးကို နွားနောက်ခြံထဲ မြင်လိုက်ရ၏။ ထို့ကြောင့်လည်း အချက်ပေးတုံးခေါက်ကြ၊ ဝါးပြောက်အိုးတွေ ဖောက်ကြနှင့် သတ္တဝါကြီးကို ခြောက်လှန့်ပစ်ကြ၏။

ရွာသားများ၏ ညာသံပေးသံ၊ အော်သံဟစ်သံတွေကလည်း တစ်ရွာလုံး မွှက်ပွက်ညံလာ၏။ ထိုအသံများကြောင့် ဇခူးမားတို့မိသားစု နိုးလာ၏။ ဇခူးမားသည် အသံဗလံများ ကြားလိုက်သည်နှင့် ထရံတွင် ထောင်ထားသော လှံရှည်ကြီးကိုဆွဲကာ ရွာထဲသို့ ထွက်လာ၏။

ထိုအချိန်တွင် သတ္တဝါကြီးသည် ပြောက်အိုးဖောက်သံ၊ အော်သံဟစ်သံများကြောင့် နွားနောက်ခြံကြီးထဲမှ အတင်း ရုန်းထွက်သွား၏။ သူ့လက်ထဲတွင်လည်း နွားနောက်ပေါက်ကလေးတစ်ကောင် ယက်ကန်ယက်ကန် ပါသွား၏။

ခြံပိုင်ရှင် ဦးထန်းအောင်တို့လူစု မီးတိုင်များ ထွန်းညှိကာ နွားနောက်ခြံထဲ ဝင်ရောက်လာ၏။

"ဟာ- ဒီမှာ နွားနောက်ကြီးတစ်ကောင် သေနေပြီ"

"ဟင်"

"နွားပေါက်ကလေး မရှိတော့ဘူး"

"ဘာကြီးလဲ"

"မပြောတတ်ဘူး"

သူတို့အားလုံး သေဆုံးနေသော နွားနောက်ကြီးကို ကြည့်ကာ အံ့အားသင့်နေကြ၏။ နွားနောက်ကြီးခမျာ လျှာထွက်ကာ ခေါင်းကြီးလည်မြှင့်သေဆုံးနေ၏။ မွေးကင်းစ နွားနောက်ပေါက်ကလေးကိုလည်း မမြင်ရတော့။ ဦးထန်းအောင်သည် စည်းရိုးအနောက်ဘက်သို့ ရောက်ရှိလာ၏။



www.burmeseclassic.com

www.burmeseclassic.com



မီးတိုင်ကိုမြင့်၍ ကြည့်လိုက်ရာ ပြိုပျက်နေသော စည်းရိုးကြီးကို တွေ့လိုက်ရ၏။

"ဒီဘက်က ထွက်သွားတာကွ"

"ဟုတ်လား၊ ဖယ်. . . ဖယ်"

ခေါင်ဂေတို့လူစု ခြံထဲဝင်လာ၏။ ဦးထွန်းအောင်ပြသည့် စည်းရိုးပျက်ထဲမှ တိုးထွက်ကာ ရွာပြင်သို့ ရောက်ရှိလာ၏။ ထိုအချိန် သတ္တဝါ မည်းမည်းကြီးကို လရောင်အောက်တွင် ရိုးတိုးရိပ်တိပ် မြင်လိုက်ရ၏။

သတ္တဝါကြီးသည် နွားပေါက်ကလေးကို ပခုံးပေါ် ထမ်းကာ စပါးခင်းဘက်သို့ ဆင်းသွားသည်ကို တွေ့လိုက်ရ၏။ မြင်ကွင်းကြောင့် သူတို့အားလုံး တုံ့ခနဲ ဖြစ်သွား၏။ ဦးဆုံး အော်ဟစ်ပြောဆိုလိုက်သူက ကီးလိန်း။ သူ့လက်ထဲတွင် တူမီးသေနတ်ကြီးကိုင်ထား၏။

"ဟာ- အဲဒါ ဝက်ဝံကြီးကွ"

"ဒိုင်း. . . ဒိုင်း"

တူမီးသေနတ်နှင့် ဝက်ဝံကြီးကို လှမ်းပစ်လိုက်၏။ သို့သော် ဝက်ဝံကြီးက စပါးခင်းထဲ ရောက်သွားပြီမို့ အတော်ကလေး အလှမ်းဝေးနေပြီဖြစ်ရာ ကျည်ဆန်ကို အလဟဿ ဖြုန်းလိုက်သလို ဖြစ်နေ၏။

ကီးလိန်းသည် တောက်တခေါက်ခေါက် ဖြစ်နေ၏။ နောက်ဆုံး သူတို့လူစု ရွာထဲ ပြန်ဝင်လာကြ၏။ နွားနောက်ပိုင်ရှင် ဦးထွန်းအောင်ခမျာမှာတော့ နွားနောက်နှစ်ကောင် ဆုံးရှုံးသွားသဖြင့် မကျေမချမ်း ဖြစ်နေ၏။ ရွာလူကြီး ဦးကျင်းပေါင်တို့လူစုမှာလည်း ရွာထဲသို့ ဝက်ဝံကြီး ဝင်လာသည်မို့ တအံ့တသြ ဖြစ်နေ၏။

ရွာသားတွေအားလုံး သူ့အိမ်ရှေ့သို့ ရောက်လာကြ၏။ ထိုအထဲတွင် ကီးလိန်းက သေနတ်ကြီး တကားကားနှင့် ပြောဆိုနေ၏။

"တောက်- ပစ်လိုက်တာ အပိုင်ပစ်တာဗျ"

"ဟာ- မင်းကလည်း၊ အဝေးကြီးဟာကို"

"တော်တော် ထူးဆန်းတာပဲ။ ရွာထဲကို ဒီကောင်ကြီးတွေ လာမိပါတယ်"

"ဟုတ်ပါ့ကွာ၊ ဒီကောင်ကြီးတွေ ရဲရဲတင်းတင်း ဝင်လာတာတော့

www.burmeseclassic.com



အန္တရာယ်ရှိတယ်ဟေ့"

"ဟုတ်တယ်၊ နွားနောက်ကြီးကိုတောင် ဖက်ချိုးထားတယ်ဆိုတော့ အတော့်ကို ကြောက်စရာကောင်းတာပဲဗျ။ ကေန္တ ဖခူးမားကို ဒုက္ခပေးသွားတဲ့ ကောင်ကြီးပဲ ဖြစ်ရမယ်"

"တော်တော် အတင့်ရဲတာပဲကွာ"

ဝက်ဝံကြီး၏ သတင်းကြောင့် တစ်ရွာလုံး မအိပ်ရဲအောင် ဖြစ်နေကြ၏။ ဖခူးမားသည် ဝက်ဝံကြီးကို မမြင်လိုက်ရသဖြင့် စိတ်ထဲ မကျေမချမ်း ဖြစ်နေ၏။ နူလားတို့နှင့်တွေ့တော့ အကြောင်းစုံ သိလိုက်ရ၏။

"မင်းကို ဒုက္ခပေးသွားတဲ့ အကောင်ကြီးပဲ ဖြစ်ရမယ်"

"ဖြစ်နိုင်တယ်ဗျ၊ တောက်- ကျုပ်နဲ့မတွေ့လိုက်ရတာ နာတာပဲဗျာ"

"ဟာ- နွားနောက်ကြီးကို ဖက်လည်သွားအောင် လုပ်နိုင်တယ်ဆိုတာ မလွယ်ဘူးနော်"

"ကျုပ်တော့ အဲဒီကောင်ကြီးကို တွေ့ချင်သေးတယ်ဗျ"

"မင်းကလည်းကွာ"

ဖခူးမား တောက်တခေါက်ခေါက် လုပ်နေ၏။ ဦးကျင်းပေါင်တို့လူစုသည် နောက်တစ်နေ့ မိုးလင်းသည်နှင့် ရွာပတ်ပတ်လည်ကို လိုက်ကြည့်ကာ ပျက်နေသည့် စည်းရိုးများကို ပြန်၍ ပြင်ဆင်ခဲ့ကြ၏။ အစောင့်အကြပ်များကိုလည်း ပို၍ သတိဝီရိယရှိရန် မှာကြားခဲ့၏။

ဂျာရာတို့လူစုမှာ ဝက်ဝံကြီးသတင်းကြောင့် ရွာထဲတောင် ရဲရဲမလျှောက်ရဲအောင် ဖြစ်နေ၏။ ရွာသားအများစုမှာ မိုးလင်းသည်နှင့် ရွာပြင်ထွက်ခါ စပါးခင်းထဲ ဆင်း၍ အလုပ်လုပ်ကြရ၏။ ဝက်ဝံကြီးအန္တရာယ်ကို ကြောက်လှသော်လည်း စားဝတ်နေရေးက ရှိသေးသည်မို့ ကြောက်စိတ်ကို ဘေးချိတ်ကာ အခင်းထဲသို့ ဆင်းခဲ့ကြ၏။

ဦးထန်းအောင်သည် ခြံစည်းရိုးကာရန်အတွက် သစ်ဝါးလိုလာ၏။ တောဘက်ကို တစ်ယောက်တည်းလည်း မသွားရဲ။ ထို့ကြောင့် တူဖြစ်သူ ရှိန်းအောင်နှင့်ခေါ်ကာ ရွာအနောက်ဘက်ခြမ်းဆီသို့ ထွက်ခဲ့ကြ၏။

သူတို့ တူဝရီးနှစ်ယောက် နွားနောက်လှည်းတစ်စီးနှင့် ဓားခင်းများ ကျော်ဖြတ်ကာ ရွာအနောက်ခြမ်း တောအုပ်ထဲသို့ ရောက်ရှိလာ၏။ မြင်



www.burmeseclassic.com

www.burmeseclassic.com



မားမတ်စောက်လှသော ကုန်းမြင့်များပေါ်တွင်လည်း ဝါးရုံပင်စိမ်းစိမ်းကြီး များကို ထိုးထိုးထောင်ထောင် မြင်နေရ၏။

ဝါးရုံပင်များအနောက်ဘက်တွင် ကတွတ်တောကြီးရှိ၏။ ကတွတ်သီးမှည့်များကို လှမ်းမြင်နေရ၏။ ကျေးငှက်သာရကာများသည် ကတွတ်ပင်များထက်တွင် ကတွတ်သီးမှည့်များ စားသောက်ရင်း တစာစာ အော်ဟစ်နေကြ၏။

ဦးထန်းအောင်တို့ တူဝရီးသည် နွားနောက်လှည်းကို တောစပ်တွင် ရပ်ထားခဲ့ပြီး ကုန်းမြင့်ပေါ်သို့ တက်လာကြ၏။ ရှိန်းအောင်က ခွန်အားဗလ ကြီးမားလှပြီး ခေါင်ရည်ကို သောက်တတ်သူလည်း ဖြစ်၏။ အလုပ်ကို မည်မည်ရရ မလုပ်။ ကီးလိန်း၏ တပည့်ဆိုလည်း မမှားပါချေ။ ကီးလိန်း ဘာခိုင်းခိုင်း ရှိန်းအောင်က လုပ်ပေးဖို့ အဆင်သင့်။

ကီးလိန်းကလည်း ရှိန်းအောင်ကို ကျွေးမွေးထား၏။ ကီးလိန်းတို့ပိုင်သည့် နွားနောက်တွေကိုလည်း ရှိန်းအောင် ကျောင်းပေးရ၏။ အိပ်တော့ ဦးထန်းအောင်အိမ်ရှေ့ နွားနောက်တဲထဲတွင် အိပ်လေ့ရှိ၏။ ရှိန်းအောင်မှာ အဖေ၊ အမေ မရှိတော့။ ထို့ကြောင့်လည်း ဦးထန်းအောင်က ခေါ်ယူစောင့်ရှောက်ထားခြင်း ဖြစ်၏။

သူတို့နှစ်ဦး ဝါးရုံပင်များအောက် ရောက်သည်နှင့် အကောင်းဆုံးဝါးများကို ရွေးချယ်၍ ခုတ်လှဲလိုက်၏။ တဖြောင်းဖြောင်း မြည်သံနှင့်အတူ ဝါးပင်ကြီးတွေ မြေပြင်ပေါ် လဲကျသွား၏။ ဦးထန်းအောင်သည် အသင့်ယူလာသော ဓားတိုနှင့် ဝါးလုံးပေါ်မှ အကိုင်းအခက်များကို ဖြတ်တောက်လိုက်၏။

ဦးထန်းအောင်သည် မြေပြင်ပေါ် ကျကျနနထိုင်ကာ ဝါးလုံးကြီးများကို အချောသတ်လိုက်၏။ ရှိန်းအောင်သည် ဓားရှည်တစ်ချောင်းကိုင်ကာ အကောင်းဆုံး ဝါးပင်ကြီးများကို တဖြောင်းဖြောင်း ခုတ်လှဲနေ၏။

ထိုစဉ် ကတွတ်တောဘက်မှ ငှက်တစ်အုပ် ဖြုန်းခနဲ ထပျံသွားသည်ကို မြင်လိုက်ရသဖြင့် ရှိန်းအောင် တန့်ခနဲ ဖြစ်သွား၏။ ငှက်အော်သံတွေကလည်း အထိတ်တလန့် သစ်ပင်ပေါ် မော့ကြည့်လိုက်၏။

"ဟာ- ဝက်. . . ဝက်ဝံကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဝီးဝီး"

ဝက်ဝံကြီးသည် တတွတ်သီးတွေ စားသောက်နေရာမှ သူ့ကို မြင်သည်နှင့် သစ်ပင်ပေါ်မှ တရှော့ရှော့ ထိုးဆင်းလာ၏။ ရှိန်းအောင်သည် ကြောက်အားလန့်အားနှင့် နောက်ဆုတ်ပြေးလေရာ ခုတ်ထားသော ဝါးလုံးကြီးတစ်လုံးကို ဝင်တိုက်မိပြီး ပက်လက်လန် လဲကျသွားလေ၏။

ထိုစဉ် သူ့နောက် ဒရောသောပါး လိုက်လာသော ဝက်ဝံကြီး မီလာ၏။ ရှိန်းအောင်သည် လဲကျနေရာမှ အတင်းလူးလဲထကာ ထပြေးဖို့ ကြိုးစားလိုက်၏။ သို့သော် သူ့အနားသို့ ဝက်ဝံကြီးက ဘွားခနဲ ရောက်ရှိလာကာ သူ့ကို ကြီးမားသော လက်ကြီးနှင့် ရိုက်ချလိုက်၏။

"အောင်မယ်လေးဗျ"

"ဂီးဂီး"

"ကယ်. . . ကယ်ကြပါဦး"

"ဂီးဂီး. . . ဂူးဂူး"

"ရှိန်းအောင်၊ ဘာ. . . ဘာဖြစ်တာလဲကွ"

ရှိန်းအောင်၏အော်သံကြောင့် တောစပ်တွင် ဝါးခုတ်နေသော ဦးထန်းအောင်တစ်ယောက် ခေါင်းထောင်လာ၏။ နားထဲ သတ္တဝါတစ်ကောင်ကောင်၏ အော်သံလိုလို ကြားရသဖြင့် ကုန်းမြင့်ပေါ် တက်လာ၏။

ထိုအချိန်တွင် ရှိန်းအောင်တစ်ယောက် ဝက်ဝံကြီးရှေ့မှောက်ခွေခွေကလေး လဲကျနေ၏။ ဝက်ဝံကြီးသည် ရှိန်းအောင်ကို ခြေထောက်နှစ်ချောင်းမှ ကိုင်ကာ ကိုက်ခဲပစ်လိုက်ပြီး ကုန်းမြင့်ပေါ်မှ ပစ်ချလိုက်၏။ ရှိန်းအောင့်ခမျာ အော်တောင်မအော်နိုင်တော့ဘဲ ကုန်းမြင့်အတိုင်း တလိမ့်ခေါက်ကွေး ပြုတ်ကျလာတော့၏။

"ဟာ- ရှိန်း. . . ရှိန်းအောင်"

"ဂီး. . . ဂီး. . . ဂီး"

"ဟာ- ဝက်ဝံကြီး"

သူ့ရှေ့ ခွေခွေကလေး ပြုတ်ကျလာသော ရှိန်းအောင်ကိုကြည့်ပြီး ဦးထန်းအောင် မျက်လုံးပြူး၊ မျက်ဆန်ပြူး ဖြစ်နေ၏။ ရှိန်းအောင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံး သွေးရဲရဲသံရဲရဲ။ ထိုစဉ် ကုန်းမြင့်ဘက်မှ အော်သံကြီးများ ကြား လိုက်ရသဖြင့် ဆတ်ခနဲ မော့ကြည့်လိုက်ရာ သတ္တဝါမည်းမည်းကြီး တစ် ကောင်ကို တွေ့လိုက်ရ၏။

ဦးထန်းအောင်သည် မြင်ကွင်းကြောင့် နောက်တဆုတ်ဆုတ် ဖြစ် သွား၏။ ကုန်းပေါ်သို့ ဆက်မတက်ဝံ့တော့။ ထိုစဉ် သတ္တဝါကြီးက ကုန်း မြင့်အတိုင်း တလှုပ်လှုပ် ဆင်းလာသည်ကို မြင်လိုက်ရ၏။

ဦးထန်းအောင်သည် ခွေခွေလေး လဲကျနေသော ရှိန်းအောင်ကို ပခုံး ပေါ် အလျင်အမြန် ထမ်းတင်ကာ ဆင်ခြေလျှောအတိုင်း ဒရောသောပါး ထွက်ပြေးခဲ့၏။ ပါးစပ်ကလည်း အော်ဟစ်နေ၏။ နွားလှည်းနားရောက် သည်နှင့် ရှိန်းအောင်ကို လှည်းပေါ်ပစ်တင်လိုက်ပြီး နွားနောက်ကြီးတွေကို အတင်းမောင်းကာ ရွာသို့ လှည့်ပြေးခဲ့ရ၏။

လှည်းမောင်းရင်း နောက်လှည့်ကြည့်ရတာလည်း အမော။ ကြောက် စိတ်က သူ့ရင်ထဲ တဖွားဖွား။ ရွာရောက်တော့ အသက်ပင် ဝဝမရှုနိုင်။ သူ့အဖြစ်ကြောင့် တစ်ရွာလုံး လှည်းအနီးသို့ အပြေးရောက်လာ၏။

သွေးရဲရဲသံရဲရဲ ဖြစ်နေသော ရှိန်းအောင်ကို မြင်ရသောအခါ ဆေး ဆရာကြီးထံ အလျင်အမြန် ပို့လိုက်၏။ ဆရာကြီးကျင်းပေါင်က ရှိန်း အောင်ကို စမ်းသပ်ရင်း ခေါင်းတခါခါ လုပ်လိုက်၏။

"မရတော့ဘူးကွ"

"ဗျာ"

ဦးကျင်းပေါင်၏စကားကြောင့် ဦးထန်းအောင်မှာ တူဖြစ်သူ၏ အ လောင်းကို ကြည့်ကာ စိတ်မကောင်းဖြစ်သွားခဲ့ရ၏။ ဒဏ်ရာတွေကလည်း မနည်းလှ။ လက်တွေခြေတွေလည်း ကျိုးပဲ့ကြေမွနေ၏။

မျက်လုံးတစ်ဖက်က ထွက်လုတဲတဲ။ ချိုစောင်းတွင်ရထားသည့် ဒဏ် ရာကလည်း ဟောက်ပက်ကြီး ဖြစ်နေ၏။ သွေးတွေက တစိမ့်စိမ့်။ နောက် ဆုံးတော့ ရှိန်းအောင်၏ အလောင်းကို အိမ်ပြန်သယ်ခဲ့ကာ သင်္ဂြိုဟ်မှု ဆောင်ရွက်ခဲ့ရလေ၏။ ရှိန်းအောင်၏သတင်းက ဟိုးလေးတကျော်ကျော် ဖြစ်နေ၏။ တစ်ရွာလုံးလည်း တုန်လှုပ်ချောက်ချားနေ၏။ အိုးလိမ်းမှာ တပည့်ကျော်ကြီး ဝက်ဝံလက်ချက်နှင့် သေဆုံးသွားခဲ့ရသည်မို့ တောတ်



www.burmeseclassic.com

www.burmeseclassic.com



တခေါက်ခေါက်၊ တူမီးသေနတ်ကြီးကိုင်ကာ ကြုံးဝါးနေ၏။

နတ်ဆရာကြီး ဦးကမ်တဲ့ကလည်း ရှိန်းအောင်အလောင်းဆီ ရောက်လာကာ ခေါင်ရည်တွေ၊ ကြက်ကြော်တွေတင်၍ ဝိညာဉ်မေးခဲ့၏။ ထိုအခါ နတ်ဒေဝါများကို စော်ကားမော်ကားပြုခဲ့၍ ယခုလို ဖြစ်ရသည်ဟု ဟောပြား၏၊ နောက်ဆုံး ဝိညာဉ်ခေါ်ပွဲပြုလုပ်ကာ နတ်ဒေဝါများကို ကန်တော့ပွဲပေးရလေတော့သည်။

ဝက်ဝံကြီး၏အန္တရာယ်ကလည်း ပို၍ ဆိုးရွားလာသည်ဟု ဆိုရပေမည်၊ အချိန်အခါမှာ စပါးများရိတ်သိမ်းရမယ့်အချိန် ဖြစ်နေ၍ တောင်ပေါ်ယာခင်းထဲတွင် ရွာသားတွေ ရောက်နေကြ၏။ စပါးတွေကလည်း ဝင်းဝါနေ၏။

ရွာသားအများစုမှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် စပါးတွေ ရိတ်သိမ်းနေကြ၏။ တစ်ချိန်တွင် ချောင်းဘက်မှ အော်သံကြီး ကြားလိုက်ရသဖြင့် စပါးရိတ်နေသော ရွာသားများ ကြောက်အားလန့်အားနှင့် အခင်းထဲမှ ထွက်ပြေးကုန်ကြ၏။

ရွာသားများ၏အော်သံကြောင့် ကီးလိန်းသည် တူမီးသေနတ်ကြီးကို မိုးပေါ် တစ်ချက်နှစ်ချက် ထောင်ဖောက်လိုက်ပြီး စပါးခင်းစပ်သို့ ရောက်ရှိသွား၏။ ကီးလိန်း၏ သေနတ်သံက တစ်တောလုံး တစ်တောင်လုံး လွှမ်းမိုးနေ၏။

ရွာသားတချို့မှာ ဓားတွေ၊ လှံတွေနှင့် ပြေးလာကြ၏။ သို့သော် အသံသာ ကြားရပြီး အကောင်အထည် မမြင်ရသဖြင့် ရွာသားအချို့မှာ အခင်းထဲ ပြန်မဆင်းရဲအောင် ဖြစ်နေကြ၏။

ဦးကျင်းပေါင်မှာ ရွာသားများ၏ အခက်အခဲကို ဘယ်သို့ ဖြေရှင်းရမှန်းမသိ။ ရွာအတွက် စားနပ်ရိက္ခာအခက်တွေ့မှာကို စိုးရိမ်ပူပန်နေ၏။ ထို့ကြောင့်လည်း ညဉ့်ဦးပိုင်းရောက်သည်နှင့် တစ်ရွာလုံးကို အစည်းအဝေးခေါ်၍ တိုင်ပင်ခဲ့ကြ၏။ သူတို့၏ အဓိကအန္တရာယ်မှာ ဝက်ဝံကြီး၏ အန္တရာယ်ပင် ဖြစ်၏။

ထိုအန္တရာယ်ကို ဖြေရှင်းဖို့ ဆိုသည်မှာ သေမင်းကို စိန်ခေါ်လိုက်သည့်ပမာပင် နောက်ဆုံး ရွာစည်းရိုးကို အခိုင်အမာ တည်ဆောက်ကြရန်၊



www.burmeseclassic.com

www.burmeseclassic.com



ညစဉ်ကင်းစောင့်ရန်၊ အရေးအကြောင်းရှိလျှင် အချက်ပေးတုံးခေါက်ကြရန် ဆုံးဖြတ်ခဲ့ကြ၏။

ထို့အပြင် ဝါးများနှင့် လုပ်ထားသည့် မြောက်အိုးများကို တတ်နိုင်သမျှ စုဆောင်းခဲ့ကြ၏။ ကီးလိန်းမှာ တူမီးကြီးလွယ်ရင်း ဝက်ဝံကြီးကို သုတ်သင်ပစ်မည်ဟု ကြုံးဝါးနေ၏။

ဂျာဆိုင်တို့ညီအစ်မရှေ့တွင် တကယ့်သူရဲကောင်းကြီးအလား ပြောဆိုခဲ့သော်လည်း တကယ်တမ်း တောတက်ရမည်ကိုတော့ ကီးလိန်း ထိတ်လန့်နေ၏။ တစ်ချိန်က ဖခင်ကြီးနှင့်အတူ သစ်ဝါးများ သွားအခုတ်တွင် တောခွေးအုပ်နှင့် တိုးခဲ့ဖူး၏။

ထိုစဉ်က သူတို့သားအဖ လှည်းတွေ နွားတွေတောင် မယူနိုင်ဘဲ ခြေလွတ်လက်လွတ် ပြန်ပြေးခဲ့ရ၏။ နွားနောက်ကြီးတွေလည်း တောခွေးများ၏ လက်ချက်နှင့် အရိုးအသားတောင် ရှာမရအောင် ဖြစ်ခဲ့လေ၏။

ထိုအချိန်မှစပြီး ကီးလိန်းတစ်ယောက် တောတက်မည်ဆိုလျှင် ပါးစပ်က ဟတောင်မဟရဲပါချေ။ ယခုလည်း ဝက်ဝံကြီး သတင်းကြားလိုက်ရသဖြင့် ရွာသူရွာသားတွေရှေ့ လက်သီးလက်မောင်းတန်း ပြောဆိုခဲ့သော်လည်း ညဥ့်ဦးပိုင်းရောက်သည်နှင့် ကိုယ့်အရိပ်တောင် ကိုယ်ပြန်ကြောက်နေ၏။

ဖခင်ဖြစ်သူ ဦးဗွေဆန်းမှာ သူ့သားအကြောင်းကို သူအသိဆုံး။ တောအကြောင်းတောင်အကြောင်းကိုလည်း သိသူမဟုတ်။ အသားလွတ်ဝါကြွားနေသော သားဖြစ်သူကို ရွာသားများကွယ်ရာတွင် ဆုံးမနေရ၏။

"ကပါးကလည်း၊ ကျုပ်ကို အထင်သေးလိုက်တာဗျာ။ ကျုပ်လက်ထဲမှာ တူမီးရှိနေတာပဲ၊ ဘာကြောက်စရာလိုသလဲဗျ"

"ဟာ- ဒီကလေးနှယ်။ မှတ်ထားကွ၊ ဒီလိုကိစ္စမျိုးဆိုတာ လက်နက်တစ်ခုတည်း အားကိုးလို့ရတာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲကပါးရဲ့"

"အေး- မင်းမှတ်ထားဖို့က အဓိက မင်းရင်ထဲမှာ ကြောက်စိတ်မရှိဖို့ပဲ။ ကြောက်စိတ်မရှိလို့ကတော့ ရန်သူကို ရင်ဆိုင်တဲ့နေရာမှာ ဝါးဆစ်တုတ်ကလေးတစ်ချောင်းကလည်း တကယ့်လက်နက်ကြီးပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ- အဲ့ဒါကလည်း. . . ကျုပ်မကြောက်ပါဘူးဗျာ"

"တော်ပါကွာ၊ သားအဖအချင်းချင်း ကြွားမနေစမ်းပါနဲ့"

ဖခင်ကြီးစကားကြောင့် ကီးလိန်း မှုန်ကုပ်ကုပ် ဖြစ်သွား၏။ နောက်ဆုံး အိမ်ဝိုင်းထဲမှထွက်ကာ ဂျာဆိုင်တို့အိမ်ဘက် လျှောက်ခဲ့၏။ ရွာထဲသို့ အရောက်တွင် ခေါ်ဂေတို့လူစုနှင့် ဆုံခဲ့၏။

"ကိုကီးလိန်း ဘယ်လဲဗျ"

"ဂျာဆိုင်တို့ဆီ သွားမလို့၊ မင်းတို့ဘယ်သွားကြမလို့လဲ"

"အစောင့်တဲတွေဆီ သွားမယ်လေဗျာ။ လိုက်ဦးမလား"

"လိုက်ခဲ့မယ်ကွာ။ မင်းတို့ဆီမှာ ခေါင်ရည်ပါလာသလား"

"ပါတာပေါ့ဗျ။ ဖုန်းမားတို့အန္တးဆီက ယူလာတာ။ လိုက်ခဲ့ဗျာ"

"အေးကွာ၊ ဒါဆိုလိုက်မယ်"

ကီးလိန်းသည် ခေါ်ဂေ အဆွယ်ကောင်းသဖြင့် နောက်ဆုံးတော့ ဂျာဆိုင်တို့ဆီ မသွားတော့ဘဲ ရွာစပ်သို့ လိုက်ခဲ့လေ၏။ လင့်စင်တဲများဆီရောက်တော့ အမှောင်ထုသန်းလာပြီဖြစ်၏။

တဲထဲရောက်သည်နှင့် ကညင်တိုင် မီးညှိ၍ ထွန်းလိုက်၏။ သူတို့အားလုံး သုံးယောက်။ ခေါ်ဂေသည် တိုနှင့်ထည့်လာသည့် ခေါင်ရည်ကိုထုတ်ကာ ကီးလိန်းရှေ့တွင် ချပေးလိုက်၏။ ကီးလိန်းသည် ခေါင်ရည်အိုးကို မြင်သည်နှင့် ငမ်းငမ်းတက်ဖြစ်နေ၏။

ခေါ်ဂေသည် နွားနောက်သားမီးဖုတ်ကို ပန်းကန်ထဲထည့်ပြီး ကီးလိန်းကို ပေးလိုက်၏။ ခေါင်ရည်ဝင်သွားသည်နှင့် ကီးလိန်းတစ်ယောက် တက်ကြွကြွ ဖြစ်လာ၏။ ကီးလိန်းပါးစပ်မှ ဂျာဆိုင်တို့ညီအစ်မအကြောင်း ပါလာ၏။ ပြောပုံဆိုပုံကလည်း ပိုင်စိုးပိုင်နင်း။ ခေါ်ဂေတတော့ ကီးလိန်း၏ စကားကို မယုံတစ်ဝက် ယုံတစ်ဝက်။ သို့သော် ကီးလိန်းတို့မိသားစုက ရွာမှာ အရှိန်အဝါအကြီးဆုံး ဖြစ်နေ၍ ကီးလိန်းသဘောမကျမည့်စကားကိုတော့ အတိုက်အခံမပြောရဲ။

ခေါ်ဂေသည် ကီးလိန်းလက်ထဲမှ တူမီးသေနတ်ကိုကြည့်ပြီး -

"အဲ့ဒါက ဘာလုပ်ဖို့ ယူလာတာလဲဗျ"

"အရေးအကြောင်းဆို ပစ်ဖို့ပေါ့ကွ။ ငါ့ အဲ့ဒီ ဝက်ဝံကို ဟောဒီတူမီးနဲ့ ပစ်ချင်တာကွ"

"ဟုတ်လား၊ ဒါဆို ကျုပ်တို့ တောတက်ရင် လိုက်ခဲ့ပါလားဗျ။ တစ်လောက ကျုပ်တို့နဲ့ ဖုန်းမားတောင် ပါလာသေးတယ်။ ဒီကောင် သတ္တိက မခေဘူးဗျ"

"တော်စမ်းပါကွာ၊ ဒီကောင် ဒီလောက်သတ္တိရှိတာလည်း မဟုတ်ပါဘူး။ ကြောက်ကန်ကန်ပြီး ပြန်လုပ်တာ ဖြစ်မှာပေါ့။ မှတ်ထားကွ၊ ဟောဒီ တူမီးရှိနေရင် တစ်တောလုံး တစ်တောင်လုံးကို သိမ်းပိုက်ပစ်လိုက်လို့ ရတယ်။ ဒါပေမယ့် ငါ မင်းတို့နဲ့လိုက်ဖို့ အဆင်သင့် မဖြစ်သေးဘူးကွ၊ ကပါးက ငါ့ကို အမြဲတမ်း ဟန့်တားနေတာ"

"ဒါဆိုလည်း တစ်ချိန်ချိန်တော့ လိုက်ဖြစ်အောင် လိုက်ခဲ့ပေါ့ဗျာ"

"အေးပါကွာ၊ ဂျာဆိုင်တို့ညီအစ်မက ငါ့ကို တောမတက်ဖို့ အမြဲ ပြောတာကွ။ သူတို့က ငါတစ်ခုခုဖြစ်မှာကို စိုးရိမ်နေကြတာကွ။ ဟင်း ဟင်း ဟင်း. . ."

"ဟုတ်လား၊ ကေန္တ သူတို့နှစ်ယောက်စလုံးက ကီးလိန်းကို ချိတ်နေပြီထင်တယ်"

"ဟဲဟဲ ဒီလိုပဲ ပြောရမှာပေါ့ဟာ"

ခေါ်ဂေစကားကြောင့် ကီးလိန်း မြှောက်ကြွမြှောက်ကြွ ဖြစ်နေ၏။ သူတို့လူစု ပြောဆိုစားသောက်နေစဉ် အမှောင်ထုက လွှမ်းမိုးသွားပြီဖြစ်၏။ စပါးခင်းတွေကိုလည်း မမြင်ရတော့။ လကွယ်ညဖြစ်၍ လရောင်ကို မမြင်ရ။ ကောင်းကင်တွင် တိမ်သားတိမ်လိပ်ကြီးများ ထူထဲ အုံ့ဆိုင်းနေ၏။

ညဉ့်နက်ပိုင်းရောက်လာလေလေ ရာသီဥတုက ပို၍ ချမ်းအေးလာလေလေပင်။ သူတို့လူစု လင့်စင်ရှေ့ မြေပြင်ပေါ်တွင် မီးဖိုကာ မီးလှုံလိုက်ကြ၏။ ထိုစဉ် စိုက်ခင်းတွေဘက်မှ ညဉ့်ငှက်တစ်အုပ်၏ လန့်ဖျပ်အော်သံကို ကြားလိုက်ရ၏။

ထိုအသံနှင့် မရှေးမနှောင်းတွင် ဂဲခနဲ အော်လိုက်သည့် ဝမ်းခေါင်းသံကြီးကို ကြားလိုက်ရ၏။ ရုတ်တရက်မို့ သူတို့လူစု ပြောနေသည့်စကားသံများကို ရပ်လိုက်ပြီး လင့်စင်ပေါ်တက်ကာ ကြည့်လိုက်၏။ အမှောင်ထဲ







www.burmeseclassic.com

www.burmeseclassic.com


နဲ့ ပစ်ချင်တာကွ"

"ဟုတ်လား၊ ဒါဆို ကျုပ်တို့ တောတက်ရင် လိုက်ခဲ့ပါလားဗျ။ တစ်လောက ကျုပ်တို့နဲ့ ဇခူးမားတောင် ပါလာသေးတယ်။ ဒီကောင်သတ္တိက မခေဘူးဗျ"

"တော်စမ်းပါကွာ၊ ဒီကောင် ဒီလောက်သတ္တိရှိတာလည်း မဟုတ်ပါဘူး။ ကြောက်ကန်ကန်ပြီး ပြန်လုပ်တာ ဖြစ်မှာပေါ့။ မှတ်ထားကွ၊ ဟောဒီ တူမီးရှိနေရင် တစ်တောလုံး တစ်တောင်လုံးကို သိမ်းပိုက်ပစ်လိုက်လို့ ရတယ်။ ဒါပေမယ့် ငါ မင်းတို့နဲ့လိုက်ဖို့ အဆင်သင့် မဖြစ်သေးဘူးကွ။ ကပါးက ငါ့ကို အမြဲတမ်း ဟန့်တားနေတာ"

"ဒါဆိုလည်း တစ်ချိန်ချိန်တော့ လိုက်ဖြစ်အောင် လိုက်ခဲ့ပေါ့ဗျာ"

"အေးပါကွာ၊ ဂျာဆိုင်တို့ညီအစ်မက ငါ့ကို တောမတက်ဖို့ အမြဲပြောတာကွ။ သူတို့က ငါတစ်ခုခုဖြစ်မှာကို စိုးရိမ်နေကြတာကွ။ ဟင်း ဟင်း ဟင်း. . . "

"ဟုတ်လား၊ ကေန္တ သူတို့နှစ်ယောက်စလုံးက ကီးလိန်းကို ချိတ်နေပြီထင်တယ်"

"ဟဲဟဲ ဒီလိုပဲ ပြောရမှာပေါ့ဟာ"

ခေါင်ဧစကားကြောင့် ကီးလိန်း မြောက်ကြွမြောက်ကြွ ဖြစ်နေ၏။ သူတို့လူစု ပြောဆိုစားသောက်နေစဉ် အမှောင်ထုက လွှမ်းမိုးသွားပြီဖြစ်၏။ စပါးခင်းတွေကိုလည်း မမြင်ရတော့။ လကွယ်ညဖြစ်၍ လရောင်ကို မမြင်ရ။ ကောင်းကင်တွင် တိမ်သားတိမ်လိပ်ကြီးများ ထူထဲ အုံ့ဆိုင်းနေ၏။

ညဉ့်နက်ပိုင်းရောက်လာလေလေ ရာသီဥတုက ပို၍ ချမ်းအေးလာလေလေပင်။ သူတို့လူစု လင့်စင်ရှေ့ မြေပြင်ပေါ်တွင် မီးဖိုကာ မီးလှုံလိုက်ကြ၏။ ထိုစဉ် စိုက်ခင်းတွေဘက်မှ ညဉ့်ငှက်တစ်အုပ်၏ လန့်ဖျပ်အော်သံကို ကြားလိုက်ရ၏။

ထိုအသံနှင့် မရှေးမနှောင်းတွင် ဂဲခနဲ အော်လိုက်သည့် ဝံပုလွေခေါင်းသံကြီးကို ကြားလိုက်ရ၏။ ရုတ်တရက်မို့ သူတို့လူစု ပြောနေသည့်စကားသံများကို ရပ်လိုက်ပြီး လင့်စင်ပေါ် တက်ကာ ကြည့်လိုက်ရာ၏ အမှောင်ထဲ


www.burmeseclassic.com

www.burmeseclassic.com



ဘာမှမမြင်ရ။ ကီးလိန်းသည် လက်နှိပ်ဓာတ်မီး ပါလာသဖြင့် အခင်းဘက်သို့ လက်နှိပ်ဓာတ်မီး ထိုးလိုက်၏။

မီးရောင်ဖြာခနဲ လင်းလက်သွားသည်နှင့် သတ္တဝါကြီးတစ်ကောင်၏ အော်ဟစ်လိုက်သည့်အသံကို ကြားလိုက်ရ၏။ ကီးလိန်းသည် အသံကြားလိုက်သည်နှင့် လက်နှိပ်ဓာတ်မီးပိတ်ကာ တုန်တုန်လှုပ်လှုပ် ဖြစ်နေ၏။ ထိုစဉ် ခေါင်ဂေသည့် အရေးပေါ်တုံးကို ခေါက်ကာ ဝါးခြောက်အိုးများကို မီးဖိုကြီးထဲ ပစ်ထည့်၍ တဒိုင်းဒိုင်း ဖောက်လိုက်လေတော့၏။ တူမီးသေနတ်ကြီး တကားကား လုပ်နေသော ကီးလိန်းတစ်ယောက်သည် ရွာသားများ ရောက်လာသည်နှင့် ပျောက်ခြင်းမလှ ပျောက်သွားလေတော့၏။

ဝဝဝ



www.burmeseclassic.com

www.burmeseclassic.com

မုဆိုးတစ်ယောက်၏
စိတ်သည်
မြားတစ်ကွေး၊
ဒူးလေးတစ်ပစ်၊
လုံ့တစ်မထက် လျှင်မြန်လှ၏။
သို့သော် သားကောင်သည်
ဆန္ဒ၏သားကောင်လား။
ဘဝ၏ သားကောင်လားတော့ မခွဲခြားတတ်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ခေါ်ရင်ဂေ၏ ဖြောက်ဖောက်သံကြောင့် တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ပြေးလာကြ၏။ တချို့ကလည်း လှံတွေ၊ ဓားတွေကိုင်ပြီး ထွက်လာကြ၏။ လင့်စင်ဘက်ရောက်တော့ ခေါ်ဂေညွှန်ပြသည့်နေရာကို ကြည့်ရင်း တစ်ရွာလုံး ရင်ထိတ်နေကြ၏။ လရောင်ပိုးတဝါးအောက်တွင် ကွတကွတနှင့် အခင်းတွေဘက် ပြန်ထွက်သွားသော ဝက်ဝံကြီးများကို တွေ့လိုက်ရသဖြင့် တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်နေ၏။

"ဟာ- သုံးလေးကောင်ပါလား"

"ဟုတ်တယ်ဗျို့၊ ဒီကောင်တွေ ကျုပ်တို့ရွာနား တရစ်ဝဲဝဲ လုပ်နေကြတယ်"

"စပါးမှည့်ချိန်ဆို ဒီကောင်တွေလာနေကျပဲ"

"သတိတော့ထားမှ ဖြစ်မယ်ဟေ့"

"ဟုတ်တယ်ဗျို့"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ၏။ တစ်ရွာလုံးမှာ မအိပ်ရဲအောင် ဖြစ်နေကြ၏။ စပါးပေါ်ချိန်ရောက်ပြီဆိုလျှင် ဝက်ဝံတွေလည်း ရောက်လာတတ်ကြ၏။ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တို့လည်း ရောက်လာတတ်ကြ၏။

ထိုသို့ အန္တရာယ်တွေ များလှသော်လည်း စာကျလို့ စပါးမစိုက်ဘူးဆိုတာတော့ မရှိပါချေ။ ယခုလည်း ဝက်ဝံတစ်အုပ် စပါးခင်းထွေထဲဝင်ကာ မှည့်နေသော စပါးများကို ချိုးဖွဲ့စားသောက်၍ ပြန်ထွက်သွားကြခြင်း



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်။

ထိုအခြေအနေကြောင့် ရွာသားအတော်များများ တောင်ပေါ်ယာခင်းများကို မသွားရဲအောင် ဖြစ်နေ၏။ ကီးလိန်း၏ဖခင် ဦးဗွေဆန်းမှာ သူပိုင်စပါးခင်းများအတွက် စိုးရိမ်နေ၏။ ဝက်ဝံအုပ် ဝင်စားသွားသည်မှာလည်း သူ့စပါးခင်းပင် ဖြစ်နေ၏။ ကီးလိန်းကို အခင်းစောင့်ဖို့ ပြောတော့လည်း တောင်ပြောမြောက်ပြောနှင့် ငြင်းနေ၏။

နောက်ဆုံး ဇခူးမားကိုပင် ခေါ်လိုက်ရ၏။ ဇခူးမား ဝက်ဝံ အကုတ်ခံရတုန်းကလည်း လျော်ကြေးပေးခဲ့ရပြီ ဖြစ်၏။ ဇခူးမား ဇကို သိထားသဖြင့် သူ့အခင်းကို ဇခူးမားမှလွဲ၍ မည်သူမျှ မစောင့်နိုင်ကြောင်း သိထား၏။ ထို့ကြောင့်လည်း ဇခူးမားကိုပဲ တာဝန်ပေးရတော့မည် ဖြစ်၏။

"ဦးလေးဗွေဆန်း၊ ကျုပ်ကိုခေါ်တယ်ဆို"

"အေးကွာ၊ စပါးခင်းတွေကိစ္စပဲကွ။ စပါးရိတ်ချိန်ဆိုတော့ ဟိုကောင်တွေ အန္တရာယ်က ရှိနေပြီ ဇခူးမားရ။ ပြီးတော့ ငါ့အခင်းတွေ တောစပ်ဘက်ရောက်နေတော့ ဘယ်သူမှ မစောင့်ရဲကြဘူးကွ"

"ကျုပ်စောင့်ပေးမှာပေါ့ဗျာ။ အရင်ကလည်း ကျုပ်ပဲ စောင့်ပေးခဲ့တာ မဟုတ်လား"

"ဟို- မင်းမျက်စိက ကောင်းရဲ့လား"

"ကောင်းပါတယ်ဗျာ၊ နွားသိုးမှန်ရင် ချိုချက်မကင်းပါဘူးလို့ ဦးလေးဗွေဆန်းပဲ ပြောခဲ့တာလေ"

"ဟား ဟား ဟား၊ မင်းကတော့ တကယ့်ကို မင်းအဖေအတိုင်း ငါပဲကွာ။ ကိုင်း- ဒီလိုလုပ်၊ စပါးမရိတ်မချင်း မင်းပဲ တာဝန်ယူကွာ၊ ငါ မင်းကို စပါးပေါ်တာနဲ့ နွားနောက်တစ်ရှဉ်း ပေးမယ်ကွာ"

"ဗျာ- တကယ်လား ဦးလေးဗွေဆန်း"

"တကယ်ပြောတာပေါ့ကွာ၊ ပြီးတော့ မင်းကို ငါကိုင်တဲ့ တူမီးတစ်လက်ပါ ပေးထားမယ်"

"စောင့်မယ်ဗျာ"

"ဒါဆို မင်းနဲ့အတူ ကိုလိန်းကို အဖော်ထည့်ပေးလိုက်မယ်၊ စားရေးသောက်ရေး ငါပဲ တာဝန်ယူမယ်ကွာ"


www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဦးလေးဖွေဆန်းရာ"

"အေးကွာ၊ မင်းပြောမှပဲ ငါရင်အေးရတော့တယ်ကွာ"

ဦးဖွေဆန်းတစ်ယောက် ဇခူးမားစကားကြောင့် ဝမ်းသာအားရ ဖြစ်သွား၏။ စပါးခင်းတွေက ပစ်ထားလို့မဖြစ်။ အခင်းထဲမှာ ဆတ်နီ၊ ဆတ်ဝါ တို့လည်း စိုက်ပျိုးထားသည်မို့ အဆုံးရှုံးခံ၍ မဖြစ်။ ထို့ကြောင့်လည်း ဇခူး မားကို နွားနောက်တစ်ရှဉ်းပေး၍ ငှားလိုက်ရခြင်း ဖြစ်၏။

သူစကားကို ကီးလိန်းက သဘောမကျ။ အတင်းဝင်ပြီး တားဆီးနေ သဖြင့် ဦးဖွေဆန်းပြောချလိုက်ရ၏။ သို့နှင့် ဦးဖွေဆန်းသည် ဇခူးမားကို သူ့လက်ဆွဲတော် တူမီးကြီးတစ်လက် ပေးလိုက်၏။

ဇခူးမားသည် တူမီးကြီးကို တဆဆ လုပ်၍ ဝမ်းသာအားရ ဖြစ်နေ ၏။ ကျည်ဆန်ကို စလွယ်သိုင်းလိုက်ပြီး အိမ်ဘက် ပြန်လာ၏။ မိခင်ကြီးမှာ ဇခူးမားကို ကြည့်ပြီး အံ့ဩနေ၏။

"ဟဲ့- ဘယ်လိုဖြစ်တာတုံး။ ဘယ်က သေနတ်ကြီးလဲဟဲ့ ကလေးရဲ့"

"ဒါ ဦးလေးဖွေဆန်း ပေးလိုက်တာဗျ။ သူ့အခင်းစောင့်ရမယ်လေ။ ကျုပ်ကို နွားနောက်တစ်ရှဉ်းပေးမယ်တဲ့ဗျ"

"ဟင်- ဟုတ်လား၊ အန္တရာယ် ကြီးလှပါတယ် လူကလေးရယ်။ တစ် လောကလည်း ဝက်ဝံနဲ့တိုးပြီးပြီ မဟုတ်လား"

"ရပါတယ် အနူးရာ။ လူပဲ သေတစ်နေ့ မွေးတစ်နေ့ပေါ့ဗျာ။ ပြီး တော့ ကျုပ်တို့က နွားနောက်တစ်ရှဉ်းရဦးမှာဗျ။ ကျုပ်တို့လက်ထဲမှာ နွားနောက်တစ်ကောင်တောင်ရှိတာ မဟုတ်ဘူးဗျ"

သူတို့သားအမိ အချီအချ ပြောဆိုနေစဉ် အစ်ကိုဖြစ်သူ ဇခါး မင်း တပ်မြို့မှ ပြန်လည်ရောက်ရှိလာ၏။ အထုပ်အပိုးတွေကလည်း တပိုးတနင့် မို့ သားအမိနှစ်ယောက် ဝိုင်းဝန်းသယ်ယူလိုက်ကြ၏။

"များလှချည်လားဗျ"

"အေးကွ၊ မင်းကြောင့်ပေါ့ ဇခူးမားရာ။ ငါ မြွေဘီလူးသည်းခြေသွား ရောင်းတာ တစ်သောင်းတိတိရတယ်ကွ"

"ဗျာ- တစ်သောင်း၊ ဟုတ်လား။ ကျုပ် အဲဒီလောက် မထင်ဖါဘူးဗျာ"

"ခက်ပါ့ကွ၊ ငါကိုယ်တိုင် ရောင်းခဲ့တာကွ။ အဲဒီ သည်းခြေကို ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးတစ်ယောက်က ဝယ်သွားတာ။ သူပြောတာတော့ အဲဒီသည်းခြေရဲ့အာနိသင်ကို သူနိုင်ငံခြားမှာကတည်းက စမ်းသပ်ခဲ့တာတဲ့ကွ။ ပြီးတော့ သူ့မိန်းမကလည်း ကိုယ်တစ်ပိုင်းသေနေတာ"

"ဟင်- ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီသည်းခြေကို သွေးလိမ်း သွေးသောက်လုပ်တာ။ တစ်ပတ်ဆို လူကောင်းကတိ ပြန်ဖြစ်သွားတာတဲ့။ အတော့်ကို အစွမ်းထက်တယ်လို့ ပြောတာပဲကွ။ ဒါကြောင့် တစ်ခွန်းတောင် မငြင်းဘဲ ဝယ်လိုက်တာပေါ့ကွာ။ ကိုင်း- ဟောဒီမှာ အန္တးရေ၊ ကျုပ် ဆားကအစ ဝယ်လာတယ်ဗျ။ ဟော့ကောင် ဇခူးမား၊ မင်းအတွက် ဘောင်းဘီရှည်တစ်ထည်နဲ့ ဓားတိုနှစ်ချောင်း ဝယ်လာတယ်"

"ဟာ- ဝမ်းသာလိုက်တာဗျာ၊ ပြစမ်းပါ"

ဇခူးမားသည် အစ်ကိုဝယ်လာသည့် ဘောင်းဘီကိုထုတ်ကာ အလျင်အမြန် ဝတ်ဆင်လိုက်၏။ ထို့နောက် ဓားတိုနှစ်ချောင်းကိုကြည့်ကာ ဝမ်းသာအားရ ဖြစ်နေ၏။ ငွန်ဇီးမှာလည်း ဇခူးမားကျေးဇူးကြောင့် စားနပ်ရိက္ခာ တစ်နှစ်စာ ဖူလုံခဲ့ရပြီမို့ သားငယ်ကို ကျိတ်၍ ကျေးဇူးတင်နေရှာ၏။

ဇခူးမားသည် မြို့မှဝယ်လာသည့် ဘောင်းဘီကို မချွတ်တော့။ ချင်းစောင်ကြီးကို ကိုယ်ပေါ်ပတ်ကာ ရွာထဲ လမ်းသလားပြနေ၏။ ဂျာရာသည် ဇခူးမားကိုကြည့်ရင်း ပြုံးစိစိ ဖြစ်နေ၏။ ချင်းစောင်ကြီးခြုံကာ ဘောင်းဘီရှည်ဝတ်ထားသဖြင့် ဇခူးမားအသွင်က မြို့က အင်္ဂလိပ် ဇာတ်လိုက်ကြီးတွေအလားပင်။

သို့နှင့် ညနေစောင်းလုလုအချိန်တွင် ဇခူးမားသည် ခွေးကြီးမိုင်းသာ တိုခေါ်ကာ ရွာပြင်ရှိ လှေကားထစ်စိုက်ခင်းများဆီသို့ လျှောက်ခဲ့၏။ ကိုလိန်းလည်း ပါလာ၏။ ကိုလိန်းသည် အရွယ်အားဖြင့် လေးဆယ်ဝန်းကျင်ခန့်ရှိပြီး ဦးဇွေဆန်းအိမ်တွင် အလုပ်ကြမ်းလုပ်ကိုင်သူ ဖြစ်လေ၏။

ကိုလိန်းသည် သူတို့နှစ်ယောက် စားသောက်ရန်အတွက် နွားနောက်သားခြောက်များ၊ ခေါင်ရည်များ ထည့်လာခဲ့၏။ နှစ်ဦးသား တောင်ခြေရောက်တော့ အတော်ကလေး မှောင်နေပြီဖြစ်၏။ ကောင်းကင်ပြာကြီးပေါ်တွင် မှိတ်တုတ်မှိတ်တုတ် ကြယ်ကလေးများကို မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလေက တသွေးသွေး၊ နှင်းမှုန်တို့က လရောင်အောက်တွင် တဖွဲဖွဲကျနေ၏။ သူတို့နှစ်ဦး တဲရှေ့ရောက်သည်နှင့် မီးပုံကြီးတစ်ပုံ ဖိုလိုက်၏။ ရာသီဥတုက အရိုးထဲထိအောင်အေးလှသဖြင့် သူတို့နှစ်ယောက် ခေါင်ရည်သောက်ရင်း ကင်းစောင့်ခဲ့ကြ၏။ တစ်ခါတစ်ခါ စပါးခင်းထဲမှ ညဉ့်ငှက်တစ်အုပ်၏အော်သံကို ကြားနေရ၏။

ကိုလိန်းသည် ဆေးတံထဲ ဆေးထည့်ကာ ဖွာရှိုက်နေ၏။ စားသောက်ပြီးသွားကြသောအခါ တဲပေါ်တက်လိုက်ကြ၏။ ကိုလိန်းသည် တဲပေါ်ရောက်သည်နှင့် စောင်ကလေးခြုံကာ အိပ်နေ၏။ ဇခူးမားတစ်ယောက် မအိပ်နိုင်သေး။ တောင်ပေါ်စပါးခင်းကို စိတ်မချ။ ညဉ့်ငှက်အော်သံတွေကို နားထောင်ရင်း စိတ်ထဲ သံသယ ဖြစ်နေ၏။

သူ အမြဲတမ်း မျှော်လင့်နေသူက နဖူးဖြူကြီးပင် ဖြစ်၏။ တစ်ချိန်ချိန်မှာတော့ နဖူးဖြူကြီးနှင့် ဆုံနိုင်ကောင်းရဲ့ဟု စိတ်ထဲ ကြုံးဝါးခဲ့လေ၏။ သို့နှင့် သုံးညတိတိ စောင့်ခဲ့သော်လည်း နဖူးဖြူကြီး၏ အရိပ်အယောင်ကို မမြင်ရ။

စတုတ္ထမြောက် ညဉ့်ဦးပိုင်းသို့ ရောက်သောအခါ နွားနောက်သားခြောက်ကို သစ်စိမ့်သီးနှင့် ရောချက်၍ သူတို့နှစ်ဦး မြိန်ရေရှက်ရေ စားခဲ့ကြ၏။ ထို့အပြင် ကိုလိန်းယူလာသော နွားနောက်ကလီစာပြုတ် ဟင်းချိုတလည်း အရသာရှိလှ၏။ ဆားတစ်ပုံ၊ ငရုတ်သီးအစပ်ထောင်းတစ်ပုံနှင့် နှစ်ယောက်စလုံး ခေါင်းတောင်မဖော်နိုင်ကြ။

စားသောက်ပြီးသွားကြသည်နှင့် တဲပေါ်မှဆင်းကာ အခင်းဘက်သို့ ကင်းလှည့်ထွက်ခဲ့ကြ၏။ လက်နှိပ်ဓာတ်မီးကိုယ်စီနှင့် တောင်ပေါ်လှေကားထစ်စိုက်ခင်းများကြား လျှောက်ခဲ့ကြ၏။ မီးရောင်ကြောင့် ညဉ့်ငှက်တစ်အုပ် ထပျံသွား၏။ သူတို့နှင့်အတူ ခွေးကြီးမိုင်းသာလည်း ပါလာ၏။

မိုင်းသာသည် အမြီးတနှန့်နှန့်နှင့် လိုက်လာရာ စပါးခင်းထဲအရောက်တွင် ညဉ့်ငှက်နှစ်ကောင်နှင့် စပါးစားကြွက်ကြီးသုံးကောင်ကို အပိုင်အရ ဖမ်းပေးခဲ့လေ၏။ ကိုလိန်းက ဆူဖြိုးနေသော ကြွက်ကြီးတွေကို ကြည့်ကာ အားရဝမ်းသာ ဖြစ်နေ၏။

"ကြော်စားလို့ကတော့ ခေါင်ရည်နဲ့ အကိုက်ပဲကွ"မိုင်းသာက



www.burmeseclassic.com

www.burmeseclassic.com


တကယ်တော်တယ်။ ဇခူးမား ဒီကြွက်တွေ၊ ငှက်တွေ ငါ့တာဝန်ထား ကွာ။ ငါကိုယ်တိုင် ကြော်မယ်"

"ကြော်ဗျာ၊ ကျုပ်လည်း ဗိုက်ဆာနေတာနဲ့အတော်ပဲဗျ"

သူတို့နှစ်ဦး စကားတပြောပြောနှင့် စပါးခင်းဆုံးအောင် လျှောက်ခဲ့ကြရာ အခင်းအစပ်သို့အရောက်တွင် ကတွတ်ကိုင်းများကို တွေ့လိုက်ရ၏။ ဇခူးမားသည် ကတွတ်ကိုင်းများကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်ရာ မြေပြင်ပေါ်တွင် ဖွဲ့ရှဲ့စားသောက်ထားသော ကတွတ်သီးမှည့်များကို တွေ့လိုက်ရ၏။

"ဒါ ဝက်ဝံတွေ စားသွားတာ ဖြစ်ရမယ်ဗျ"

"ဟော"

"ရှူး. . . တိုးတိုးပြော၊ ဒီနားတစ်ဝိုက်မှာ ရှိနိုင်တယ်"

"ဟင်- ဘယ်. . . ဘယ်သွားမလို့လဲ"

"တိုးတိုးပြောပါဆိုဗျာ၊ ဒီမှာကြည့်စမ်း"

"ဘာလဲကွ"

"ခြေရာကြီးလေ"

ဇခူးမား မီးနှင့်ထိုးပြသော မြေပြင်ကို ကြည့်လိုက်၏။ မြက်ရိုင်းပင်များကြား ခြေရာကြီးတွေကို ပိုးတဝါး မြင်ရ၏။ ထို့ပြင် ဝက်ဝံတွေ စွန့်သွားသော မစင်ပုံတွေကိုလည်း တွေ့လိုက်ရ၏။ ကိုလိန်းတစ်ယောက် မျက်လုံးမြူး မျက်ဆန်ပြူး ဖြစ်နေ၏။

ထိုစဉ် သူတို့ဘေးကပ်လိုက်လာသော ခွေးကြီးမိုင်းသာမှာ အသံငြိမ်သက်သွားခြင်းပင် ဖြစ်၏။ ဇခူးမားသည် ခွေးကြီးကို ငုံ့ကြည့်လိုက်သည်။ မိုင်းသာသည် ကတွတ်တောဘက်သို့ စူးစူးရဲရဲ လှမ်းကြည့်ရင်း နှာခေါင်းကို ရှုံ့ပွရှုံ့ပွ လုပ်နေ၏။

ဇခူးမားသည် မိုင်းသာ၏ခေါင်းကို ပွတ်သပ်ရင်း တူမီးသေနတ်ထဲကို ကျည်ထည့်လိုက်၏။ ထို့နောက် တောင်စောင်းအနောက်ဘက်ရှိ ကတွတ်တောများဆီသို့ ခြေသံလုံလုံနှင့် ဆင်းခဲ့၏။ လရောင် လင်းပျပျသာရှိနေသည်မို့ လက်နှိပ်ဓာတ်မီးကို ပိတ်ထားလိုက်၏။

ကိုလိန်းမှာ အတော်ကလေး ကြောက်ရွံ့နေပုံရ၏။ ဘေးမှလိုက်လာ


www.burmeseclassic.com

www.burmeseclassic.com



သော မိုင်းသာသည် အမြီးကုပ်ပြီး ရှေ့သို့ တစ်လှမ်းချင်း တိုးသွားနေ၏။ သူ့အသွင်က အန္တရာယ်လက်တစ်ကမ်း ရောက်နေပြီဆိုသော အသွင်ပင်။

ကိုလိန်းနှင့် ဇခူးမားတို့နှစ်ယောက် နီးရာ ကတွတ်ပင်ကြီးများပေါ် အလျင်အမြန် တွယ်တက်လိုက်၏။

"ဝေါင်း. . . ဝေါင်း. . . ဝေါင်း"

"ဂဲ. . . ဂူးဂူး"

မိုင်းသာ၏အော်သံက မရှေးမနှောင်း ထွက်ပေါ်လာ၏။ တောရိုင်းပင်ထွေကြား တိုးဝင်သွားသော မိုင်းသာကို ဇခူးမား စောင့်ကြည့်နေ၏။ ကတွတ်ပင် ကတွတ်ရွက်များကြောင့် လရောင်လည်း ပျောက်ဆုံးနေ၏။ ဇခူးမားသည် တူမီးသေနတ်၏ မောင်းခလုတ်ပေါ် လက်ညှိုးတင်ကာ သစ်ကိုင်းတစ်ကိုင်းပေါ်သို့ ပြောင်းကို ရှေ့တင်လိုက်၏။

ဝက်ဝံကြီး၏အော်သံနှင့်အတူ ခြေသံကိုပါ ကြားနေရ၏။ ထိုအချိန် တောရိုင်းပင်များကြားမှ မိုင်းသာ နောက်ဆုတ်နောက်ဆုတ်နှင့် ထွက်လာသည်ကို တွေ့လိုက်ရ၏။ ဟောင်သံက အဆက်မပြတ်။ ကိုလိန်းက သူ့အထက် သစ်ကိုင်းပေါ်တွင် ခွ၍ ထိုင်ထား၏။

ဇခူးမားသည် ကိုလိန်း၏ တွဲလောင်းကျနေသော ခြေထောက်ကို လှမ်းတို့ရင်း လက်နှိပ်ဓာတ်မီးထိုးရန် အချက်ပြလိုက်၏။ ခြေသံကို ပီပီပြင်ပြင် ကြားနေရသလို ဝက်ဝံကြီးတစ်ကောင်၏ ညည်းသံကိုပါ ခပ်သဲ့သဲ့ ကြားနေရ၏။

ကိုလိန်းသည် လက်နှိပ်ဓာတ်မီးခလုတ်ကို ဖွင့်ကာ တောရိုင်းပင်များဆီသို့ ထိုးလိုက်၏။ အလင်းရောင် ဖြာခနဲ လက်သွားသည်နှင့် ဇခူးမားသည် ပြောင်းကို တောရိုင်းပင်များကြား ချိန်ရွယ်လိုက်၏။ ကိုလိန်းခမျာ ရင်တထိတ်ထိတ်။ အသံဗလံတွေက ကြောက်မက်ဖွယ်ရာပင်။

မိုင်းသာသည် ကတွတ်ပင်အနောက်ဘက်သို့ ပြေးသွား၏။ တစ်အောင့်အကြာတွင် တောရိုင်းပင်များအကြားမှ အမွေးစုတ်ဖွား သတ္တဝါကြီးကို ဘွားခနဲ မြင်လိုက်ရ၏။

သတ္တဝါကြီးမှာ ဝက်ဝံကြီးတစ်ကောင်ဖြစ်၏။ ဇခူးမား မျှော်လင့်နေသည့် နဖူးဖြူကြီးတော့ မဟုတ်ပါချေ။ တောရိုင်းပင်များကို ဖယ်ရှားရင်း



www.burmeseclassic.com

www.burmeseclassic.com



ကတွတ်ပင်များဆီသို့ တစ်လှမ်းချင်း လာနေသည်ကို တွေ့လိုက်ရ၏။ ကိုလိန်းသည် သတ္တဝါကြီးကိုကြည့်ရင်း ဒူးတွေတုန်နေ၏။

ဝက်ဝံကြီးက မီးရောင်ကြောင့် သစ်ပင်ပေါ်သို့ ပါးစပ်ကြီးဖြဲပြီး မော့ကြည့်လိုက်၏။ ဇခူးမားသည် ပစ်ကွင်းကောင်းကောင်းကို စောင့်မျှော်နေရာ ခေါင်းကြီးမော့လာတာ မြင်လိုက်သည်နှင့် နဖူးတည့်တည့်ကို ချိန်ကာ ခလုတ်ကို နှိပ်ချလိုက်၏။

"ဖြောင်း. . . ဒိန်း"

"ဂူးဂူး. . . ဂရား"

"ဟာ- ထိသွားပြီကွ"

"ရှူး. . . ရှူး- အသံမထွက်နဲ့ဦး၊ ချက်ကောင်းထိသွားပြီဗျ"

"ဟင်း. . ."

သူတို့နှစ်ဦးပြောဆိုနေစဉ် ဇခူးမား ပစ်ချလိုက်သော ဝက်ဝံကြီးသည် နောက်သို့ ချာချာလည်လည် ယိုင်ထွက်သွားကာ တောရိုင်းပင်များကြား ဝုန်းခနဲ ထိုးလဲသွားလေတော့၏။ သေနတ်သံကြောင့် ဝက်ဝံတစ်အုပ် တဂူးဂူးနှင့် အော်ဟစ်ထွက်ပြေးသွားသည်ကိုလည်း ဝိုးတဝါး တွေ့လိုက်ရ၏။

သူတို့နှစ်ယောက် သစ်ပင်ပေါ်မှ မဆင်းဘဲ စောင့်ကြည့်နေကြ၏။ အချိန်အတော်ကလေး ကြာသည်အထိ ဝက်ဝံကြီး၏ လှုပ်ရှားသံကို မကြားရ။ ထိုစဉ် မိုင်းသာကြီး အပြေးရောက်လာကာ တောရိုင်းပင်ကြားတို့ ထိုးဟောင်နေ၏။

ဇခူးမားသည် ကတွတ်ပင်ပေါ်မှ ဆင်းလိုက်၏။ မြေပြင်ပေါ် ခြေရောက်သည်နှင့် သေနတ်ပြောင်းကို အသင့်ချိန်ကာ တောရိုင်းပင်များကြားသို့ တစ်လှမ်းချင်း လှမ်းခဲ့၏။ မိုင်းသာသည် ဇခူးမားကို တွေ့သည်နှင့် အမြီးတနှန့်နှန့် လုပ်နေ၏။ ထိုအချိန်ထိ ကိုလိန်းတစ်ယောက် သစ်ပင်ပေါ်မှ ဆင်းမလာသေး။

ဇခူးမားသည် တောရိုင်းပင်များကြားသို့ တိုးဝင်လိုက်၏။ ခါးကြားမှ လက်နှိပ်ဓာတ်မီးကိုယူ၍ ခလုတ်ဖွင့်လိုက်၏။ မီးရောင်လင်းလက်သွားသည်နှင့် ဝက်ဝံကြီး၏ခြေထောက်ကြီးတစ်ဖက်ကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုင်းသာသည် ဝက်ဝံကြီး၏ ခြေထောက်အပြတ်ကို တရှုပ်ရှုပ်နမ်းကာ တအီအီအော်နေ၏။ ဇခူးမားသည် ရှေ့သို့ တစ်လှမ်းချင်း တစ်လှမ်းချင်းတိုးခဲ့၏။ မောင်းခလုတ်ပေါ်တွင် လက်ညှိုးကို အသင့်တင်ထား၏။ အနားသို့ရောက်သည်နှင့် မီးရောင်ထိုးကြည့်လိုက်၏။

"ဟာ- သေနေပြီဗျ။ ကိုလိန်း၊ ကိုလိန်း"

"ဝေး. . ."

"မြန်မြန်ဆင်းခဲ့ဗျ။ ဒီမှာ ဝက်ဝံကြီးသေနေပြီ"

"ဟေ- ဟုတ်လား"

ဇခူးမား၏စကားကြောင့် ကိုလိန်း ကြောက်အားလန့်အားနှင့် ဆင်းလာ၏။ ဝက်ဝံကြီးမှာ ဇခူးမား၏ တူမီးသေနတ်ကျည်ကြောင့် နဖူးကို ဖောက်ထွက်သွားပုံရ၏။ မျက်နှာပေါ်မှာ သွေးတွေရဲနေ၏။ ဇခူးမားသည် သေနတ်ပြောင်းနှင့် ဝက်ဝံကြီးကိုယ်ကို ထိုးကြည့်လိုက်၏။

ဝက်ဝံကြီးက တုတ်တုတ်မလှုပ်တော့။ သူတို့နှစ်ယောက် ဝက်ဝံကြီးကို တောရိုင်းပင်များကြားမှ မနိုင့်တနိုင် ဆွဲထုတ်လိုက်ကြ၏။

"မင်းကတော့ စံပဲ။ ငါတို့ရွာမှာ ဝက်ဝံပစ်ရဲတဲ့လူဆိုလို့ မင်းနဲ့ မင်းတပါးပဲ ရှိတာကွ"

"ကြောက်နေရင် ကျုပ်တို့ ပိုဆိုးသွားမှာပေါ့ဗျာ။ ကိုင်း- ခင်ဗျားရှေ့က ထမ်းဗျာ၊ ရွာထဲ ယူသွားမယ်"

"အေး၊ တစ်ရွာလုံးက မင်းကို ဂုဏ်ပြုကြဦးမှာပဲ"

"ကျုပ်က ဂုဏ်ပြုမခံချင်ပါဘူးဗျာ၊ ကျုပ်ကို မုဆိုးတစ်ယောက် အနေနဲ့ အသိအမှတ်ပြုရင် တော်ပါပြီ"

"ငါ့မျက်စိထဲမှာတော့ မင်းဟာ နန်ကတစ်ရဲ့ မုဆိုးစစ်စစ်ပဲကွ"

သူတို့နှစ်ယောက် ဝက်ဝံကြီးကိုထမ်းကာ စပါးခင်းဘက်သို့ ဖြတ်ခဲ့ကြ၏။ လရောင်က တိမ်သားတိမ်မျှင်ကင်းစွာနှင့် ဝင်းပနေ၏။ မော်ပိတောင်တန်းကြီးကိုလည်း နှင်းငွေ့ ပိုးတဝါးကြား လှမ်းမြင်နေရ၏။

"ကျုပ် အဲဒီတောင်တန်းကြီးပေါ် သွားချင်တာဗျ"

"ဟာ- မင်းကလည်း၊ အန္တရာယ်ကြီးပါ့ကွာ"

"ကြီးကြီးဗျာ၊ ကျုပ်က အဲဒီလို အန္တရာယ်ပေါတဲ့ တောကိုမှ ပျော်



www.burmeseclassic.com

www.burmeseclassic.com



တာဗျ"

သူတို့နှစ်ယောက် စကားတပြောပြောနှင့် ယာခင်းများကို ဖြတ်၍ လျှောက်ခဲ့ကြရာ မကြာမီ ရွာထဲသို့ ရောက်လာ၏။ ရွာထဲ၌ တစ်အိမ်နှစ်အိမ်လောက်သာ မီးရောင်မြင်ရ၏။ သူတို့နှစ်ဦးသည် ရွာလယ်ကို ဖြတ်၍ ဦးဖွေဆန်းတို့အိမ်ကြီးဆီ ရောက်လာ၏။

သူတို့ အိမ်ဝိုင်းထဲ ဝင်လိုက်သည်နှင့် လှေကားအောက်မှ ခွေးတစ်ကောင်က ထ၍ ဟောင်လိုက်၏။ အိမ်ပေါ်တွင် မီးရောင်လက်လက်ကို မြင်နေရ၏။

"ဘယ်သူတွေလဲ"

"ကျုပ်တို့ပါ ဦးလေးဖွေဆန်း"

"ဟေ- ဇခူးမားလား"

"ဟုတ်ကဲ့"

"ဘာလုပ်ကြတာလဲ"

ဦးဖွေဆန်းအသံ ကြားလိုက်ရသဖြင့် အိမ်ကြီးပေါ် မော့ကြည့်လိုက်၏။ တစ်အောင့်အကြာတွင် လက်နှိပ်ဓာတ်မီး တဝင်းဝင်းနှင့် အောက်ထပ်သို့ ဆင်းလာ၏။

"ဟာ- ဘာကြီးလဲကွ"

"ဝက်ဝံကြီးလေ၊ ခင်ဗျားရဲ့ စပါးခင်းအစပ်က ပစ်လာတာဗျ။ အကောင်က အတော့်ကို ကြီးတာ။ ကျုပ်တို့ မနည်းထမ်းလာရတယ်ဗျ"

"ဟေ"

ဇခူးမား၏စကားကြောင့် သူတို့ ထမ်းလာသည့် ဝက်ဝံကြီးကို ကြည့်လိုက်၏။ အစွယ်ကြီးအဖွေးသားနှင့် သေဆုံးနေသော ဝက်ဝံညိုကြီးကို တွေ့လိုက်ရသောအခါ ဦးဖွေဆန်း ဗာအံ့တသြ ဖြစ်နေ၏။

ထိုအချိန် ကီးလိန်းပါ အိမ်ပေါ်က ဆင်းလာ၏။ ဝက်ဝံကြီးကို မြင်တော့ တွန့်ခနဲ ဖြစ်သွား၏။ အချိန်မှာလည်း မိုးလင်းလုလု အချိန်အခါ ဖြစ်၏။ ဦးဖွေဆန်းသည် မျက်နှာ ကပျာကယာသစ်လိုက်ပြီး ကိုယ်ပေါ်မှ စောင်ပိုင်းနှင့် သုတ်လိုက်၏။

ထို့နောက် ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိ ဖွာရှိုက်ရင်း သူတို့အနား



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်လာ၏။

"ဇနူးမား၊ မင်းဟာ တကယ့်သတ္တိခဲပါလားကွ"

"ဦးလေးဗွေဆန်းရဲ့ တူမီးကလည်း ကောင်းပါဗျာ။ တစ်ချက်ပစ် တစ်ချက်ထိပဲ။ ဒီကောင်ကြီး ဦးနှောက်ပါ ပွင့်ထွက်သွားတာဗျ"

"ဟုတ်ပါ့ကွာ၊ ဝက်ဝံကို တော်ရုံလူ မပစ်ရဲဘူးကွ။ မင်းကတော့ အတော့်ကို အံ့ဩစရာပဲ။ ကိုင်း- ဒီဝက်ဝံကြီးကို မင်းတို့ပဲ ယူသွားကြတော့ကွာ။ ဖျက်ပြီး တစ်ရွာလုံး ဝေလိုက်"

"ဦးလေးဗွေဆန်း မယူဘူးလား။ ဦးလေး အခင်းအစပ်က ရတာဗျ"

"မယူပါဘူးကွာ၊ ဒါ မင်းအစွမ်းနဲ့ ရလာတာပဲ။ ကောင်းတယ်၊ အဲဒီလို ပစ်လိုက်မှ ဝက်ဝံတွေ နောက်ဆုတ်သွားမှာ"

"ဟာ- ကပါးကလည်း၊ တော်ကြာ ဝက်ဝံတွေ အုပ်လိုက် ရွာထဲဝင်လာမှ ဒုက္ခပါဗျာ"

"မင်းဘာသိလို့လဲ ကီးလိန်းရ။ သူတို့က ကြောက်ပါတယ်ဆို ဖြဲခြောက်တတ်တယ်ကွ။ အဲဒီလို နာနာလေး ပစ်ပေးမှ ကောင်းတယ်"

ကီးလိန်းက ဝင်၍ ဆင်ခြေပေးသော်လည်း ဦးဗွေဆန်းက ခေါင်းတခါခါ လုပ်နေ၏။ နောက်ဆုံး ဝက်ဝံသေကြီးကို ထမ်းကာ တဲဘက်သို့ ယူလာ၏။ သူတို့အသံကြောင့် ဦးဆုံးနိုးလာသူမှာ ဇခါး။ ဝက်ဝံသေကြီးကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ဟာ- ဇနူးမား၊ မင်း. . . မင်း ပစ်လာတာလား"

"ဟုတ်တယ်အစ်ကိုရ၊ ဦးလေးဗွေဆန်းတို့ အခင်းစပ်နားက ကတွတ်တောထဲမှာ တွေ့တာနဲ့ ပစ်လာတာ"

"ဟေ- မင်း. . . မင်းကတော့ မလွယ်ပါလား။ အနူး၊ အနူး"

"ဟေ"

"ထစမ်းပါဦးဗျာ၊ အနူးသားက ဝက်ဝံကြီး ပစ်လာလို့ဗျ"

"ဘာ- ဘုရား. . . ဘုရား"

ဇခါး၏အသံကြောင့် အိပ်ရာထဲ စောင်ခြုံကွေးနေသော ငွန်ဇီး ထလာ၏။ ကြားသမျှ သူ့နားတောင် သူမယုံချင်။ တဲအပြင်ထွက်ကြည့်တော့ စင်းစင်းကြီးလဲနေသည့် ဝက်ကြီးကို တွေ့ရသောအခါ လှမ်းနေသည့် ခြေ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပင် တွန့်ခနဲ ဖြစ်သွား၏။

ဝက်ဝံကြီးကိုကြည့်ပြီး ကြက်သီးမွေးညင်းလည်း ထသွား၏။

"လူကလေး- မင်းကွယ်၊ အန္တရာယ်ကြီးလိုက်တာ"

"အနူးကလည်းဗျာ၊ ကျုပ်က ဝက်ဝံပစ်ချင်နေတာ ကြာပြီ။ အစ်ကို"

"ဘာတုံးကွ"

"အရေခွံဆုတ်ဗျာ၊ အသားတွေလှီးဖြတ်ပြီး ရွာထဲဝေလိုက်။ ကျုပ်တအား အိပ်ချင်နေပြီဗျ"

"အေးအေး၊ ဝက်ဝံသားရေက တအားဈေးရတာကွ။ ပြီးတော့ သည်းခြေတို့ အရိုးတို့ ခြေသည်းလက်သည်းတို့ကလည်း တအားရှားတာ"

"အစ်ကိုဇခါးပဲ ကြည့်စီစဉ်လိုက်ဗျာ"

ဇခူးမားသည် အစ်ကိုဖြစ်သူကို ပြော၍ တဲထဲဝင်သွားလေတော့၏။ ထိုနေ့ တစ်မနက်လုံး ရွာမှာ အုတ်အော်သောင်းတင်း ဖြစ်နေ၏။ တချို့ကလည်း မယုံမကြည်နှင့် ဇခူးမားတို့တဲဆီ လာကြည့်ကြ၏။ မြင်တော့တစ်ရွာလုံး အံ့သြနေ၏။ ဇခူးမား၏သတ္တိကို တသသ ချီးမွမ်းနေကြ၏။

ထိုနေ့ တစ်ရွာလုံး ဝက်ဝံသားချက်၍ စားသောက်ကြ၏။ ငွန်ဇီးသည် ဝက်ဝံသားကို ခုတ်ထစ်ပြီး မြေအိုးနှင့် အချိန်ကြာမြင့်စွာ ပြုတ်လိုက်၏။ ထို့နောက် ငရုတ်သီးဆီသတ်ကာ ခရမ်းချဉ်သီးနှင့် ရောမွှေ၍ ချက်ပြုတ်လိုက်၏။

ဇခူးမားသည် အိပ်ရာကနိုးသည်နှင့် မိခင်ဖြစ်သူ ချက်ထားသည့် ဝက်ဝံသားဟင်းကို မြိန်ရေရှက်ရေ စားပစ်လိုက်၏။ ထိုအချိန် တဲဆီသို့ နူလားနှင့် ခေါ်ဂေတို့နှစ်ယောက် ရောက်လာ၏။ သူတို့နှစ်ယောက်တလည်း ဇခူးမား၏သတ္တိကို အံ့သြနေ၏။

သူတို့က ဝက်ဝံကို ရင်ဆိုင်ဖို့မပြောနှင့် အသံကြားသည်နှင့်ပင် နှစ်ယောက်စလုံး ဝေးဝေးက ရှောင်ခဲ့ကြ၏။ ဘယ်တော့မှ ထိပ်တိုက်မတိုးရဲ။ ယခုတော့ သူတို့ ကြောက်ရွံ့ချောက်ချားနေသည့် ဝက်ဝံကြီးကို ဇခူးမားက ပစ်ခတ်လိုက်သည်မို့ နှစ်ယောက်စလုံး ဘာပြောလို့ ပြောရမှန်းပင် မသိ။

ဇခူးမား၏ မိခင်ကြီးကလည်း သူတို့ကို ထမင်းဟင်းများ ခူးခပ်ကျွေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဇခူးမား၊ မင်းကတော့ မင်းကပါးအတိုင်းပဲကွာ။ အကြောက်အရွံ့ကို မရှိဘူး"

"ခင်ဗျားတို့ ယုံပြီမဟုတ်လား"

"ယုံပါပြီကွာ၊ မင်းဟာ ငါတို့ထင်တာထက်တောင် ရဲတဲ့ကောင်ပါလား"

"ဒါဆို ကျုပ် မော်ပီဘက်သွားရင် ခင်ဗျားတို့ လိုက်မလား"

"ဟာကွာ၊ မင်းကလည်း"

"မကြောက်စမ်းပါနဲ့ဗျာ။ ကျုပ်မှာ ဦးလေးဗွေဆန်းပေးထားတဲ့ တူမီးတစ်လက် ရှိပါတယ်ဗျ"

"ဟင်- ဦးဗွေဆန်းပေးတာ. . ."

"ဟုတ်ပ၊ မယုံဘူးလား"

ပြောပြောဆိုဆိုနှင့် ထရံတွင် ချိတ်ဆွဲထားသော တူမီးသေနတ်ကို ထုတ်ပြလိုက်၏။ နူလားနှင့် ခေါဂေတို့နှစ်ဦးမှာ တူမီးသေနတ်ကြီးကို ကြည့်တာ တအံ့တသြ ဖြစ်နေကြ၏။

"ဟောတောင်၊ မင်းကို အပိုင်ပေးတာလားကွ"

"အပိုင်ပေးတာတော့ မဟုတ်ဘူးဗျ။ ဒါပေမယ့် ကျုပ်ကို ယူထားဖို့ ပြောတာ"

"ဒါဆိုကောင်းတာပေါ့ကွာ။ မင်းသတင်းကတော့ တစ်ရွာလုံး ပြောမဆုံးအောင် ဖြစ်နေကြတယ်ကွ။ ပြောစမ်းပါဦးကွာ"

"ဒီလိုဗျ"

ဇခူးမားက သူ ဝက်ဝံကြီးနှင့် ရင်ဆိုင်ခဲ့ရပုံကို အသေးစိတ် ပြောပြလိုက်၏။ နှစ်ယောက်လုံး မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေ၏။ ဇခူးမားအသွင်က ဘာကိုမှ ကြောက်ရွံ့မှုမရှိသည့်အသွင်ပင်။

နူလားက ပွတ်ချွန်းတစ်လိပ်ကို ထုတ်သောက်ရင်း ပြောလိုက်၏။

"မင်းကိုတော့ ဆရာဦးကျင်းဒပေါင်ကတောင် ပြောနေတယ်ကွ။ ဂျာဆိုင်တို့ညီအစ်မကဆို မင်းကို ယုံတောင်မယုံဘူးကွ။ အဲဒါ မင်းတို့တဲ ဆီလာသွားသေးတယ်တဲ့"

"ဗျာ- ကျွန်တော်တို့တဲကို လာသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ မင်းမရှိဘူးလား"

"ဟာ- ကျုပ်အိပ်နေတာဗျ"

"ဟားဟားဟား- ဒါဆို လွဲသွားပြီပေါ့ကွာ။ ဟော့ကောင် ဇခူးမား မင်းက ညီအစ်မနှစ်ယောက်စလုံးကို ချိန်နေတာလားကွ"

"မဟုတ်တာဘဲဗျာ"

"တော်စမ်းပါ ဇခူးမားရာ၊ ငါတို့လည်း ငယ်ရာက ကြီးလာတာကွ။ အချစ်နဲ့ပတ်သက်ရင် ဘယ်တော့မှ သိုဝှက်မထားနဲ့ကွာ"

"ဟဲ့- ကလေးကို ဘာတွေလျှောက်ပြောနေတာလဲ"

"ဟာ- အနူးကလည်း၊ အနူးသားက ရည်းစားလိုချင်နေပြီဗျ"

"ဟာဗျာ. . ."

နူလားနှင့် ခေါ်ဂေတို့၏ နောက်နောက်ပြောင်ပြောင်စကားကြောင့် ဇခူးမား ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။ သို့သော် သူ့ရင်ထဲမှာတော့ ရင် တဖိုဖို တလှပ်လှပ် ခံစားနေရသည်မှာ အမှန်ပင်။

ဝဝဝ



www.burmeseclassic.com

www.burmeseclassic.com

တောရိုင်းပန်းတို့သည်
လရောင်မျှော်လင့်ရင်း ဖူးပွင့်လာကြ၏။
ချူးဆွတ်သူ၊ ပန်ဆင်သူ မရှိသော်လည်း
ဖူးပွင့်ချိန်တန်လျှင် သူတို့အားလုံး
ရင်တကော့ကော့နှင့် ဖူးပွင့်နေကြပြီ
ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကီးလိန်းတစ်ယောက် အာပေါင်အာရင်းသန်သန် ပြောနေသည်ကို ဂျာဆိုင်ရော ဂျာရာပါ ငြီးငွေ့လာ၏။ သူပြောနေသည့်စကားတွေက မင်းတပ်မြို့၏ သာယာပုံများ ဖြစ်၏။ မင်းတပ်မြို့သူမြို့သားများ၏ အလှအပနှင့် ချမ်းသာကြွယ်ဝမှုကို လေသံဖောင်ဖောင်နှင့် ပြောဆိုနေ၏။

ဖခင်ဖြစ်သူ ဦးကျင်းပေါင်မှာ ခေါင်းသာညိတ်နေရသော်လည်း စိတ်ဝင်တစား မရှိလှ။ ကြာတော့လည်း ကီးလိန်းတစ်ယောက် အူလည်ချာလည် ဖြစ်လာ၏။ ထိုစဉ် ဦးကျင်းပေါင်က ဇခူးမားအကြောင်း ပြောပြလိုက်၏။

"ဇခူးမားက ဝက်ဝံတောင် ပစ်ရဲတယ်ဆိုတော့ ဒီကောင်လည်း သူ့အဖေ ဦးကီးအောင်လို မုဆိုးကျော်ကြီး ဖြစ်ဦးမှာပဲကွ"

"ဟာ- အဲဒါ ကပါးက တူမီးပေးလိုက်လို့ဗျ။ ဒီကောင် တူမီးပါလို့ ပစ်ရဲတာပါ ဦးလေးကျင်းပေါင်ရာ။ ကျုပ်လည်း လက်ထဲမှာ တူမီးရှိလို့ကတော့ ဝက်ဝံမပြောနဲ့ ဆင်တွေ့ရင်တောင် ပစ်ရဲတယ်"

"ဟေ- မင်းဥစ္စာကလည်း"

"အဟုတ်ပြောတာဗျ၊ လက်ထဲ လက်နက်ရှိနေတာပဲဗျာ။ ဘာကြောက်စရာရှိလို့လဲဗျ"

"အဲဒီစကားတော့ ငါ လက်မခံနိုင်ဘူးကွ"

"ဗျာ၊ ဘာဖြစ်လို့လဲ"

"ဒီလိုကွာ၊ လက်ထဲလက်နက်ရှိပြီး သားကောင်ဒုက္ခပေးသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးတွေ တစ်ပုံကြီးကွ။ အဓိက ဘာလဲဆိုတော့ စိတ်ပဲ၊ ကြောက်စိတ်မရှိတဲ့လူဟာ အန္တရာယ်နဲ့ရင်ဆိုင်ရာမှာ လက်နက်တောင် မလိုဘူးကွ"

"ဗျာ"

"အဲဒါ အစွမ်းသတ္တိပဲကွ။ လက်နက်ပါတာ၊ မပါတာထက် အရေးကြီးတာ မကြောက်တဲ့စိတ်ဘဲ ကီးလိန်းရ။ အေး- ငါတို့ တောင်ပေါ်သားတွေဟာ ရိုးသားတယ်၊ သစ္စာရှိတယ်၊ ပြီးတော့ မြေပြန့်သားတွေထက် အစွမ်းသတ္တိရှိတယ်ကွ"

"ဟုတ်. . . ဟုတ်ကဲ့"

ဦးကျင်းပေါင်၏စကားကြောင့် ကီးလိန်းတစ်ယောက် ရှုံ့မဲ့ရှုံ့မဲ့နှင့် အိမ်ပေါ်က ပြန်ဆင်းသွား၏။ ကီးလိန်း၏အဖြစ်ကို ကြည့်ကာ ညီအစ်မနှစ်ယောက် တွတ်ထိုးနေကြ၏။

ဂျာရာသည် ဇခူးမားအကြောင်းကိုသာ စဉ်းစားနေမိ၏။ အစ်မလုပ်သူကပင် သူ့ကို ပြောင်ပြောင်နောက်နောက် လုပ်လာ၏။

"ဂျာရာရယ်၊ နင် အရင်တုန်းက ဇခူးမားကို ကြည့်မရဘူးဆို။ ခုဘယ်လိုဖြစ်တာလဲဟဲ့"

"အစ်မကလည်း၊ ညီမလေး ဘာပြောလို့လဲ"

"ဘာလဲ၊ ငြင်းချင်သေးလို့လား"

"မဟုတ်တာ၊ ဘာတွေလျှောက်ပြောနေမှန်းလဲ မသိဘူး"

"နောက်တာပါ ဂျာရာရယ်။ ငါတို့ကသာ ပြောနေတယ်၊ ဇခူးမား တစ်ယောက် မော်ပီတောင်ပေါ် သွားမယ်လို့တောင် ကြားနေရတယ်"

"ဘာ- တောင်ပေါ်သွားမယ်၊ ဘာသွားလုပ်မှာလဲ"

"အို- သူ့အဖေလို အမဲပစ်ထွက်မှာပေါ့"

"ဟင်- အန္တရာယ်ကြီးလိုက်တာ။ အဲဒီမှာ ကျားတွေ၊ ဝက်ဝံတွေ တအားပေါတာ။ သူ့အနူးက မတားဘူးလား"

"အို- တားလို့မှမရတာ။ ဇခူးမားက ဇွတ်၊ ကြောက်စိတ်ကြောက် သွေးတစ်စက်ရှိတာ မဟုတ်ဘူး။ ဝက်ဝံပစ်လာတာပဲကြည့်



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်မရာ၊ ဂျာရာတော့ ကြောက်တယ်"

"ဘယ်သူ့ကိုကြောက်တာလဲ၊ ဇခူးမားကိုလား"

"အို- အစ်မကလည်း၊ ဘာတွေပြောမှန်းမသိဘူး"

ဂျာရာတစ်ယောက် ရှက်ကိုးရှက်ကန်း ဖြစ်နေ၏။ ညီအစ်မနှစ်ယောက် ဖခင်ကြီးနှင့်အတူ ရွာရှေ့ဖျားရှိ နတ်ဆရာအိမ်သို့ထွက်လာကြ၏။ နန်ကတစ်ရွာကလေး၏ထုံးစံက တစ်လလျှင် နတ်ဒေဝတာများကို သုံးကြိမ်သုံးခါ တင်မြှောက်ပသရ၏။

ယခုလည်း နတ်ကန်တော့ချိန် ရောက်လာသဖြင့် ကြော်လှော်ထားသည့် ကြက်ကြော်များ၊ ခေါင်ရည်များကို သယ်၍ နတ်ဆရာကြီးထံသို့ ရောက်လာကြ၏။ ထိုအချိန်တွင် နတ်ဆရာကြီးအိမ်တွင် ဝိုင်းဝန်းလုပ်ကိုင်နေသော ဇခူးမား၏အနှူး ငွန်ဇီးကို တွေ့လိုက်ရ၏။

ဂျာရာသည် အစ်မ မသိအောင် အနှူးငွန်ဇီးဆီ ကပ်သွားကာ လေသံတိုးတိုးနှင့် မေးလိုက်၏။

"အနှူးငွန်ဇီး၊ ဇခူးမား မလာဘူးလား"

"ဇခူးမားကို အနှူး နတ်ကန်တော့ဖို့ ဘယ်တော့မှ ခေါ်လို့မရဘူး။ သူက သူ့ကပါးလိုပဲ ဘာကိုမှ အယုံကြည်မရှိဘူး။ ဇခါးကမှ အနှူး ပြောရင် ရသေးတယ်"

"သူ အခုဘယ်မှာလဲ"

"မော်ပီဘက်သွားမယ် တကဲကဲ လုပ်နေတယ်လေ။ ခုလည်း ချောင်းဘက်သွားပြီး ငါးရှာနေလေရဲ့"

"ဟင်"

ငွန်ဇီး၏စကားကြောင့် ဂျာရာ အံ့သြ၏။ နတ်ဒေဝါများကို မယုံဘူးဆိုသဖြင့် စိတ်ထဲ အထူးအဆန်းသဖွယ် ခံစားနေရ၏။ နတ်ကန်တော့ပြီးသည်နှင့် အိမ်ဘက်သို့ အလျင်အမြန် ပြန်ခဲ့၏။ အိမ်ပြန်ရောက်သည်နှင့် အစ်မလုပ်သူကို အဖော်စပ်ကာ ချောင်းဘက်သို့ ဆင်းခဲ့ကြ၏။

ချောင်းက ရွာအနောက်မြောက်ဘက် တောတန်းလေးအနားတွင်ရှိ၏။ တစ်ရွာလုံး သုံးရေသောက်ရေကို ထိုချောင်းကလေးမှ ခပ်ကြရ၏။ ယခုလည်း သူတို့ညီအစ်မနှစ်ဦး ဝက်သစ်ချပင်ကြီးများအောက်မှ ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကာ ချောင်းတလေးဆီသို့ ရောက်လာ၏။

ချောင်းတလေးသည် ကျောက်တောင်ကျောက်တန်းများကြား ကွေ့ဝတ်တာ တောက်ကွေ့ ဆင်းလာ၏။ ချောင်းရေမှာ မှန်သားပြင်လို ကြည်လင်နေ၏။ ချောင်းစပ်သို့အရောက်တွင် ရွာသူလေးငါးဦးကို တွေ့လိုက်ရ၏။

ဂျာရာသည် ချောင်းစပ်တွင် ရေအိုးချပြီး ချောင်းအထက်ဘက်သို့ လျှောက်ခဲ့၏။

"ဘယ်သွားမလို့လဲဂျာရာ"

"တောပန်းတွေခူးမလို့လေ၊ အစ်မရော မလိုက်ဘူးလား"

"လိုက်မှာပေါ့"

"မြန်မြန်လာလေ"

သူတို့ညီအစ်မနှစ်ယောက် သောက်ရေအိုးများကို ချောင်းစပ်ကကျောက်ငုတ်ကြီးများပေါ် ချထားလိုက်ပြီး လျှောက်ခဲ့ကြ၏။ အထက်ဘက်သို့ ရောက်လေလေ ချောင်းရေက ရေစီးသန်လာလေလေပင်။ ချောင်းတစ်ဖက်တစ်ချက်တွင်လည်း ယူကလစ်၊ ဝက်သစ်ချပင်များ ပေါက်ရောက်နေ၏။

သစ်ပင်သစ်ကိုင်းများပေါ်တွင် ကျေးငှက်သရကာရောင်စုံကို မြင်နေရ၏။ သူတို့ညီအစ်မနှစ်ယောက် စကားတပြောပြောနှင့် လျှောက်ခဲ့ရာ ချောင်းကွေ့လေးသို့အရောက်တွင် ဇခူးမားကို တွေ့လိုက်ရ၏။ ဇခူးမားသည် ဝါးစူးကြီးကိုကိုင်၍ ချောင်းထဲဆင်းကာ ငါးတွေထိုးနေ၏။

သူတို့ကိုမြင်တော့ ဇခူးမားတစ်ယောက် ငါးတွေ တစ်သီကြီးနှင့် ကုန်းပေါ်တက်လာ၏။

"ဟာ- ဂျာရာတို့ပါလား"

"ဟုတ်တယ်၊ နင်ဘာလုပ်နေတာလဲ"

"ငါးထိုးနေတာလေ။ ဒီမှာကြည့်စမ်း၊ ငါးဝိုင်းကြီးတွေ။ နင်တို့ဟင်းချက်ဖို့ ယူသွားပါလား"

"နေပါစေဟယ်"

"ဟာ- ယူသွားပါ ဂျာ[illegible]၊ ငါက စေတနာနဲ့ ပေးတာပါ။ ငါး



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းက တအားစိမ့်တဲ့ငါးပဲ။ ပြီးတော့ တအား ရှားတဲ့ငါးနော်"

"အောင်မယ်၊ နင် ဒီလောက်စေတနာရှိနေရင် ချောင်းဟိုဘက်က သစ်ခွပန်းတွေ ခူးပေးပါလား"

"ဂျာရာကလည်း သစ်ခွပန်းတွေက ပွင့်မှမပွင့်သေးတာ"

"ဟို- အဲဒီသစ်ခွပင်တွေကို အိမ်မှာ စိုက်ထားချင်လို့ပေါ့။ အဲဒါ သစ်ခွပြာတွေ ဇခူးမားရဲ့"

"နင်တကယ်လိုချင်လို့လား"

"လိုချင်လို့ပေါ့ဟာ။ အမြစ်ပါ ပါပစေနော်"

"အေးပါ၊ နင်တို့ ဒီမှာစောင့်နေ"

ဇခူးမားသည် ငါးသိုတံနှင့် ဝါးစူးကိုချကာ ချောင်းတစ်ဖက်သို့ ကူးသွား၏။ တစ်ဖက်ကမ်းသို့ ရောက်သည်နှင့် ဝက်သစ်ချပင်ကြီးများပေါ် တွယ်တက်ကာ အလေ့ကျ ကပ်ပေါက်နေသည့် သစ်ခွပင်များကို အမြစ်မှ ဆွဲနုတ်လိုက်၏။

ထို့နောက် သစ်ပင်ပေါ်မှ ဆင်းလာကာ ချောင်းဘက်ပြန်ကူးလာပြီး ဂျာရာတို့ကို ပေးလိုက်၏။ ဂျာရာသည် သစ်ခွပင်များကို ကြည့်ပြီး ဝမ်းသာအားရ ဖြစ်နေ၏။ ဇခူးမားမှာ ဝမ်းသာအားရ ဖြစ်နေ၏။

"ဟယ်- အဖူးတွေ ဖူးနေပြီဟ"

"ဟုတ်သားပဲ၊ နင်ကံကောင်းတာပဲ ဂျာရာရေ။ နင်လိုချင်တာကို ခူးပေးလိုက်ရလို့ ငါဝမ်းသာတယ် ဂျာရာ"

"နေပါဦး၊ နင်က မော်ပီဘက် သွားမလို့ဆို"

"အေးလေ၊ ဘာဖြစ်လို့လဲဟ"

"အို- ဒီလောက် အန္တရာယ်ကြီးတာ ဘာဖြစ်လို့သွားမှာလဲ"

"ငါတို့က မုဆိုးမျိုးရိုးလေ၊ ငါ့ကပါး ခြေချခဲ့တဲ့ မော်ပီတောင်ကြီးကို ငါလည်း ခြေချရရမှာပေါ့ဟာ"

"နင် အဲဒီလောက် မရဲသင့်ပါဘူးဟာ။ ပြီးတော့ နင့်အနူးကလည်း နင့်ကို ပေးမသွားဘူး မဟုတ်လား"

"နင် ဘယ်လိုသိလဲ"

"သိတာပေါ့၊ စောစောကပဲ နင့်အနူးကို တွေ့ခဲ့သေးတယ်။ ငါက

www.burmeseclassic.com

www.burmeseclassic.com



လည်း မသွားစေနဲ့လို့ ပြောခဲ့တယ်"

"ငါအဲဒီကို မသွားသရွေ့ ငါ့ကိုယ်ငါ မုဆိုးလို့ မခေါ်ချင်ဘူး။ အပါး ဟာ အဲဒီတောင်ပေါ်ရောက်မှ မုဆိုးကြီးဖြစ်ခဲ့ရတယ်။ ငါလည်း အဲဒီကို ရောက်အောင်သွားမှာပဲ"

"ဟင်- နင်က ဘယ်သူ့မှ တားလို့မရပါလား"

"မရရင်လည်း မတားနဲ့ ဂျာရာ၊ ငါတို့ညီအစ်မစကားကိုလည်း ဇခူး မားက နားထောင်မှာ မဟုတ်ပါဘူး"

"ဟင်"

အစ်မလုပ်သူ ဂျာဆိုင်ကပါ စိတ်မရှည်တော့။ ဂျာရာသည် ဇခူးမား ကို မျက်စောင်းတထိုးထိုးလုပ်နေ၏။ ဇခူးမားသည် ဂျာရာ၏ မျက်လုံးဝင်း တောက်တောက်လေးကို ရွှန်းရွှန်းစားစားကြည့်ရင်း ပြောလိုက်၏။

"ငါ့ကိုခွင့်လွှတ်ပါ ဂျာရာရယ်။ ငါတို့တောင်ပေါ်သားတွေဟာ မုဆိုး တစ်ယောက် ဖြစ်ရတာကို တအား ဂုဏ်ယူကြတယ်ဆိုတာ နင် လည်း အသိပဲ၊ ငါဟာ မချမ်းသာချင်နေ၊ မုဆိုးကြီးဖြစ်ရရင် ကျေ နပ်ပြီဟာ။ ဒါကြောင့် ငါ ကပါးသွားခဲ့တဲ့ မော်ပီတောင်ကြီးကို တစ် နေ့နေ့ ရောက်အောင်ကို သွားမယ်"

"နင်က ငါတောင်ပြောလို့မရတော့ဘူးလား"

ဂျာရာတစ်ယောက် နှုတ်ခမ်းလေး ဆူပွဆူပွ လုပ်နေ၏။ ဇခူးမား သည် ဂျာရာ ကျေနပ်အောင် မနည်းပြောယူရ၏။ နောက်ဆုံး သူတို့သုံးဦး ရေခပ်သည့်နေရာသို့ ပြန်လည်ရောက်ရှိလာ၏။

"ဂျာရာ- ငါ ရေဝိုင်းသယ်ပေးမယ်"

"မလိုပါဘူး"

"စိတ်မဆိုးပါနဲ့ဟာ"

"မပြောနဲ့တော့၊ ငါတို့သွားတော့မယ်။ လာ- အစ်မဂျာဆိုင်၊ ခေါင်း မာတဲ့လူနဲ့ စကားမပြောချင်ဘူး။ ပြောလည်း အာခြောက်တယ်"

ဂျာရာသည် ရေအိုးကလေးပိုက်ကာ တဆောင့်ဆောင့်နှင့် ထွက် သွား၏။ အစ်မလုပ်သူ ဂျာဆိုင်ကနောက်မှ ရေအိုးကလေးပိုက်ပြီး အပြေး ပြေးလိုက်သွား၏။ ဇခူးမားသည် ဂျာရာ၏ ကျောပြင်ကလေးကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com


မချင့်မရဲ ခံစားနေရ၏။ ဂျာရာကလည်း သူ့လိုပဲ တဇွတ်ထိုးစိတ် ရှိနေ၏။

သူခေါင်းမာသလို ဂျာရာလည်း ခေါင်းမာသူတစ်ဦးဖြစ်ကြောင်း ဇခူးမား သိလိုက်ရ၏။ နောက်ဆုံး ပြုံးစိစိနှင့် လှမ်းကြည့်ရင်း အိမ်ဘက်သို့ ပြန်လာခဲ့၏။

အိမ်ရှေ့တွင် အစ်ကိုလုပ်သူ ဇခါးတစ်ယောက် ဝက်ဝံသားရေကြီးကို တသသ လုပ်နေ၏။ နေလှန်းထားသည့် ဝက်ဝံသည်းခြေများ၊ လက်သည်းခွံ၊ ခြေသည်းခွံ၊ အရိုးများက တဲရှေ့ ဂေါ်ရခါးသီးစင်အောက်တွင် တိုးလိုးတွဲလဲ ရှိနေ၏။

သူ့ကိုတွေ့တော့ အစ်ကိုလုပ်သူက ပြုံးစစနှင့် ပြောလိုက်၏။

"ဇခူးမားရေ မင်းပစ်လာတဲ့ ဝက်ဝံသားရေက ဈေးကွက်မှာ တအားရှားတယ်ကွ။ ဟောဒီမှာကြည့်၊ သူက အညိုရောင်ပေမယ့် အောက်ခံအသားက အဝါရောင်စပ်ထားတယ်ကွ။ ဒီတော့ အဝေးကကြည့်ရင် ရွှေဝါရောင်သန်းနေတယ်။ ဝယ်ချင်သူတွေ ဝိုင်းဝိုင်းလည်နေမှာ သေချာတယ်"

"ဟုတ်လား"

"ငါ ဒီသားရေကြီးရောင်းပြီး နွားနောက်တစ်ရှဉ်း ဝယ်ခဲ့မယ်ကွ"

"ရပ့ါမလားဗျ"

"ဘာလို့မရရမှာလဲကွ"

"ဒါဆိုလည်း ဝယ်ခဲ့အစ်ကိုရာ၊ ဦးလေးဗွေဆန်းတို့ကလည်း ကျုပ်ကို နွားနောက်တစ်ရှဉ်း ပေးမယ်ဆိုတော့ ကျုပ်တို့ဆီမှာ နွားနောက် နှစ်ရှဉ်း ရပြီပေါ့ဗျာ။ ဟား ဟား ဟား"

"အေးကွာ၊ ဒီလိုဖြစ်တာ မင်းကြောင့်ပဲကွ။ ကိုင်း- ပြောနေတာ ကြာတယ်ကွာ၊ ငါ ဒီနေ့ပဲ မြို့ကိုဆင်းမယ်။ မင်းလိုက်ဦးမလား"

"မလိုက်တော့ဘူးဗျာ၊ ဒါပေမယ့်. . ."

"ဘာမှာချင်လို့လဲ"

"ဟိုဗျာ- ကျုပ်ကို ဆွဲကြိုးလေးတစ်ကုံး ဝယ်ခဲ့ပေးပါလား"

"ဘယ်သူ့ပေးမလို့လဲ"

"အစ်ကိုကလည်းဗျာ၊ ကျုပ်. . . ကျုပ် ပေးစရာရှိလို့ဗျ၊ အသည်းစုံပါ


www.burmeseclassic.com

www.burmeseclassic.com



တဲ့ ငွေဆွဲကြိုးလေး ဝယ်ခဲ့ပါနော် အစ်ကိုဇခါး"

"မင်းတော့ မရိုးတော့ဘူးနော်"

"အစ်ကိုကလည်းဗျာ၊ ကျုပ်လည်း အရွယ်ရောက်လာပါပြီဗျ"

"အေးပါကွာ၊ ငါဝယ်ခဲ့ပါ့မယ်"

ဝယ်ခဲ့မယ်ဆိုတော့ ဇခူးမား ဝမ်းသာအားရ ဖြစ်နေ၏။ သူဝယ်ခိုင်းသည့် ဆွဲကြိုးလေးက သူ တိတ်တခိုး ချစ်ခဲ့ရသော ဂျာရာကို ပေးရန်သာ ဖြစ်၏။ ဂျာရာသာ လက်ခံမည်ဆိုလျှင်တော့ သူ့လောက်ပျော်မည့်သူ မရှိပါချေ။

သို့သော် ဆွဲကြိုး လက်ထဲမရောက်သေးသည်မို့ ဇခူးမား စိတ်ကူး ယဉ်သက်သက်သာ ရှိခဲ့လေ၏။ အစ်ကိုဖြစ်သူ ဇခါး မြို့တက်သွားတော့ သူလည်း မိခင်ကြီးအနား နေပေးရ၏။ ညဉ့်ဦးပိုင်းရောက်လျှင်တော့ ကို လိန်းနှင့်အတူ ဦးဗွေဆန်းတို့အခင်းတွင် ကင်းစောင့်ပေးရ၏။

သူတို့ရွာကလေးသည် ကောက်သစ်စားပွဲတော် ကျင်းပရန် နီးကပ် လာပြီဖြစ်၍ ရွာလယ်တွင် မဏ္ဍပ်ကြီးထိုးထား၏။ တစ်ရွာလုံး ပွဲတော် အတွက် စိုင်းပြင်းနေကြ၏။ ရွာလူကြီး ဦးကျင်းပေါင်ကိုယ်တိုင် မဏ္ဍပ်ကို အကျအန ဆောက်လုပ်နေ၏။

ဦးဗွေဆန်းတို့က ကောက်သစ်စားပွဲတော်အတွက် ဝက်သုံးကောင် နှင့် ကြက်ဆယ်ကောင် လှူဒါန်းထား၏။ တစ်ရွာလုံးသည် လှုပ်လှုပ်ရှားရှား ဖြစ်နေ၏။ အကောင်းဆုံးခေါင်ရည်ကိုလည်း ရာဝင်အိုးကြီးများနှင့် ကြို၍ နှပ်ထားကြ၏။

ဇခူးမားသည် အစ်ကိုလုပ်သူပြန်အလာကို တမျှော်မျှော်နှင့် ဖြစ်နေ ၏။ ပွဲတော်မကျင်းပမီ နှစ်ရက်ခန့်အလိုတွင် ဇခါးတစ်ယောက် နွားနောက် တစ်ရှဉ်းဆွဲကာ ရွာသို့ ပြန်ရောက်လာ၏။ ဇခူးမား ဝယ်ခိုင်းလိုက်သည့် ငွေဆွဲကြိုးလေးတစ်ကုံးလည်း ပါလာ၏။

ဇခူးမားတစ်ယောက် အသည်းပုံ လော်ကတ်သီးလေးပါသော ငွေ ဆွဲကြိုးလေးကို ကြည့်ကာ ဝမ်းသာအားရ ဖြစ်နေ၏။ ဂျာရာကို သူ ဘယ်လို ပေးရမှန်းမသိ။ နောက်ဆုံး ဂျာရာတို့ ရေခပ်လေ့ရှိသော ချောင်းကလေး မှာ စောင့်ဆိုင်းနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် ဂျာရာနှင့် ဂျာဆိုင်တို့ညီအစ်မ ရေအိုးလေးကိုယ်စီနှင့် ချောင်းဆီသို့ ရောက်ရှိလာကြ၏။ ဂျာရာကိုမြင်တော့ ဇခူးမား ရင်တွေ အရမ်းခုန်နေ၏။ ခြေတွေလက်တွေ အေးစက်နေ၏။ ဝက်ဝံနှင့် နဖူးတွေ့ ဒူးတွေ့ ဆုံတုန်းက သူ့ရင်ထဲ ကြောက်စိတ် စိုးစဉ်းမျှ မရှိခဲ့။ ဂျာရာနှင့်တွေ့တော့ ဘာကြောင့် သူ့ရင်ထဲ စိုးရွံ့စိတ်တွေ တိုးဝှေ့ ဝင်လာရသလဲဆိုသည်ကို နားမလည်ပါချေ။ သူ့ကိုမြင်တော့ ဂျာရာက သူ့ဆီ အပြေးရောက်လာ၏။

"ဇခူးမား၊ ငါ နင့်ကို ပြောစရာရှိလို့ဟဲ့။ နင်က ကင်းစောင့်နေတော့ ငါနဲ့လွဲနေတာ"

"ဘာ. . . ဘာလဲ ဂျာရာ"

"နင့်ကြည့်ရတာ တစ်မျိုးကြီးပဲ။ ဘာဖြစ်နေတာလဲ"

"ဘာ. . . ဘာမှမဖြစ်ပါဘူးဟာ။ နင်ဘာပြောမလို့လဲ၊ ပြောလေ"

"ဒီလိုဟဲ့၊ နင်ခူးပေးခဲ့တဲ့ သစ်ခွပန်းတွေ ငါတို့အိမ်မှာ ပွင့်နေပြီ။ အရောင်က ခရမ်းပြာရောင်လေးတွေဟဲ့။ ပြီးတော့ ခရမ်းပြာမှာ အနီစင်းလေးတွေလည်း ပါတယ်"

"ဟုတ်လား၊ တော်တော်လှမှာပဲနော်"

"အရမ်းလှတာပဲဟယ်"

"ဒါဆို နင်နဲ့တူမှာပေါ့"

"နင်ကလည်း၊ ဘာတွေပြောနေတာလဲ"

ဂျာရာက သူ့စကားကြောင့် နှုတ်ခမ်းလေး စူပွစူပွလုပ်ကာ မျက်စောင်းထိုးလိုက်၏။ ဇခူးမားသည် ငွေဆွဲကြိုးလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း စိတ်ထဲ ချီတုံချတုံ ဖြစ်နေ၏။ ဂျာရာသည် ဂနာမငြိမ်ဖြစ်နေသော သူ့အမူအရာကိုကြည့်ပြီး မေးလိုက်၏။

"ဘာဖြစ်နေတာလဲ ဇခူးမားရဲ့"

"ဟို. . . ဟိုဒင်းလေ၊ ဟိုဟာ. . ."

"အို- ဘာတွေလဲ ဇခူးမားရဲ့။ နင်ငါ့ကို ပြောစရာရှိလား မရှိရင် ငါပြန်တော့မယ်၊ ဟိုမှာ မမဂျာဆိုင် စောင့်နေတယ်"

"ဟင်- ဟိုလေ၊ ဒီ. . . ဒီဟာလေး ပေးချင်လို့ပါ"



www.burmeseclassic.com

"ဆွဲကြိုးလေးပါလား၊ ငါ့ကိုပေးမလို့လား"

"ဟုတ်. . . ဟုတ်တယ်၊ ငါ အစ်ကိုဇခါးကို မြို့ကဝယ်ခိုင်းလိုက်တာ။ နင်. . . နင့်ကို ငါ ဒီမှာစောင့်နေတာ သုံးလေးရက်ရှိပြီ"

"အို- ဆွဲကြိုးက အသည်းပုံလေးနဲ့ပါလား"

"ယူ. . . ယူလိုက်ပါဟာ၊ ငါက ပွဲတော်အမီ လက်ဆောင်ပေးချင်လို့ပါ။ ဒါကြောင့် ဒီဆွဲကြိုးလေးကို နင်လက်ခံပါနော်။ ဂျာရာ၊ ယူ. . . ယူလိုက်ပါဟာ"

"နင်ကဇွတ်ကြီးပဲ"

"ယူလိုက်ပါဟာ"

ဇခူးမား ဇွတ်ပေးနေသဖြင့် ဂျာရာတစ်ယောက် ငွေဆွဲကြိုးလေးကို ယူကာ သူ့အပါးမှ ထွက်ပြေးသွားလေ၏။ ဇခူးမား ရင်တွေတထိတ်ထိတ် ခုန်နေ၏။ သူ့ဆွဲကြိုးလေးကို ယူသွားသဖြင့် အတိုင်းမသိ ဝမ်းသာသွား၏။

ဂျာရာက သူ့ဆွဲကြိုးလေး လက်ခံလိုက်သည်ဆိုသည်နှင့် ချောင်းထဲသို့ အဝတ်အစား မချွတ်ဘဲ ဗိုင်ဗင်ထိုးချလိုက်၏။ သူ့ဖြစ်စဉ်ကို မြင်လိုက်ရသူက ဂျာဆိုင်။

"ဟယ်- ဟို. . . ဟိုမှာ ဇခူးမား၊ ချောင်းထဲ ခုန်ချသွားပြီ။ ဘာ. . . ဘာဖြစ်သွားတာလဲ"

"အို- မသိပါဘူး။ ရူးသွားပြီထင်တာပါပဲ"

"ဘာတွေလဲဟယ်"

"လာပါ အစ်မရယ်၊ ပြန်ကြစို့"

ချောင်းထဲ တဝုန်းဝုန်း ကူးခတ်ပျော်မြူးနေသော ဇခူးမားကို တစ်ချက်လှမ်းကြည့်ရင်း ညီအစ်မနှစ်ယောက် ရေအိုးလေးကိုယ်စီနှင့် ထွက်သွားကြလေ၏။ ဇခူးမားသည် ပျော်လွန်းသဖြင့် ချောင်းထဲက တော်တော်နှင့်မတက်။

နောက်ဆုံး ရေတွေ ရွှဲရွှဲစိုစိုနှင့် တဲဆီသို့ အပြေးပြန်ရောက်လာ၏။ ထိုအချိန် အစ်ကိုနှင့် မိခင်တို့မှာ ဝယ်ထားသော နွားနောက်ကြီးနှစ်ကောင်ကို ဆားကျွေးနေ၏။

ခြံထဲသို့ ရေတွေ ရွှဲရွှဲစိုစိုနှင့်ဝင်လာတော့ မိခင်မှာ မျက်လုံးပြူးချက်



www.burmeseclassic.com

www.burmeseclassic.com


ဆန်ပြုံး ဖြစ်လာ၏။

"ဟဲ့ဟဲ့- ကလေး၊ ဘာ. . . ဘာဖြစ်တာလဲဟဲ့။ တစ်ကိုယ်လုံးလည်း ရွှဲရွှဲစိုလို့"

"ဇခူးမား၊ မင်းဘာဖြစ်တာလဲ"

"ဟဲဟဲ- ကျုပ်ဆွဲကြိုးကို ယူသွားပြီဗျ"

"ဘာ- ဘယ်က ဆွဲကြိုးလဲ"

"ဟာ- အနူးကလည်း၊ အနူးမသိပါဘူး။ ဟို- ဟဲဟဲ ကျုပ် သိပ်ချစ်တဲ့ ကောင်မလေးက ကျုပ်ပေးတဲ့ဆွဲကြိုးကို ယူသွားပြီဗျ။ အဲဒါ ကျုပ် ပျော်လွန်းလို့ ချောင်းထဲ ခုန်ချပစ်လိုက်တာ"

"အို- အရူး"

"ဟုတ်ပါ့ကွာ၊ မင်းကတော့ တကယ့်အရူးပဲ"

"အနူးကလည်းဗျာ၊ ကျုပ်က ပျော်လို့ပဲဟာ"

"တော်စမ်း၊ ကိုင်းကိုင်း- အဝတ်အစားလဲလိုက်စမ်း။ ခက်ပါ့ကလေး ရယ်၊ နေရာတကာ ဖွတ်မလုပ်စမ်းပါနဲ့ကွယ်။ ကိုင်း- သွားသွား"

အနူးက သူ့ကို တဲထဲ အတင်းဆွဲသွင်းနေသဖြင့် တဲထဲဝင်ကာ အဝတ်အစား လဲလိုက်ရ၏။ အစ်ကိုနှင့် မိခင်မှာ ဇခူးမား အရူးထပုံကြည့်ပြီး ပြုံးစိစိ ဖြစ်နေကြ၏။

အဝတ်အစားလဲပြီး ထွက်လာသော ဇခူးမားသည် မိခင်ကြီးနား ကပ်ကာ ပြောလိုက်၏။

"အနူး"

"ဘာတုံး"

"ကျုပ် ပွဲတော်ပြီးရင် တောင်ပေါ်တက်မှာနော်"

"ဘာ- မင်း အနူးစကားကို နားမထောင်ဘူးလား၊ ပြောစမ်း"

"ဟုတ်သားပဲ ညီလေးရာ၊ အစ်ကိုတောင် သွားတာမဟုတ်ဘူးကွ။ တအား အန္တရာယ်ကြီးလှပါတယ် ညီလေးရာ"

"အိုဗျာ၊ အစ်ကိုဇခါးကလည်း၊ ကပါးတောင် အဲဒီတောင်ပေါ်ကို သွားခဲ့တာဗျ။ ကျုပ်တို့က ဘာဖြစ်လို့ မသွားရဲရမှာလဲ"

"ဇခူးမား"


www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

မိခင်ကြီးမှာ ကရုဏာဒေါသော ဖြစ်နေ၏။ သူ့ကို ဆောင့်ကြီးအောင့်ကြီးခေါ်တာ ဟန့်တားလိုက်၏။ သူ ဘာတစ်ခွန်းမှ ပြန်မပြောသာ။ အစ်ကိုရော မိခင်ကပါ ခါးခါးသီးသီး ဖြစ်နေ၍ ဇရူးမား ငြိမ်နေလိုက်ရ၏။ စိတ်ထဲမှာတော့ သူဆုံးဖြတ်ပြီးသားကိစ္စကို ဘယ်သူမှ တား၍မရ။

မော်ပီတောင်ကြီး သူ့ဖဝါးအောက်ရောက်မှ မုဆိုးဖြစ်နိုင်မည်ဟု ဇရူးမား ယုံကြည်နေ၏။ ထို့ကြောင့် သူ့ရင်ထဲကဆန္ဒကို မျိုသိပ်ကာ ရွာထဲဘက်သို့ ထွက်လာ၏။ တစ်ရွာလုံး လှုပ်လှုပ်ရှားရှား ဖြစ်နေ၏။

နူလားတို့လူသိုက်မှာလည်း မနားရ။ မဏ္ဍပ်ထဲဝင်ကာ ပြင်ဆင်နေကြ၏။ နတ်ဆရာကြီးကမ်တွဲကလည်း ဦးကျင်းပေါင်နှင့်အတူ ဇရပ်ထဲထိုင်ကာ စကားစမြည် ပြောဆိုနေ၏။ ပွဲတော်ကျင်းပရန် ရက်ပိုင်းသာ လိုတော့၏။

BURMESE CLASSIC .com

သူ မဏ္ဍပ်ထဲ ယောင်လည်လည်နှင့် ရောက်သွားစဉ် ဂျာရာကို ရှာမိ၏။ ထိုအချိန်တွင် ဂျာရာတို့လူစုသည် ကြက်သွန်၊ ငရုတ်သီးတွေ ထုကာ ထောင်းကာနှင့် အလုပ်ရှုပ်နေကြ၏။

သူတို့နှံဘေးတွင် ကီးလိန်းထိုင်နေသဖြင့် သူတို့အနားသို့ မသွားရဲဘဲ ခပ်လှမ်းလှမ်းက ငေးကြည့်နေရ၏။ ထိုစဉ် သူ့အနားသို့ နူလားရောက်လာ၏။

"ဟေ့ကောင် ဇရူးမား"

"ဟာ- အစ်ကိုနူလား"

"လာကွာ၊ ငါတို့နဲ့ ဝိုင်းလုပ်စမ်းပါ"

"ဟုတ်. . . ဟုတ်ကဲ့"

နူလားက သူ့ကို လက်ဆွဲခေါ်သွားသဖြင့် မဏ္ဍပ်အနောက်သို့ ယက်ကန်ယက်ကန်နှင့် ပါသွား၏။ မဏ္ဍပ်အနောက်ဘက် ကွင်းပြင်ကြီးတွင် ဆေးရောင်ခြယ်ထားသော ဝါးတိုင်ကြီးများကို တစ်တိုင်ပြီးတစ်တိုင် ထူလိုက်ကြ၏။

ထို့နောက် ရှည်လျားကျယ်ပြန့်သော ဝါးစားပွဲကြီးကို ပြင်ဆင်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဇခူးမား"

"ဟာ- အစ်မဂျာဆိုင်ပါလား"

"နင့်ကို ဂျာရာ ရှာနေတယ်"

"ဟင်- အခုဘယ်မှာလဲ"

"မဏ္ဍပ်ဘေးမှာလေ"

"အဲဒီမှာ ကီးလိန်းရှိတယ်"

"ဘာဖြစ်လဲဟဲ့"

"ဟာ- သူက ကျွန်တော့်ကိုမြင်ရင် ပြဿနာရှာလိမ့်မယ်။ ဟို- ဂျာရာ ကျွန်တော်ပေးတဲ့ ဆွဲကြိုးလေး ဆွဲထားလား"

"အေး- ဆွဲထားတယ်"

"ဝမ်းသာလိုက်တာဗျာ"

"ငါသွားပြီနော်"

ဂျာဆိုင်ထံမှ ကြားလိုက်ရသဖြင့် ဇခူးမား ဝမ်းသာအားရ ဖြစ်သွား၏။ မြေပြင်ပေါ် ကျွမ်းသုံးပတ် ထိုးလိုက်ချင်စိတ်ပင် ပေါက်သွား၏။ ဂျာရာကို တွေ့ရန် ကြိုးစားသော်လည်း ကီးလိန်းရှိနေသဖြင့် အခွင့်မသာခဲ့။

ညဉ့်ဦးပိုင်းအရောက်တွင် ဂျာရာတို့ညီအစ်မ ပြန်သွားသဖြင့် ဇခူးမား ရင်ထဲဟာ၍ ကျန်ခဲ့၏။ ထိုစဉ် ဦးဗွေဆန်းရောက်လာကာ လူငယ်တွေ ချက်ပြုတ်စားသောက်ရန် စီစဉ်ပေးခဲ့၏။

နူလားတို့လူသိုက်ကလည်း သူ့ကို အတင်းဆွဲခေါ်ထားသဖြင့် သူ့စိတ်ထဲ တင်းတင်းကျပ်ကျပ် ခံစားနေရ၏။ ကီးလိန်း၏ အရိပ်အယောင်ကိုလည်း မမြင်ရတော့။ နောက်ဆုံး ခေါ်ဂေယ္ယူလာသည့် ခေါင်ရည်ကို မူးအောင် သောက်ပစ်လိုက်ပြီး ချက်ပြုတ်ထားသည်များကို ပျော်ပျော်ရွှင်ရွှင် စားလိုက်၏။ ညဉ့်ဦးပိုင်းရောက်သည်နှင့် သူတို့လူငယ်တစ်စု မဏ္ဍပ်ကြီးထဲ အိပ်ခဲ့ကြ၏။ ပွဲတော်ကို မိုးမလင်းမီ ကျင်းပမည်ဖြစ်၍ အားလုံး မဏ္ဍပ်ထဲမှာပဲ စုဝေးခဲ့ကြ၏။ လူကြီးတွေအားလုံးလည်း ပြန်သွားကြ၏။

သူတို့အားလုံးလည်း ခေါင်ရည်ဇာဝ သောက်လိုက်ရသည်မို့ အတော်ကလေး မူးနေကြပြီဖြစ်၏။ ထို့ကြောင့်လည်း မဏ္ဍပ်ထဲ တိုးဝှေ့ခွေ့ခွေ့ အိပ်လိုက်ကြ၏။ မဏ္ဍပ်၏အပြင်ဘက်မှာတော့ နှင်းတွေ ဖွဲဖွဲ ကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com


ချမ်းလွန်းလှသဖြင့် စောင်ပိုင်းများကို ခြုံ၍ အိပ်နေကြ၏။

ညဉ့်နက်ပိုင်းသို့အရောက်တွင် မဏ္ဍပ်ခြေရင်း၌ ခွေခွေလေး အိပ်နေသော မိုင်းသာကြီးတစ်ကောင် နှာခေါင်း ရှုံ့ပွရှုံ့ပွလုပ်ကာ ခေါင်းတထောင်ထောင်နှင့် ဖြစ်လာ၏။

"ဝေါင်း. . . ဝေါင်း. . . ဝေါင်း"

မိုင်းသာကြီးအသံက မဏ္ဍပ်တစ်ခုလုံး ဟိန်းထွက်လာ၏။ မိုင်းသာကြီး၏ဟောင်သံကြောင့် ရွာထဲရှိ ခွေးတွေပါ ခေါင်းတထောင်ထောင် ဖြစ်လာကာ ဟောင်သံအူသံတွေ ဆူညံလာ၏။ ခွေးဟောင်သံများကြောင့် ဦးကျင်းပေါင် အိပ်ရာက လန့်နိုးလာ၏။ ဘေးတံခါးကို အသာဖွင့်ပြီး ရွာလယ်လမ်းမကို ကြည့်လိုက်၏။

လရောင်အောက်တွင် အိပ်မောကျနေသော ရွာကလေး၊ တစ်စုံတစ်ရာ လှုပ်ရှားမှုမရှိ၊ တဲအမိုးများပေါ်တွင် ပိုးစုန်းကြူးအုပ်များ တလင်းလင်း တလက်လက် ပျံသန်းနေ၏။ နှင်းမှုန်နှင်းမွှားကလေးများက တဖွဲဖွဲ။

ဦးကျင်းပေါင်သည် အိပ်နေရာမှ ထလိုက်ပြီး ပွတ်ချွန်းဆေးလိပ်ကို မီးညှိဖွာရှိုက်လိုက်၏။

"အောင်မယ်လေးဗျ"

"လာ. . . လာကြပါဦး"

"ဝေါင်း. . . ဝေါင်း"

"ဟာ- ဟဲ့ဟဲ့ ထကြစမ်း"

ရုတ်တရက် ရင်ခေါင်းသံကြီးနှင့် အော်ဟစ်လိုက်သော အသံကြီး ပေါ်လာ၏။ ထိုအသံကြီးနှင့် မရှေးမနှောင်း သတ္တဝါကြီးတစ်ကောင်၏ အော်သံကို ကြားလိုက်ရ၏။ ဦးကျင်းပေါင်သည် သမီးနှစ်ဦးကိုနိုးကာ သတိပေးလိုက်ပြီး ထရံတွင် ချိတ်ထားသော စလွယ်ဓားကြီးကို ယူလိုက်၏။

"ကပါး၊ ဘယ်. . . ဘယ်သွားမလို့လဲ"

"ရွာထဲ အန္တရာယ်ပေါ်လာပြီထင်တယ်"

"အို- မသွားပါနဲ့"

"ဟာ- မသွားလို့ ဘယ်ဖြစ်မလဲဟ။ နင်တို့ ဒီမှာနေကြ၊ တံခါးကို သေချာပိတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ"

ဂျာဆိုင်တို့ညီအစ်မ တားရှာမရ။ ဦးကျင်းပေါင်သည် ဓားကြီးကိုင်ကာ ခြံထဲဆင်းသွား၏။ ထိုစဉ် ရွာထဲမှ အော်သံဟစ်သံများ ပွက်လောညံလာ၏။ အန္တရာယ်တုံးခေါက်သံတွေလည်း ပေါ်ထွက်လာ၏။ မဏ္ဍပ်ထဲ ကွေးနေကြသော ဇခူးမားတို့လူစု အသံဗလံများကြောင့် လူးလဲထလာကြ၏။

"ဟ- ဘာလဲ"

"ဝက်ဝံ. . . ဝက်ဝံအုပ်ဝင်လာလို့"

"ဟင်"

"သတိထားကြဟေ့"

တစ်ရွာလုံး ပြေးဟယ်လွှားဟယ် ဖြစ်ကုန်၏။ အိမ်တံခါးပိတ်သူပိတ်၊ ငယ်သံပါအောင် အော်သူအော်နှင့် သောသောညံနေ၏။ ထိုစဉ် ရွာလယ်ပိုင်းမှ သတ္တဝါကြီးများ၏ အော်သံကို ကြားရ၏။ ဇခူးမားတို့လူစု မဏ္ဍပ်ထဲမှထွက်ကာ အုပ်စုခွဲလိုက်ကြ၏။ ဇခူးမားသည် အမှောင်ရိပ်ကို အားပြုကာ အိမ်အရောက် ပြန်ပြေးလာ၏။

"ဟဲ့- မင်း ဘယ်ပြန်ထွက်ဦးမလို့လဲ"

"သေနတ်လာယူတာ အနူးရဲ့"

"အို- ဒီကလေးကွယ်၊ ဒုက္ခပါပဲ"

အနူးက တားသော်လည်း ဇခူးမား ဂရုမပြုနိုင်။ ထရံတွင် ချိတ်ထားသော တူမီးကိုယူကာ ရွာထဲ အလျှင်အမြန် ထွက်ခဲ့၏။ အသံကြားရာ ရွာလယ်ပိုင်းသို့ အနောက်ခြမ်း ထင်းရှူးပင်များကြား ကွေ့ပတ်၍ ပြေးလာခဲ့၏။

လမ်းတစ်ဝက်အရောက်တွင် တဲအိမ်တစ်လုံးကိုဖြိုနေသော သတ္တဝါကြီးကို ရိပ်ခနဲ တွေ့လိုက်ရသဖြင့် လက်ထဲက သေနတ်ဖြင့် ပစ်ချလိုက်၏။

"ဖြောင်း. . . ဖြောင်း"

"ဂီးဂီး. . . ဝေါင်း"

ပစ်မှတ်က သတ္တဝါကြီးကို ထိသွားပုံမပေါ်။ ဂီးခနဲအော်သော ကုန်းတုန်းကွကွနှင့် ထွက်ပြေးသွား၏။ ဇခူးမားသည် စည်းရိုးတစ်ခုကို လွှားခနဲ



www.burmeseclassic.com

www.burmeseclassic.com



တော့်တာ နောက်မှ ထက်ကြပ်မကွာ လိုက်ခဲ့၏။ ရွာလမ်းအချိုးတွင် နွားနောက်ကြီးတစ်ကောင်ကို တိုက်ခိုက်နေသော သတ္တဝါကြီးတစ်ကောင်ကို တွေ့လိုက်ရပြန်၏။

ဇခူးမားသည် ဒူးတစ်ဖက်ထောက် ထိုင်ချလိုက်ပြီး သတ္တဝါကြီးကို သုံးလေးချက် ဆင့်၍ ပစ်ချလိုက်၏။

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

"ဂိုး. . . ဂိုး"

"ဘူး. . . ဘူး"

အော်သံတွေက ကျွက်ကျွက်စီနေ၏။ သတ္တဝါကြီးမှာ ဇခူးမား၏ လက်ချက်ကြောင့် ရှေ့သို့ဆိုက်ကျသွားပြီး အတင်းလူးလဲထကာ ထွက်ပြေးလေတော့၏။ ထိုစဉ် ရွာသားများ၏ ညာသံပေးသံများ ထွက်ပေါ်လာ၏။ တုံးတွေခေါက်၊ အိမ်တံခါးတွေထုနှင့် ခြောက်သံလှန့်သံများ ပေါ်လာကာ သတ္တဝါကြီးများသည် ရွာထဲမှ အလျှင်အမြန် ထွက်ပြေးသွားကြလေ၏။

ဇခူးမားသည် ရွာအရှေ့ဘက်အရောက်တွင် ဦးကျင်းပေါင်တို့လူစုနှင့် ဆုံမိကြ၏။ နူလားတို့လက်ထဲတွင် မီးတုတ်တွေကိုင်ထား၏။ နောက်ဆုံး ရွာလယ်ဘက်သို့ တက်သုတ်နှင်ခဲ့ကြရာ ဦးဗွေဆန်းအိမ်မှ ကီးလိန်း၏ အော်သံကို ကြားလိုက်ရ၏။

တဲထဲ အပြေးအလွှား ဝင်ကြည့်တော့ ဦးဗွေဆန်းတစ်ယောက် ဒဏ်ရာ ပြင်းထန်စွာနှင့် သေဆုံးနေသည်ကို တွေ့လိုက်ရ၏။ နွားနောက်ခြံထဲမှ နွားနောက်နှစ်ကောင်လည်း ဗိုက်တွေပွင့်ပြီး သေဆုံးနေသည်ကို တွေ့လိုက်ရ၏။

ကီးလိန်းမှာ ဖခင်အလောင်းကို ပိုက်ရင်း အော်ဟစ်ငိုကြွေးနေ၏။ ဇခူးမားကို မြင်တော့ မီးဝင်းဝင်းတောက်မထတ် မျက်လုံးကြီးတွေနှင့် ကြည့်ကာ စူးစူးရဲရဲ ပြောလိုက်၏။

"မင်း. . . မင်း တရားခံပဲ"

"ဗျာ၊ ဘာ. . . ဘာဖြစ်လို့လဲ"

"မင်း ဝက်ဝံတွေကို သွားပစ်လို့ ဝက်ဝံတွေ ရွာထဲလိုက်လာတာကွ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ငါကပါး သေပြီ။ အဲဒါ မင်းလုပ်တာကွ"

"ဗျာ"

ကီးလိန်းက သူ့ကို လက်ညှိုးတထိုးထိုး စွပ်စွဲနေ၏။

ဇခူးမား ဘာပြောလို့ပြောရမှန်းမသိ။ ကီးလိန်းစကားကို ရွာသားအချို့ကလည်း ယုံကြည်နေ၏။ ထိုအထဲ ရွာလူကြီး ဦးကျင်းပေါင်ကပါ ကီးလိန်းစကားကို ထောက်ခံပြောဆိုနေသဖြင့် ဇခူးမားတစ်ယောက် တစ်ခွန်းတစ်ပါဒမျှ မပြောသာတော့ဘဲ တဲအက်သို့ ပြန်ခဲ့ရလေ၏။

ဦးဗွေဆန်း သေဆုံးခဲ့ရသည့်အဖြစ်ကြောင့် ရွာသားအချို့ ဇခူးမားအပေါ် အပြစ်တင်လာကြ၏။ ဝက်ဝံကို သတ်ဖြတ်လိုက်သဖြင့် ရွာကို ပြန်၍ ဒုက္ခပေးလာခြင်းဖြစ်သည်ဟု ပြောဆိုကုန်ကြ၏။ မိခင်ကြီးနှင့် အစ်ကိုလုပ်သူကလည်း သူ့ကို မာန်မဲနေကြ၏။

ဇမူးမား ဘယ်သို့ ဖြေရှင်းရမှန်းမသိ။ ဖြေလည်း မဖြေရှင်းတတ်တော့။ ကောက်သစ်စား ပွဲတော်ကြီးမှာလည်း ဝက်ဝံများ၏ ရန်ကြောင့် ဖျက်သိမ်းလိုက်ရလေတော့၏။

○

တစ်ရက်တွင် သူတို့ရွာကလေးဆီသို့ မြို့မှ အမြွာညီအစ်ကို မျက်နှာစိမ်းနှစ်ဦး ရောက်ရှိလာ၏။ မျက်နှာစိမ်းဆိုသော်လည်း ဦးကမ်တွဲနှင့် ဆွေမျိုးနီးစပ်တော်သူများ ဖြစ်၏။ နှစ်ဦးစလုံးက ကီးလိန်းနှင့် သက်တူရွယ်တူ ဖြစ်၏။ ထို့အပြင် သူတို့နှစ်ဦးစလုံးက အမဲလိုက်မုဆိုးများ ဖြစ်ကြပြီး ကီးလိန်းက အကူအညီတောင်းသဖြင့် ရွာသို့ ရောက်လာခြင်းဖြစ်လေ၏။

သူတို့နှစ်ဦးစလုံးတွင် နှစ်လုံးပြူးပြောင်းရှည်သေနတ်ကြီးများလည်း ပါလာ၏။ အရပ်အမောင်းကလည်း ခြောက်ပေနီးပါးခန့်ရှိပြီး ကိုယ်လုံးကိုယ်ထည်ကလည်း တုတ်ခိုင်လှ၏။ ရုပ်ချင်းကလည်း ဆင်တူလှပြီး ကြမ်းတမ်းခက်ထန်သောအသွင် ရှိ၏။ နာမည်မှာ မိုက်ကယ်နှင့် မိုလာဟု အမည်ရ၏။

ကီးလိန်းသည် မိုက်ကယ်တို့ ရောက်လာသည့် အချိန်မှစ၍ ဝက်ဝံကြီးများကို တဖွဖွ ကြိမ်းမောင်းနေ၏။ မိုက်ကယ်တို့ညီနောင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စိတ် တစ်စက်ကလေးမျှ မရှိသလိုပင်။ ထူးဆန်းသည်မှာ ဇခူးမား တို့ထဲဆီသို့ မိုက်ကယ်နှင့် ကီးလိန်းတို့ ရောက်လာခြင်းပင် ဖြစ်၏။

နွားနောက်တွေကို သန့်ရှင်းပေးနေသော ဇခါးသည် ကီးလိန်းကို မြင်လိုက်ရသဖြင့် အံ့ဩနေ၏။ ဘေးမှပါလာသည့် မျက်နှာစိမ်းကို ကြည့်ပြီး ဇခါးစိတ်ထဲ ဇဝေဇဝါ ဖြစ်သွား၏။ ထိုစဉ် ကီးလိန်းက မိုက်ကယ်နှင့် မိတ်ဆက်ပေးလိုက်၏။

"အစ်ကိုဇခါး ဒါ- ကျွန်တော့်အစ်ကိုဝမ်းကွဲ မိုက်ကယ်လေ၊ မင်းတပ်ကပဲ"

"ဟုတ်လား၊ ဘာကိစ္စလဲ။ ငါ ဘာကူညီရမလဲပြော"

"ဩော်- ကျွန်တော် မြို့မှာနေတုန်း ခင်ဗျားတို့ကပါးနဲ့ မိတ်ဆွေဖြစ်ခဲ့ဖူးတယ်ဗျ"

"ဟင်- ဟုတ်လား၊ ကိုမိုက်ကယ်က ကပါးကို သိတယ်"

"သိတယ်လေ၊ ခင်ဗျားတို့ကပါး ဆုံးသွားပြီဆိုတဲ့ သတင်းကြားရတော့ ကျွန်တော်တို့ ယုံတောင်မယုံဘူးဗျာ"

"ဟုတ်တယ်၊ မြို့ကိုသွားရင်း လမ်းမှာ တောကောင်ဆွဲသွားတာပဲ။ ကပါးရဲ့အလောင်းကို ပြန်တောင်မရဘူးဗျ"

"အေးဗျာ- ခင်ဗျားတို့ကပါးက တကယ့်မုဆိုးကြီးဗျ။ သူဟာ မော်ပီတောင်ကြီးဘက်ကိုလည်း ရောက်ဖူးတယ် မဟုတ်လား"

"ဟုတ်တယ်၊ ကပါးမရောက်ဘူးတဲ့နေရာ မရှိဘူးဗျ။ အဲဒီတောင်ပေါ်ကိုသွားရင် တစ်ပတ်နှစ်ပတ်တောင်ကြာတယ်။ ပြန်လာရင်လည်း သားကောင်ကြီးတွေ ရလာတတ်တယ်ဗျ"

"သိပ်ဟုတ်တာပေါ့ဗျာ။ ဦးကီးအောင် ယူလာတဲ့ ကျားသားရေကို ကျွန်တော်တောင် ဝယ်ဖူးတယ်ဗျ။ ကျွန်တော်တို့လာတဲ့ကိစ္စက တခြား မဟုတ်ဘူး၊ ခင်ဗျား အဲဒီ မော်ပီတောင်ဘက်ကိုသွားဖူးလား"

"ဗျာ"

မိုက်ကယ်၏ အမေးကို ဇခါးက ခေါင်းတခါခါ လုပ်လိုက်၏။ မော်ပီတောင်ဆီ သွားဖို့ဆိုသည်မှာ ယောင်လို့တောင် စိတ်မကူးခဲ့။ ထို့ကြောင့်လည်း မိုက်ကယ့်အမေးကို ခေါင်းခါလိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီရွာက အဲဒီဘက်ကို ဘယ်သူသွားဖူးလဲ"

"တစ်ယောက်မှ မသွားရဲဘူးဗျ။ အဲဒီဘက်က တအားကို အန္တရာယ်ပေါတာ"

"ကျွန်တော်တို့သွားမယ်ဆိုရင် ကိုဇခါးလိုက်မှာလား"

"ဟာ- ကျွန်တော် အဲဒီဘက်ကို တစ်ခါမှ မသွားဘူးတော့ မလိုက်ချင်ဘူးဗျ"

"ကျွန်တော်တို့ ဒီကိုလာတာ ရွာရဲ့အန္တရာယ်ကို ကူညီဖယ်ရှားပေးဖို့ပါပဲဗျာ။ ဟောဒီ ကျွန်တော့်ညီလေး ကီးလိန်းကလည်း ကျွန်တော်တို့ကို အကူအညီတောင်းနေလို့ဗျ။ ကျွန်တော်တို့ကလည်း သားကောင်ကြီးကြီးကိုမှ ပစ်ချင်တာ"

သူတို့လူစု ပြောဆိုနေစဉ် ဇခူးမား တဲထဲကို ဝင်လာ၏။ ကီးလိန်းကို မြင်တော့ သူ အံ့သြနေ၏။ သူတို့ဆီကို ကီးလိန်း တစ်ခါမျှ မလာဖူးဘူး။ ထို့ပြင် သူ့ကိုလည်း အမြဲတမ်း ချိုးချိုးနှိမ်နှိမ် ဆက်ဆံလေ့ရှိသော ကီးလိန်း။ ယခုတော့ မျက်နှာစိမ်းတစ်ဦးနှင့် ရောက်ရှိလာကာ အစ်ကိုဖြစ်သူနှင့် စကားပြောဆိုနေသည်ကို မြင်ရတော့ တအံ့တသြ ဖြစ်နေ၏။ ထိုစဉ် ကီးလိန်းက သူ့ကိုမြင်သည်နှင့် ခပ်ထေ့ထေ့ ပြုံးပြီး ပြောလိုက်၏။

"ဟော့ကောင် ဇခူးမား၊ မင်း သူတို့နဲ့ လိုက်သွားပါလားကွ"

"ဗျာ- ဘယ်လိုလိုက်ရမှာလဲ"

"ဒါ ငါ့အစ်ကို မိုက်ကယ်၊ သူက အပျော်တမ်း အမဲပစ်အဖွဲ့ဝင်ကွ။ သူတို့ဆီမှာ ပြောင်းရှည်တွေလည်းပါတယ်။ သူတို့က မော်ပီတောင်ဘက်ကို သွားမှာတဲ့။ မင်းလိုက်မယ်ဆိုရင် မင်းအတွက် စရိတ်စကအကုန်ခံမှာကွ။ မင်းက အမဲပစ်ဝါသနာပါတယ် မဟုတ်လား"

"ဟင်- မော်ပီတောင်ဘက်"

"ဟုတ်တယ်လေ"

ဇခူးမားတစ်ယောက် တွေခနဲ ဖြစ်သွား၏။ အစ်ကိုလုပ်သူ ဇခါးမှာ ညီငယ်ကို မလိုက်စေချင်။ မိုက်ကယ်တို့ မသိအောင် မျက်နှာရိပ်မျက်နှာကဲ ပြနေ၏။ သို့သော် ဇခူးမားက မော်ပီတောင်ဟု ကြားလိုက်သည်နှင့် စိတ်ထဲ မရိုးမရွ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်မယ်ဗျာ"

"ဒါဆို ကောင်းတာပေါ့"

"ဇနူးမား မင်း. . . မင်းလိုက်လို့ ဖြစ်ပါ့မလား"

"မပူပါနဲ့ အစ်ကိုဇခါးရာ၊ ကျုပ်က အဲဒီဘက်ကို သွားချင်တာဗျ။ ရွာကို ဒုက္ခအမြဲပေးနေတဲ့ ဝက်ဝံတွေဟာ အဲဒီတောင်မှာ အုပ်ဖွဲ့ပြီးနေတာဗျ။ ကပါးကလည်း ကျုပ်ကို ပြောဖူးတယ်။ လိုက်မယ်ဗျာ"

ဇနူးမား၏စကားကြောင့် အစ်ကိုလုပ်သူ ဇခါးမှာ မှုန်ကုပ်ကုပ် ဖြစ်နေ၏။ ညီလုပ်သူကိုလည်း ပြော၍မရ။ ကီးလိန်း မိဘများကလည်း သူတို့အပေါ် ကျေးဇူးရှိနေသည်မို့ ကီးလိန်းစကားကို မလွန်ဆန်နိုင်။ ဇနူးမားသည် သူနှင့် စိတ်တူကိုယ်တူ လူတွေပေါ်လာသဖြင့် ဝမ်းသာအားရ ဖြစ်နေ၏။

ထိုအချိန်မှစပြီး ဇနူးမားတစ်ယောက် မော်ပီတောင်တန်းကြီးပေါ်သို့ သွားရောက်ရန် ပြင်ဆင်နေ၏။ အနူးလည်း တားမရ၊ အစ်ကိုလုပ်သူလည်း တားမရ။ နောက်ဆုံး ဂျာရာကိုယ်တိုင်ပင် ဇနူးမားကို တားခဲ့၏။ ဘယ်သူမှ တား၍မရ။

သူ့မျက်လုံးတစ်ဖက်ကို ယူသွားသော နဖူးဖြူဝက်ဝံကြီးကိုလည်း သူ ရင်ဆိုင်ချင်၏။ ထို့ပြင် သူ့ကြောင့် ရွာထဲ အန္တရာယ်ကြုံနေရသည်ဆိုသော စကားကိုလည်း ချေဖျက်ချင်၏။ မိုက်ကယ်တို့အမြွာညီအစ်ကိုကလည်း ဇနူးမားကိုခေါ်ပြီး လမ်းခရီးစားသောက်သွားရန်အတွက် ချက်ရေးပြုတ်ရေ ကအစ စီစဉ်ရန် စရိတ်များ ထုတ်ပေးခဲ့၏။

ထိုသတင်းကြောင့် တစ်ရွာလုံးက ဇနူးမားအပေါ် စိုးရိမ်နေကြ၏။ ရွာလူကြီး ဦးကျင်းပေါင်ကိုယ်တိုင်ကလည်း ဇနူးမားကို သံယောဇဉ်ရှိနေ၏။ စိုးရိမ်တကြီးနှင့် ခေါ်ယူတားမြစ်သော်လည်း ဇနူးမားက ခေါင်းမာလှ၏။

သို့နှင့် အားလုံး ပြင်ဆင်ပြီးသွားချိန်တွင် သူတို့သုံးဦး မော်ပီတောင်ပေါ်တက်ရန် ခရီးစထွက်ခဲ့ကြလေ၏။ ကီးလိန်းသည် ပါးစပ်က ပြောသော်လည်း တကယ်တမ်းကျတော့ အင်တင်တင် ရွံတွန့်တွန့် ဖြစ်နေ၍ ထားခဲ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com


မော်ပီတောင်ကြီးက ရွာမှ တစ်ညအိပ်ခရီးသွားရ၏။ တောင်ကုန်းတွေ၊ တောတန်းတွေ၊ ချောင်းတွေကို ဖြတ်ရ၏။

သူတို့သုံးဦး မိုးမလင်းခင် ခရီးထွက်ခဲ့ကြ၏။ ကျောပိုးအိတ်တစ်ယောက်တစ်လုံးစီ လွယ်ထား၏။ မိုက်ကယ်နှင့် မိုလာတို့နှစ်ဦးသည် ပြောင်းရှည်သေနတ်ကြီးများကို ပခုံးတွင် ချိတ်ထား၏။

ဇနူးမားမှာ တူမီးသေနတ်မရှိတော့။ ဦးကမ်တွဲ ဝက်ဝံကိုက်ခံရသည့်အချိန်မှစ၍ ကီးလိန်းက သေနတ်ကို ပြန်သိမ်းလိုက်၏။ ထိုအခါ ဖခင်ကြီး၏ ဒူးလေးကြီးကိုသာ အားကိုးရတော့၏။ ယခုလည်း ဖခင်ကြီး၏ ဒူးလေးကြီးကို ပခုံးတွင် လွယ်ထား၏။ သူနှင့်အတူ တောခွေးကြီး မိုင်းသာ ပါခဲ့၏။ သူတို့သုံးဦး တောင်ယာခင်းများကို ဖြတ်၍ ဝက်သစ်ချတောတန်းကို ဖြတ်ခဲ့ကြ၏။ နှင်းတွေက သူတို့ကိုယ်ပေါ်မှာ တဖွားဖွား။ ရွက်ကြွေတွေကလည်း မြေပြင်ပေါ် တသောသော။ သစ်ပင်ကြီးငယ် မှန်သမျှလည်း နှင်းမှုန်များ ကပ်ငြိနေ၏။

လမ်းတွေကလည်း စွတ်ဆိုချော်ချွတ်နေ၏။ ဝက်သစ်ချပင်ကြီးများပေါ်တွင် ကဂတ်ဂတ် အော်တစ်နေသော အောက်ချင်းငှက်ကြီးများကို တွေ့ရ၏။ လူသံကြားသည်နှင့် တဂတ်ဂတ်အော်ကာ သစ်ပင်များပေါ်မှ ထပျံကုန်ကြ၏။

သူတို့သုံးဦး ဝက်သစ်ချတောတန်းအတိုင်း ခရီးဆက်လာကြရင်း မြင့်မားသောကုန်းမြင့်ပိုင်းသို့ ရောက်လာ၏။ ကုန်းမြင့်ပိုင်းသို့ရောက်လာလေလေ နှင်းမှုန်များ ကပ်ငြိနေသော လေထုက တစ်ဟုန်ထိုး တိုက်ခတ်လာ၏။ မိုက်ကယ်နှင့် မိုလာတို့နှစ်ဦး၏ ကိုယ်ပေါ်တွင် သားရေထည်နှင့် ချုပ်ထားသော လောင်းကုတ်ကြီးများ ဝတ်ဆင်ထား၏။ ဇနူးမားသည် ချင်းစောင်ထူထူကြီးကို ကိုယ်ပေါ် ခြုံထား၏။ ကုန်းမြင့်ပိုင်းသို့ရောက်လေ ရာသီဥတုက ပို၍ ဆိုးဝါးလာလေလေပင်။

နှင်းမုန်တိုင်းများ ကျလာသဖြင့် သူတို့သုံးဦးစလုံး ခရီးမဆက်နိုင်တော့။ စွတ်စိုနေသော ကုန်းမြင့်ကိုဖြတ်ကာ အနောက်ဘက်၊ ကျောက်တောင်များကြီးဆီသို့ ခပ်သုတ်သုတ် ခရီးနှင်ခဲ့ကြ၏။ သစ်တောကြီးတစ်ခုလုံး နှင်းမုန်တိုင်းကြောင့် ယိမ်းထိုးလှုပ်ခါနေ၏။ သစ်ကိုင်းသစ်ခက်တွေ


www.burmeseclassic.com

www.burmeseclassic.com



လည်း တဖြောင်းဖြောင်း ကျိုးကျနေ၏။

သူတို့သုံးဦး နှင်းမုန်တိုင်းကို လွတ်အောင်ပြေးရင်း နောက်ဆုံး ကျောက်တောင်ကြီးများကြားသို့ ရောက်ရှိလာကြ၏။ အမိုးသဖွယ် စူငေါ ထွက်နေသည့် ကျောက်မို့ကြီးနောက်တွင် သုံးယောက်သား ဝပ်နေရ၏။ နှင်းမုန်တိုင်းက အသံပါ ပါလာ၏။ ဝေါခနဲ ဝုန်းခနဲ အသံကြီးတွေက လည်း ကြောက်မက်ဖွယ်ရာပင်။

မြင်မြင်သမျှ အရာအားလုံးလည်း နှင်းတွေနှင့် ဖွေးဖွေးလှုပ်နေ၏။ သူတို့လူစု ကျောက်မို့ကြီးအောက်ထဲ ပုန်းအောင်းရင်း ဇရူးမားယူလာသည့် ခေါင်ရည်ကျည်တောက်ကို ထုတ်၍ သောက်လိုက်ကြ၏။ လေတိုးသံကြီး က အပြင်ဘက်တွင် မြည်ဟည်းနေဆဲ။

ရုတ်တရက်ဆိုလျှင် သတ္တဝါကြီးများ၏အော်သံဟစ်သံကြီးတွေ အ လားပင် ထင်ရ၏။ တစ်ခါတစ်ရံ နှင်းပြင်ကြီးများ၊ နှင်းထုကြီးများ ပြိုကျသံ ကို ကြားနေရ၏။ မိုက်ကယ်သည် ကျောပိုးအိတ်ထဲမှ အသင့်ဆောင်လာ သည့် ဝီစကီပုလင်းတစ်လုံးကို ထုတ်၍ အဖုံးဖွင့်ကာ သောက်လိုက်၏။

"အဲဒါ ဘာတုံးဗျ"

"ဝီစကီလေ၊ မင်းတို့ ခေါင်ရည်ထက်ကောင်းတယ်ကွ။ တစ်ငုံသောက် ကြည့်ပါလား"

"ဟုတ်လား၊ ပေးဗျာ"

မိုက်ကယ်ထံမှ ဝီစကီပုလင်းကိုယူကာ တစ်ငုံမော့ကြည့်လိုက်၏။ သူ့လည်ချောင်းထဲ မီးစကြီးနှင့် ထိုးလိုက်သလိုပင်။ မိုလာကလည်း မိုက် ကယ့်နည်းတူ ဝီစကီပုလင်းတစ်လုံး ဖွင့်၍ တစ်ငုံနှစ်ငုံ မော့လိုက်၏။

"အား- ခုမှပဲ နွေးတေးတေး ဖြစ်လာတယ်"

"ဇရူးမား၊ ဘယ်လိုလဲကွ"

"ပူတယ်ဗျာ၊ လည်ချောင်းထဲ စူးခနဲ ဖြစ်သွားတာပဲ"

"ဟား ဟား ဟား ဝီစကီကွ၊ တန်ဖိုးကြီးတယ်"

ဝီစကီဝင်သွားသဖြင့် မိုက်ကယ်တို့ညီနောင်သည် စကားတွေ သွက် လာ၏။ မီးကင်ထားသော နွားနောက်သားခြောက်ကို ဝါးရင်း ဒေသီတို့ အခြေအနေကို စောင့်ကြည့်နေကြ၏။ နှင်းတွေက တဖွဲဖွဲ တသဲ သဲ။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



သုံးဦး တစ်အောင့်တစ်နား အပန်းဖြေလိုက်ကြ၏။

တဖြည်းဖြည်း လေထုက ငြိမ်ကျသွား၏။ အသံဗလံကြီးတွေလည်း သိုးသိုးသဲ့သဲ့သာ ကြားရတော့သဖြင့် ပုန်းအောင်းနေသည့် ကျောက်မှိုကြီးများနောက်မှ ကုန်းရုန်းထွက်ခဲ့ကြ၏။ သူတို့ကိုယ်ပေါ် ကပ်ငြိနေသည့် နှင်းမှုန်များကို ခါချပစ်လိုက်၏။

မိုက်ကယ်တို့ထဲတွင် ခရီးသွား သံလိုက်အိမ်မြှောင်ကအစ ပါလာ၏။ မိုက်ကယ်၏ လည်ပင်းတွင် ချိတ်ဆွဲထားသော မှန်ဘီလူးကလည်း အစွမ်းထက်လှ၏။ မော်ပီတောင်ကြီးကို မှန်ဘီလူးနှင့် ဆွဲကြည့်ရာ မိုးမိုးမတ်မတ် ပေါက်နေသော တောပင်ကြီးများကို ထင်ထင်ရှားရှား မြင်နေရသဖြင့် ဇခူးမား အံ့ဩနေ၏။

သူတို့သုံးဦး ချော်ချွတ်နေသော နှင်းပြင်ကို သတိကြီးစွာနှင့် ဖြတ်သန်းခဲ့ကြ၏။ တောရိုင်းပင်ကြီးများကလည်း လူတစ်ရပ်စာခန့် ရှိ၏။ တောယင်မဲရိုင်းကြီးတစ်အုပ် တဝီဝီ မြည်သံပေးပြီး သူတို့နောက်မှ လိုက်လာ၏။

တဖြည်းဖြည်း ထင်းရှူးပင်၊ ယူကလစ်ပင်များအောက်သို့ ရောက်လာကြ၏။ ထင်းရှူးပင်များပေါ်တွင် သစ်ခွပန်းများကို ဖွေးဖွေးလှုပ်နေသည်ကို မြင်ရ၏။ အရောင်က ရောင်စုံ၊ ပန်းနုရောင်၊ ခရမ်းပြာ၊ အဖြူ၊ ရွှေဝါရောင် စသည်ဖြင့် အရောင်အသွေး စုံလှ၏။ ဇခူးမားသည် သစ်ခွပန်းများကို ကြည့်ရင်း ဂျာရာကို သတိရနေမိ၏။

ဦးဗွေဆန်း ဝက်ဝံကိုက်ခံရသည့်ကိစ္စနှင့် စပ်လျဉ်း၍ ရွာသားအတော်များများက သူ့အပေါ် အမြင်မကြည်ခဲ့သလို ဂျာရာ၏ ဖခင် ဦးကျင်းပေါင်ကလည်း စိတ်ဆိုးဆိုးနှင့် အပြစ်တင်ခဲ့၏။ ဂျာရာ၏အစ်မ ဂျာဆိုင်ကပင် သူ့ကို နင့်ကြောင့် ရွာထဲ ဝက်ဝံတွေလာတာဟု ပြောခဲ့ဖူး၏။ အစ်မ၏ စကားကို ဂျာရာက နားယောင်ခဲ့ပုံပင်။ ထို့ပြင် ကီးလိန်းကပါ ဝင်မြှောက်လာသဖြင့် ဇခူးမား ငြိမ်နေခဲ့ရ၏။

ထိုအချိန်မှစပြီး ဂျာရာ သူ့အပေါ် ခပ်စိမ်းစိမ်း ဖြစ်ခဲ့၏။ အခုတော့ ခရမ်းပြာသစ်ခွများကို မြင်ရသောအခါ ဂျာရာကို သူ သတိရနေမိ၏။

"ဇခူးမား၊ မင်းဒူးလေး မြန်မြန်ပေးစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ- ဘာလုပ်မလို့လဲ"

"ပေးစမ်းပါကွာ"

မိုက်ကယ်က ဇခူးမားပခုံးပေါ်မှ ဒူးလေးကြီးကိုယူ၍ မြားတစ်တပ်ကာ တောရိုင်းပင်များကြား ခုန်ဆွခုန်ဆွ ပြေးနေသော ယုန်ညိုညိုကြီးများကို ပစ်ချလိုက်၏။ သုံးလေးချက်ပစ်မှ ယုန်ညိုကြီးတစ်ကောင်ကို ထိသွား၏။

"ဟာ- ထိသွားပြီကွ"

ယုန်ကြီးခမျာ မြေပြင်ပေါ် ယဲကျသွား၏။ မိလာသည့်ယုန်ကြီးကို ပြေးကောက်လိုက်ပြီး အမြီးမှ ဆွဲလာ၏။ မိုက်ကယ်သည် ယုန်ကြီးကို ကြည့်ပြီး ဝမ်းသာအားရ ဖြစ်နေ၏။

"မင်းဒူးလေးက ဘယ်ဆိုးလို့လဲကွ"

"အဲဒါ ကျုပ်ကပါ်းရဲ့ဒူးလေးဗျ"

"ဟုတ်လား၊ ကောင်းတယ်ကွာ။ မိုလာရေ ဒီတောအုပ်ဆုံးရင်တော့ နားမယ်ကွာ"

"နားလေ၊ ဒါမှ ယုန်သားကင်စားရတာပေါ့"

ပြောပြောဆိုဆိုနှင့် သူတို့သုံးဦး ခရီးဆက်ခဲ့ကြ၏။ သူတို့ဝင်လာခဲ့သည့် တောအုပ်မှာ သစ်ပင်ကြီးများနှင့် အုပ်ဆိုင်းနေ၏။ ယူကာလစ်၊ ထင်းရှူး၊ ဝက်သစ်ချ အပင်မျိုးစုံလှ၏။ လမ်းတစ်လျှောက် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လှသဖြင့် ဇခူးမားသည် ဓားကိုင်ကာ ရှေ့မှ လမ်းရှင်းပေးရ၏။

မြေပြင်ကလည်း နှင်းတွေဖုံးနေသဖြင့် သတိထားနင်းနေရ၏။ မြေပြင်က မညီညာ။ အနိမ့်အမြင့် အတက်အဆင်းတွေကလည်း ပေါလှ၏။ တောရိုင်းပင်များကြား လူတစ်ရပ်စာ ပေါက်ရောက်နေသည့် ပိန်းပင်ကြီးများကို တွေ့ရ၏။

လမ်းတစ်ဝက်အရောက်တွင် တောခွေးဟောင်သံကြီးများကို ကြားလိုက်ရ၏။ ခွေးဟောင်သံကြားလိုက်သည့်အခါ သူတို့နှင့်အတူပါလာသော မိုင်းသာကြီးက တအီအီအော်ကာ တောင်ကြည့်မြောက်ကြည့် လုပ်နေ၏။

တစ်အောင့်အကြာတွင် တောရိုင်းပင်များကြား ပြေးဝင်သွား၏။ မိုက်ကယ်သည် မိုင်းသာကြီး ဝင်သွားသည့်နောက်သို့လိုက်ရန် အချက်ပြလိုက်ပြီး တောရိုင်းပင်ကြီးများကို ဖယ်ရှား၍ ရှေ့သို့ တိုးဝင်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တောခွေးအုပ်၏ဟောင်သံက ပို၍ ကျယ်လောင်လာ၏။

မိုက်ကယ်နှင့် မိုလာတို့နှစ်ဦးသည် ပခုံးတွင် လွယ်ထားသော ပြောင်းရှည်သေနတ်များကို အသင့်ကိုင်ကာ မောင်းထိုးချိန်ဖြစ်၏။

"ဟာ- ဟို. . . ဟိုမှာ"

"ဟုတ်"

မြင်လိုက်ရသော မြင်ကွင်းက တခြားမဟုတ်။ မသေမရှင်ဖြစ်နေသော သမင်ပေါက်ကလေးတစ်ကောင်ကို တောခွေးအုပ်က အတင်းဝိုင်းဆွဲဝိုင်းကိုက်နေကြခြင်း ဖြစ်လေ၏။ သမင်ပေါက်ကလေးခမျာ သွေးရဲရဲ သံရဲရဲ ဖြစ်နေ၏။ ပေါင်တစ်ခြမ်းလုံးလည်း ပြုတ်ထွက်နေ၏။

မြေပြင်ပေါ် တုံးလုံးလဲကျကာ ဗိုက်လည်းပွင့်နေ၏။ တောခွေးကြီးများသည် တစ်ကောင်နှင့်တစ်ကောင် မာန်ဖီကာ စားမာန်ခုတ်နေကြ၏။ သူဆွဲကိုယ်ဆွဲနှင့် သမင်ပေါက်ကလေးခမျာ မသေမရှင်ဘဝနှင့် တဆတ်ဆတ် တုန်ခါနေ၏။

မိုက်ကယ်သည် ပြောင်းကို တောရိုင်းပင်များကြားမှ ထိုးချိန်လိုက်၏။ ဝါကြန့်ကြန့် အမွေးစုတ်ဖွား တောခွေးအုပ်သည် သမင်ပေါက်ကို မဲနေ၏။ မိုင်းသာကြီး ရောက်သွားတော့ တောခွေးတစ်ကောင်က မိုင်းသာကို အစွယ်ကြီးတွေဖြီးကာ လှမ်း၍ ဟိန်းဟောက်လိုက်၏။ မိုင်းသာကလည်း မမှု။ ရှေ့သို့ တစ်လှမ်းချင်း တိုးသွား၏။ ဇခူးမားသည် ဒူးလေးပေါ် မြားတစ်စင်း တပ်လိုက်ပြီး တောရိုင်းပင်များကိုဖယ်၍ တောခွေးအုပ်ကို ကြည့်လိုက်၏။

တောခွေးမှာ ငါးကောင်ဖြစ်၏။ ရင်အုပ်ဖြူရော်ရော်နှင့် ခွေးကြီးက ခေါင်းဆောင်ဖြစ်ပုံရ၏။ မိုက်ကယ်သည် ဇခူးမားကို ခေါင်းတစ်ချက်ညိတ်ပြလိုက်၏။ ထိုအခါ ဇခူးမားက လက်ထဲမှ ဒူးလေးခလုတ်ကို နှိပ်ချလိုက်၏။

မြားတံက ဗွစ်ခနဲ လှစ်ခနဲ၊ အရှိန်အဟုန် ပြင်းလှ၏။ စက္ကန့်ပိုင်းအတွင်း ရင်အုပ်ဖြူကြီး၏ နံစောင်းကို ဖောက်ထွက်သွား၏။ မြားဖောက်ဝင်သွားသည်နှင့် ရင်အုပ်ဖြူခွေးကြီး တုံးခနဲ လဲကျသွား၏။ ထိုအခါ တောခွေးအုပ် ရှုခနဲ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်သည် နှစ်လုံးပြူး သေနတ်ပြောင်း အသာမ,ပြီး မောင်းခလုတ်ကို နှိပ်ချလိုက်၏။ မိုက်ကယ်ပစ်လိုက်သည်နှင့် မိုလာကပါ ဆင့်ကဲပစ်ချလိုက်၏။

ခွေးအုပ်ကြီးမှာ အထိတ်တလန့် အော်ကာဟစ်ကာ ထွက်ပြေးကုန်၏။ ဇခူးမား ပစ်ချလိုက်သော ရင်အုပ်ဖြူကြီးကလည်း လဲကျနေရာမှ အတင်း ကုန်းရုန်းထကာ ထွက်ပြေးသွားလေ၏။

မိုက်ကယ်နှင့် မိုလာသည် တောရိုင်းပင်များကြားမှ အတင်းတိုးထွက်ကာ သမင်ကလေးဆီသို့ အပြေးအလွှား ရောက်ရှိသွား၏။ ထိုစဉ်ဝေါခနဲ မြည်သံကြီးပေါ်လာကာ သူတို့နှစ်ဦး နင်းထားသော,နှင်းပြင်ကြီးတ အောက်သို့ ကျွံကျသွား၏။

"ဟာ"

"အောင်မယ်လေးဗျ"

နှစ်ယောက်စလုံး ကျွမ်းထိုးမှောက်ခုံနှင့် တလိမ့်ခေါက်ကွေး ပြုတ်ကျသွား၏။ ရုတ်တရက်မို့ ဇခူးမားတစ်ယောက် အံ့ဩနေ၏။ မိုက်ကယ်တို့နှစ်ဦး နှင်းနွံကို နင်းမိလိုက်မှန်း ဇခူးမား ရိပ်မိသွား၏။

ထို့ကြောင့်လည်း တောရိုင်းပင်များကြားမှ အလျင်အမြန် တိုးထွက်ကာ ကျွံဝင်သွားသော ကျင်းကြီးအစပ်သို့ ရောက်ရှိလာ၏။

"ဇခူးမား၊ ဇခူးမား"

"ရှိတယ်၊ ကျုပ်အပေါ်မှာ ရှိတယ်"

"ငါ. . . ငါတို့ကို ဆွဲတင်ပါဦးကွ"

"ခဏစောင့်ဗျို့၊ ကျင်းကနက်တယ်"

"မြန်မြန်လုပ်ပါကွာ"

ကျင်းမှာ ဝါးတစ်ရိုက်ခန့်အနက် ရှိ၏။ မိုက်ကယ်နှင့် မိုလာတို့နှစ်ဦးခမျာ နှင်းတွေကြား မြုပ်ဝင်နေ၏။ နှစ်ယောက်စလုံး ကြောက်အားလန့်အားနှင့် အတင်းရုန်း၍ ထွက်လိုက်ကြ၏။ ကျင်းကြီး၏ နံရံတွေက စိုစွတ်ချွတ်ချော်နေသဖြင့် နှစ်ယောက်စလုံး ကျင်းပေါ်တက်ရန် အခက်တွေ့နေကြ၏။

ဇခူးမားသည် တောရိုင်းပင်များကြား ဖြတ်လျှောက်ရင်း ကျိုးကျနေ



www.burmeseclassic.com

www.burmeseclassic.com



သော ထင်းရှူးပင်ကြီးတစ်ပင်ဆီသို့ ရောက်လာ၏။ သူ့နံဘေးတွင် တောခွေးကြီး မိုင်းသာ ပါလာ၏။ ဇခူးမားသည် ကျိုးကျနေသော ထင်းရှူးကိုင်းကြီးတစ်ကိုင်းကို အတင်းတွန်းထုတ်ကာ အကိုင်းအခက်များကို ခုတ်ထွင်ရှင်းလင်းပစ်လိုက်၏။

ထို့နောက် ခုတ်ပြီးသား ထင်းရှူးကိုင်းကြီးကို ကျင်းဆီသို့ တရွတ်တိုက် ဆွဲလာ၏။ အံကြိတ်ပြီးဆွဲရင်း နှင်းပြင်ကိုလည်း သတိထား နင်းနေရ၏။ ကျင်းစပ်သို့ ရောက်လာသောအခါ ထင်းရှူးကိုင်းကြီးကို ကျင်းထဲသို့ ဖြည်းဖြည်းချင်း လျှောချလိုက်၏။

ရှည်လျားလှသော ထင်းရှူးကိုင်းကြီးသည် ကျင်းအောက်ခြေကို ထောက်မိသွား၏။ ထိုအခါ မိုက်ကယ်နှင့် မိုလာတို့နှစ်ဦး သစ်ကိုင်းကြီးကို တွယ်ကပ်ကုတ်ခြစ်ကာ ကျင်းပေါ်သို့ မရရအောင် ပြန်ရောက်လာကြ၏။

နှစ်ယောက်စလုံး ကျင်းနှုတ်ခမ်းမြေပြင်ပေါ် ရောက်ကာ မောဟိုက်နေကြ၏။

"တော်ပါသေးရဲ့ကွာ၊ မင်းသာမပါလို့ကတော့ ငါတို့နှစ်ယောက် ကျင်းထဲက တက်နိုင်မှာ မဟုတ်ဘူးကွ"

"တော်ပါသေးရဲ့ ဟူး. . ."

နှစ်ယောက်စလုံး နှင်းပြင်ပေါ်သို့ ပိုးလိုးပက်လက် လှဲနေကြ၏။ တစ်အောင့်အကြာတွင် သူတို့လှဲနေရာမှ ထလိုက်ပြီး ကိုယ်ပေါ်မှ နှင်းမှုန်နှင်းဖတ်များကို ခါချလိုက်၏။

"သတိထားသွားမှ ဖြစ်မယ်ဟေ့"

"ဟုတ်တယ်၊ ရှေ့ဆက် အဲဒီလို နှင်းချွံတွေရှိနိုင်တယ်ဗျ"

"မင်းရောက်ဖူးလို့လား"

"ကျုပ်က တောင်ခြေရင်းအထိ ရောက်ဖူးတယ်ဗျ။ ပြီးတော့ တောင်ပေါ်က သားကောင်ကြီးတွေ ဆင်းလာတတ်တယ်။ တတ်နိုင်ရင် အသံမထွက်အောင် သွားတတ်ဖို့ လိုတယ်ဗျ"

"အေး- ဇခူးမား၊ မင်းပြောတာ ဟုတ်တယ်။ ကိုင်း- ဒီတော့ကုပ်ကို မြန်မြန်ကျော်မှ ဖြစ်မယ်ဟေ့"

မိုက်ကယ်သည် ဇခူးမားကိုပြောရင်း ပြောင်းရှည်သေနတ်ကြီးကို ပခုံး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တင်၍ ရှေ့မှထွက်သွား၏။ သူ့နောက်မှ ခွေးကြီးမိုင်းသာက အမြီးတထောင်ထောင်နှင့် လိုက်သွား၏။ သူနှင့် မိုလာတို့နှစ်ဦး နောက်မှ နှင်းပြင်ကို သတိထားနင်း၍ လိုက်ခဲ့၏။

တောရိုင်းပင်များကို ဖြတ်သန်းရင်း သမင်တစ်အုပ်ကို မြင်လိုက်ရ၏။ မိုက်ကယ်က ပစ်မည်တကဲကဲ လုပ်နေသော်လည်း မိုလာက တားလိုက်၏။ သူတို့သုံးဦး ရှေ့သို့ခရီးနှင်ခဲ့ကြရာ မကြာမီ လှိုဏ်ကြီးတစ်ခုထဲသို့ ဆင်းခဲ့ကြ၏။ လှိုဏ်ကြီး၏အဆုံးတွင် တအိအိ စီးမျောနေသော စမ်းချောင်းကလေးကို တွေ့လိုက်ရ၏။

စမ်းချောင်းမျက်နှာပြင်တွင် နှင်းခဲနှင်းဖတ်များ တအိအိ မျောနေပါ၏။ ချောင်းတစ်ဖက်ဘေးတွင် ကျောက်တန်းကြီးကို တွေ့လိုက်ရ၏။ သူတို့သုံးဦး စမ်းချောင်းဘေးတွင် ထိုင်လိုက်ကြ၏။

မိုလာသည် ယူလာသော ယုန်ညိုကြီးကို အရေခွံဆုတ်ပြီး ချက်ချင်းမီးမွှေးကာ မီးကင်လိုက်၏။ မိုက်ကယ်သည် မောမောနှင့် ထိုင်ချလိုက်ပြီး ဝီစကီတစ်ငုံနှစ်ငုံ သောက်လိုက်၏။ ယုန်သားမီးကင်နံ့က လှိုဏ်ကြီးတစ်ခုလုံးကို ပျံ့နှံ့သွား၏။

ထိုအနံ့ကို ဦးဆုံးရသွားသူက လှိုဏ်ကြီးအောက်ဘက် ဝါးရုံပင်ကြားသားပေါက်နေသော ခွေးအ,အုပ်ပင် ဖြစ်လေ၏။ ခွေးအကြီးသည် မျှစ်စို့ကြီးတစ်ခုကို တဒုတ်ဒုတ်နှင့် ကိုက်ဝါးနေရာမှ အနံ့ကို ရှူမိသည်နှင့် ခေါင်းတထောင်ထောင် ဖြစ်လာ၏။ ထိုအခါ တွင်းထဲမှ ခွေးအ,မကြီးနှင့် ခွေးအ,ပေါက်ကလေးများပါ ခေါင်းတထောင်ထောင် ဖြစ်လာ၏။ ခွေးအ,ပေါက်ကလေးများ၏ အော်သံများ ထွက်လာ၏။

ထိုစဉ် တခြားတွင်းထဲမှ ခွေးအ,ကြီးသုံးလေးကောင်ပါ ခေါင်းတွေပြူတစ်ပြူတစ်နှင့် ဟိုကြည့်ဒီကြည့် လုပ်လာ၏။ နားရွက်တိုတို၊ အမြီးသေးသေး၊ ခေါင်းကြီးကြီး၊ မျက်လုံးပြူးပြူးနှင့် အလွန်မှ အကျည်းတန်လှ၏။ သူတို့ကိုယ်ပေါ်မှာလည်း နှင်းမှုန်တွေ ကပ်ငြိနေ၏။

ခွေးအ,ထီးကြီးတစ်ကောင်သည် အနံ့ကို ရှူလိုက်မိသည်နှင့် ဝါးရုံပင်ကြားမှ တိုးထွက်လာ၏။ သူ့နောက်မှခွေးအ,အုပ်ကြီး လိုက်လာ၏။ ခွေးအ,အုပ်ရှိနေသည့်နေရာနှင့် ဧည့်သည်များတို့ စတည်းချနေသည့်နေရာက မဝေးလှ။

www.burmeseclassic.com

www.burmeseclassic.com



ခွေးအ,ထီးကြီးသည် တောရိုင်းပင်များကို တိုးဝှေ့ကာ ချောင်းစပ်သို့ ရောက်လာ၏။ ထိုအချိန်တွင် ဇခူးမားသည် ချောင်းထဲဆင်းကာ ဝါးတျည်တောက်ထဲ ရေဖြည့်နေချိန် ဖြစ်၏။ မိုက်ကယ်နှင့် မိုလာတို့နှစ်ဦးသည် ဝီစကီ တန်ခိုးပြကာ မှောမောနှင့် ချောင်းစပ်တွင် ပက်လက်လှန်ပြီး မှိန်းနေကြ၏။ သူတို့အိပ်နေသော ကျောက်ဆောင်ကြီးအောက်ခြေတွင် ယုန်ကင်က မီးခိုးတငွေ့ငွေ့နှင့် ရှိနေ၏။

မီးအပူကြောင့် ယုန်ကင်ကြီးမှာ နီကြွင်ကြွင်အရောင်သို့ ပြောင်းလဲသွားပြီး ခန္ဓာကိုယ်မှ အဆီတွေ တစိမ့်စိမ့် ထွက်နေ၏။ ထိုမြင်ကွင်းကို ခွေးအ,ထီးကြီးက ချောင်းနေ၏။ သူ့နောက်မှ လိုက်လာသည့် ခွေးအ,အုပ်တလည်း ကျောက်ဆောင်တွေနားရှိ ဝါးရုံပင်များကြားသို့ အလုအယက် ရောက်သွား၏။

ဦးဆုံး ဝါးရုံပင်များကြားမှ တိုးဝင်လာသူက ခွေးအ,ထီးကြီး။ ယုန်ကင်ကြီးရှိရာသို့ တစ်လှမ်းချင်း ကုပ်ချောင်းကုပ်ချောင်း လျှောက်လာကာ မီးပုံနားအရောက်တွင် ယုန်ကင်ကို လွှားခနဲ ခုန်အုပ်လိုက်၏။

"ဟာ- ဘာလဲ"

"ဟာ- ခွေး. . . ခွေးအ,ကြီးတွေ"

"ဟိတ်. . . ဟေး"

"ဝှစ်. . . ဒုတ်"

"အိအိ. . . အဲအဲ"

ခွေးအ,ကြီးက ယုန်ကင်ကို ကိုက်မိသည်နှင့် ဝါးရုံပင်ကြားသို့ ဝင်ပြေးသွား၏။ ထိုစဉ် မိုက်ကယ်တို့ညီအစ်ကို အထိတ်တလန့်ဖြစ်ကာ ကျောက်တုံးကြီးပေါ်မှ အလူးအလဲထလိုက်ပြီး အော်ဟစ်ခြောက်လှန့်လိုက်၏။

ချောင်းထဲဆင်းနေသော ဇခူးမားသည် ချောင်းထဲမှ ကျောက်ခဲတစ်လုံးကိုယူ၍ ပစ်ခတ်လိုက်ရာ ခဲက ခွေးအ,တစ်ကောင်ကို ထိမှန်သွား၏။ ထိုအခါ ခွေးအ,အုပ်ကြီးသည် တအိအိအော်ကာ ထွက်ပြေးကုန်ကြ၏။

မိုက်ကယ်တစ်ယောက် ခွေးအ,အုပ်ကို အော်ဟစ်ဆဲဆိုနေ၏။ ထိုစဉ် ဇခူးမား ချောင်းထဲမှ တက်လာ၏။ မိုလာမှာလည်း အံ့ကြိတ်ကြိတ် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တောက်- တော်တော် မိုက်ရိုင်းတယ်ကွာ"

"အေးကွာ၊ ခွေးအ,တွေ မဟုတ်လား"

"ဟုတ်တယ်ဗျ၊ ခင်ဗျားတို့က အနံ့သွားပေးတာကိုး။ မရဘူး၊ ကျုပ်တို့ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူးဗျ။ ယုန်ကင်နံ့က လှိုဏ်တစ်ခုလုံး ပျံ့ကုန်ပြီ။ ကျုပ်တို့ ဒီနေရာက သွားကြမှဖြစ်မယ်"

"ဟုတ်တယ်ကွ၊ ကိုင်းကိုင်း- သွားကြမယ်ကွာ။ တောက်- ယုန်ကင်လေးတောင် ဝိစကီနဲ့ မမြည်းလိုက်ရဘူးကွာ"

မိုက်ကယ် ဒေါ်သတကြီးနှင့် မြေပြင်ပေါ်မှ ကျောပိုးအိတ်များကိုယူ၍ လွယ်လိုက်၏။ ဇခူးမားသည် ကိုယ်ပေါ်မှရေများသုတ်ကာ ချင်းစောင်ကြီးကို ကိုယ်ပေါ် ပတ်လိုက်၏။

သူတို့သုံးဦး ချောင်းအထက်ဘက်သို့ တက်ခဲ့ကြ၏။ ချောင်းက အထက်ပိုင်း ရောက်လေလေ ပို၍ ကွေ့ကွေ့ကောက်ကောက် ဖြစ်လာလေပင်။ ချောင်းတစ်ဖက်တစ်ချက်တွင်လည်း သစ်ကိုင်းသစ်ခက်များက ကိုင်းကျနေ၏။

နှင်းခဲနှင်းမှုန်များက ချောင်းပြင်ပေါ် မျောပါနေ၏။ ချောင်းရိုးကလေးအဆုံးတွင် တဝေါဝေါ ကျဆင်းနေသော ရေတံခွန်ကြီးကို မြင်လိုက်ရ၏။ ရေတံခွန်အမြင့်က ပေနှစ်ရာခန့်အမြင့်ရှိပြီး ရေတွေက ဖွေးဖွေးလှုပ်နေ၏။

ရေတံခွန်အောက်ဘက်တွင် ချောက်ကမ်းပါးကြီးများ တည်ရှိ၏။ သူတို့လူစု ချောင်းစပ်ဘေးရပ်ကာ မော့ကြည့်လိုက်၏။

"တောင်ခြေရောက်ပြီကွ"

"ဟုတ်တယ်၊ ဒါ မော်ပီတောင်စပ်ပဲ။ ရေတံခွန်ဘေးက ကျောက်တောင်အတိုင်း တက်သွားရမှာဗျ။ အဲဒီ ရေတံခွန်တောင်ကျော်ရင် မော်ပီတောကြီးတန်းထဲ ရောက်ပြီဗျ"

"တော်တော်မြင့်တာပဲ၊ ခဏတော့ နားကြမယ်ကွာ။ ငါတို့ ဘာမှ မစားရသေးဘူးကွ။ ဇခူးမား ထုတ်ကွာ"

"ဟုတ်ကဲ့"

ဇခူးမားသည် ဝါးကျည်တောက်နှင့် ချက်ပြုတ်လာသည့် ဖုတ်ထမင်း



www.burmeseclassic.com

www.burmeseclassic.com



များကို ဟန်းကောခွက်တွေထဲ ထည့်လိုက်၏။

မိုက်ကယ်သည် အသားတုံးနီနီကြီးများကြည့်ကာ မေးလိုက်၏။

"ဘာကြီးတွေလဲကွ"

"ဒါ ဆတ်သားလေ၊ ကျူပ် နူးနေအောင် ချက်ထားတာဗျ"

"ဒါကရော"

"အဲဒါကမျှစ်လေ၊ တောင်ပေါ်မျှစ်က စားရခဲပါဘိဗျာ။ စားကြဗျာ၊ ခေါင်ရည်သောက်ဦးမလား"

"မသောက်ဘူးကွာ။ ငါတို့က မင်းတပ်ခေါင်ရည်ပဲ သောက်မှာကွ"

မိုက်ကယ်သည် ဝီစကီပုလင်း ထောင်ပြလိုက်ပြီး အဖုံးဖွင့်ကာ တစ်ငုံ နှစ်ငုံ မော့လိုက်၏။ ထို့နောက် ဟန်းကောချိုင့်ထဲမှ ဟင်းထမင်းများကို စားလိုက်ကြ၏။ ဆတ်သားနှင့်မျှစ် ရောချက်ထားသည့်ဟင်းက အရသာရှိသလို နွားနောက်ခြောက်ဖုတ် ဆီဆမ်းကလည်း ခံတွင်းတွေ့လှ၏။ ဆား တစ်ပုံကို သစ်ရွက်တစ်ရွက်ပေါ် ပုံပေးထား၏။

မိုက်ကယ်သည် ဆတ်သားတုံးကြီးများကို အားပါးတရ ကိုက်စားနေ၏။ ဇော့နီးမားသည် ခေါင်ရည်တစ်ကျိုက်နှစ်ကျိုက် စုပ်လိုက်ပြီး နွားနောက် သားခြောက်ကို မြုံ့၍ ဝါးလိုက်၏။

တောခွေးကြီးမိုင်းသာက တအီအီ လုပ်နေသဖြင့် နွားနောက်သား ခြောက်နှင့် ထမင်းကို နယ်ဖတ်ကာ ချကျွေးလိုက်၏။

သူတို့ ခရီးနှင်လာခဲ့သည်မှာ တစ်ဝက်ကျိုးပြီဟု ဆိုရချေမည်။ မိုလာ သည် စားသောက်ပြီးသည်နှင့် ချောင်းထဲကို ရေချိုးရန် ဆင်းသွား၏။ ဇော့နီးမားသည် ချောင်းစပ်ထိုင်ကာ ခွက်များကို ဆေးကြောလိုက်၏။ မိုင်း သာကြီးက အမြီးတနှန့်နှန့်။

မိုက်ကယ်တစ်ယောက်ကတော့ ချောင်းစပ်တွင် ကျောခင်းနေ၏။ ဇော့နီးမားသည် ခွက်တွေ ဆေးကြောပြီးသည်နှင့် ရေတံခွန်ကြီးအနားသို့ လျှောက်လာပြီး အပေါ်သို့ မော့ကြည့်လိုက်၏။ ကွဲအက်နေသော ကျောက် ဆောင်ကြားမှ တဖွားဖွား ပြိုဆင်းလာသော ရေတံခွန်ကြီးကို ငေးစူးရဲရဲ ကြည့်လိုက်မိ၏။

ကျောက်တောင်ကြီးများ မြင့်မားမို့မတ်နေ၏။ ကျောက်တောင်များ



www.burmeseclassic.com

www.burmeseclassic.com



ကြား သစ်ပင်ကြီးငယ်များက တွယ်ကပ် ပေါက်ရောက်နေ၏။ ရေတံခွန် ထိပ်တွင် သိမ်းငှက်ကြီးသုံးလေးကောင် ပျံဝဲနေသည်ကို မြင်လိုက်ရ၏။

ဖခင်ကြီး ခြေချသွားသော မော်ပီတောင်တန်းကြီးကို မော့ကြည့်ကာ သူ့ရင်ထဲ ဝမ်းသာအားရ ဖြစ်နေ၏။ နန်ကတစ်တစ်ရွာလုံး မမြင်ဘူးသော မော်ပီတောင်တန်းကြီးကို သူ နီးနီးကပ်ကပ် မြင်လိုက်ရပြီမို့ ရင်ထဲ ဖိုဖိုလှိုက် လှိုက် ခံစားနေရ၏။

အချိန်အနည်းငယ်အကြာတွင် အိပ်နေသော မိုက်ကယ် နိုးလာ၏။

"ကိုင်း- သွားကြမယ်ဟေ့"

"ဇခူးမား ကြိုးတွေပါရဲ့လား"

"ပါတယ်ဗျ၊ သတိထားမှဖြစ်မယ်"

"လာစမ်းပါကွာ"

သူတို့လူစု ရေတံခွန်ကြီးအနားသို့ လျှောက်လာကြ၏။ အစိတ်စိတ် အမြွာမြွာနှင့် ထိုးထိုးထောင်ထောင် မောက်တက်နေသော ကျောက်တောင် ကြီးကို ကြည့်လိုက်၏။ ဦးဆုံး ခြေလှမ်းပြင်လိုက်သူက ဇခူးမား။

ကျောက်တုံးကြီးတစ်တုံးပေါ် တွယ်တက်လိုက်၏။ ကျောက်တုံးကြီး ပေါ် ရောက်သည်နှင့် ကွဲအက်စူငေါ်နေသော ကျောက်စွယ်ကြီးကို ဆွဲကာ အပေါ် သို့ လျှောတိုက်တက်လိုက်၏။ ရေညှိတွေကြောင့် ကျောက်သား မျက်နှာပြင်တ ချောနေ၏။ မနည်းတွယ်တက်လာမှ အပေါ် သို့ ရောက်ရှိ လာ၏။

ကျောက်ချွန်းကြီးများကြားသို့ ရောက်သောအခါ နောက်ထပ်တစ် ဆင့်တက်ရန် စိုင်းပြင်းလိုက်၏။ ရေညှိများနှင့် ချောနေသော ကျောက် သားမျက်နှာပြင်ကို စို့တွေ တူတွေနှင့် ထုရိုက်လိုက်၏။ ခိုင်ပြီဆိုသည်နှင့် ရိုက်ထားသော စို့ကို အားပြုကာ အပေါ် သို့ ဖြည်းဖြည်းချင်း ဆွဲတက်၏။

ချိုင့်ခွက်သဏ္ဍာန်ဖြစ်နေသော ကျောက်တုံးကြီးပေါ် အရောက်တွင် ရိုက်ထားသော စို့များကို ဖြုတ်ယူလိုက်၏။ ထို့နောက် ကျောက်ခွက်ကြီး ပေါ် ခေတ္တအပန်းဖြေလိုက်၏။ သူတက်လာသည့် အမြင့်က ဝါးနှစ်ရိုက် ခန့် ရှိလာပြီ ဖြစ်၏။ ထိုစဉ် မိုက်ကယ်က ကြိုးချပေးရန် အချက်ပြလိုက် သဖြင့် တိုထဲမှ မနီလာကြိုးကို ထုတ်၍ ကျောက်သားချွန်ချွန်ကြီးဖြင့်စိခု



www.burmeseclassic.com

www.burmeseclassic.com


တွင်ချည်ကာ ကြိုးကို အောက်သို့ ပစ်ချပေးလိုက်၏။ မိုင်းသာကြီးခမျာ ခေါင်းတမော့မော့လုပ်ရင်း ကြည့်နေ၏။ သူ ဘယ်လိုမှ မတတ်သာတော့၊ မိုင်းသာကြီး တအိအိအော်ရင်း ကျန်ခဲ့၏။ ကြိုးအောက်သို့ ရောက်သွားသည်နှင့် ဇခူးမားတစ်ယောက် ရှေ့ဆက်တက်ရန် ပြင်ဆင်လိုက်၏။ ကွဲအက်နေသော ကျောက်သားပြင်ထဲ စို့တစ်ချက်နှစ်ချက် ရိုက်သွင်းပြီး စို့ကို နင်းကာ အပေါ်သို့ ဆက်တက်ခဲ့၏။

ရင်နှစ်မွှာလို ဆူထွက်နေသော ကျောက်သားပြင်ပေါ်သို့ ရောက်လာ၏။ ထိုအခါ လူ့တစ်ရပ်စာရှိသော ကျောက်သား ပါးဟက်ကြီးကို လက်တစ်ဖက်နှင့်ဆွဲကာ တရွတ်တိုက် တက်လိုက်၏။

"အီး. . . အီး"

"အား"

"ဂီး. . . ဂီး"

ရုတ်တရက် ကွဲအက်နေသော ကျောက်သားပြင်ကြားမှာ သိမ်းငှက်ကြီးတစ်ကောင် အတောင်ပံရိုက်၍ တိုးထွက်လာ၏။ ငှက်ကြီးသည် ဇခူးမားကို နှုတ်သီးနှင့် ဆိတ်လိုက်၊ အတောင်နှင့် ရိုက်လိုက်လုပ်နေ၏။

ဇခူးမားသည် ခေါင်းကို တွင်တွင်ကြီး ငုံ့ထား၏။ ငှက်ကြီးသည် ဒေါသတကြီးနှင့် တဂီးဂီး အော်ဟစ်ကာ သူ့ပခုံးသားကို နှုတ်သီးနှင့် ပေါက်ချလိုက်၏။

ရုတ်တရက် ကျောက်သားနံရံကို တွယ်ထားသည့်လက် ပြုတ်သွားမတတ်ပင်။ တစ်ရှိန်ထိုး ဝင်လာသည့် ငှက်ကြီးကို လက်ပြန်ရိုက်ထုတ်ပစ်လိုက်၏။

"ဂီး. . . ဂီး"

"ဟာ- ကဲကွာ"

"ဂီး. . . ဂီး. . . ဂီး"

ဇခူးမား၏ ရိုက်ချက်က [illegible]တ်သီးနှင့်ပေါက်ရန် ဝင်လာသော သိမ်းငှက်ကြီး၏ မျက်နှာကို ရိုက်မိသွား၏။ ထိထိမိမိ ရိုက်မိသွားသဖြင့် သိမ်းငှက်ကြီး တဂီးဂီး အော်ကာ အောက်သို့ စိုက်ဆင်းသွား၏။

ဇခူးမားသည် ကွဲအက်နေသော ကျောက်သားပြင်ကို လက်နှင့်တုပ်


www.burmeseclassic.com

www.burmeseclassic.com



တာ အထက်သို့ အားနှင့်မာန်နှင့် တက်လိုက်၏။ သူနင်းထားသည့် နေရာ တ ငုတ်သိုက်အဝင်ဝဖြစ်ပြီး သိမ်းငှက်ပေါက်ကလေးနှစ်ကောင် အသိုက် ထဲမှ ထွက်လာကာ သူ့ခြေထောက်ကို နှုတ်သီးလေးများနှင့် ထိုးဆိတ်နေ ၏။

ဇခွးမား မမှုနိုင်။ ရှေ့သို့ စို့ကြိုးတစ်ချောင်း ရိုက်သွင်းပြီး ဆွဲတက် လိုက်၏။ အမြင့်ပိုင်းသို့ ရောက်လာလေလေ လေအရှိန်က တစ်ဟုန်ထိုး တိုက်လာလေလေပင်။ နှင်းမှုန်တွေကလည်း တဖွားဖွား။

တောင်ပူစာသဏ္ဌာန်ဖြစ်နေသော ကျောက်ဆောင်ကြီးပေါ် သို့အ ရောက် တစ်အောင့်တစ်နား နားလိုက်ရင်း ခေါင်ရည်တစ်ငုံ စုပ်လိုက်၏။ တောင်ထိပ်ရောက်ရန် ဝါးတစ်ရိုက်သာ လိုတော့၏။ မိုက်ကယ်တို့နှစ်ဦး ၏ အော်ဟစ်သံကြောင့် ကြိုးတစ်ချောင်းကို ငုတ်ရိုက်ချည်၍ ချပေးလိုက် ပြီး အထက်သို့ ကျောက်သားနံရံကို ကုတ်ခြစ်၍ တက်လာခဲ့၏။

မိနစ်ပိုင်းအကြာတွင် တောင်ထိပ်သို့ တတိတိ ရောက်လာလေတော့ ၏။ ရေတံခွန်ဆီ အစပြုသောနေရာနှင့် မဝေးလှ။ မိုက်ကယ်တို့တက်လာ နိုင်ရန် ကြိုးချပေးလိုက်ပြီး ရေတံခွန်အစပ်သို့ လျှောက်ခဲ့၏။ ရာသီဥတုက အေးခဲမတတ် အေးလှပါသော်လည်း သူ့တစ်ကိုယ်လုံး ချွေးတွေ ရွှဲရွှဲစိုနေ သဖြင့် ချွေးတွေသုတ်ပြီး ရေတံခွန်ဘေး ကုန်းမြင့်တွင် လှဲချလိုက်ပေတော့ ၏။ သူ့ရင်ထဲ ရေတံခွန်ထိပ်သို့ ရောက်လာရသည်ကို အလွန့်အလွန်မှ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေတော့၏။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

ကံကို အားပြုသူထက်
ဇွဲနပဲကို အားပြုသူက
တစ်တောလုံး၊ တစ်တောင်လုံးကို
ပိုင်ဆိုင်နိုင်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

တောင်ထိပ်ပေါ် ရောက်လာသော မိုက်ကယ်တို့ညီအစ်ကိုနှစ်ဦးမှာ မောလွန်းလှသဖြင့် ခြေကုန်လက်ပန်းကျနေ၏။ မြေပြင်ပေါ် ပစ်လှဲကာ အသက်ကို မှန်မှန်ရှူရင်း ကောင်းကင်ကြီးပေါ် မော့ကြည့်လိုက်၏။ သိမ်းငှက်ကြီးတွေက တဂီးဂီး အော်ဟစ်ရင်း တဝဲဝဲ တရစ်ရစ် လုပ်နေကြ၏။

"ဟာ- ငှက်တွေကတော့ ငါတို့ကို ချောင်းနေပြီဟေ့"

"ဟုတ်ပ့ါကွာ၊ ဟိုကောင် ဇခူးမားကို ငှက်ကြီးက အတင်းဆိတ်တာကွ။ ဒီကောင်တက်တဲ့နေရာမှာမှ ငှက်သိုက်က ရှိနေတာကိုး။ တော်သေးတာပေ့ါကွာ။ ဇခူးမား၊ ဟေ့ကောင် ဇခူးမား၊ မောနေပြီလားကွ"

"ရပါတယ်ဗျာ၊ ခင်ဗျားတို့ရော"

"ဟာ- ငါတို့က မင်းလောက် မပင်ပန်းပါဘူးကွာ။ ဒါပေမယ့် မောတာပဲ။ ဟဲဟဲ- ရော့ကွာ၊ ဝီစကီတစ်ငုံသောက်လိုက်။ ဒါက အပင်ပန်းခံနိုင်တယ်ကွ"

"ရပါတယ်ဗျာ၊ ကျုပ်ခေါင်ရည်က့လည်း ခင်ဗျားတို့ ဝီစကီထက်ပိုအပင်ပန်းခံနိုင်တယ်ဗျ"

"ဟုတ်လား၊ ငါ့ကို အသားခြောက် နည်းနည်းပေးပါဦးကွ"

"ရော့ရော့"

မိုက်ကယ်တို့ညီအစ်ကိုနှစ်ယောက် မောလည်းမော၊ ဆာလည်းဆာ ဖြစ်နေ၏။ ဇခူးမားဆီမှ အသားခြောက်ကို တောင်း၍ တမြုံ့မြုံ့ စားနေကြ၏။ ဇခူးမားသည် ကျောက်တုံးကြီးပေါ် ထိုင်ကာ အရှေ့ဘက်သို့ မျှော်

www.burmeseclassic.com

www.burmeseclassic.com


ကြည့်လိုက်၏။

"ဟာ- ကတွတ်ပင်ကြီးတွေဗျ"

"ဟင်"

"ရှေ့ဆက် အတက်တွေချည်းပဲကွ။ သစ်ပင်ကြီးတွေကလည်း အုပ်ဆိုင်းနေတာပဲ"

"ဟုတ်ပါ့ကွာ"

ရေတံခွန် အစပြုသည့် အနောက်ဘက်တွင် ကတွတ်တောကြီးကို မြင်နေရ၏။ သူတို့လူစု တစ်အောင့်တစ်နား အပန်းဖြေကာ ကတွတ်တောထဲသို့ ဝင်ခဲ့ကြ၏။ သစ်ပင်များပေါ်တွင် မျောက်တစ်အုပ် ပြေးလွှားနေသည်ကို မြင်နေရ၏။

မျောက်အုပ်ကြီးသည် ကတွတ်သီးမှည့်များကို စားသောက်ရင်း တကျွိကျွိနှင့် အော်ဟစ်နေကြ၏။ မိုလာက ပစ်မည်အလုပ် ဇခူးမားကဟန့်တားလိုက်၏။

"မပစ်ပါနဲ့ဗျာ၊ သေနတ်သံကြောင့် သားကောင်ကြီးတွေ လွတ်သွားမှာပေါ့"

"အေး- ဟုတ်သားပဲ၊ မပစ်စမ်းပါနဲ့ကွာ"

မိုက်ကယ်ကပါ ဝင်၍ ဟန့်တားလိုက်၏။ မိုလာသည် သေနတ်ပြောင်းကို ထောင်ထားရာမှ ပခုံးပေါ် ပြန်ချိတ်လိုက်၏။ မြေပြင်က မညီမညာ။ အတက်အဆင်း အနိမ့်အမြင့်တွေကလည်း ပေါလှ၏။

မြေပြင်ပေါ်တွင် ကတွတ်သီး ကတွတ်ရွက်တွေက ဖွေးဖွေးလှုပ်နေ၏။ လူသံကြားသည်နှင့် အမွေးပွ မျောက်တစ်အုပ် တစ်ဖက်တောအုပ်သို့ အလျှိုလျှို ဝင်ပြေးသွားကြ၏။

သူတို့လူစု ကတွတ်တောကြီးကို ခက်ခက်ခဲခဲ ဖြတ်ခဲ့ကြ၏။ သစ်ဆိမ့်ပင်၊ သစ်ချပင်၊ တောင်ဇလပ်ပင်များကိုလည်း နေရာအနှံ့ တွေ့နေရသည်။ ဆင်ခြေလျှောမြေပြင်သို့ အရောက်တွင် တောရိုင်းပင်ကြီးများကို အားပြုပြီး ဆင်းခဲ့ကြရာ လမ်းတစ်ဝက်သို့အရောက်တွင် တိရစ္ဆာန်ကြီးများ၏ စားကြွင်းစားကျန်များကို တွေ့လိုက်ရ၏။ ဇခူးမားသည် စားကျန်များတို ဒူးထောက်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ- ဒီမှာ ခြေရာကြီးဗျ"

"ဘာ. . . ဘာကောင်ကြီးလဲ၊ ခြေရာက ကြီးလှချည်လားကွ"

"ဟုတ်ပြီ၊ အဲဒါ ဝက်ဝံခြေရာပဲဗျ"

ပြောပြောဆိုဆိုနှင့် ချိုင့်ဝင်နေသော မြေသားကို ယူ၍ နမ်းကြည့်လိုက်၏။ သူ့နှာခေါင်းထဲသို့ ညှီစို့စို့ကို ရှူရှိုက်မိလိုက်၏။ ဝေ့ခနဲတိုက်လာသောလေကြောင့် ရိပ်ခနဲ သတိရလာ၏။ သူ့လုပ်ပုံကို မိုက်ကယ်တို့ ညီအစ်ကိုက ဇဝေဇဝါ ဖြစ်နေ၏။

"ဘာလဲကွ၊ ဘာလုပ်တာလဲ"

"ဟာ- သေချာပါတယ်ဗျာ။ ဒီနေရာကို ဒီကောင်တွေ လာသွားတာ မကြာသေးဘူးဗျ"

"ဟေ- ဘာကောင်တွေလဲ"

"ဝက်ဝံတွေလေ၊ ဒီကောင်တွေ ကတွတ်သီး၊ သစ်ချသီးတွေစားပြီး ပြန်သွားကြတာဗျ။ ဟိုတောအုပ်ထဲကို ဝင်သွားတာ ဖြစ်နိုင်တယ်"

"မင်းဥစ္စာ သေချာရဲ့လား"

"ဒါ ကျုပ်တို့တောင်ပေါ်သားတွေရဲ့ ပင်ကိုအသိပဲဗျ။ သားကောင် ဘယ်မှာရှိတယ်ဆိုတာကို သိနိုင်ပါတယ်ဗျာ"

"မင်းပါလာတာ ငါတို့အတွက်တော့ တကယ့်အားပဲကွာ။ ကိုင်း- ငါတို့အောက်ရောက်ရင် နားကြဦးမယ်ကွာ"

"ဟုတ်တယ်၊ မောလှပြီကွ"

"ဒါဆို ဖြည်းဖြည်းဆင်းကြပေါ့"

ပြောပြောဆိုဆို ဇခူးမားသည် ဆင်ခြေလျှောအတိုင်း ဆင်းသွားရာ မြေပြန့်ပိုင်းသို့ ရောက်သွား၏။ မြေပြန့်ပိုင်းဆိုသော်လည်း အလင်းရောင်က ကွက်တိကွက်ကျား။ သစ်ပင်ကြီးတွေက အုပ်မိုးနေ၏။ ဖြာထွက်နေသော အကိုင်းအခက်အရွက်များကြောင့် တစ်တောလုံး အုံ့မှိုင်းမှိုင်း ဖြစ်နေ၏။ ရွက်ကြွေတွေကလည်း မြေပြင်ပေါ် အောတိုက်။

ဇခူးမားသည် မြေပြန့်ပိုင်းသို့ရောက်သည်နှင့် မြေပြင်အခြေအနေကို ကြည့်လိုက်၏။ ဝက်ဝံအုပ်၏ခြေရာက ခန့်မှန်းရခက်လှ၏။ ရွက်ကြွေတွေ ဖုံးလွှမ်းနေသည်မို့ ပုံပျက်နေသော ရွက်ကြွေများနှင့် မြေသားကို ဂရုတစိုက်





ကြည့်လိုက်၏။

သူ့စိတ်ထဲ တိုက်ခတ်နေသည့်လေကပင် ညှီစို့စို့အနံ့ပါနေသလိုပင်။ စိတ်ထဲ ထူးဆန်းသလို ခံစားနေရ၏။ ထိုစဉ် သူ့နံဘေးမှ အသံကြားလိုက်ရသည်မို့ လက်ထဲမှဒူးလေးကို အသင့်ချိန်လိုက်၏။ မိုက်ကယ်တို့ ညီအစ်ကိုကလည်း တောရိုင်းပင်များကြား သေနတ်ပြောင်း ထိုးချိန်ထား၏။

ထိုစဉ် တောရိုင်းပင်ကြီးများ တလှုပ်လှုပ် ဖြစ်လာ၏။ သုံးယောက်စလုံး ပြူးတူးကြောင်တောင် ကြည့်နေစဉ် တောရိုင်းပင်များကြားမှ ခေါင်းကြီးထွက်လာ၏။

"ဟာ- မိုင်းသာပါလား"

"ဟော- ဒီကောင်ကြီး တောင်အောက်မှာ ကျန်ခဲ့တာပဲ။ ဘယ်လိုလုပ်ပြီး တောင်ထိပ်ကို ရောက်လာပါလိမ့်"

"ဟုတ်ပါ့ကွာ၊ ဒါ. . . ဒါဆို ဒီကောင်ဟာ ဒီတောင်ပေါ်တက်တဲ့ လမ်းကြောင်းကို သိရမယ်ကွ"

"ဟင်- ဟုတ်တယ်ဗျ"

"ဟာ- အဲဒါ ငါတို့ညံ့တာကွ။ လမ်းမသိ ခွေးနောက်လိုက်ဆိုတာ ငါတို့ မေ့နေကြတယ်ကွ"

"ဟုတ်ပါ့ဗျာ၊ ဟား ဟား ဟား"

သူတို့လူစု မိုင်းသာကြီးကိုကြည့်ပြီး အော်ဟစ်ရယ်မောလိုက်ကြ၏။ ထိုအချိန်တွင် အမြီးတနှန့်နှန့်နှင့် လုပ်နေသော မိုင်းသာကြီးသည် ရွက်ကြွေလမ်းအကိုင်း ဖြတ်ပြေးကာ မြေပြင်တစ်နေရာကို ရှေ့ခြေနှစ်ဖက်နှင့် အတင်း ယက်ထုတ်နေ၏။

"ခွီး. . . ခွီး"

"ဝေါင်း. . . ဝေါင်း"

"ဂီး ဂီး ဂီး"

"ဟာ- ဘာကောင်ကြီးလဲ"

သစ်ရွက်ကြွေများကြားမှ စိမ်းပုပ်ပုပ်အရောင်ရှိသော အရာကြီး ထွက်လာ၏။ မိုင်းသာသည် ထိုအရာကြီးကို နှုတ်သီးနှင့် အတင်းကိုက်၊ ခြေသည်းတွေနှင့် အတင်းကုတ် လုပ်နေ၏။ သူတို့သုံးဦး မိုင်းသာကြီးနား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။

သူ့စိတ်ထဲ တိုက်ခတ်နေသည့်လေကပင် ညှီစို့စို့အနံ့ပါနေသလိုပင်။ စိတ်ထဲ ထူးဆန်းသလို ခံစားနေရ၏။ ထိုစဉ် သူ့နံဘေးမှ အသံကြားလိုက်ရသည်မို့ လက်ထဲမှဒူးလေးကို အသင့်ချိန်လိုက်၏။ မိုက်ကယ်တို့ ညီအစ်ကိုကလည်း တောရိုင်းပင်များကြား သေနတ်ပြောင်း ထိုးချိန်ထား၏။

ထိုစဉ် တောရိုင်းပင်ကြီးများ တလှုပ်လှုပ် ဖြစ်လာ၏။ သုံးယောက်စလုံး ပြူးတူးကြောင်တောင် ကြည့်နေစဉ် တောရိုင်းပင်များကြားမှ ခေါင်းကြီးထွက်လာ၏။

"ဟာ- မိုင်းသာပါလား"

"ဟော်- ဒီကောင်ကြီး တောင်အောက်မှာ ကျန်ခဲ့တာပဲ။ ဘယ်လိုလုပ်ပြီး တောင်ထိပ်ကို ရောက်လာပါလိမ့်"

"ဟုတ်ပ့ါကွာ၊ ဒါ. . . ဒါဆို ဒီကောင်ဟာ ဒီတောင်ပေါ်တက်တဲ့ လမ်းကြောင်းကို သိရမယ်ကွ"

"ဟင်- ဟုတ်တယ်ဗျ"

"ဟာ- အဲဒါ ငါတို့ညံ့တာကွ။ လမ်းမသိ ခွေးနောက်လိုက်ဆိုတာ ငါတို့ မေ့နေကြတယ်ကွ"

"ဟုတ်ပ့ါဗျာ၊ ဟား ဟား ဟား"

သူတို့လူစု မိုင်းသာကြီးကိုကြည့်ပြီး အော်ဟစ်ရယ်မောလိုက်ကြ၏။ ထိုအချိန်တွင် အမြီးတနှန့်နှန့်နှင့် လုပ်နေသော မိုင်းသာကြီးသည် ရွက်ကြွေလမ်းအကိုင်း ဖြတ်ပြေးကာ မြေပြင်တစ်နေရာကို ရှေ့ခြေနှစ်ဖက်နှင့် အတင်း ယက်ထုတ်နေ၏။

"ခွီး. . . ခွီး"

"ဝေါင်း. . . ဝေါင်း"

"ဂီး ဂီး ဂီး"

"ဟာ- ဘာကောင်ကြီးလဲ"

သစ်ရွက်ကြွေများကြားမှ စိမ်းပုပ်ပုပ်အရောင်ရှိသော အရာကြီးထွက်လာ၏။ မိုင်းသာသည် ထိုအရာကြီးကို နှုတ်သီးနှင့် အတင်းကိုက်၊ ခြေသည်းတွေနှင့် အတင်းကုတ် လုပ်နေ၏။ သူတို့သုံးဦး မိုင်းသာကြီးနား



www.burmeseclassic.com

www.burmeseclassic.com



အပြေးရောက်သွား၏။

ထိုစဉ် စိမ်းပုပ်ပုပ် အလုံးကြီးမှ လက်သည်းတွေ ထွက်လာကာ မိုင်းသာကို လှမ်းကုတ်လိုက်၏။ မိုင်းသာကလည်း နောက်တစ်လှမ်း ဆုတ်လိုက်၏။

"ဝေါင်း ဝေါင်း"

"ဟာ- သင်းခွေချပ်ကြီးဗျ"

"ဟင်- ထူးဆန်းလိုက်တာ"

အကြေးခွံစိမ်းစိမ်းကြီးများကိုမြင်မှ သင်းခွေချပ်မှန်း သတိထားမိလိုက်၏။ မိုင်းသာ၏အန္တရာယ်ကြောင့် သူ့တစ်ကိုယ်လုံးကို ဘောလုံးကြီးပမာ ခွေပတ်ထားခြင်း ဖြစ်လေ၏။ မိုင်းသာကြီးက တောဆွဲတောင်ဆွဲလုပ်ကာ သင်းခွေချပ်ကြီးမှာ မြေပြင်ပေါ် တလိမ့်လိမ့် ဖြစ်နေ၏။

ဇခူးမားသည် သင်းခွေချပ်၏ အမြီးပိုင်းကို မြင်သည်နှင့် အတင်းဆောင့်ဆွဲကာ ခါထုတ်ပစ်လိုက်၏။

"ဝေါင်း. . . ဝေါင်း"

"ခူး. . . ခူး"

မိုင်းသာက ဆန့်ထွက်လာသော သင်းခွေချပ်ကြီးခေါင်းကို ပြေးကိုက်ကာ ပါးစပ်နှင့်ငုံ၍ ခါထုတ်ပစ်လိုက်၏။ သုံးလေးချက်လောက် ယမ်းခါလိုက်ရာ သင်းခွေချပ်ကြီးမှာ ဆန့်ငင်ဆန့်ငင်နှင့် သေဆုံးသွားလေ၏။

"ဟာ- မိုင်းသာကြီးက မလွယ်ပါလားကွ"

"ဒီကောင်ကြီးက ကပါးနဲ့ သွားလာဖူးတော့ အထာသိနေပြီဗျ။ ခင်ဗျားတို့ သင်းခွေချပ်သား စားကြမလား"

"ဟာ- မစားရဲပါဘူးကွ"

"စားကြည့်စမ်းပါဗျာ၊ အရသာက စိမ့်တယ်ဗျ"

"တော်ပါတော့ကွာ၊ တော်ကြာ အဆိပ်အတောက် ဖြစ်နေပါဦးမယ်"

မိုက်ကယ်တို့ညီအစ်ကိုက မစားရဲကြ။ နောက်ဆုံး သင်းခွေချပ်အခွံများကို ဓားနှင့်လှီးဖြတ်ကာ တိုထဲထည့်လိုက်၏။ ထို့ပြင် ခြေသည်းလက်သည်းများကိုပါ လှီးဖြတ်ထည့်လိုက်၏။ တောခွေးကြီးမိုင်းသာ သင်းခွေချပ်ကို ဗိုက်မှဖောက်၍ တဒုတ်ဒုတ် ဝါးစားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အဲဒါတွေ ဘာလုပ်ဖို့လဲ"

"ဆေးဖက်ဝင်တယ်ဗျ၊ ခြေသည်းလက်သည်းကို သွေးလူးရင် မျက်စိကွယ်တာတောင် ပြန်မြင်တယ်လို့ ပြောသံကြားဖူးတယ်ဗျ"

"ကြွံကြွံဖန်ဖန်ကွာ"

"တကယ်ပြောတာဗျ၊ ကျုပ်တို့ရွာက နတ်ဆရာကြီးအိမ်မှာ သင်းခွေချပ် အရေခွံတွေ၊ ခြေသည်းလက်သည်းတွေ ဆွဲထားတယ်ဗျ"

"ဟုတ်လား"

"အဲဒါ သရဲတစ္ဆေတွေကို နိုင်တယ်လို့ပြောတာပဲ"

"တော်ပါတော့ကွာ၊ ကိုင်း- သွားကြစို့"

သူတို့လူစု ရှေ့ခရီးဆက်ခဲ့ကြ၏။ မိုင်းသာကြီးသည် ရှေ့မှ အမြီးတနှန့်နှန့် သွားနေ၏။ သူတို့သုံးယောက် တောအုပ်နောက်ပိုင်းကို ဖြတ်ခဲ့ကြ၏။ မြေပြင်ကလည်း ပျော့တီပျော့ဖတ် ဖြစ်နေ၏။

တောတန်းအလွန်တွင် ရှေ့သို့ ဦးတည်သွားနေသော မိုလာတစ်ယောက် သစ်ကိုင်းကျိုးသံကြောင့် သစ်ပင်ပေါ်သို့ မော့ကြည့်လိုက်၏။

"ဟာ"

ရုတ်တရက် မျက်လုံးထဲ ပြာခနဲ ဖြစ်သွား၏။ သစ်ပင်ပေါ်မှ လွှားခနဲ ခုန်ဆင်းလာသော သတ္တဝါနက်ကြီးတစ်ကောင်။ နောက်ဆုံးမှ လိုက်လာသော မိုလာ့ကိုယ်ပေါ်သို့ အရှိန်ပြင်းစွာ ခုန်ချလိုက်၏။ ဖခွူးမားနှင့် မိုက်ကယ်တို့နှစ်ဦးမှာ တောတန်းအကွေ့သို့ ရောက်နေပြီဖြစ်၏။

မိုလာသည် သူ့ကိုယ်ပေါ် လွှားခနဲ ခုန်ဝင်လာသော သတ္တဝါကြီးကို အကြောက်အကန် တွန်းထုတ်ရင်း အော်ဟစ်နေ၏။ သတ္တဝါကြီးကလည်း မိုလာ၏ကိုယ်ပေါ်မှ မိုးထားကာ လည်မျိုကို အမိအရ လိုက်ကိုက်နေသော မိုလာတစ်ယောက် ယက်ကန်ယက်ကန်နှင့် အော်ဟစ်နေ၏။

"ဝေါင်း. . . ဝေါင်း"

"အား- အောင်မယ်လေး"

"ဝေါင်း. . . ဝေါင်း"

"ဟာ- မိုလာ၊ ဘာဖြစ်နေပြီလဲ"

နောက်ကျောတောတန်းဘက်မှ အသံကြောင့် ဦးဆုံးပြေးသွားသူက



www.burmeseclassic.com

www.burmeseclassic.com



ဇရူးမား။ တောတန်းထိပ်သို့ ရောက်တော့ မြေပြင်ပေါ်တွင် ကျားသစ်နက်ကြီးတစ်ကောင်နှင့် မိုလာတို့ အပြန်အလှန် တိုက်ခိုက်နေသည်ကို တွေ့လိုက်ရ၏။

ဇရူးမားသည် ဒူးလေးကို မြားတံ အလျင်အမြန်တပ်ကာ ဒူးတစ်ဖက်ထောက်ပြီး ကျားသစ်ကြီး၏ လည်တိုင်ကို ပစ်ထည့်လိုက်၏။ အရှိန်အဟုန် ပြင်းစွာနှင့် ထွက်သွားသော မြားကြီးက ခေါင်းတထောင်ထောင်လုပ်နေသော ကျားသစ်နက်၏ လည်မျိုကို ဖောက်ဝင်သွား၏။

"ဝေါင်း. . . ဝေါင်း"

"အောင်မယ်လေး၊ ကယ်. . . ကယ်ကြပါဦး"

ကျားနက်ကြီး သူ့ကိုယ်ပေါ်မှ တုံးခနဲ လဲကျသွားသည်နှင့် မိုလာ အတင်းလူးလဲထကာ သွေးရူးသွေးတန်းနှင့် ထွက်ပြေးလေ၏။ ဇရူးမားသည် ဒူးလေးထိပ်တွင် မြားတံထပ်တပ်ပြီး အတင်းလူးလဲထနေသော ကျားသစ်နက်ကြီး၏ ဝမ်းဗိုက်ကို ပစ်ထည့်လိုက်၏။ တစ်ချက်ဆိုတစ်ချက် ထိထိမိမိ ပစ်ခတ်နိုင်လိုက်သဖြင့် ကျားသစ်နက်ကြီးခမျာ မြားကြီးတန်းလန်းနှင့် တုံးခနဲ လဲကျသွား၏။

ထိုစဉ် မိုက်ကယ်သည် ကြောက်ကြောက်နှင့် စွတ်ပြေးနေသော မိုလာကို အတင်းဖမ်းချုပ်ပြီး ထိန်းလိုက်ရ၏။

"ကျား. . . ကျားနက်ကြီး"

"မရှိတော့ပါဘူးကွ၊ စိတ်ထိန်းစမ်းပါ"

"အား. . . အား နာလိုက်တာ"

"ဟင်- မင်းပခုံးမှာ သွေးတွေ။ တော်. . . တော်ပါသေးရဲ့ကွာ။ ဇရူးမားအရောက်မြန်လို့ပေါ့။ မကြောက်နဲ့တော့ ဇရူးမား ပစ်လိုက်လို့ပေါ့ ကွာ"

"အား. . . နာလိုက်တာကွာ"

မိုလာလည်း သွေးရဲရဲသံရဲရဲဖြစ်နေသော ညာဘက်ပခုံးကိုကိုင်ကာ တအားအားနှင့် အော်ဟစ်နေ၏။ ထိုစဉ် သူ့မြားချက်ကြောင့် ငြိမ်ကျသွားသော ကျားသစ်နက်ကြီးဆီသို့ ကပ်လာ၏။

ရင်တွေ တထိတ်ထိတ် ခုန်နေ၏။ သားကောင်ကြီးတစ်ကောင်ကို

www.burmeseclassic.com

www.burmeseclassic.com



သူ့ဖခင်၏ ဒူးလေးနှင့် ပစ်ခတ်လိုက်ရသည်မို့ အားရဝမ်းသာ ဖြစ်နေ၏။

သားကောင်ကြီးက တုတ်တုတ်မလှုပ်တော့။ ဇခူးမားသည် ကျားသစ်ကြီးကိုထမ်း၍ သူတို့ဆီ ရောက်လာ၏။

"မင်း. . . မင်း ရဲတင်းလှချည်လားကွ"

"ငါ. . . ငါ့ကို ကိုက်တဲ့ကောင်ကြီးကွ။ သေသွားပြီလား"

"ဟုတ်တယ်၊ ကျုပ်မြားက တစ်ချက်ပဲလေ။ ကျုပ်ဟာ မုဆိုးဖြစ်ပြီဗျ။ ဟားဟားဟား၊ သားကောင်ကြီးကို ပစ်နိုင်မှ ကျုပ်မုဆိုးဖြစ်နိုင်တာဗျ။ ခုတော့ ကျုပ်ကပါးလို မုဆိုးကြီးဖြစ်ပြီဗျ"

ဇခူးမားသည် ခုနစ်တောင်ခန့် အလျားရှိသော ကျားသစ်နက်ကြီးကို ပစ်ခတ်နိုင်လိုက်ပြီဖြစ်၍ ဝမ်းသာအားရ ဖြစ်နေ၏။ မိုက်ကယ်တို့ညီအစ်ကိုမှာ မြင်ကွင်းကိုကြည့်ပြီး အထိတ်တလန့် ဖြစ်နေကြဆဲ။

မိုလာ့တစ်ကိုယ်လုံး သွေးတွေ ရွှဲနေ၏။ ဇခူးမားသည် ကျားကြီးကို မြေပြင်ပေါ် ပြန်ချလိုက်ပြီး မိုလာ၏ဒဏ်ရာကို ကုသပေးလိုက်၏။ တိုထဲတွင် ဆေးကအစပါသဖြင့် အခြောက်လှန်းထားသော ဆေးရွက်စိမ်းများကို ပါးစပ်ထဲထည့်၍ ဝါးလိုက်၏။

ထို့နောက် မိုလာ၏ ဒဏ်ရာပေါ် အုံပေးလိုက်ရာ သွေးတိတ်သွား၏။ ဒဏ်ရာတစ်ဝိုက်ကို ခေါင်းရည်နှင့် ဆေးကြောလိုက်ပြီး အဝတ်စ ဆုတ်ဖြကာ စည်းနှောင်ပေးလိုက်၏။

မိုက်ကယ်မှာ ဇခူးမား လုပ်ပုံကိုင်ပုံကို ကြည့်ပြီး အံ့ဩနေ၏။ မိုလာမှာလည်း ဇခူးမား၏ ကုသမှုကြောင့် မိနစ်ပိုင်းအတွင်း သက်သာလာခဲ့၏။ ဇခူးမားသည် ယာယီတဲ ချက်ချင်း ထိုးလိုက်၏။

မိုက်ကယ်တို့ညီအစ်ကိုမှာ မောမောနှင့် ဝီစကီသောက်ရင်း အနားယူနေကြ၏။ ဇခူးမားသည် နက်မှောင်နေသော ကျားသစ်နက်ကြီးကို ဓားတိုနှစ်ချောင်းနှင့် ချက်ချင်း အရေခွံ ဆုတ်ပစ်လိုက်၏။

အရေခွံဆုတ်ပြီးသောအခါ ဝမ်းတွင်းသားများကို လှီးဖြတ်၍ လွှင့်ပစ်လိုက်၏။ ထို့နောက် အသားတုံးများကို လှီးဖြတ်ကာ ဟန်းလေးချိုင့်ထဲ ထည့်၍ မီးမွှေးပြီး ပြုတ်လိုက်၏။

မိုက်ကယ်တို့ညီအစ်ကိုမှာ ဇခူးမားကိုကြည့်ပြီး နားမလည်နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြ၏။ ဇရွှးမားသည် သူတို့ကို ပြုံးစိစိနှင့် လှမ်းကြည့်ရင်း မီးဖိုထဲသို့ သစ်ကိုင်းခြောက်များ ထိုးထည့်လိုက်၏။ တိုထဲမှ ဝါးဆစ်ဘူးကလေးများ ထုတ်ကာ ဆားတွေ၊ နနွင်းတွေ ထည့်လိုက်၏။

တစ်နာရီခန့်အကြာတွင် ဟန်းကောထဲမှ အသားတုံးတစ်တုံးကို ဓား မြှောင်နှင့် စိုက်၍ စားကြည့်လိုက်၏။

"ကောင်းလိုက်တာဗျာ၊ ချိုနေတာပဲ"

"မင်းကတော့ကွာ"

"မကြောက်ပါနဲ့ဗျာ၊ ကျုပ်က အသေအချာ ပြုတ်ထားတာဗျ။ ဒီလို ကျားသစ်မျိုး ကျုပ်ကပါး ပစ်လာဖူးတယ်ဗျ။ အိမ်ရောက်တာနဲ့ ကျုပ် တို့ညီအစ်ကိုတွေ အရေခွံခွာပြီး အသားပြုတ်စားကြတာ။ စားလို့ ကောင်းလိုက်တာဗျာ၊ စားကြည့်ကြစမ်းပါဗျာ"

"ဟင်"

"ရော့ပါဗျာ"

မိုက်ကယ်ရော မိုလာပါ တွန့်နေကြ၏။ ဇရွှးမားက အားပါးတရ စားပြလိုက်ပြီး သူတို့ရှေ့ကို တိုးပေးလိုက်၏။ မိုက်ကယ်သည် မရဲတရဲနှင့် ယူစားလိုက်၏။ မိုလာကလည်း ကြောက်ကြောက်နှင့် ယူစားလိုက်၏။

"ဟာ- ကောင်းသားပဲကွ"

"အဲဒါကြောင့် ပြောတာဗျ၊ လတ်လတ်ဆတ်ဆတ်စားရင် အရမ်း ကောင်းတာဗျ။ ဒါတောင် အတွင်းကလီစာတွေ ထုတ်ပစ်လိုက်လို့ဗျ။ မဟုတ်ရင် အရမ်းစားလို့ကောင်းတယ်"

"အေးကွ၊ ဒါပေမယ့် ညှီတော့ညှီတယ်"

"ဒီလောက်တော့ ရှိမှာပေါ့ဗျာ။ ဒါပေမယ့် အဲဒီအကောင်အသားက ကုန်သွားတဲ့ ခွန်အားတွေ ပြန်ဖြစ်နိုင်တာဗျ။ စားဗျ၊ အသားတချို့ကို ကျုပ်တိုက်ထားလိုက်မယ်"

သူတို့သုံးဦး ကျားသစ်အသားကို မြိန်ရေရှက်ရေ စားလိုက်ကြ၏။ ဇရွှးမားသည် ကျားသစ်နက်သားရေရလိုက်သဖြင့် အတိုင်းမသိ ဝမ်းသာ နေ၏။ သူစိတ်ထဲ ကျားသစ်နက်ရေကို ရွာရောက်လျှင် ဂျာရှာဇ်ို လက် ဆောင်ပေးရန် ရည်စူးမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျားသစ်နက်သားရေက အလွန်မှ ရှားပါးလှ၏။ ဇခွးမားသည် သား ရေကြီးကို မီးအရှိန်နှင့် ကျပ်တင်လိုက်၏။

မိုလာတို့ညီအစ်ကိုမှာ စားသောက်ပြီးသွားသည်နှင့် တစ်အောင့်တစ် နား နားနေကြ၏။ မိုက်ကယ်သည် သံလိုက်အိမ်မြှောင်နှင့် မြေပုံတစ်ရွက် ကို ဆွဲထုတ်ကာ ကြည့်လိုက်၏။ ဇခွးမားသည် မိုက်ကယ်၏ လက်ထဲမှ မြေပုံကိုကြည့်ပြီး ဇဝေဇဝါ ဖြစ်နေ၏။

"ခင်ဗျားလက်ထဲက ဒီတောင်တန်းကြီးရဲ့ မြေပုံလားဗျ"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဒါ. . . ဒါဆို ခင်ဗျား ဒီကိုလာဖူးသလား"

"ဟာ- မရောက်ဖူးပါဘူးကွာ။ ဒါပေမယ့် ဒီမြေပုံကို ငါ ဘယ်ကရ သလဲ မင်းသိလား"

"ဘယ်သိမှာလဲဗျာ"

"အဲဒီ မြေပုံဟာ မင်းကပါးဆီက ရလာတာပဲကွ။ မင်းကပါး ကိုယ် တိုင် ရေးပေးတာကို ငါက စနစ်တကျ ပြန်ကူးထားတာကွ"

"ဟုတ်လား၊ ဒါဆို ကျုပ်တို့ သွားရတာ လွယ်သွားပြီပေါ့ဗျာ။ စောစော က ဘာဖြစ်လို့ မထုတ်တာလဲ"

"အရေးကြီးတာ မြေပုံထဲမှာပါတဲ့ အမှတ်အသားက ဒီနေရာက စတာကွ။ ငါတို့တက်လာတဲ့ လမ်းကမှန်သားပဲ။ တော်ပါသေးရဲ့ ကွာ။ လမ်းသာမှားရင် မလွယ်ဘူးကွ"

"နေပါဦး၊ အဲဒီမြေပုံက ဘာဖြစ်လို့လဲ။ ဝက်ဝံသိုက်ရှိတဲ့နေရာတွေ လားဗျ"

"ကြဲကြဲဖန်ဖန်ကွာ၊ ငါတို့ ဒီကိုလာတာ ကိစ္စတစ်ခု ရှိလို့ပါ။ ဒါလည်း မင်းအဖေရဲ့ ကျေးဇူးပဲကွ။ ထားပါတော့ကွာ၊ မင်းပစ်ချင်တဲ့ ဝက်ဝံ လည်း ပါတာပေါ့ကွာ"

ဇခွးမား၏စိတ်ထဲ ဇဝေဇဝါ ဖြစ်နေ၏။ မိုက်ကယ် ဘာကိုဆိုလိုမှန်း မသိ။ ရှည်ရှည်ဝေးဝေးလည်း မစဉ်းစားတတ်။ နောက်ဆုံး သူတို့သုံးဦး နာရီအတော်ကြာအောင် နားပြီး ခရီးဆက်ခဲ့ကြ၏။

ရှေ့ခရီးက ပို၍ ပို၍ တောနက်လာ၏။ လမ်းတစ်လျှောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ချုံနွယ်များ ပိတ်ဆို့နေ၏။ နွယ်များမှာ လူကြီးခြေသလုံးခန့်ရှိပြီး ဖခင်ပြောကြားသည့် စကားကို အမှတ်ရလာ၏။

"မော်ပီတောင်ပေါ်မှာ နွယ်ရှင်တွေရှိတယ်လို့ ကပါး ပြောဖူးတယ်"

"ဟုတ်လား"

"သတိတော့ထားကြနော်"

"မင်းပြောတာနဲ့ ငါတို့ နွယ်တွေတောင် ရဲရဲမကိုင်ဝံ့တော့ဘူး"

"ကြောက်တော့ မကြောက်ပါနဲ့၊ ကျုပ်ကပါးက ကြောက်တယ်လို့ ပြောတဲ့လူကို တအားမုန်းတာ"

"ကောင်းကွာ"

မိုက်ကယ် နှုတ်ပိတ်သွားရ၏။ သစ်ညိုပင်ကြီးများပေါ်မှ ခွေလိပ်ကျလာသော နွယ်ကြီးများကိုကြည့်ရင်း ထိတ်ထိတ်လန့်လန့် ဖြစ်နေကြ၏။

မြေပြင်ပေါ်တွင် သစ်ရွက်ကြွေ၊ သစ်ရွက်ဆွေးတွေကလည်း အောတိုက်။ သစ်ရွက်ဆွေးများပေါ် ပြေးလွှားနေသည့် ပုရွက်ဆိတ် ခါင်းဖြူများကလည်း လူကြီးလက်မအရွယ်လောက် ရှိ၏။

ကင်းမြီးကောက်မည်းမည်းကြီးများ၊ ကင်းခြေများကြီးများကိုလည်း ပြေးကာလွှားကာ တွေ့နေရ၏။ တောကောင်များ၏ အော်မြည်သံများကို ကြားနေရ၏။

ဖခူးမားနှင့် ခွေးကြီးမိုင်းသာတို့ကတော့ မမောမပန်းသည့် အလားရှေ့မှ ခပ်သွက်သွက် ခရီးနှင်နေကြ၏။ မြင့်မားမတ်စောက်သော ကုန်းမြင့်ကြီးများပေါ်လည်း တက်ခဲ့ကြ၏။ နက်ရှိုင်းလှသော ချောက်တွေ၊ လျှိုတွေထဲလည်း ဆင်းခဲ့ကြ၏။

မတ်စောက်လှသော ကမ်းပါးကြီးဘေးအချောက်တွင် သူတို့တစ်ညအိပ်ရန် ဆုံးဖြတ်လိုက်ကြ၏။ မအိပ်လို့လည်း မဖြစ်။ တစ်တောလုံး တစ်တောင်လုံးက မှောက်မိုက်လာပြီဖြစ်၏။ မှောင်လာသည်နှင့်အမျှ ပုစဉ်းရင်ကွဲအော်သံများ၊ ပိုးမွှားပေါင်းစုံ၏ အော်မြည်သံများကို ကြားနေရ၏။

တစ်ခါတစ်ရံ ညဉ့်ငှက်တစ်အုပ်၏ အော်သံကိုပါ ကြားနေရ၏။ သူတို့ ဆောက်လုပ်ထားသော ယာယီတဲကလေးသည် ချောက်ကမ်းပါးဘေးတွင် တည်ရှိနေသဖြင့် လေတဟူးဟူး တိုက်ခတ်နေ၏။ အရိုးခိုက်အောင်



www.burmeseclassic.com

www.burmeseclassic.com


အေးလှသည်။ သူတို့လူစု မီးဖိုကာ မီးလှုံလိုက်ကြ၏။ ပါလာသည့် ရိက္ခာတွေလည်း ကုန်လုဆဲဆဲ အခြေအနေ ရှိနေ၏။

သို့သော် ဇခူးမားကောင်းမှုကြောင့် ကျပ်ကင်ထားသော ကျားသစ်သားကိုသာ စားခဲ့ကြရ၏။ ချမ်းလွန်းလှသဖြင့် မိုက်ကယ်တို့ညီအစ်ကိုမှာ ဝိစကီပုလင်းဖွင့်ကာ သောက်နေကြ၏။

အရှိန်ရလာတော့ သူတို့နှစ်ဦး မူးမူးနှင့် အိပ်ပျော်သွားကြ၏။ ဇခူးမားသည် မီးပုံဘေးထိုင်ကာ ချင်းစောင်ထူထူကြီးကို ခေါင်းမြီးခြုံ၍ ငိုက်နေ၏။ တောခွေးကြီး မိုင်းသာမှာ သူ့နံဘေးတွင် အိပ်ပျော်နေပြီဖြစ်၏။

ဇခူးမားသည် ငိုက်သွားလိုက်၊ လန့်နိုးလိုက် ဖြစ်နေ၏။ ထိုစဉ် သူ့နှာခေါင်းထဲ တောအုပ်ဘက်မှ ဖြတ်တိုက်လာသော လေကို ရှူမိလိုက်၏။ လေထဲတွင် အညှီနံ့သဲ့သဲ့ပါလာသလိုပင်။ ထို့ကြောင့်လည်း ဆတ်ခနဲ လန့်နိုးသွား၏။ မျက်စိကျယ်သွားအောင် ခေါင်းရည်ထုတ်ပြီး တစ်ငုံနှစ်ငုံ စုပ်၍ သောက်လိုက်၏။

အနှုးဆီမှ ပွတ်ချွန်းဆေးလိပ်များ ယူခဲ့သဖြင့် ချမ်းလွန်းလှ၍ ဆေးလိပ်တစ်လိပ် မီးညှိဖွာရှိုက်ရင်း တောတန်းဘက် လှမ်းကြည့်လိုက်၏။ ဝါးရုံပင်ကြီးများက လေအလူးတွင် မြောက်ယိမ်းတောင်ယိမ်း ဖြစ်နေ၏။

တောတန်းက သူတို့ရောက်နေသည့်နေရာနှင့် အမြင့်ပိုင်းတွင် ရှိနေသည်မို့ သူတို့က လေအောက်ပိုင်း ဖြစ်နေ၏။ ညှီစို့စို့အနံ့ကို ရလာသည်နှင့် ဇခူးမားသည် နံဘေးတွင် ချထားသော ဒူးလေးကြီးကို ယူလိုက်၏။ တောအုပ်မည်းမည်းကြီးကို ကြည့်ရင်း သူ့စိတ်ထဲ သက်သာမကောင်းဖြစ်နေ၏။ ပိုးစုန်းကြူးအုပ်က ဝါးရုံပင်များပေါ် အုပ်ဖွဲ့ပျံသန်းနေ၏။ သူတို့အလင်းက ဝင်းခနဲ ပြက်ခနဲ။

ထိုစဉ် တောခွေးကြီးမိုင်းသာ နိုးလာ၏။ ပါးစပ်ကလည်း တအီအီအော်ဟစ်နေ၏။ မိုင်းသာ၏ ထူးခြားသော အမူအရာကို မြင်လိုက်သည်နှင့် ဇခူးမား ထိုင်ရာမှ ထလိုက်၏။

မီးတရဲရဲလောင်နေသော မီးတုတ်ကြီးတစ်တုတ်ကို ယူလိုက်ပြီး တောအုပ်ဘက်သို့ လျှောက်ခဲ့၏။ သူ့နားထဲ သတ္တဝါကြီးတစ်ကောင်ကောင်၏ ညည်းညူသံကို ကြားနေရ၏။ တောအုပ်ထဲသို့ ဝင်လိုက်သည်နှင့် မီးရောင်


www.burmeseclassic.com

www.burmeseclassic.com



ချောင်း တတ်ဝန်းကျင်ကို ရှင်းလင်းပြတ်သားစွာ မြင်နေရ၏။ ထိုစဉ် မြွေဝပ်ငှက်တစ်အုပ် ချုံနွယ်ပိတ်ပေါင်းများကြားမှ ဝေါခနဲ ပျံတက်သွားသည်ကို တွေ့လိုက်ရသဖြင့် မီးတုတ်ကို မြေပြင်ပေါ် အလျင်အမြန် ထိုးစိုက်လိုက်၏။ ပြီးသည်နှင့် ဒူးလေးကြီးပေါ်သို့ မြားတစ်စင်း တပ်လိုက်ပြီး ချုံနွယ်ပိတ်ပေါင်းများအနီးသို့လည်း တိုးကပ်ခဲ့၏။

"ဝေါင်း. . . ဝေါင်း"

"ဟာ"

မိုင်းသာကြီးက တဝေါင်းဝေါင်း ထိုးဟောင်နေသော ချုံနွယ်များကြားကိုကြည့်ရင်း သူ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ရလေ၏။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

စက္ကန့်ပိုင်း မိနစ်ပိုင်းအတွင်း
မှဆိုးလည်း ဖြစ်သွားနိုင်၏။
သားကောင် ဖြစ်သွားနိုင်၏။
အရေးကြီးဆုံးအချက်မှာ
သတိလွတ်သူသည်
သားကောင် ဖြစ်သွားစမြဲပင်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ရုတ်တရက် မြင်လိုက်သည့် မြင်ကွင်းကြောင့် ဇခူးမား ကြက်သေ သေနေ၏။ လက်ထဲက ဒူးလေးကြီးကိုပင် သတိမရ။ ထိုစဉ် မိုင်းသာက ချုံနွယ်များကြား လွှားခနဲ ခုန်ဝင်ကာ မားမားကြီးရပ်နေသော သတ္တဝါကြီး ကို အသားကုန် တိုက်ခိုက်လေ၏။

သတ္တဝါကြီးက သူ့ထံခုန်ဝင်လာသော မိုင်းသာကြီးကို လက်သီးဆုပ် ကြီးနှင့် ဝှေ့ယမ်းထုနှက်ကန်ကျောက်ပစ်လိုက်ရာ မိုင်းသာတစ်ယောက် ချုံနွယ်အပြင်သို့ လွင့်စဉ်လာ၏။ သတ္တဝါကြီးသည် မိုင်းသာကြီးကို တိုက် ခိုက်ပြီးသည်နှင့် ချုံနွယ်ကြားမှာ ဘွားခနဲ တိုးထွက်လာ၏။

အစွယ်ကြီးအဖွေးသား၊ အမွေး စုတ်တိစုတ်ဖွားနှင့် ဝက်ဝံညိုကြီး တစ်ကောင်။ သူနှင့် လက်တစ်ကမ်း နှစ်ကမ်းသာ လိုတော့၏။ သတ္တဝါ ကြီးသည် သူ့ကို လက်နှစ်ဖက်နှင့် လှမ်းကုတ်လိုက်ရာ ဇခူးမားသည် လက် ထဲမှ ဒူးလေးကြီးဖြင့် လှန်ရိုက်ပစ်လိုက်၏။

"ဂရား. . . ဂရား"

"မိုင်းသာ၊ ဖယ်. . . ဖယ်စမ်း"

ခွေးကြီးမိုင်းသာကလည်း လဲကျနေရာမှ အတင်း လူးလဲထလာကာ ဝက်ဝံကြီးကို တိုက်ခိုက်ရန် တာစူလိုက်၏။ ဇခူးမားသည် လက်ထဲက ဒူးလေးကြီး လွင့်စဉ်သွားသဖြင့် ခါးကြားမှ ဓားနှစ်ချောင်းကို ဆွဲထုတ်၍ ဝက်ဝံကြီး၏ လည်ပင်းတည့်တည့်သို့ ဓားတစ်ချောင်း ပစ်ထည့်လိုက်၏။

ဝက်ဝံကြီးသည် ကိုယ်ကြီးကားရားကားရား လုပ်၍ သူ့ထံခုန်ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com


၏။ ဖုတ်တရက်မို့ ဇခူးမား နောက်တစ်လှမ်းဆုတ်ပြီး ခေါင်းငုံ့ပေးလိုက်၏။ ဝက်ဝံကြီး၏ ညာဘက်လက်ကြီးက သူ့မျက်နှာရှေ့ ဝဲခနဲ ဝင်လာသဖြင့် ခေါင်းငုံ့ပေးလိုက်ခြင်း ဖြစ်၏။

ခေါင်းပေါ်မှ ဝီခနဲ ဖြတ်သွားသဖြင့် သူ ကံကောင်းသွားသည်ဟု ဆိုရချေမည်။ ထိုစဉ် ဝက်ဝံကြီး၏ ဟာနေသော ဝမ်းဗိုက်ကြီးကို ရိပ်ခနဲ မြင်လိုက်ရသဖြင့် လက်ထဲက ဓားမြှောင်တိုနှင့် လှမ်းထိုးပစ်လိုက်၏။

"ဂရား. . . ဂရား"

"ဝေါင်း ဝေါင်း"

"ဂရား. . . ဂရား"

"မိုင်းသာ၊ ဖယ်. . . ဖယ်စမ်း"

"ဂီး. . . ဂီး"

မိုင်းသာကလည်း ဝက်ဝံကြီး၏ ဘယ်ခြေထောက်ကို အတင်း ဝင်၍ ကိုက်ခဲနေ၏။ ဇခူးမား ထိုးလိုက်သော ဓားချက်က ဝက်ဝံကြီး၏ ဝမ်းဗိုက်ထဲဖောက်ဝင်သွားသဖြင့် ဝက်ဝံကြီးသည် နောက်သို့ သုံးလေးလှမ်းဆုတ်သွား၏။ ပါးစပ်ကလည်း တဂီးဂီးနှင့် အော်ဟစ်နေ၏။

ခြေထောက်ကို ကိုက်ခဲနေသော မိုင်းသာကြီးကို ကန်ထုတ်ရင်း တစ်ဖက်တောထဲသို့ ဝင်ပြေးသွားလေတော့၏။ ထိုစဉ် တဲထဲ အိပ်ပျော်နေသော မိုက်ကာယ်တို့ညီအစ်ကို ဖျတ်ခနဲ လန့်နိုးလာ၏။ ဝက်ဝံကြီးအော်သံ၊ ခွေးဟောင်သံများကို ကြားလိုက်ရသဖြင့် အတင်းလူးလဲထကာ ပြောင်းရှည်သေနတ်ကို ဆွဲ၍ ထွက်ခဲ့ကြ၏။

အသံလာရာသို့ အပြေးလိုက်လာသောအခါ တောအုပ်ထဲမှ ထောက်တခေါက်ခေါက်နှင့် ထွက်လာသော ဇခူးမားနှင့် မိုင်းသာကို တွေ့လိုက်ရ၏။ မိုက်ကာယ်သည် လက်ထဲမှ မီးတုတ်ကို မြှင့်၍ ကြည့်လိုက်၏။

"ဟာ- ဇခူးမား၊ မင်း. . . မင်းကိုယ်မှာ သွေးတွေ"

"ဟုတ်တယ်၊ ကျုပ် ဝက်ဝံနဲ့တိုးနေတာ"

"ဟေ- ဝက်ဝံကြီးနဲ့၊ ဟုတ်လား"

"ဟုတ်တယ်ဗျ၊ ကျုပ် အပိုင်တိုးတာပဲ။ ဟိုကောင်ကြီးကလည်း ဟာရှူ ထိုးဗျ။ အရေးထဲ မိုင်းသာကပဲ ဝင်လုံးနေတာဗျ"


www.burmeseclassic.com

www.burmeseclassic.com



"မင်း. . . မင်း ဘာတွေဖြစ်သွားသေးလဲ"

"ပွန်းရုံပဲ့ရုံပါဗျာ။ ကိုယ်ပေါ်ကသွေးတွေက ဝက်ဝံသွေးတွေဗျ။ ကျုပ်ဓားနဲ့ထိုးလိုက်တာ အော်ပြီးထွက်ပြေးသွားတယ်ဗျ"

"ဟေ- မင်းကွာ၊ ရဲတင်းလှချည်လား။ ငါတို့ကို နှိုးမှပေါ့၊ တစ်ယောက်တည်း မလုပ်ပါနဲ့ကွ။ အန္တရာယ်တအားကြီးတာ"

မိုက်ကယ်တို့ညီအစ်ကိုက စိုးရိမ်တကြီး ပြောနေသော်လည်း ဇခူးမားကတော့ ပြုံးထေ့ထေ့ပင်။ ကိုယ်ပေါ်ကသွေးတွေ ဓားမြှောင်နှင့် သပ်ချလိုက်ပြီး သူတို့နှင့်အတူ တဲဘက်သို့ ပြန်လာခဲ့ကြ၏။

ခွေးကြီးမိုင်းသာမှာ သူ့နောက်မှ ထော့နင်းထော့နင်းနှင့် လိုက်လာ၏။ တဲရှေ့ရောက်သည်နှင့် ဇခူးမားသည် ခွေးကြီးမိုင်းသာကို ပွေ့ဖက်ကာ ဆေးထည့်ပေးလိုက်၏။ မိုက်ကယ်တို့ညီနောင်မှာ ဇခူးမားကို ကြည့်ပြီး ကျားရဲတစ်ကောင်ကို တွေ့နေရသည့်အလား ထင်မှတ်နေ၏။

ဇခူးမား၏အသွင်က မော်ပီတောင်ကြီးကို အုပ်ချုပ်မင်းမူတော့မည့် တောဘုရင်ကြီးအလားပင်။ ခေါင်းရည်ကို တစ်ကျိုက်နှစ်ကျိုက် မော့သောက်ရင်း သူတို့ဘက် လှည့်ကြည့်ပြီး ပြောလိုက်၏။

"ကျုပ် ဒီကောင်ကြီးတွေနဲ့ တွေ့ချင်နေတာကြာပြီဗျ"

"ဟေ- မင်းကို ဘာလုပ်လို့. . ."

"ဟောဒီမျက်လုံးတစ်လုံးကို အဲဒီကောင်ကြီးတွေ ယူသွားတာဗျ"

"ဟေ"

"ဟုတ်တယ်၊ ဒါပေမယ့် စောစောကတွေ့တဲ့ ဝက်ဝံကြီးတော့ မဟုတ်ဘူး။ ကျုပ်မျက်လုံးထုတ်ယူသွားတဲ့ ဝက်ဝံကြီးက နဖူးဖြူကြီးဗျ။ ကျုပ် အဲဒီ နဖူးဖြူဝက်ဝံကြီးကို တွေ့ချင်လို့ ခင်ဗျားတို့နဲ့ လိုက်လာတာပေါ့ဗျာ"

"ဟာ- မင်းကတော့ တကယ့်စံပဲကွာ။ မင်းဟာ ကျားရဲတစ်ကောင် ထက်တောင် ကြောက်စရာကောင်းလှပါလား ဇခူးမားရာ။ ငါတော့ မင်းကို အံ့သြသကွာ"

"မအံ့သြပါနဲ့ ကိုမိုက်ကယ်ရာ၊ ကျုပ်တို့ တောင်ပေါ်သားတွေရဲ့ လက်နက်ဟာ သတ္တိပါပဲ။ ပြီးတော့ သစ္စာစောင့်သိမှု။ အဲဒီ အရည်



www.burmeseclassic.com

www.burmeseclassic.com



အချင်းနှစ်ရပ်ဟာ ကျုပ်တို့ တောင်ပေါ်သားတွေရဲ့ မရှိမဖြစ် လိုအပ်တဲ့ စွမ်းရည်နှစ်ရပ်ပဲဗျ"

"ငါတို့လည်း တောင်ပေါ်သားတွေပါကွာ။ ဒါပေမယ့် မင်းလိုလူမျိုးကိုတော့ မမြင်ဖူးဘူးကွာ"

"ရှိပါတယ်၊ အစ်ကိုမိုက်ကယ်ရယ်။ ပြောရရင် အစ်ကိုတို့က မြို့ကြီးသားစစ်စစ်တွေ။ ကျုပ်တို့က တောင်ပေါ်မှာ မွေးထားတဲ့လူတွေပါ။ ဒီတော့ ကြမ်းတမ်းတယ်၊ ရိုးသားတယ်။ သတ္တိရှိတယ်၊ ဒါဟာ ကျွန်တော်တို့ တောင်ပေါ်သားတွေရဲ့ ဂုဏ်သိက္ခာပါပဲ။ အစ်ကိုတို့ကျတော့ ချမ်းသာခြင်း၊ ပညာတတ်ခြင်းဟာ ဂုဏ်သိက္ခာလေ။ တစ်မျိုးစီပေါ့"

"ဟုတ်ပါတယ်ကွာ၊ မင်းစကားကို ငါလက်ခံပါတယ်။ ကိုင်း- ညဥ့်နက်လှပြီ၊ ငါတို့ ပြန်အိပ်တော့မယ်"

"အိပ်လေ၊ ကျွန်တော်တို့ မအိပ်တော့ဘူး။ မိုးမလင်းခင် သွားကြမယ်နော်။ ဒီနေရာကို ဟိုကောင်ကြီးတွေ အချိန်မရွေး လာနိုင်တယ်ဗျ"

"ဒါ. . . ဒါဆို မ. . . မအိပ်တော့ဘူးကွာ"

"ဟာ- ဘာဖြစ်လို့လဲ"

"အန္တရာယ်ရှိနေတာ အိပ်လို့ဘယ်ဖြစ်မှာလဲကွ၊ မအိပ်တော့ဘူး"

မိုက်ကယ်တို့ ညီအစ်ကိုလည်း မအိပ်ရဲတော့။ အန္တရာယ်က အချိန်မရွေး ကျရောက်လာနိုင်သည်မို့ စိတ်ထဲ တုန်လှုပ်နေကြ၏။ ထို့ကြောင့် မီးပုံဘေးမှာ ထိုင်ပြီး မီးလှုံလိုက်ကြ၏။

ကောင်းကင်ပြင်ကြီးမှာတော့ လရောင်ကြယ်ရောင်တွေက တဖိတ်ဖိတ် လင်းပနေ၏။

ညဥ့်ငှက်တွေက ဝဲပျံကာ တကီးကီးနှင့် အော်ဟစ်နေ၏။ သူတို့လူစုမိုးလင်းလုလုတွင် ယာယီတဲများကို ဖြုတ်လိုက်၏။ မီးပုံများကို မီးသတ်လိုက်ပြီး တောအုပ်မြင့်မြင့်ကြီးပေါ်သို့ ကွေ့ပတ်၍ တက်ခဲ့ကြ၏။

လမ်းတစ်ဝက်အရောက်တွင် ကျောက်သားကျောက်ဆောင်များကြားမှာ စိမ့်ထွက်နေသော ရေအိုင်ငယ်တစ်အိုင်ကို တွေ့လိုက်ရ၏။ သူတို့သုံးဦး ရေအိုင်ထဲမှ ရေကိုယူကာ ခြေလက်ဆေးကြောလိုက်၏။ ရေကို ဝါးကျည်



www.burmeseclassic.com

www.burmeseclassic.com


တောက်ထဲ ထည့်လိုက်၏။

"ငှက်ဖျားရှိနိုင်တယ်ကွ"

"မပူပါနဲ့ ကိုမိုက်ကယ်ရာ။ ကျုပ်ဆီမှာ ဆေးရွက်တွေပါပါတယ်။ အဲဒီဆေးရွက်က ရေထဲထည့်လိုက်တာနဲ့ ရေထဲကပိုးတွေ သေသွားရော"

"ဟုတ်လား"

"အဲဒါကြောင့် ပြောတာပေါ့ဗျာ၊ ဒီမှာကြည့်"

ဇခူးမားသည် လှူလက်ဝါးသဏ္ဍာန်ရှိသော သစ်ရွက်ခြောက် တစ်ရွက်နှစ်ရွက်ကို ခြေမွကာ ဝါးကျည်တောက်ထဲ ထည့်လိုက်၏။ မြင်ကွင်းက အံ့ဖွယ်ပင်။ ကြည်လဲ့နေသော ရေမှာ စိမ်းမှောင်သွားပြီး တစ်အောင့်ကြာတွင် ပြန်လည် ကြည်လင်သွား၏။ မိုက်ကယ်တို့ ညီအစ်ကိုမှာ ဇခူးမား လုပ်သမျှ အဆန်းတကြယ် ဖြစ်နေကြ၏။

ဇခူးမားသည် ဝါးကျည်တောက်ထဲမှ ရေကို မော့သောက်ပြလိုက်၏။ ထို့နောက် သူတို့လူစု ဝက်သစ်ချပင်ကြီးများအောက်သို့ လျှောက်ခဲ့ကြ၏။

မိုက်ကယ်က မြေပုံကိုကြည့်ရင်း ဝမ်းသာအားရ ဖြစ်သွား၏။

"ဟာ- ရောက်. . . ရောက်ပြီကွ"

"ဘာလဲဗျ၊ ခင်ဗျားက မြေပုံကြီးကြည့်ပြီး ဘာတွေပြောနေတာလဲ"

"ဟား- ငါတို့ သွားချင်တဲ့နေရာပေါ့ကွာ"

"ဟင်- ခင်ဗျားတို့က ဒီနေရာလည်း မရောက်ဘူးဘဲနဲ့များ"

"ဟုတ်ပါတယ်ကွာ၊ ဒါပေမယ့် ရောက်ဖူးတဲ့သူကပြောလို့ ငါတို့ ဒီတောင်ပေါ်ကို လာချင်တာပေါ့ကွာ။ ဒီမှာကြည့်စမ်း"

"ဘာလဲ"

"ပတ္တမြားကွ"

"ပတ္တမြား၊ ဟုတ်လား။ အဲဒါ တန်ကြေးရှိလို့လား"

"မင်းလည်း မင်းကပါးအတိုင်းပါလား။ မှတ်ထားကွ၊ အဲဒီ ပတ္တမြား တစ်လုံးကို သိန်းချီပြီးပေးရတာကွ"

"ဗျာ- ပိုက်ဆံသိန်းချီပြီး ပေးရတယ်၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါ မင်းကပါးလက်ထဲက ရထားတာကွ။ သူက


www.burmeseclassic.com

www.burmeseclassic.com



ဘာမှမသိဘဲ တောင်ပေါ်ကရလာတဲ့ ကျောက်နီတွေဆိုပြီး ငါ့ကို လက်ဆောင်ပေးခဲ့တာကွ။ ငါတို့ အဲဒီကျောက်ကို ကြည့်လိုက်တာနဲ့ ပတ္တမြားတွေဆိုတာ သိနေတယ်။ မင်း 'မငါးလုံးမှာ ကျောက်နီဖုံးရင် ပြည်လုံးချမ်းသာမယ်' ဆိုတဲ့ စာဆို မကြားဖူးဘူးလား"

"ဟင့်အင်း၊ ကျုပ် အဲဒါတွေမှ မသိဘဲဗျာ"

"ဟား ဟား ဟား၊ မှတ်ထားကွ။ အဲဒီကျောက်တွေ ရှိတဲ့နေရာကို မင်းကပါးက မြေပုံဆွဲပြီး လက်ဆောင်ပေးခဲ့တာ"

"ဟုတ်လား၊ ကျုပ်အတွက်ကတော့ ဟောဒီ ဒူးလေးတစ်လက်လောက် ခင်ဗျားတို့ ကျောက်နီက အသုံးမဝင်ပါဘူးဗျာ"

"ဟာကွာ၊ မင်းကတော့ တကယ့်ကို မလွယ်တဲ့ကောင်ပါလား"

"ကျုပ်က အမှန်ပြောတာဗျ။ ကိုင်း- သွားကြစို့"

"သွားတာပေါ့ကွာ၊ မြေပုံထဲမှာတော့ ဟောဒီ ကုန်းမြင့်ပေါ်က ဆင်းတာနဲ့ ကျောက်နီချောင်းကို ရောက်ပြီတဲ့ကွ"

"ဗျာ- ကျောက်နီချောင်း။ မဖြစ်နိုင်တာဗျာ"

"ငါမဟုတ်တာ ပြောပါ့မလား။ ဒီစကားတွေက မင်းကပါး ပြောခဲ့တာကွ။ အဲဒီ ကျောက်နီချောင်းဟာ ဝေးဝေးက ကြည့်ရင် သွေးတွေစီးဆင်းနေသလိုပဲတဲ့။ ဒါပေမယ့် အနီးကပ်ရင်တော့ ဟောဒီလို ပတ္တမြားကျောက်နီတွေ ချောင်းထဲမှာ အများကြီးတဲ့"

"ဟုတ်လား၊ ဒါဆိုလည်း သွားကြစို့ဗျာ"

ပြောပြောဆိုဆိုနှင့် သူတို့လူစု ကျောက်တန်းကျောက်ဆွယ်များကို ကွေ့ပတ် ဖြတ်ကျော်ရင်း ကုန်းမြင့်ပေါ်မှ တဖြည်းဖြည်း ဆင်းလာခဲ့၏။ လမ်းရယ်လို့ မည်မည်ရရ မရှိ။ ချုံနွယ်တွေက အောတိုက်။

သူတို့သုံးယောက် ချုံစပ်တွေကို ခုတ်ထစ်ဖြတ်တောက်ကာ ကျော်သွားခဲ့ကြ၏။ တဖြည်းဖြည်း မြေနိမ့်ပိုင်းသို့ ရောက်လာကြ၏။ သစ်ပင်များပေါ်တွင် ဒေါင်းငှက်ကြီးများကို မြင်နေရ၏။

ဒေါင်းကြီးများသည် သူတို့ကို မြင်သည်နှင့် တွန်သံပေးကာ သစ်ပင်အမြင့်ကြီးများဆီသို့ ပျံတက်သွားကြ၏။ ဒေါင်းကြီးတွေက ဒေါင်းဖြူကြီးတွေ ဖြစ်၏။ မိုက်ကယ်တို့ ညီအစ်ကို ဒေါင်းဖြူကြီးတွေ ကြည့်ပြီး တအံ့



www.burmeseclassic.com

www.burmeseclassic.com



တညြ ဖြစ်နေ၏။

နောက်ဆုံး ဆင်းလာကြရာ ကုန်းနိမ့်ပိုင်းသို့ ရောက်လာ၏။ ကျောက်တန်းတွေကလည်း ထူထပ်လှ၏။ လမ်းကလေးတွေကလည်း ကျဉ်းမြောင်းလှ၏။

သူတို့သုံးဦး လမ်းကျဉ်းကျဉ်းကလေးများကြားမှ ကွေ့ပတ်၍ ဝင်ခဲ့ကြရာ နောက်ဆုံး ရေကျသံကို ကြားလိုက်ရ၏။ ထိုအသံကို ကြားလိုက်သည်နှင့် ဝမ်းသာအားရ ထခုန်လိုက်သူက မိုက်ကယ်တို့ညီအစ်ကိုပင် ဖြစ်လေ၏။ သူတို့အပြုအမူကြောင့် ဇခူးမားပင် ကြောင်စီစီ ဖြစ်သွား၏။

"ဘာဖြစ်တာလဲဗျ"

"မင်းမကြားဘူးလား"

"ဘာသံလဲ"

"ဟာ- ရေစီးသံတွေလေကွာ"

"ဪ- ဒါလား၊ ခင်ဗျားတို့ကလည်း အထိတ်တလန့်ဗျာ"

"လာလာ- ဒီလျှိုအောက်ဘက် ဆင်းရအောင်"

"ဖြည်းဖြည်းဆင်းပါဗျာ"

မိုက်ကယ်နှင့် မိုလာတို့ ညီအစ်ကိုနှစ်ဦး ကျောက်တောင်များကြားမှ လျှိုနောက်ဘက်သို့ အပြေးဆင်းသွား၏။ မိုင်းသာမှာ ခြေထောက်ထော့နင်းထော့နင်းနှင့် လိုက်လာရသဖြင့် ဇခူးမား စိတ်မကောင်း ဖြစ်နေရ၏။

ထို့ကြောင့်လည်း မိုင်းသာကို သူ စောင့်ခေါ်နေရ၏။ မိုင်းသာကြီးသည် သူ့အနားသို့အရောက် တအီအီ အော်နေသဖြင့် ခြေထောက်မှ ဒဏ်ရာကို မ,ကြည့်လိုက်၏။

"ဟာ- ဒဏ်ရာများတာပဲ။ ငါ ဆေးထည့်ပေးပါ့မယ်ကွာ၊ ငါ့မှာ ဆေးပါပါတယ် မိုင်းသာရာ"

ပြောပြောဆိုဆို တိုထဲမှ ဆေးရွက်များကိုယူ၍ ပါးစပ်နှင့် ကြိတ်ဝါးပြီး မိုင်းသာ၏ ခြေထောက်ဒဏ်ရာကို ဝါးပြီးသား ဆေးရွက်များ အုံကာ အဝတ်စနှင့် ချည်နှောင်ပေးနေ၏။

ထိုစဉ် လျှိုအောက်ဘက်ဆင်းသွားသော မိုက်ကယ်တို့ညီအစ်ကိုမှ တသွင်သွင်စီးနေသော ချောင်းကလေး၏ သစ်ပင်ကြီးများ အကြိုအကြား



www.burmeseclassic.com

www.burmeseclassic.com



တွင် တွေ့လိုက်ရသဖြင့် ဝမ်းသာအားရ ဖြစ်နေ၏။ သို့သော် ချောင်းရေကို ကြည့်ပြီး သူတို့ တအံ့တသြ ဖြစ်နေ၏။

"ဟာ- ဘယ်မှာလဲကွ"

"ဟုတ်တယ်၊ ဟိုလူပြောတော့ သွေးရောင်ပေါက်နေတယ်ဆိုပြီး ဒီလူ ငါတို့ကို လိမ်လိုက်တာဖြစ်မယ်"

"ဟုတ်တယ်၊ တော်တော် မဟုတ်တာပြောတာပဲ။ ဒုက္ခပါပဲကွာ"

စမ်းချောင်းရေအရောင်ကို ကြည့်ပြီး နှစ်ယောက်စလုံး တောက်တခေါက်ခေါက် ဖြစ်နေကြ၏။ ချောင်းရေက ကြည်လင်ငြိမ့်ညောင်းစွာနှင့် ကွေ့ပတ်စီးမျောနေ၏။ အဖြူရောင်ငါးကလေးတစ်အုပ်က တလှစ်လှစ်နှင့် ကူးခတ်ပြေးလွှားနေ၏။

သူတို့နှစ်ဦး ချောင်းစပ်တွင် စိတ်ပျက်လက်ပျက်နှင့် ထိုင်ချလိုက်၏။ မိုက်ကယ်မှာ တောက်တခေါက်ခေါက် ဖြစ်နေ၏။

"ဒီလူ ငါတို့ကို ညာတာပဲကွာ"

"ဒါပေမယ့် အစ်ကို့လက်ထဲက ကျောက်ကတော့ အမှန်အကန်ပဲဗျ။ ဒီလူ မဟုတ်တာပြောတာ ဖြစ်ပါ့မလား။ ဒီလောက် အဖိုးထိုက်တဲ့ကျောက်ကို အစ်ကို့ဆီ ပေးပါ့မလား"

"အဲဒီအချက်ကတော့ စဉ်းစားစရာပဲကွာ။ ငါတော့ ဘယ်လိုမှကို နားမလည်တော့ဘူးကွ"

"ဟာ- အစ်ကိုမိုက်ကယ်ကလည်း၊ ကျွန်တော်တို့ ချောင်းအတိုင်း လျှောက်ကြည့်ရအောင်ဗျာ"

"အေး- ဟုတ်သားပဲ"

နှစ်ယောက်သား လူးလဲထလိုက်ပြီး ချောင်းရိုးအတိုင်း ကွေ့ပတ်လျှောက်ခဲ့ရာ ချောင်းကလေးသည် ကြီးမားသော ကျောက်ဂူကြီးတစ်ခုထဲမှ အစပြုလာသည်ကို သတိထားမိလိုက်၏။

"ဟာ- ဂူ. . . ဂူကြီးကွ"

"ဟုတ်တယ်။ လာဗျာ၊ ဝင်ကြည့်ရအောင်"

မိုက်ကယ်တစ်ယောက် လူတစ်ရပ်စာ ဝင်ပေါက်ရှိသော ဂူကြီးကို ကြည့်ရင်း ထိတ်လန့်နေ၏။ မိုလာက သူ့ကို အတင်းဆွဲခေါ်ကာ ဂူထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်၏။ ဂူကြီးမှာ အတွင်းပိုင်းရောက်မှ ကျယ်ဝန်းလှမှန်း သိလိုက်ရ၏။ ဂူအမိုးပေါ်တွင် ကျောက်စက်မိုးမျှော်များ၊ ကျောက်ခက်ပန်းဆွဲကြီးများကို မြင်လိုက်ရ၏။ မြေပြင်ပေါ်တွင် ကျောက်သားကျောက်ငုပ်များ ပေါ်ထွက်နေ၏။

ချောင်းကလေးသည် ဂူကြီးထဲမှ ကွေ့ပတ်စီးဆင်းလာမှန်း သတိထားမိကြ၏။ ထို့ကြောင့်လည်း သူတို့နှစ်ဦး ချောင်းအတိုင်း ကွေ့ပတ်လျှောက်ခဲ့ကြရာ ဂူထဲမှ လင်းဆွဲတစ်အုပ်က ဝေါခနဲ ပျံထွက်သွား၏။

လင်းဆွဲအုပ်၏ ခအော်သံကြောင့် နှစ်ယောက်စလုံး တွန့်ခနဲ ဖြစ်သွား၏။ တသွင်သွင် စီးနေသော ချောင်းကလေးကို ငုံ့ကြည့်ရင်း မိုက်ကယ် မျက်လုံးအပြူးသား ဖြစ်သွား၏။

"ဟာ- ဟို ဟိုမှာ ကြည့်စမ်း"

"ဘာလဲဗျ"

"ဟိုမှာလေကွာ"

"ဟာ- ဟို. . . ဟိုမှာ"

"ဂရား . . . ဂရား၊ ဂီး. . . ဂီး"

"ဟိုက်- ဝက်ဝံ. . . ဝက်ဝံကြီးတွေ"

"ဂရား. . . ဂရား"

ချောင်းထဲသို့ ငုံ့ကြည့်နေစဉ် ကျောက်တုံးကျောက်ဆွယ်များကြားမှ ဝက်ဝံကြီးနှစ်ကောင် ဘွားခနဲ ထွက်လာလေ၏။ ရုတ်တရက်မို့ သူတို့နှစ်ယောက်စလုံး ကြက်သေသေနေ၏။ ဝက်ဝံကြီးများသည် ကျောက်သားကျောက်စိုင်များကို ကျော်လွှားကာ သူတို့နှစ်ယောက်စီ အပြေးရောက်လာ၏။

မိုက်ကယ်သည် သတိဝင်လာလာချင်း လက်ထဲက ပြောင်းရှည်ကြီးကို မောင်းခလုတ် အမြန်ဆွဲကာ ပြောင်းကို ဝက်ဝံကြီးဆီ ဦးတည်လိုက်၏။ ရှေ့ဆုံးမှ ဝက်ဝံကြီးသည် မိုက်ကယ် ကိုင်ထားသော သေနတ်ပြောင်းကြီးကို ရိုက်ထုတ်လိုက်ရာ ကျည်ဆန်က ဘေးချော်ထွက်သွားပြီး သေနတ်က ချောင်းထဲ ပြုတ်ကျသွား၏။ မိုလာသည် မောင်းတင်ချိန်ပင်မရ၊ နောက်တစ်လှမ်းဆုတ်ပြီး ပြေးရန် ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဝက်ဝံကြီးတစ်ကောင်သည် သူ့အပေါ် ခုန်အုပ်လာ၏။ နှစ်ယောက်စလုံး ဝက်ဝံနှစ်ကောင်နှင့် လုံးလျားထွေးလျား ဖြစ်နေ၏။

"အောင်မယ်လေး"

"ဂရား. . . ဂီး"

"အား- ကယ်ကြပါဦး"

"ဂီး. . . ဂူး. . . ဂူး"

ဝက်ဝံကြီးတွေက သူတို့နှစ်ယောက်ကို လက်သီးဆုပ်ကြီးများနှင့် ထုလိုက်၊ ပါးစပ်ကြီးတွေနှင့် ကုန်းကိုက်လိုက် လုပ်နေ၏။ နှစ်ယောက်စလုံး အကြောက်အကန် ရုန်းကန်အော်ဟစ်နေကြ၏။ လှိုဏ်ထဲဆင်းလာသော ဇခူးမားသည် ဂူထဲမှ အော်သံကြောင့် ဂူကြီးဆီသို့ အပြေးရောက်သွား၏။

ဂူထဲရောက်သည်နှင့် မိုက်ကယ်တို့ညီအစ်ကိုကို ဝက်ဝံကြီးတွေကြား တွေ့လိုက်ရ၏။ ဇခူးမားသည် ပခုံးတွင်ချိတ်ထားသော ဒူးလေးကြီးကိုဖြုတ်ကာ ဒူးထောက်ထိုင်ချလိုက်ပြီး လက်ထဲက ဒူးလေးတွင် မြားတံတပ်၍ အလျင်အမြန် ပစ်လွှတ်လိုက်၏။

မြားက အရှိန်အဟုန်ပြင်းစွာနှင့် ဒူးလေးညှို့ကွင်းပေါ်မှ ပြေးထွက်သွား၏။

ပထမဦးဆုံးပစ်လိုက်သော မြားသည် မိုလာပေါ်၌ ခွစီးထားသော ဝက်ဝံကြီး၏ ကုပ်ပိုးကို ဖောက်ထွက်သွား၏။ မြားဒဏ်ရာကြောင့် ဝက်ဝံကြီးမှာ ရှေ့သို့ ဦးစိုက်ကျသွား၏။ ဇခူးမားသည် နောက်ထပ် မြားတစ်စင်း ပစ်လွှတ်လိုက်ရာ မြားက ဇခူးမားကို သဲသဲမဲမဲ တိုက်ခိုက်နေသော ဝက်ဝံကြီး၏ နံစောင်းကို ဖောက်ဝင်သွားလေ၏။

ပြင်းထန်လှသော မြားအရှိန်ကြောင့် ဝက်ဝံကြီးမှာ နောက်သို့ ချာလည်ချာလည်နှင့် လဲကျသွား၏။ မိုက်ကယ်နှင့် မိုလာတို့ညီအစ်ကိုနှစ်ဦးမှာ ကြောက်အားလန့်အားနှင့် ချောင်းထဲ ခုန်ချလိုက်၏။

ဇခူးမားသည် ဝက်ဝံကြီးနှစ်ကောင်ကို နောက်မြားသုံးလေးစင်းနှင့် ပစ်ခတ်လိုက်ရာ ဝက်ဝံကြီးနှစ်ကောင်စလုံး အော်ဟစ်၍ ကျောက်ဆောင် ကျောက်ဆွယ်များကြား တက်ပြေးသွားလေတော့၏။

ဇခူးမားသည် ချောင်းထဲကူးခတ်နေသော မိုက်ကယ်တို့ညီအစ်ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ချောင်းထဲမှ မရမက ကယ်တင်လိုက်ရ၏။ နှစ်ယောက်စလုံး သွေးစက်လက် ရေစက်လက် ဖြစ်နေကြ၏။

မိုက်ကယ်မျက်နှာကြီးမှာ ဝက်ဝံအကုတ်ခံလိုက်ရသဖြင့် အသားတစ်ကြီးတွေပင် ထွက်နေကာ သွေးတွေကလည်း ရဲပတောင်းခတ်နေ၏။ မိုလာ ခမျာ ရင်ဘတ်ကို အကုတ်ခံလိုက်ရသည်မို့ ရင်ဘတ်တစ်ပြင်လုံး သွေးတွေ ရွှဲရွှဲစိုနေ၏။

ဇခူးမားသည် သူတို့နှစ်ယောက်စလုံးကို ချက်ချင်း ဆေးတွေကြိတ်ဝါးပြီး ထည့်ပေးလိုက်၏။

"အား- နာ. . . နာလိုက်တာ"

"သေတော့မယ်၊ နာလိုက်တာကွာ"

"မကြောက်ပါနဲ့၊ မျက်လုံးမထိသွားတာ တော်ပါသေးတယ်"

"နာတယ်ကွာ"

"အောင့်ခံထားစမ်းပါ။ ခေါင်ရည်နဲ့ဆေးတာ အနာအမြန် ကျက်တယ်ဗျ"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ယောက်၏ ဒဏ်ရာများကို အလျင်အမြန် ကုသပေးလိုက်၏။ မိုက်ကယ်ခမျာ မျက်နှာကိုအုပ်ကာ အသံပြုကြီးနှင့် အော်ဟစ်နေ၏။ မိုလာမှာလည်း ရင်ဘတ်ကိုဖိကာ တအီးအီးနှင့် အော်ဟစ်နေ၏။ ဇခူးမားသည် ဆေးရွက်များကို ခေါင်ရည်နှင့်ရော၍ ကြိတ်ခြေပြီး ဒဏ်ရာများကို အုံပေးလိုက်၏။ မိုက်ကယ် ဒဏ်ရာအနည်းငယ် သက်သာလာသောအခါ ချောင်းထဲကို လက်ညှိုးတထိုးထိုးနှင့် လုပ်နေ၏။

"ဘာလဲကွ"

"ဟိုမှာ ကြည့်စမ်း"

"ဘာလဲဗျ"

"ချောင်းထဲကို ကြည့်စမ်း၊ ဒါ ငါတို့ရှာနေတဲ့ ချောင်းကွ"

"ဗျာ"

မိုက်ကယ်၏စကားကြောင့် ချောင်းဘက်လှည့်ကြည့်လိုက်ရာ မြင်ကွင်းကြောင့် ဇခူးမား ပါးစပ်အဟောင်းသား ဖြစ်သွား၏။ မြင်လိုက်ရသည့်



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းက တခြားတော့ မဟုတ်ပါချေ။ သွေးရောင်တောက်နေသည့် ချောင်းကလေးပင် ဖြစ်လေ၏။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

တောင်ဇလပ်နီနီတို့
ဖူးပွင့်မှာ သေချာသည်။
အောက်ချင်းငှက်တို့
ပြန်လာမှာလည်း သေချာသည်။
သို့သော် မြားတစ်စင်း၏ နောက်ကွယ်တွင်
ဘဝသည် အာမခံချက် ကင်းမဲ့နေ၏။

## အခန်း (၇)

ကီးလိန်း ဘယ်ခြေလှမ်း လှမ်းနေသည်ကို ဂျာရာ သိနေ၏။ အစ်မ ဂျာဆိုင်ကို တီးတိုးပြောရင်း ငိုခဲ့ရသည်မှာလည်း အကြိမ်ကြိမ်အခါခါ။ အိမ်နောက်ဘက် ယူကာလစ်ပင်ကြီးပေါ် စိုက်ထားသည့် ခရမ်းပြာသစ်ခွတို့ လည်း ဖူးပွင့်နေကြပြီဖြစ်၏။

သူလည်တိုင်မှာ ဆွဲထားသည့် အသည်းပုံလော်ကတ်သီးပါသည့် ငွေ ဆွဲကြိုးကလေးကိုကြည့်ရင်း ရင်ထဲ တမြည့်မြည့် ခံစားနေရ၏။ ဇခူးမား ရွာကထွက်သွားသည်မှာ ဆယ်ရက်ကျော်ခဲ့ပြီ ဖြစ်၏။ ဇခူးမားကို မျှော်ရ သည်မှာ ရင်မောလှပါဘီ။

မော်ပီတောင်တန်းတွေဘက်ကို မသွားရန် သူ အကြိမ်ကြိမ်အခါခါ တားခဲ့သည်။ သို့သော် ဇခူးမား၏ အသွေးထဲအသားထဲတွင် မူဆိုးစိတ်တွေ စီးမျောလည်ပတ်နေ၏။ သူ ဘယ်လိုမှ တား၍မရခဲ့။ သူပြန်လာလျှင် ချစ်လက်ဆောင်ပေးရန်အတွက် ကိုယ်တိုင်လိပ်ထားသည့် ပွတ်ချွန်းလေး တွေကို သိမ်းဆည်းထားမိ၏။

ကပါးသိသွားလျှင် သူ့ကို ဆူပူမာန်မဲမှာ သေချာ၏။ ကပါးက သူ့ ဘဝကို ချမ်းချမ်းသာသာပဲ ရှိစေချင်၏။ ထို့ကြောင့်လည်း ကီးလိန်းနှင့်သာ သဘောတူခဲ့၏။ ကပါး သဘောတူပြီဆိုလျှင် သူလည်း ဘာမှမတတ်နိုင်။ ကီးလိန်းကလည်း ငွေကြေးဥစ္စာကအစ ပြည့်စုံလှသလို ကပါးကိုလည်း မရမက စည်းရုံးထား၏။

ကပါးကိုယ်ပေါ်မှ သိုးမွေးလောင်းကုတ်ကြီးပင် ကီးလိန်းက မင်းတစ်



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ကီးလိန်း ဘယ်ခြေလှမ်း လှမ်းနေသည်ကို ဂျာရာ သိနေ၏။ အစ်မ ဂျာဆိုင်ကို တီးတိုးပြောရင်း ငိုခဲ့ရသည်မှာလည်း အကြိမ်ကြိမ်အခါခါ။ အိမ်နောက်ဘက် ယူကလစ်ပင်ကြီးပေါ် စိုက်ထားသည့် ခရမ်းပြာသစ်ခွတို့လည်း ဖူးပွင့်နေကြပြီဖြစ်၏။

သူလည်တိုင်မှာ ဆွဲထားသည့် အသည်းပုံလော်ကက်သီးပါသည့် ငွေဆွဲကြိုးကလေးကိုကြည့်ရင်း ရင်ထဲ တမြည့်မြည့် ခံစားနေရ၏။ ဖခူးမားရွာကထွက်သွားသည်မှာ ဆယ်ရက်ကျော်ခဲ့ပြီ ဖြစ်၏။ ဖခူးမားကို မျှော်ရသည်မှာ ရင်မောလှပါဘိ။

မော်ပီတောင်တန်းတွေဘက်ကို မသွားရန် သူ အကြိမ်ကြိမ်အခါခါ တားခဲ့သည်။ သို့သော် ဖခူးမား၏ အသွေးထဲအသားထဲတွင် မုဆိုးစိတ်တွေ စီးမျောလည်ပတ်နေ၏။ သူ ဘယ်လိုမှ တား၍မရခဲ့။ သူပြန်လာလျှင် ချစ်လက်ဆောင်ပေးရန်အတွက် ကိုယ်တိုင်လိပ်ထားသည့် ပွတ်ချွန်းလေးတွေကို သိမ်းဆည်းထားမိ၏။

ကပါးသိသွားလျှင် သူ့ကို ဆူပူမာန်မဲမှာ သေချာ၏။ ကပါးက သူ့ဘဝကို ချမ်းချမ်းသာသာပဲ ရှိစေချင်၏။ ထို့ကြောင့်လည်း ကီးလိန်းနှင့်သာ သဘောတူခဲ့၏။ ကပါး သဘောတူပြီဆိုလျှင် သူလည်း ဘာမှမတတ်နိုင်။ ကီးလိန်းကလည်း ငွေကြေးဥစ္စာကအစ ပြည့်စုံလှသလို ကပါးကိုလည်း မရမက စည်းရုံးထား၏။

ကပါးကိုယ်ပေါ်မှ သီးမွှေးလောင်းကုတ်ကြီးပင် ကီးလိန်းက မင်းဘင်



www.burmeseclassic.com

www.burmeseclassic.com


မြို့မှဝယ်၍ လက်ဆောင်ပေးခဲ့၏။ ကီးလိန်းက စီးပွားရေးကိုလည်း နှံ့စပ်၏။ ရှာနီးချုပ်စပ်မှ သားရေထည်တွေဝယ်ကာ မင်းတပ်မြို့မှာ ပြန်သွင်းခဲ့၏။ သူ့ကို ဘယ်သူမှ မကျော်နိုင်။

ရှာနီးချုပ်စပ်ကိုပါ ငွေကြေးနှင့် ထိန်းချုပ်ထား၏။ နေ့ချင်းညချင်း စီးပွားရေး ကောင်းလာသဖြင့် ကီးလိန်းလက်ထဲတွင် နွားနောက်ကောင်ရေ ငါးဆယ်ကျော်နေပြီ ဖြစ်၏။ စပါးခင်းတွေကလည်း မနည်းလှ။ ထို အခြေအနေကြား ကီးလိန်းတစ်ယောက် ညစဉ်ညတိုင်း သူတို့ဆီ ရောက်လာကာ လူပျိုစကား ပြောလေ့ရှိ၏။

ကပါးကတော့ ကီးလိန်းလာလျှင် ဝမ်းသာအားရ ဖြစ်နေ၏။ အစ်မ ဂျာဆိုင်မှာလည်း မတတ်သာ။ ဂျာရာသည် ကီးလိန်းလာလျှင် စိတ်ထဲ မှုန်တေတေ ခံစားရ၏။

ကီးလိန်းကိုယ်ပေါ်မှာ ရွှေတွေ တဝင်းဝင်း။ အနေအထိုင်ကအစ မြို့သားကြီးလုံးလုံးပေါက်နေသော ကီးလိန်းကို သူ မခံစားတတ်။ ဇခူးမား နှင့်ယှဉ်လျှင် အများကြီး ကွာခြားသော်လည်း ဂျာရာ၏ မျက်စိထဲ သဘာဝ ဆန်လှသော ဇခူးမားကိုသာ ခံစားမိ၏။ ဇခူးမားအကြောင်း တွေးလျှင် ယခုအထိ ရင်တွေ ခုန်နေဆဲ။

ကပါးက သူ့ကို ဇခူးမားနှင့် သဘောမတွေ့။ ဇခူးမားနှင့် ယူလျှင် ဆင်းဆင်းရဲရဲ နေရလိမ့်မည်ဟု ကပါးက ပြောဖူး၏။ အစ်မဂျာဆိုင် ကိုယ် တိုင်ကလည်း သူ့ကို ဇခူးမားနှင့်ယူလျှင် ဇခူးမားအဖေလို ဒုက္ခရောက်လိမ့် မည်ဟု တီးတိုးပြောခဲ့ဖူး၏။

အစ်မဂျာဆိုင်ကိုယ်တိုင် သူ့ဘက်မပါတော့ ရင်ထဲ အောင့်သီးအောင့် သက် ခံစားရ၏။ အစ်မတို့မသိအောင် ပွတ်ချွန်းလေး ခိုးလိပ်ရသည်မှာ လည်း နှစ်စည်းခန့် ရှိနေပြီဖြစ်၏။ သူ့ရင်ထဲမှာတော့ ဇခူးမားကို အပြစ် မမြင်။ ဆင်းရဲတာ အပြစ်ဟု သူမမြင်။

ဇခူးမားက ယောကျ်ားပီသ၏။ သတ္တိရှိ၏။ သစ္စာရှိ၏။ ပွင့်ပွင့်လင်း လင်း ပြောတတ်၏။ ထိုအကြောင်းအရာများသည် ချမ်းသာမှုထက် သာ သော ဂုဏ်အင်္ဂါဟု ဂျာရာ ယူဆ၏။

ထိုအတောအတွင်း ကီးလိန်း အိမ်ကို ရောက်လာသည်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ချောင်းပေါက်မတတ်၊ ပြောလိုက်သည့်စကားတွေကလည်း မိုးတစ်ခွန်း လေတစ်ခွန်း။ တစ်လောကလည်း အောက်ချင်းငှက်တစ်စုံ သူ့ကို လက်ဆောင်ပေးခဲ့ဖူး၏။

ကီးလိန်း၏ စည်းရုံးရေးက အောင်မြင်သည်ဟု ဆိုရမည်။ ကပါးနှင့် အစ်မဂျာဆိုင်တို့ပင် ကီးလိန်းလာလျှင် လိုလေသေးမရှိအောင် ညှော်ခံတတ်၏။ လာလျှင်လည်း လက်ဆောင်ယူလာလိုက်ရတာအမော။ ထို့ပြင် ဂျာရာကို နွားနောက်ငါးရှဉ်းတင်၍ တောင်းမည်ဆိုသဖြင့် တစ်ရွာလုံး အံ့သြနေ၏။

ကီးလိန်း၏ မင်္ဂလာကြေးက နန်ကတစ်ရွာမှာ ကြားတောင် မကြားဘူး။ တကယ်လည်း တင်တောင်းမည့် အခြေအနေတွင် ရှိနေ၏။ ကပါးကတော့ ကီးလိန်းစကားကို နားထောင်ရင်း ဝမ်းသာအားရ ဖြစ်နေ၏၊ အစ်မဂျာဆိုင်ကလည်း စိတ်ယိုင်သွားပြီ ဖြစ်၏၊ ကီးလိန်းနှင့် အတင်းတိုက်တွန်းနေ၏။

ဂျာရာ ဘာလုပ်ရမှန်းမသိ။ ဂျာရာ့ရင်ထဲ ကီးလိန်းကို လက်မခံနိုင်၊ ခါးခါးသီးသီး ဖြစ်နေ၏။ သို့သော် သူတို့ရွာဓလေ့တွင် ကပါး ခေါင်းတစ်ချက်အညိတ်ပင် ဖြစ်၏။ ကပါး ခေါင်းညိတ်လိုက်ပြီဆိုလျှင် သူ ဘယ်လိုမှ ငြင်းမရတော့။

ထို့ပြင် နတ်ဆရာကြီး ဦးကမ်တွဲကလည်း ကီးလိန်းနှင့် ဂျာရာတို့ နေ့နံကို နတ်ဘုရားအား မေးဖူး၏။ ကြက်ရိုးဗေဒင် တွက်ခဲ့ဖူး၏။ ကီးလိန်းနှင့် ဂျာရာတို့ လက်ဆက်လျှင် အကြီးအကျယ် ချမ်းသာလိမ့်မည်ဟု တွက်ချက်ဟောစာတမ်း ထုတ်လိုက်၏။ ကပါးကတော့ ဇွေ့ဇွေ့ခုန် ဝမ်းသာနေ၏။

ကပါး၏စေတနာကို နားလည်သော်လည်း သူ့ရင်ထဲ ကီးလိန်း၏ အရိပ်က တစ်စက် မစိုးမိုးနိုင်။

သူ့ရင်ထဲ ချင်းစောင်ထူထူကြီးပတ်ပြီး ဒူးလေးကြီး တလွှယ်လွယ်နှင့် တောတက်လေ့ရှိသော ဇခူးမား၏ အသွင်အပြင်ကိုသာ မြင်ယောင်နေ၏၊ သူ့ရင်ထဲ ဇခူးမားမှ ဇခူးမား။ အစ်မဂျာဆိုင်ရော ကပါးပါ သူ့စိတ်ကို သိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငယ်သွေးငယ်စိတ်မို့ တဖွတ်ထိုးအတွေးကလေးရှိနေသည်ကို သိနေ၏။ ကပါးကိုလည်း သူ ပြောင်ပင်ပြောခဲ့ဖူး၏။ ကီးလိန်းကို သူ မယူနိုင်။ သူ့စိတ်ထဲ ဘယ်လိုမှ မခံစားရဟု ပြောခဲ့ဖူး၏။ ကပါးက သူ့ကိုတော့ အလိုလိုက်လှ၏။ သူ မကြိုက်တာကို ကပါးက ဇွတ်မစီစဉ်ချင်။ သို့သော် သမီးငယ် ရှေ့ရေးကိုတွေးပြီး ကပါးတစ်ယောက် သူ့ကို ပါးပါးနပ်နပ် စည်းရုံးနေမှန်း သိ၏။ အစ်မဂျာဆိုင်ကလည်း ကပါးနည်းတူ သူ့ကို ကီးလိန်းနှင့် ပတ်သက်ပြီး ကောင်းကွက်ကလေးတွေ ထောက်ပြခဲ့၏။

ကီးလိန်းကို လူဆိုးဟု မဆိုလိုပါ။ သို့သော် ကီးလိန်းသည် အကြွားသန်၏။ ဂုဏ်ဝင့်၏။ သူ့ကိုယ်သူ တစ်ဖက်သတ် အထင်ကြီးတတ်၏။ ထိုသဘောများကြောင့် ကီးလိန်းကို သူ့စိတ်ထဲ မတွေ့လှ။

ဇခူးမား ပေးထားသည့် ငွေဆွဲကြိုးလေးက တန်ဖိုးမထိုက်လှသော်လည်း သူ့ရင်အစုံကို ကိုင်လှုပ်ခဲ့၏။ ဆွဲကြိုးလေး ပေးစဉ်တုန်းက ဇခူးမား တစ်ယောက် မျက်နှာကြီး ရဲတွတ်တွတ် ဖြစ်နေသည်ကို သူ မြင်ယောင်သေး၏။ သူ့ထက် ရှက်ကိုးရှက်ကန်း ဖြစ်နေသော မုဆိုးကြီး။

ထို့ပြင် ဝက်ဝံတွေ၊ ကျားတွေကို ရင်ဆိုင်မည့် မုဆိုးကြီးက သူနှင့် တွေ့တော့ လက်တွေတုန်နေတာလည်း တွေ့ခဲ့ရ၏။ စကားတွေ ထစ်ငေါ့နေတာလည်း တွေ့ခဲ့ရ၏။ ထိုအပြုအမူကို တွေးမိတိုင်း သူ ရယ်ချင်မိ၏။

ခက်သည်က ဇခူးမားက သူ့ကို ချစ်သည်ဟု ဖွင့်မပြောခြင်းပင်။ မြင်းကမလှုပ်တော့လည်း ခုံက မလှုပ်ချင်။ သူနှင့်တွေ့လျှင် ကြောင်စီစီ လုပ်တတ်သော ဇခူးမားကို သူ အားမလိုအားမရ ဖြစ်ခဲ့ရ၏။ ပြောစရာရှိလျှင် ပွင့်ပွင့်လင်းလင်း ပြောစေချင်၏။ သို့သော် ဇခူးမားနှင့်တွေ့လျှင် မဆီမဆိုင်စကားတွေ ပြောတတ်၏။ ပြောတော့လည်း တောင်တစ်ခွန်း မြောက်တစ်ခွန်း။

ကပါးကိုလည်း ကြောက်တတ်လိုက်တာမှ လွန်ပါရော။ ဂျာရာ စိတ်ဆိုးမှာလည်း သေမတတ်ကြောက်ပုံရ၏။ ဇခူးမား တွေဝေနေသည်ကို ဂျာရာ သဘောမတွေ့။ ယခုတော့ ကီးလိန်းက ဇခူးမားထက် ပို၍ အားသာနေပြီဖြစ်၏။ ကပါးရော အစ်မဂျာဆိုင်ကပါ ကီးလိန်းမှ ကီးလိန်း ဖြစ်နေသည်မို့ သူ ခေါင်းတစ်ချက် ညိတ်လိုက်ရုံသာ ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျာရာ့ရင်ထဲ လေးလေးလံလံ ခံစားနေရ၏။ ဇခူးမားအလာကို နား တစွင့်စွင့်နှင့် မျှော်နေရသော်လည်း ဘာသံမှမကြား။ ကီးလိန်း၏အစ်ကို တွေနှင့် ထွက်သွားသည်မို့ သူ့စိတ်ထဲ တထင့်ထင့် ခံစားနေရ၏။

ထိုအတောအတွင်း ကီးလိန်း၏ အခြေအနေက ပို၍ ခြေလှမ်းသွက်လာ၏။ ကပါးကိုပင် ကီးလိန်းက ပြောပြီးဆိုပြီး ဖြစ်နေကြောင်း အစ်မဂျာဆိုင်ထံမှ ကြားလိုက်ရသဖြင့် ဂျာရာ့ရင်တွေ မောနေရ၏။

တစ်ညတွင် ကပါးက သူ့ကို ကီးလိန်းနှင့် ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ပြောဆိုလာ၏။ အစ်မဂျာဆိုင်ကပါ ကပါးဘက်ပါနေသည်မို့ ဂျာရာ ဘာပြော၍ ပြောရမှန်းပင်မသိ။

"ဂျာရာရယ်၊ အိမ်ထောင်ပြုတယ်ဆိုတာ အရှည်ကို တွေးရတယ်လေ။ နင် စိတ်ထဲရှိသလို တွေးချင်ရာတွေးပြီး လုပ်ချင်ရာလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ။ ကပါးပြောတာ နင့်ဘဝအတွက် အများကြီး ပါတယ်လေ။ ကီးလိန်းဟာ နင့်ကို မျှိုထားမတတ် ချစ်ပါတယ်ဟာ။ ပြီးတော့ နင့်နောင်ရေးလည်း မပူရပါဘူး"

"ဟုတ်တော့ဟုတ်ပါတယ် အစ်မရယ်။ ဒါပေမယ့် အဲဒီလူကို ဂျာရာ မခံစားတတ်ဘူး။ ချမ်းသာတယ် ဆင်းရဲတယ်ဆိုတာ သိပ်မှုစရာကိစ္စမဟုတ်ပါဘူး။ တောင်ပေါ်မှာ ရွှေပလ္လင်နဲ့ နေရဖို့လည်း သိပ်မထူးခြားပါဘူး အစ်မရာ"

"အို- နင်က ပြောမရပါလား"

"မပြောပါနဲ့ သမီးရယ်၊ ကပါး သူ့ကို ဇွတ်ကြီး အဓမ္မတော့ မစီစဉ်ချင်ပါဘူး။ ဒါပေမယ့် ကီးလိန်းဟာ သမီးငယ်ရဲ့ ရှေ့ရေးကို လုံခြုံမှု အပြည့်အဝပေးနိုင်လိမ့်မယ်လို့ ကပါး ယုံကြည်တယ်။ ဒါကြောင့် ကပါးက စီစဉ်ပေးချင်တယ် ပြောတာပါ။ ပြီးတော့ ကပါးကလည်း မငယ်တော့ဘူးလေ။ ကျန်းမာရေးကအစ ချူချာလာပြီဆိုတော့ အားကိုးစရာ လိုလာတာ အမှန်ပဲ"

"သမီး စဉ်းစားပါရစေဦး ကပါးရယ်"

"အေးပါ၊ သမီး အသေအချာ စဉ်းစားပါ။ ကပါးက ဒီကိစ္စကို အတင်းအကျပ် မစီစဉ်ပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com


"သမီး နားလည်ပါတယ် ကပါးရယ်"

ဖခင်ကြီးစကားကြောင့် ဂျာရာ့ရင်ထဲ တင်းတင်းကျပ်ကျပ်ကြီး **ခံစား**လိုက်ရ၏။ ယခုလို အခြေအနေကို ဇခူးမားသာရှိလျှင် ပြေးပြောလိုက်ချင်ပါဘိ။ သို့သော် ဇခူးမားက မုဆိုးကြီး ဖြစ်ချင်သည့်စိတ်သာ ရှိသော်လည်း အချစ်နှင့် ပတ်သက်လျှင် အေးတိအေးစက် နိုင်လွန်းလှသည်ဟု ခံစားမိ၏။

ထိုနေ့ည သူ့ဆီသို့ ကီးလိန်း ရောက်လာပြန်၏။ စကားတွေကလည်း ဓာတ်ပြားဟောင်းကြီး ဖွင့်သလို နားထဲ ငြီးငွေ့လှပြီဖြစ်၏။

"နင် ငါ့ကို မယုံဘူးလား ဂျာရာရယ်၊ ငါ နင့်ကို မြို့ခေါ်သွားမှာပါ"

"ဘာ. . . ဘာလုပ်မလို့လဲ"

"ဟာ- ငါ မြို့မှာ အိမ်တစ်လုံး ဝယ်ထားပြီးပြီ။ နင်နဲ့အတူနေဖို့ ငါ ကျကျနန ပြင်ဆင်ထားပြီးပြီ။ ငါ့ကြောင့် နင် စိတ်မဆင်းရဲစေရပါဘူး ဂျာရာရယ်။ နင် ဘာကြောင့် ငါ့အပေါ် မပြတ်မသား ဖြစ်နေရသလဲ၊ အဲဒါကို ငါ နားမလည်ဘူး"

"အို- ဒီကိစ္စမျိုးဆိုတာ ခပ်လွယ်လွယ်နဲ့ ဆုံးဖြတ်လို့မရဘူးလေ။ ငါက ချမ်းသာတာ ဆင်းရဲတာ အဓိက မဟုတ်ပါဘူး ကီးလိန်းရယ်။ ငါ့ကို မြို့မှာ ရဲတိုက်ကြီးနဲ့ထားလည်း ငါစိတ်မချမ်းသာရင် မနေချင်ဘူး"

"ဟာ- နင်ကလည်း၊ ငါက သဘောပြောတာပါ။ ငါနဲ့အတူနေရင် နင် စိတ်ချမ်းသာစေရပါ့မယ်"

"အဲဒီလို ဇွတ်မပြောနဲ့ ကီးလိန်း၊ တောင်ပေါ်မှာနေလည်း ထမင်းတစ်လုတ် စားရတာပဲ။ မြို့မှာနေလည်း ထမင်းတစ်လုတ် စားရတာပဲ။ အရေးကြီးတာ ကိုယ်စားတဲ့ထမင်းလုတ်ကို စိတ်ချမ်းချမ်းသာသာ မျိုကျဖို့ပဲ လိုတာပေါ့"

"မဟုတ်သေးဘူး၊ နင်ပြောတာ မဟုတ်သေးဘူး"

"ဘာဖြစ်လို့လဲ"

"ဟာ- ထမင်းလုတ်ချင်း တူပေမယ့် မြို့က ထမင်းလုတ်မှာ အရသာရှိတယ်၊ အရောင်အဆင်းရှိတယ်၊ အနာရောဂါ ကင်းတယ်။


www.burmeseclassic.com

www.burmeseclassic.com



အာဟာရ ဖြစ်တယ်လေ။ ဘာမဆို အဆင့်မြင့်မြင့် မြင်တတ်ဖို့တော့ လိုတာပေါ့"

"အို- နှင်ပြောတာ ငါမကြိုက်ဘူး။ ငါကတော့ တောင်ပေါ်ထမင်း လုတ်ကိုပဲ မက်တယ်"

"ဂျာရာ၊ နှင့်အတွေးတွေဟာ တိမ်လွန်းတယ်။ ငါနဲ့ လက်တွဲခဲ့ရင် မြို့ရောက်တာနဲ့ အဲဒီအတွေးအခေါ်တွေ အလဟဿပဲ ဆိုတာ နှင်သိပါလိမ့်မယ်"

"အို- ဒါကတော့ နှင့်အယူအဆပဲလေ။ ငါနဲ့ ထပ်တူရှိရမယ်လို့တော့ မပြောချင်ဘူး။ ဒါပေမယ့် ငါနှစ်သက်တာတော့ ငါပြောပိုင်ခွင့်ရှိတာပေါ့"

ဂျာရာစကားကြောင့် ကီးလိန်း မတင်မကျ ခံစားလိုက်ရ၏။ ဂျာရာ၏ အယူအဆတွေက ခေါင်းမာလွန်းသည်ပဲ ထင်မိ၏။ ထို့ပြင် ကီးလိန်း မျက်လုံးထဲ စနောင့်စနင်း ဖြစ်နေရသည်က ဇခူးမား။

ဇခူးမားအပေါ် ဂျာရာ ညွတ်နေပြီဆိုသည်ကိုလည်း အစ်မဖြစ်သူ ဂျာဆိုင်က တီးတိုးပြောခဲ့ဖူး၏။ ဇခူးမားကို သူ့လက်ထဲထည့်ပြီး ခြေပစ်လိုက်လို့ရသည်။ သူနှင့် ဂျာရာကြားတွင် ဘာအနှောင့်အယှက်မှ မရှိစေချင်။

ကီးလိန်း၏ဝါဒက သူလိုချင်ပြီဆိုလျှင် မရရအောင်ယူသည့်ဝါဒ။ ယခုလည်း သူ့ကို အင်တင်တင် လုပ်နေသော ဂျာရာကို သူ့ဆီရောက်လာရန် နည်းမျိုးစုံ ထုတ်သုံး၍ ကြိုးစားရန် ဆုံးဖြတ်ခဲ့၏။

ဂျာရာ ဘယ်လိုပဲငြင်းငြင်း ကီးလိန်းအပြုံးမပျက်ခဲ့၊ သူဖြစ်ချင်သည့်ဆန္ဒကို တတ်နိုင်သမျှ ချိုးနှိမ်ကာ ဂျာရာ၏ စကားသံကို နားထောင်ခဲ့၏။

ဂျာရာ ဘာဖြစ်ချင်သလဲ။

ဂျာရာ ဘာလုပ်ချင်သလဲ။

ဂျာရာ၏ စိတ်ဆန္ဒကို သူ သိအောင် ကြိုးစားခဲ့၏။ ထိုအခါ ဂျာရာ၏ရင်ထဲ ဇခူးမားဆိုသော အရိပ်ကြီးရှိနေသည်ကို သိလာရ၍ ကီးလိန်း ဓွေ့ဓွေ့ခုန် ခံစားခဲ့ရ၏။

သူနှင့်ပြိုင်ဘက်က သူတို့အခင်းတွေ စောင့်နေရသော ဇခူးဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်။ သူတို့နွားနောက်တွေ ကျောင်းပေးရ၏။ သူ့မိဘများနှင့် ငွေကြေးဆက်ဆံမှု မကင်း။ ဇခူးမားသည် သူ့အတွက် ပြိုင်ဘက် မဖြစ်နိုင်။

ပြိုင်ဘက် ဖြစ်လာလျှင်လည်း အချိန်မရွေး ချေဖျက်မှေ့နှောက်နိုင်သည်ဟု ယုံကြည်ထား၏။ သူ့စိတ်ထဲ ဇခူးမားကို ပုရွက်ဆိတ်သာသာပဲ မြင်ခဲ့၏။ တစ်ဖက်ကလည်း ဇခူးမားမိခင်နှင့် အစ်ကိုလုပ်သူတို့ကို ငွေကြေးနှင့် ချုပ်ကိုင်ထားခဲ့သည်မို့ ဇခူးမား မလှုပ်နိုင်ဟု သူတွက်ထား၏။

သူ့လုပ်ဆောင်မှုက အဘက်ဘက်မှ ဟာကွက်မရှိအောင် ပိတ်ဆို့ထားသဖြင့် အောင်မြင်ရမည်ဟု အယုံကြီး ယုံနေ၏။ ဂျာရာ၏ အခြေအနေမှန်ကို သိသဖြင့် ကြိုးရှည်ရှည်နှင့် လှန်ထားရန် ဆုံးဖြတ်ကာ အလိုက်သင့် အလျားသင့် နေထိုင်ခဲ့လေ၏။

ထိုအတောအတွင်း ဇခူးမား၏မိခင်ကြီးမှာ ဇခူးမား ပြန်ရောက်မလာသဖြင့် စိတ်အပူကြီး ပူနေမိ၏။ ဇခူးမား၏ ဖွတ်တရွတ် စိတ်ဓာတ်ကိုလည်း စိတ်ပူနေ၏။ မော်ပီတောင်ပေါ် တက်သွားသည်ဆိုသော အချက်ကို သူရောဇခါးပါ မသိလိုက်။ သိလျှင်လည်း ဘယ်လိုမှ တားရမည် မဟုတ်။ ကီးလိန်းတို့ဆီလာသည့် ဧည့်သည်တွေနှင့် လိုက်မည်ဆိုတုန်းက ဇခါး သူ့ကို ပြောဖူး၏။ သူ မရမက တားခဲ့သော်လည်း ဇခူးမားက နားမဝင်။

တောင်ပေါ်ကို ဘယ်အချိန် လိုက်သွားသည်ပင် မသိလိုက်။ ယခုတော့ သားအတွက် အနူးငွန်ဗီး စိုးရိမ်နေရပြီ ဖြစ်၏။ ဇခူးမားမရှိတော့ ဇခါးလည်း တောမထွက်နိုင်။ နွားနောက်ကျောင်း၊ အခင်းစောင့်နှင့် အလုပ်တွေ ရှုပ်နေ၏။ ငွန်ဗီးမှာ သားငယ် ဇခူးမား၏သတင်းကိုသာ နားစွင့်နေရ၏။

ဇခူးမားစိတ်က ခင်ပွန်းသည်၏စိတ်နှင့် တစ်ထပ်တည်း၊ တစ်သားတည်း။ ကြောက်စိတ် ချေးစေ့မျှ မရှိ။ ခင်ပွန်းသည်တုန်းကလည်း သူ့မှာ ရင်တထိတ်ထိတ်နှင့် စောင့်စားရသည်မှာ အကြိမ်ကြိမ်။

ယခုလည်း ဇခူးမားကြောင့် ရွာထိပ်ထွက်ပြီး မျှော်နေရသည်မှာ အကြိမ်ပေါင်း မနည်းတော့ပါချေ။ အစ်ကိုလုပ်သူ ဇခါးသည်လည်း မိခင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နည်းတူပင်။ မော်ပီတောင်ပေါ် လိုက်သွားကတည်းက ဇခူးမားကို သူ စိတ်ဆိုးနေမိ၏။ အန္တရာယ်ကြီးလွန်းလှသဖြင့် သူတောင် စိတ်ကူးထဲ မထည့်မိပါချေ။ ယခုတော့ သူတို့သားအမိ ဇခူးမား သတင်းကိုပဲ နားစွင့်နေရလေ၏။

ထိုအချိန်တွင် မော်ပီတောင်တန်းပေါ် ရောက်နေကြသော ဇခူးမားတို့လူစုမှာ သွေးရောင်လွှမ်းနေသော ချောင်းနားတွင်း စတည်းချနေရ၏။ မိုက်ကယ်က သူ့မျက်နှာပေါ်မှ ဒဏ်ရာကို မမှုနိုင်၊ တရဲရဲ တောက်နေသော ချောင်းကိုကြည့်ပြီး လောဘဇောတွေ တိုက်နေ၏။ မိုလာမှာ ဝက်ဝံကုတ်ခံရသည့် ဒဏ်ရာကြောင့် အဖျားတက်ကာ လမ်းတောင်မလျှောက်နိုင် ဖြစ်နေ၏။ ပါလာသည့်ရိက္ခာလည်း ပြတ်တောက်သွားခဲ့ပြီ ဖြစ်၏။

မိုက်ကယ်သည် ချောင်းထဲမှ ပတ္တမြားကျောက်များကို ဆယ်ယူရန် ဆန္ဒဇော ပြင်းထန်နေ၏။ ချောင်းရေမှာ သူတို့ထင်သလို မဟုတ်။ အပေါ်က စီးကြည့်လျှင် တိမ်သည်ဟု ထင်ရသော်လည်း ဝါးတစ်ရိုက်ခန့် အနက်ရှိ၏။ သူကိုယ်တိုင်လည်း ရေထဲမဆင်းနိုင်။

ဇခူးမားသည် မိုက်ကယ်ပြောသည့် ကျောက်တွေကို စိတ်မဝင်စား။ သူ့အဓိကဆန္ဒရှိနေသည်မှာ နဖူးဖြူ ဝက်ဝံကြီးကို ရှာဖွေရန် ဖြစ်၏။ မိုက်ကယ်တို့ညီအစ်ကိုအတွက် စားသောက်ဖွယ်ရာများ ရှာပေးခဲ့ပြီးနောက် ဂူအတွင်းပိုင်း ထွက်ပေါက်ကို သူရှာခဲ့၏။

သူ့မြားချက်ကြောင့် ထွက်ပြေးသွားခဲ့သည့် ဝက်ဝံများနောက်သို့ လိုက်ရန် လမ်းပေါက်ကို ရှာခဲ့၏။ ထိုသို့ ရှာဖွေရင်း ချောင်းအနောက်ဘက် လူတစ်ကိုယ်ငုံ့ဝင်နိုင်သည့်လမ်းပေါက်ကို တွေ့လိုက်ရသဖြင့် တစ်ယောက်တည်း စွန့်စွန့်စားစား ထွက်လာခဲ့၏။

သူ့လက်ထဲ ဖခင်ကြီး၏ လက်ဆွဲတော် ဒူးလေးတစ်လက်နှင့် ဓားတိုနှစ်ချောင်းသာ ပါ၏။ အမှန်မတော့ သူ့စွန့်စားမှုက မိုက်တိမိုက်ကန်း စွန့်စားမှု။ သူ့ရင်ထဲ တနုံ့နုံ့ ခံစားနေရသည်မှာ သူ့ဆီက မျက်စိတစ်လုံး ယူသွားသော နဖူးဖြူဝက်ဝံကြီးပင် ဖြစ်၏။

နဖူးဖြူဆီက မျက်စိပြန်မရမချင်း သူ မကျေနပ်နိုင်။ ထို့ကြောင့်လည်း မိုက်တိမိုက်ကန်း စွန့်စားလိုက်ခြင်း ဖြစ်၏။ ဂူအနောက်ဘက်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်သောအခါ သစ်ချပင်များ၊ ကတွတ်ပင်များ ပေါက်ရောက်နေသော တောကြီးကို တွေ့လိုက်ရ၏။

မျောက်အော်သံများကိုလည်း ကြားနေရ၏။ ကတွတ်တောကို ကြည့်ရင်း သူ အကျေနပ်ကြီး ကျေနပ်သွား၏။ ကတွတ်တောရှိလျှင် ဝက်ဝံတွေ ရှိမှာ အသေအချာပင်။ ထို့ကြောင့်လည်း ကတွတ်တောထဲသို့ သူ ဝင်ခဲ့၏။ ချုံနွယ်ပိတ်ပေါင်းများကလည်း လမ်းတစ်လျှောက် အောတိုက်။

မြေပြင်ပေါ် တသောသော ကြွေနေသော ရွက်ကြွေများကြား ခြေရာကြီးများကို တွေ့လိုက်ရ၏။

ခြေရာ အသွားအလာနှင့် အနေအထားကို လေ့လာကြည့်ရာ ခြေရာ ဟောင်းများ ဆိုသည်ကို သတိထားမိ၏။ ချုံနွယ်ပိတ်ပေါင်းများကြား အသံမထွက်အောင် ခြေရာခံနေစဉ် သူ့နှာခေါင်းထဲ သွေးညှီနံ့လိုလို အနံ့ကို ရှူမိ၏။

ထိုအနံ့ကိုရလိုက်သည်နှင့် အနီးဆုံး သစ်စိမ့်ပင်ကြီးပေါ် သို့ အပြေးအလွှား တက်ခဲ့ရ၏။ မျောက်အုပ်ကြီးမှာ သူ့ကိုမြင်သည်နှင့် တကွဲကွဲ အော်ကာ ထွက်ပြေးသွားကြ၏။ ဓားမားသည် သစ်ပင်ပေါ် ရောက်သည်နှင့် တိုကြီးကို သစ်ကိုင်းတစ်ခုထဲ ချိတ်လိုက်၏။ တိုထဲမှ မြားတံနှင့်ဖြောက်အိုးများကို ယူလိုက်၏။

ပြီးသည်နှင့် အကိုင်းအခက်လုံလှသော သစ်ကိုင်းကြီးတစ်ကိုင်းပေါ် တက်ထိုင်ကာ အခြေအနေကို စောင့်ကြည့်နေ၏။ သူ့နားထဲ အော်သံ ညည်းသံကြီးများကို ကြားနေရ၏။ ရင်တွေ တဖိုဖိုတလှိုက်လှိုက် ခံစားနေရ၏။ ကတွတ်ပင်များနှင့် သူ တက်ရောက်ပုန်းအောင်းနေသော နေရာက မဝေးလှ။ ရန်သူကို အပေါ်စီးမှ မြင်နိုင်သည်မို့ စိတ်ချလက်ချ စောင့်ဆိုင်းနေ၏။

မိနစ်အနည်းငယ်အကြာတွင် တဖြောက်ဖြောက် တချွတ်ချွတ်အသံများကို ကြားလာရ၏။ သစ်ကိုင်းသစ်ခက်များကြား [illegible] သူ ခေါင်းပြူပြီး ငုံ့ကြည့်လိုက်၏။ အသံများထွက်ပေါ် လာပြီး မရှေးမနှောင်းတွင် ဘွတ္တဝါ ညိုညိုကြီးများ သစ်တောအောက်ကို ဝင်လာတာ တွေ့လိုက်ရ၏။

သူ စောင့်ဆိုင်းနေသော ဝက်ဝံညိုကြီးများသည် အမွှေးဖွားဖွားနှင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရာ သစ်ကိုင်းသစ်ခက်များကို ဆွဲနုတ်ချိုးဖြတ် စားသောက်ရင်း ကတွတ်ပင်ဆီသို့ သွားနေကြ၏။ ဝက်ဝံပေါက်ကလေး သုံးကောင်တို့လည်း ဝက်ဝံကြီးများကြား တွေ့နေရ၏။

ဝက်ဝံအုပ်ဖြတ်သွားပြီး မိနစ်ပိုင်းအကြာတွင် ဝက်ဝံကြီးနှစ်ကောင် ချုံနွယ်များကြားမှ ဘွားခနဲ ပေါ်လာ၏။ ရှေ့ဆုံးမှ ထွက်လာသည့် ဝက်ဝံကြီးကို မြင်ရသောအခါ သူ ဝမ်းသာအားရ ဖြစ်သွား၏။

သူ အမျှော်ကြီးမျှော်နေသော နဖူးဖြူကြီး။ ပါးစပ်ထဲတွင် သဖန်းသီးမှည့်များကို ဝါးစားရင်း လက်တစ်ဖက်ကလည်း တွေ့ရာသစ်ပင်များကို လက်နှင့် ရိုက်ထုတ်နေ၏။

ဇခူးမားသည် နဖူးဖြူကြီးကိုကြည့်ရင်း အံတကြိတ်ကြိတ် ခံစားနေရ၏။ သူ တစ်သက်မမေ့နိုင်သော သတ္တဝါကြီး။ သူ့မျက်လုံးတစ်ဖက် ယူသွားသော နဖူးဖြူကြီး။ ယခုတော့ သူ့ရှေ့မှောက်သို့ ရောက်ရှိလာပြီ ဖြစ်၏။

အခြေအနေမှာ သူက အပေါ်စီး။ သို့သော် ဝက်ဝံအုပ်လိုက်ဖြစ်နေ၍ သူ ငြိမ်ငြိမ်ကလေး စောင့်ကြည့်နေ၏။

ထိုအချိန်တွင် ဝက်ဝံအုပ်ကြီးသည် ကတွတ်ပင်များပေါ် တက်ကာ ကတွတ်သီးတွေ တဖောက်ဖောက် စားနေသံကို ကြားလိုက်ရ၏။ နဖူးဖြူကြီးဘေးမှ ဝက်ဝံကြီးသည် ကတွတ်တောဆီသို့ ဒရောသောပါး ပြေးသွား၏။

နဖူးဖြူကြီးသည် သူတက်ရောက်နေသည့် သစ်ပင်နှင့် မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်ရပ်ကာ ကြီးမားသော တောင်ပို့ကြီးကို နမ်းရှုပ်နေ၏။ တောင်ပို့က သူ့ခါးလယ်လောက်ရှိ၏။ လက်ကြီးတစ်ဖက်နှင့် တောင်ပို့ကို ထုနှက်ပြီး အပေါက်မှ ထွက်လာသော ပိုးကောင်ငယ်များကို ဖမ်း၍ စားသောက်နေ၏။

ဇခူးမားသည် ဦးဆုံး မြောက်အိုးတစ်လုံးကို မြားတံထိပ်တွင်တပ်ပြီး ဒူးလေးညှို့ကွင်းပေါ် တင်လိုက်၏။ ထို့နောက် ကတွတ်တောဘက်သို့ ချိန်ကာ ခလုတ်နှိပ်ချလိုက်၏။

"ဖြောင်း. . . ဒိုင်း. . . ဒိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဂိ. . . ဂိ. . . ဂိ"

သူပစ်လိုက်သော မြားတံက ကတွတ်တောထဲ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်သွားကာ တဒိုင်းဒိုင်းနှင့် ထ၍ ပေါက်ကွဲကုန်လေ၏။ ထိုအသံများကြောင့် သစ်ပင်ပေါ်မှ ဝက်ဝံကြီးများ ဒရောသောပါး ဆင်းပြေးကုန်၏။

နဖူးဖြူကြီးကမူ တောင်ပို့ထဲမှ ပိုးကောင်တွေကို မဲနေဆဲ။

ဇခူးမားသည် တိုထဲမှ လက်ပစ် သံမဏိမန်းကွင်းကို ထုတ်ကာ သစ်ရွက်သစ်ကိုင်းများကြားမှ လွတ်သည့်နေရာရွေးပြီး တစ်ပတ်နှစ်ပတ် အားယူလိုက်၏။

ထို့နောက် အားအပြည့်ထည့်ကာ နဖူးဖြူကြီးဆီသို့ အရှိန်အဟုန်ပြင်းစွာ ပစ်လိုက်လေ၏။

လက်ပစ်မန်းကွင်းကြီးသည် ချာလည်ချာလည်နှင့် ဝက်ဝံကြီးဆီသို့ တိုက်ရိုက်ရောက်ရှိသွားကာ ကုန်းကုန်းကွကွလုပ်နေသော နဖူးဖြူကြီး၏ ခြေထောက်နှစ်ဖက်ကို ပတ်မိသွားလေ၏။

နဖူးဖြူကြီးသည် ခြေနှစ်ဖက်ကို ပတ်လာသည့် သံမဏိမန်းကွင်းကို အတင်းဆွဲဖြုတ်နေ၏။ ဇခူးမားသည် ထိုအခြေအနေကို အခွင့်ကောင်းယူကာ ဒူးလေးတွင် မြားတံတပ်ပြီး ထပ်ဆင့်ပစ်လွှတ်လိုက်၏။

ဝှစ်ခနဲ မြည်သံနှင့်အတူ မြားက နဖူးဖြူကြီး၏ ဘယ်ဘက်နံစောင်းကို ဖောက်ထွင်းသွား၏။

"ဂရား. . . ဂရား၊ ဂိ. . . ဂိ"

မြားစိုက်သွားသည်နှင့် နဖူးဖြူကြီး ယိုင်ထိုးယိုင်ထိုးဖြင့် အော်ဟစ်နေ၏။ ခြေထောက်က သံမဏိကြိုး တုပ်နေသဖြင့် ရုန်းရင်းကန်ရင်း ဝုန်းခနဲလဲကျသွား၏။

ဇခူးမားသည် သစ်ပင်ပေါ်မှ လွှားခနဲ ခုန်ဆင်းလာကာ ခါးတွင်ထိုးထားသော ဓားတိုနှစ်ချောင်းကို အလျင်အမြန် ထုတ်၍ ဝက်ဝံကြီးပေါ် ခုန်အုပ်လိုက်၏။

"ဂိ. . . ဂရား. . . ဂိ"

"ကဲကွာ"

နဖူးဖြူကြီးသည် သူ့ကို လက်ကြီးနှစ်ဖက်နှင့် အတင်းဖျစ်ညှောင်ရန်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေသည်။ သူကလည်း ကိုယ်ကို တိမ်းကာယိမ်းကာ ရှောင်ရင်း လက်ထဲက ဓားတစ်ချောင်းနှင့် လည်မျိုကို ထိုးချလိုက်ပြီး ဘေးသို့ လှိမ့်ချလိုက်၏။

နဖူးဖြူကြီးသည် တဂီးဂီး အော်ရင်း အတင်းလူးလဲထကာ သူ့ကို တိုက်ခိုက်ရန် အားထုတ်လာ၏။ ထိုအခါ ဘယ်ဘက်လက်မှ ဓားနှင့် သူ့ရှေ့ ငိုက်ဝင်လာသော နဖူးဖြူကြီး၏ ညာဘက်မျက်စိကို ထိုးချလိုက်၏။

အားကုန်စိုက်ထိုးချလိုက်သည်မို့ သွေးတွေက ဝေါက်ခနဲ ပန်းထွက်လာ၏။ ဓားက တစ်ဆုံး ဝင်သွား၏။ နဖူးဖြူကြီးမှာ အောက်သို့ ပက်လက်လှန်သွားကာ ယက်ကန်ယက်ကန်နှင့် ဖြစ်နေ၏။

ထိုစဉ် လည်မျိုမှဓားကို ဆွဲထုတ်လိုက်ပြီး သူ့ကို ပါးစပ်ကြီးဖြဲ၍ ကိုက်ခဲရန် ခေါင်းထူလာသော နဖူးဖြူကြီး၏ ပါးစပ်ထဲသို့ အားပါးတရ စိုက်ချလိုက်၏။ နဖူးဖြူကြီးကလည်း သူ့ပခုံးကို အမိအရ ကုတ်ခြစ်ပစ်လိုက်၏။ သွေးတွေက ဖြာခနဲ။ သူ နောက်သို့ သုံးလေးပတ်လှိမ့်၍ ထွက်လိုက်၏။

ထိုအချိန် နဖူးဖြူကြီးမှာ သူထိုးစိုက်လိုက်သော ဓားဒဏ်ရာများကြောင့် တစ်ကိုယ်လုံး ဆတ်ဆတ်ခါ အော်ဟစ်နေ၏။ သူ့အော်သံကြောင့် တောအုပ်ထဲ ထွက်ပြေးသွားသော ဝက်ဝံအုပ်မှ အော်သံများကို အဆက်မပြတ် ကြားလိုက်ရ၏။

ဝက်ဝံအုပ် ပြန်လာလျှင် မလွယ်။ ထို့ကြောင့် လဲကျနေရာမှ အတင်းလူးလဲထလိုက်ပြီး ဒူးလေးကို အလျင်အမြန်ယူ၍ မြားတံတွင် ပြောက်အိုးတပ်ပြီး ဆင့်ကဲဆင့်ကဲ ပစ်ထည့်လိုက်၏။

ပြောက်အိုးဖောက်သံတွေက တဒိုင်းဒိုင်း၊ တဖောင်းဖောင်းနှင့် ပေါက်ကွဲသံ၊ အော်သံဟစ်သံများကို ကြားနေရ၏။ ဇခူးမားသည် နဖူးဖြူကြီးဘက် လှည့်ကြည့်လိုက်၏။ သတ္တဝါကြီးခမျာ တုတ်တုတ်မလှုပ်နိုင်တော့။ မြေပြင်ပေါ်မှာလည်း သွေးတွေ ဒလဟော စီးဆင်းနေ၏။ နဖူးဖြူကြီးကို ကြည့်ပြီး သူ အားပါးတရ ကြုံးဝါးလိုက်၏။ သူ့ဆီက မျက်လုံးတစ်ဖက် ယူသွားသော နဖူးဖြူကြီး။ ယခုတော့ သူလည်း မျက်လုံးတစ်ဖက် ပြန်ရလိုက်ပြီဟု ခံစားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း နဖူးဖြူကြီး အသက်ထွက်သည်အထိ စောင့်ကြည့်နေပြီး ဆန့်ငင်ဆန့်ငင်နှင့် အကြောဆွဲပြီး အသက်ထွက်သွားမှ ဂူဘက်သို့ သူ ပြန်ရောက်လာခဲ့၏။ သူ့ညာဘက်ပခုံးမှာ အရိုးက ငေါထွက်နေ၏။ သွေးတွေကလည်း မြင်မကောင်း။

တိုထဲမှ ဆေးရွက်တွေ ချက်ချင်းထုတ်ကာ ပါးစပ်နှင့်ဝါး၍ သိပ်ထည့်လိုက်၏။ ဆေးဝင်သွားသည်နှင့် သွေးရပ်သွား၏။ ထို့နောက် ဒဏ်ရာကို အဝတ်နှင့်ပတ်၍ ချည်နှောင်လိုက်၏။

ထိုစဉ် မိုက်ကယ်တို့ညီအစ်ကိုနှစ်ဦးမှာ ဖခူးမားကို ကြည့်ပြီး အံ့သြနေ၏။ တစ်ကိုယ်လုံးလည်း သွေးသံရဲရဲ။

"မင်း. . . မင်း ဘာဖြစ်လာတာလဲကွ"

"ဟား ဟား ဟား- ကျုပ် နဖူးဖြူကြီးဆီက မျက်စိပြန်တောင်းခဲ့ပြီဗျ။ ဟား ဟား ဟား"

"ဘာ- မင်း. . . မင်း"

ညီအစ်ကိုနှစ်ယောက်စလုံး သူ့ကို ကြည့်ပြီး မှင်တက်မိနေ၏။ ဖခူးမားအသွင်က ဘီလူးသရဲစီးနေသည့် အသွင်ပင်။ ဖခူးမားသည် ပခုံးပေါ်မှ သွေးများကို ချောင်းရေနှင့် ဆေးလိုက်၏။ ချောင်းထဲကို ငုံ့ကြည့်ရင်း နီတောက်တောက် ကျောက်တုံးကလေးများကို တွေ့နေရ၏။

မိုက်ကယ်ဘက်သို့ တစ်ချက် လှမ်းကြည့်ရင်း ချောင်းထဲသို့ ခုန်ချသွား၏။ ညီအစ်ကိုနှစ်ယောက်စလုံး ဖခူးမားကို ရူးသွပ်သွားလေပြီဟုပင် ထင်နေကြ၏။ ထိုအချိန် ချောင်းထဲခုန်ချသွားသော ဖခူးမားသည် ချောင်းအောက်ကြမ်းပြင်သို့ ဖြည်းဖြည်းချင်း တိုးဝင်ငုပ်လျှိုးသွားလေ၏။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

အောက်ချင်းသူ့ရဲကောင်းတို့၏
သတ္တိသည်
တောင်ဇလပ်နီပွင့်များနှယ်
ရဲရဲတောက်နေပေ၏။

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

မိုက်ကယ်သည် သူ့လက်ထဲရောက်လာသော ပတ္တမြားကျောက်များတို ကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေ၏။ မိုလာကလည်း ထိုနည်းလည်းကောင်းပင်။ ဇခူးမားသည် ပခုံးပေါ်က ဒဏ်ရာကို တင်းကျပ်စွာ ချည်နှောင်လိုက်ပြီး ခေါင်ရည် တစ်စုပ်နှစ်စုပ် သောက်လိုက်၏။

“ကိုင်း- ခင်ဗျားတို့လိုချင်တာ ရပြီ မဟုတ်လား”

“ဟင်- မင်း မင်းဟာ တကယ့်ကောင်ပဲကွာ။ ငါတော့ အတော့်ကို အံ့သြတယ်။ မင်း မင်း ငါ့ဆီက ဘာလိုချင်သလဲ ပြောစမ်း”

“ကျုပ်လိုချင်တာလား”

“ဟုတ်တယ်၊ မင်းဟာ တကယ့်လူစွမ်းကောင်းပဲကွ။ မင်းဟာ နန်ကတစ် တစ်ရွာလုံးမှာ ရှာမှရှားတဲ့ သူရဲကောင်းပဲ”

“အဲဒီလောက်လည်း မဟုတ်ပါဘူးဗျာ။ ကျုပ်လုပ်ချင်တာ လုပ်လိုက်ရတာပဲ ကျေနပ်တယ်။ ဒါပေမယ့် ကျွန်တော် ခင်ဗျားဆီက တစ်ခုတော့ လိုချင်တယ်ဗျာ”

“ဘာလိုချင်တာလဲ”

“ခင်ဗျားလွယ်ထားတဲ့ သေနတ်လေ။ ခင်ဗျား အဲဒီသေနတ် ကျုပ်ကို ပေးမလား”

“ပေးမှာပေါ့ကွာ။ ယူယူ၊ မင်းကို ငါ ဒီသေနတ်နဲ့ ဂုဏ်ပြုပါတယ်ကွာ။ မင်းလိုလူမျိုးဟာ သတ္တိရှိတယ်၊ သစ္စာရှိတယ်။ မင်းဟာ မင်းကပါး ဦးကီးအောင်အတိုင်းပါပဲ”

www.burmeseclassic.com


"ကျုပ်အဖေနဲ့ ခင်ဗျားတို့ အတော် ရင်းနှီးသလားဗျ"

"ဟာ- မင်းအဖေဟာ မင်းတပ်ကိုရောက်တိုင်း ငါတို့ဆီ လာနေကျကွ။ ဟောဒီ ကျောက်တွေလည်း သူပဲယူလာတာလေ။ ဒါပေမယ့် မင်းကပါးဟာ ကျောက်တွေကို စိတ်မဝင်စားဘူး။ သူဟာ တူမီး သေနတ် ကောင်းကောင်းတစ်လက်ပဲ လိုချင်တဲ့လူကွ။ ငါလည်း သူ့အတွက် သေနတ်ဝယ်ပေးလိုက်တယ်လေ၊ ဒါပေမယ့် ကံဆိုးချင်တော့ သူ လမ်းမှာ ဒုက္ခတွေ့ခဲ့ရတာပေါ့ကွာ"

"ကပါးအကြောင်း ကြားရတာ ကျုပ်ဝမ်းသာတယ်ဗျာ။ ဟုတ်တယ်၊ ကျုပ်တို့လူမျိုးဟာ ရိုးသားတယ်၊ ချမ်းသာခြင်းကို မလိုဘူး။ သတ္တိနဲ့ သစ္စာတရားကိုပဲ ကိုးကွယ်တယ်ဗျ"

"မင်းကိုငါ တကယ်လည်း လေးစားပါတယ်"

"ကိုင်း- ဒါဆိုလည်း ကျုပ်တို့ ပြန်ကြမယ်ဗျာ။ ဒီတစ်ခါတော့ မိုင်းသာကြီးကိုပဲ ရှေ့တန်းတင်ရမှာပဲ၊ သူဟာ ကပါးနဲ့သွားနေကျဆိုတော့ ဖြတ်လမ်းတွေ သိနေတယ်ဗျ။ ခင်ဗျားတို့ရော သွားနိုင်ကြရဲ့လား"

"သွားနိုင်ပါတယ်ကွာ၊ ကိုင်း- ဒါဆိုလည်း ပြန်ကြမယ်ကွာ"

မိုက်ကယ် ပတ္တမြားကျောက်ကလေးများကို ရှုံ့အိတ်ကလေးထဲ ထည့်လိုက်၏။ ထို့နောက် သူတို့လူစု အထုပ်အပိုးများပြင်ကာ မိုင်းသာကြီးကို ရှေ့မှထား၍ မော်ပီတောင်တန်းကြီးပေါ်မှ ခက်ခက်ခဲခဲ ပြန်ဆင်းခဲ့ကြ၏။

လမ်းတစ်လျှောက် ရိက္ခာအတွက် ဇခူးမားက တာဝန်ယူခဲ့၏။ ပစ်ခတ်ရရှိသော သမင်၊ ဒရယ်များကို ရိက္ခာအဖြစ် ဖန်တီးကာ ခရီးဆက်ခဲ့ကြ၏။ မိုင်းသာကြီးကလည်း ရှေ့မှ တအီအီအော်ပြီး ဖြတ်သန်းနေ၏။ ဆင်းတွင် နှစ်ညနီးပါးခန့် အိပ်စက်ခဲ့ကြပြီး တတိယမြောက်ရက်တွင် ဆောင်ခြေသို့ ပြန်လည်ရောက်ရှိလာ၏။

ဇခူးမားသည် ကျားသစ်နက်သားရေကို ကိုယ်ပေါ် ခြုံထား၏။ ရွာထဲဝင်လာတော့ ရွာကလူတွေ ဇခူးမားကို ကြည့်ပြီး တအံ့တသြ ဖြစ်ကြ၏။ ဇခူးမားပြန်လာပြီဆိုသည့် သတင်းကြောင့် မိခင်ကြီး ငွေမော

www.burmeseclassic.com



ဝမ်းသာအားရနှင့် ရှာထိပ်သို့ အပြေးအလွှား ရောက်ရှိသွား၏။

သူ့နောက်မှ ဇခါး အပြေးလိုက်သွား၏။ အနူးငွန်ဇီးသည် သားငယ်ကို မြင်သည်နှင့် မျက်ရည်စက်လက်နှင့် ပွေ့ဖက် ကြိုဆိုလိုက်၏။ ဇခါးမှာ ညီဖြစ်သူကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ကိုယ်ပေါ်တွင် ခြုံထားသည့် ကျားသစ်နက်သားရေကို ကြည့်ပြီး အံ့သြနေ၏။

ကျားသစ်နက်သားရေက မင်းတပ်မြို့မှာပင် ရှာ၍မရသော ရှားပါးသားရေထည် ဖြစ်၏။ တန်ဖိုးအားဖြင့်လည်း သိန်းချီတန်ဖိုးရှိနေ၏။ တဲရောက်သည်နှင့် ဝမ်းသာအားရ မေးမြန်းခဲ့ရာ ဇခူးမားက ကျားသစ်သားရေထည်နှင့် နဖူးဖြူကြီးထံမှ မျက်စိပြန်တောင်းခဲ့သည့်အကြောင်းအရာကို မြိန်ရေရှက်ရေ ပြောပြခဲ့၏။

BURMESE CLASSIC

မိခင်ကြီးခမျာ ရင်တဖိဖိ ဖြစ်နေရှာ၏။ ဇခါးမှာလည်း ညီငယ်ကို ကြည့်ပြီး အံ့ဖွယ်ကောင်းလှသည့် မုဆိုးတစ်ဦးဟု ထင်မြင်နေ၏။ ထိုအချိန်တွင် ဇခူးမား၏သတင်းက တစ်ရွာလုံး ပျံ့နှံ့နေ၏။

ဇခူးမားပြန်လာပြီဆိုသော သတင်းကို မကျေမချမ်းဖြစ်နေသည်က ကီးလိန်း။ အစ်ကိုဝမ်းကွဲတော်သူ မိုက်ကယ်တို့က ဇခူးမား၏ အစွမ်းသတ္တိကို ပြောပြလေလေ ကီးလိန်းတစ်ယောက် မကျေမချမ်း ဖြစ်လေပင်။ ထို့အပြင် ကီးလိန်းသည် အစ်ကိုနှစ်ဦးနှင့် ပူးပေါင်းကာ ဇခူးမားကို ဓော်ပိတောင်ပေါ်မှာ အစဖျောက်ခဲ့ရန် တိုက်တွန်းခဲ့၏။

မိုက်ကယ်နှင့် မိုလာတို့ကလည်း ချမ်းသာမည်ဆိုလျှင် ဘာပဲလုပ်ရလုပ်ရ လုပ်မည့်သူများ ဖြစ်၏။ ဦးဆုံးတော့ ဇခူးမားကို လုပ်ကြံရန် ညီအစ်ကိုနှစ်ယောက် ကျိတ်ပြီး ကြံစည်ခဲ့၏။ သို့သော် သူတို့သွားရာလမ်းတစ်လျှောက် ဇခူးမား၏ ဖြူစင်ရိုးသားသောစိတ်၊ စွန့်လွှတ်အနစ်နာခံချင်သောစိတ်၊ သစ္စာတရားကြီးမားသောစိတ်တို့ကြောင့် ညီအစ်ကိုနှစ်ယောက်စလုံး ဇခူးမားကို တလေးတစား ဖြစ်ခဲ့ကြ၏။

ဇခူးမားသာမပါလျှင် သူတို့နှစ်ယောက်စလုံး တောင်ပေါ်မှာပင် အသက်ပျောက်သွားနိုင်၏။ ဇခူးမားကြောင့် သူတို့အသက်ရှင်ခဲ့ရသည်ကိုလည်း ပြန်၍ ပြောပြခဲ့၏။

နောက်ဆုံး ကိုယ့်ကျေးဇူးရှင်ကို ပြန်၍ဒုက္ခပေးသည်မှာ ရှင်းလူမျိုး



www.burmeseclassic.com

www.burmeseclassic.com



တို့ မလေ့စရိုက်တွင်မရှိဟု ဆိုကာ ကီးလိန်း၏ စကားကို ငြင်းပယ်ခဲ့၏။ ထို့အပြင် မိုက်ကယ်နှင့် မိုလာတို့နှစ်ဦးသည် ဇခူးမား၏တဲသို့ ရောက်လာတာ မြို့ကို အပြန်လိုက်ခဲ့ရန် အတင်းခေါ်နေ၏။

ဇခူးမားသည် သူတို့ စေတနာကို နားလည်သော်လည်း တောင်ပေါ်ရွာကလေးမှ တစ်ဖဝါးမှ ခွာချင်သူမဟုတ်။ နောက်ဆုံး သူ့ကိုယ်စားအစ်ကိုဖြစ်သူ ဇခါးကို ထည့်လိုက်၏။

ဇခူးမား ရွာရောက်ရောက်ချင်း တွေ့ချင်သူမှာ ဂျာရာဖြစ်၏။ ဂျာရာကိုတွေ့ချင်စိတ်က ရင်ထဲတွင် အတိုင်းမသိ ပြည့်လျှံနေ၏။ ထို့ကြောင့်လည်း ကျားသစ်နက် ခြုံထည်ကြီးယူကာ ဂျာရာတို့အိမ်ဆီသို့ အရဲစွန့်ထွက်ခဲ့၏။

BURMESE CLASSIC

သူရောက်ရှိသွားချိန်တွင် ဂျာရာအိမ်မှာမရှိ။ မေးကြည့်တော့ ဂျာရာတစ်ယောက် ဦးကျင်းပေါင်နှင့်အတူ မင်းတပ်မြို့သို့ လိုက်သွားကြောင်းသိလိုက်ရသဖြင့် ရင်ထဲ ဝမ်းနည်းပက်လက် ဖြစ်သွား၏။ အစ်မလုပ်သူဂျာဆိုင်က သူ့ကို မှန်တောတော ဆက်ဆံနေသဖြင့် နောက်ဆုံး အိမ်ဘက်သို့ပြန်ခဲ့ရလေ၏။ သူ့ရင်ထဲ ကြေကွဲခြင်းများက ပြည့်ကျပ်နေ၏။

တဲပြန်ရောက်သည်နှင့် မီခင်ကြီးမသိအောင် ခေါင်ရည်အပြင်းစားကို ရှေ့ချပြီး တစ်ငုံနှစ်ငုံလောက် သောက်ပစ်လိုက်၏။ ထိုစဉ် တဲထဲသို့ နူလားနှင့် ခေါဂေတို့ ဝင်လာ၏။ သူတို့နှစ်ဦး ဇခူးမား၏ မော်ပီတောင်အပြန်ကို တမေးတည်း မေးနေကြ၏။

ဇခူးမားသည် သူတို့အမေးကို တွေဝေနေ၏။ ဂျာရာမရှိသဖြင့် သူ့စိတ်တွေလည်း မရှိတော့သလို ခံစားနေရ၏။ ထို့ကြောင့်လည်း နူလားတို မေးမြန်းခဲ့ရာ ဂျာရာ၏ ဖခင်ကြီးနှင့် ဂျာဆိုင်တို့က သူ့ကို အိမ်ထောင်ချပေးရန် ကြံစည်ခဲ့ကြောင်း သိရ၏။

ဂျာရာ၏ အိမ်ထောင်ဖက်မှာ ကီးလိန်းမှန်း သိလိုက်ရသဖြင့် ရင်ကွဲ ခတ်လက် ခံစားလိုက်ရ၏။

သူ့ထက် အဆမတန် ကြီးထွားကာ အန္တရာယ်ကြီးလှသော နဖူးပြုကြီးကို အနိုင်ပိုင်းခဲ့သော်လည်း ကီးလိန်းကိုတော့ သူ ရင်မဆိုင်ရဲ။ ကီးလိန်း၏ မိဘကျေးဇူးက သူတို့မိသားစုမှာ ဆပ်၍ မကုန်နိုင်။ နောက်ဆုံးတော့



www.burmeseclassic.com

www.burmeseclassic.com



ဇခူးမား ရေငုံနှုတ်ပိတ် ဖြစ်ခဲ့ရ၏။

ဘဝကြီးတစ်ခုလုံးလည်း ဟာလာဟင်းလင်း ဖြစ်သွားသလို ခံစားနေရ၏။ သူ့လက်ထဲ တသသလုပ်နေသော ကျားသစ်နက်အရေခွံကြီးကိုလည်း လက်ထဲ လုံးထွေး ခြေမွပစ်လိုက်မိ၏။

နူလားတို့နှစ်ဦးမှာ ဇခူးမား၏ ခံစားမှုကို နားလည်စွာနှင့် ဖေးမဖြေသိမ့်ခဲ့ကြ၏။ ဇခူးမားကြေကွဲစွာ ခံစားရသော်လည်း ဂျာရာ မသိစေချင်တော့။ နန်းထိုက်သည့်ပန်းကို သူ မမျှော်လင့်ရဲတော့။

နူလားတို့ပြန်သွားသောအခါ မိုက်ကယ်တို့ပေးသွားသော နှစ်လုံးပြူးပြောင်းရှည်ကြီးကို ဖက်ကာ ခေလှသော သူ့ဘဝလေးကို စဉ်းစားနေ၏။ မိခင်ကြီးငွန်ဇီးသည် သူ ခေါင်းရည်အပြင်းတွေ သောက်နေသည်ကို မြင်တော့ ဆူပူမာန်မဲလာ၏။

ထို့အပြင် မိခင်ကြီး၏နှုတ်ဖျားမှ ထူးဆန်းလှသော စကားများကြောင့် သူ အအံ့ဩကြီး အံ့ဩခဲ့ရ၏။ ထိုစကားက တခြားမဟုတ်။ ကီးလိန်းတို့ မိသားစုနှင့် ပတ်သက်သည့်ကိစ္စပင် ဖြစ်၏။ ကီးလိန်းသည် သူမရှိတုန်း မိခင်နှင့် အစ်ကိုတို့အတွက် နွားနောက်နှစ်ရှဉ်းနှင့် ယာသုံးကွက်ပေးထားသည်ဆိုသောကြောင့် သူ့ရင်ထဲ နင့်နေအောင် ခံစားရ၏။ ထို့ပြင် ကီးလိန်းနှင့် ဂျာရာတို့ မကြာမီ အိမ်ထောင်ဖက်များ ဖြစ်တော့မည်ဆိုသော စကားကြောင့် သူ နားမထောင်ရဲတော့။

တဲထဲမှ ဒရောသောပါး အပြေးထွက်ခဲ့၏။ လောကကြီးသည် ဘာကြောင့် အချစ်နှင့်ပတ်သက်ပြီး သူ့ကို အခွင့်အရေး မပေးခဲ့သလဲဆိုတာကို သူသိချင်နေ၏။ နှလုံးသားတွေ ပေါက်ကွဲလွင့်စဉ်သွားမတတ် ခံစားနေရ၏။

ရွာပြင်ရောက်တော့ သူစောင့်နေကျ အခင်းတဲကလေးထဲ တစ်ယောက်တည်း ငူငူကြီး ထိုင်နေမိ၏။ မှည့်ဝင်းရွှန်းလဲ့နေသော စပါးခင်းကိုလည်း မမြင်တော့။ ပြာလဲ့ကြည်လင်နေသော ကောင်းကင်ပြင်ကြီးကိုလည်း သူ မမြင်တော့။ သူ့မျက်လုံးထဲ ဂျာရာ၏ မျက်နှာများ၊ ဂျာရာ၏ အပြုံးများက ကြည့်လေလေရာတွင် မြန့်ကျဲ စိုးမိုးနေသည်ဟုပင် ထင်မိ၏။

နောက်ဆုံး ယူဆောင်လာသည့် ခေါင်းရည်အပြင်းစားကို သောက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း တဲထဲ အိပ်မောကျသွားခဲ့၏။ သူ ရွာထဲ မပြန်ချင်တော့။ ဂျာရာမရှိသည့်ရွာမှာ သူ မနေချင်တော့။ ထို့ကြောင့်လည်း တောင်ယာခင်းထဲရှိ တဲကလေးထဲ သုံးလေးရက်ခန့် ဆက်၍ နေခဲ့၏။ မိုခင်ကြီး လာခေါ်သော်လည်း သူ ရွာထဲ ပြန်မလိုက်တော့။ နွားတို့ ခေါ်ဂေတို့က သူ့ဆီ စိတ်ပူပြီး လိုက်လာ၏။

ဇခူးမား အားလုံးကို ခေါင်းခါရင်း ဝါးကွပ်ပျစ်ပေါ် အိပ်ချပစ်လိုက်၏။ သူ့ဘဝတစ်ခုလုံး ဟာလာဟင်းလင်းကြီး ဖြစ်သွားသလိုပင်။ ခေါင်ရည်က ခေါင်းထဲ တရစ်ရစ်။ မူးမူးနှင့် အိပ်ပျော်သွားသဖြင့် နွားတို့ ပြန်သွားမှန်းပင် မသိ။

တတိယရက် လွန်မြောက်သည့် နံနက်ခင်းအရောက်တွင် သူ့တဲထဲမှ ယိုင်ထိုးယိုင်ထိုးနှင့် ထလိုက်၏။ သူ့ကိုယ်ပေါ်မှာလည်း ဂျာရာအတွက် ရည်စူးထားသော ကျားသစ်နက်သားရေကြီး ခြုံထား၏။ ထိုအချိန်တွင် သူ့နားထဲ မိန်းမငယ်တစ်ဦး ခေါ်သံကို ကြားလိုက်ရသဖြင့် ရွာပြင်လမ်းမကြီးအတိုင်း သူ့ဆီသို့ အပြေးလာနေသလိုပင်။ အသံနှင့် အမူအရာကို နားထောင်ရင်း သူ့ရင်ထဲ တဒိန်းဒိန်း ခုန်သွားမိ၏။

"ဂျာရာ၊ ဂျာရာ"

"ဇခူးမား"

"ဂျာရာ"

ရင်အုံကြီးတစ်ခုလုံး ပေါက်ကွဲသွားမတတ် အော်ဟစ်လိုက်ပြီး တဲထဲမှ အလျှင်အမြန် ထွက်လိုက်၏။ ထိုစဉ် သူ့ဆီသို့ အပြေးလှမ်းလာနေသော ဂျာရာတစ်ယောက် လေ့ကားထစ် စပါးခင်းများကို တစ်ထစ်ချင်း ကျော်ကာ သူ့ဆီသို့ အပြေးအလွှား ရောက်လာ၏။

ဇခူးမားတစ်ယောက် ဘာကိုမှ မစဉ်းစားနိုင်တော့။ သူ့ရင်ခွင်ထဲ အပြေးဝင်လာသော ဂျာရာကို အတင်းအကျပ် ပွေ့ဖက်လိုက်၏။ ဂျာရာ ကလည်း သူ့ကို တင်းကျပ်စွာ ဖက်ထားရင်း မျက်ရည်စများကြားမှ အပြုံးရိပ်ကလေးများ ယှက်သန်းနေဆဲ။ သူ့ကို ရှက်ရွံ့စွာကြည့်ရင်း သူ့ရင်ခွင်ထဲ ခေါင်းကလေး တိုးဝှေ့ဝင်လိုက်လေတော့၏။

သူတို့နှစ်ဦး၏ချစ်ခြင်းကို ဘယ်သူမှ မတားနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



တောင်ဇလပ်နီများ၊ အောက်ချင်းမောင်နှံများကြား သူတို့နှစ်ဦးသည်လည်း အမှောင်ထုထဲမှ တိုးထွက် လင်းလက်လာကြသည့် အချစ်ကြယ်စင်များအလား ကမ္ဘာတည်အောင် လင်းလက်နေလေတော့မည် ဖြစ်၏။

လက်ျာလင်းပြာ

www.burmeseclassic.com